မိုးကုတ်ဓမ္မရံသီစာစဉ်(၁)

မိုးကုတ်မြို့ ကုန်းမြင့်သာယာရပ် ဓမ္မရံသီရိပ်သာ ပဓာနနာယက
ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက


# ဘဒ္ဒန္တ သုနန္ဒ




# ဗုဒ္ဓဘာသာငါးမျိုး နှင့် သစ္စာလေးပါးတရားတော်

အရှင်ဇောတိသာရ(စဉ့်ကူး)
စီစဉ်ပူဇော်သည်

GRAPHIC
NAY WINN AUNG
099061597



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး



ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက
မိုးကုတ်မြို့ ကူနီးမြင့်သာယာရပ်၊ ဓမ္မရံသီရိပ်သာကျောင်းတိုက်
ဘဒ္ဒန္တ သုနန္ဒ

ကျေးဖူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း
မိုးကုတ်မြို့၊ ကုန်းမြင့်သာယာရပ် ဓမ္မရုံသိရိပ်သာ
ပဓာနနာယက ကမ္မဋ္ဌာနာစရိယ
သာသနာပြု နယ်လှည့်ဓမ္မကထိက

## ဘဒ္ဒန္တ သုနန္ဒ

ဟောကြားတော်မူသော

# ဗုဒ္ဓဘာသာဝင်မျိုးနှင့် သစ္စာလေးပါးတရားတော်

အရှင်ဇောတိသာရ (စဉ့်ကူး)
စီစဉ်ပူဇော်သည်။

စာမူခွင့်ပြုချက် – ၃၂၀၇၄၄၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက် – ၃၂၀၅၉၅၀၅၁၀
ထုတ်ဝေသူ – ဦးကျော်ဟင်း
(ယုံကြည်ချက်စာပေ၊ မြဲ ၀၉၁၀)
အမှတ် ၁၁၁၊ ၃၃လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ – ဦးအောင်မျိုး
ဆုလာဘ်ပြည့် ပုံနှိပ်တိုက်
အမှတ် ၃၉၇(အေ)၊ ၁၃လမ်း၊
၃ရပ်ကွက်၊ ငွေကြာရံ၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁– ၅၇၁၆၈၀၊
၀၉–၅၁၉၁၂၃၉
ကွန်ပျူတာစာစီ – Dream City
ဖလင် – ဦးမျိုးညွန့် (A-7)
**ဖြန့်ချိရေး – ဓမ္မရုံသီရိပ်သာ၊ မိုးကုတ်မြို့။**
**ဖုန်း ၀၉၉၀–၃၀၂၆၅**

## မင်္ဂလာ ကုသိုလ်စာလွှာ

### မင်္ဂလာပြုပါရစေ

ဤ "ဗုဒ္ဓဘာသာဝါးမျိုးနှင့် သစ္စာလေးပါးတရားတော်" စာအုပ်ကို ........................................................ တို့အား ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလိုက်ပါသည်။

ဤမင်္ဂလာကုသိုလ်သည် အကျွန်ုပ်တို့အတွက် နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေ။

ဤမင်္ဂလာ ကုသိုလ်အဖို့ကိုလည်း မိဘဆရာ အစထား၍ ၃၁ ဘုံသားတို့အား အမျှပေးဝေလိုက်ပါ၏။

အမျှ အမျှ အမျှ ယူတော်မူကြပါ။

ကောင်းမှုရှင်

....................

....................

....................

နေ့စွဲ။ ....................

# ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးတရားတော်
# မာတိကာ


✱ ဆရာတော် ဘဒ္ဒန္တသုနန္ဒ၏
ထေရုပ္ပတ္တိအကျဉ်းနှင့် သာသနာပြုလုပ်ငန်းများ
✱ စာရေးသူ၏ ရင်တွင်းစကား
✱ မဟာဂန္ဓာရုံ နာယကချုပ်ဆရာတော်၏ဩဝါဒ
✱ ကျေးဇူးသိမြင် မော်ကွန်းတင်


## ပထမနေ့ဟောစဉ်


| | | |
|---|---|---|
| ၁။ | တရားအစ ပဏာမ | ၁ |
| ၂။ | မူလနှစ်ဖြာလက်ဆောင်ပုဒ် | ၂ |
| ၃။ | တရားနာလျှင် ကြည်လင်ပါစေ | ၆ |
| ၄။ | ဗုဒ္ဓဘာသာဝင်ဆိုတာ ဘုရားစကားနားထောင်တာ | ၈ |
| ၅။ | သစ္စာသိကြား မြတ်ဘုရား | ၉ |
| ၆။ | ခန္ဓာနဲ့သာ တရားနာ | ၁၀ |
| ၇။ | သစ္စာသိအောင် ကြိုးစားနားထောင် | ၁၂ |
| ၈။ | သစ္စာသိချင် ပဋိစ္စသမုပ္ပါဒ်သင် | ၁၄ |
| ၉။ | ရုပ်နဲ့ နာမ်နဲ့ တစ်နေကုန် | ၁၆ |
| ၁၀။ | မသိလို့ကန်းတာ အဝိဇ္ဇာ | ၁၈ |
| ၁၁။ | မသိလို့လုပ်တာ အဝိဇ္ဇာကြောင့် သင်္ခါရပါ | ၂၁ |
| ၁၂။ | ကိုယ့်အကြောင်းကို သိအောင်လုပ်ပါ | ၂၃ |
| ၁၃။ | ကိုယ့်သဏ္ဌာန်ရှိတာ ကိုယ်သိရမှာ | ၂၅ |
| ၁၄။ | အသိဉာဏ်အတွက် သင်တန်းတက်နေတာ | ၂၇ |

၁၅။ တရားဆို တိုမှကောင်းတယ် ၂၉
၁၆။ သုဂတိဘုံမှ ခန္ဓာ ခန္ဓာမှန်းသိရနိုင် ၃၀
၁၇။ တရားကိုသာ စွဲအောင်နာ ၃၃
၁၈။ အတူတူနေရင် အတူတူသေရမယ် ၃၅
၁၉။ လိုချင်တာတဏှာ စွဲလမ်းတာ ဥပါဒါန် ၃၆
၂၀။ ကိုယ်လုပ်နေတာ ကိုယ့်ကံပါ ၃၈
၂၁။ ရအောင်လုပ်တာ ကမ္မဘဝပါ ၄၀

## ဒုတိယနေ့ဟောစဉ်

၁။ အလွဲမပါချင် သစ္စာသိအောင်လုပ် ၄၇
၂။ သိအောင်လုပ်ထား ဘာသာတရား ၅၀
၃။ ကိုယ့်ခန္ဓာတွင် ဖြစ်ပျက်မြင် ၅၂
၄။ အသိဝင်မှ သခင်ဖြစ်မည် ၅၅
၅။ အလွယ်ကျက်မှတ် သိစေအပ် ၅၈
၆။ သစ္စာသိမှ အပါယ်မကျ ၅၉
၇။ ဘုရားမေတ္တာ သိမှတ်ပါ ၆၂
၈။ အိုနာသေ ထပ်ဖြစ်တာ သံသရာ ၆၅
၉။ ရုပ်နာမ်မသိလျှင် တိရစ္ဆာန်ပင် ၆၇
၁၀။ အဝိဇ္ဇာရှိတော့ အသိမဝင်နိုင် ၆၈
၁၁။ ဆရာတော်ကြီးတွေ ဩဝါဒ ဖောက်သည်ချတာပါ ၇၀
၁၂။ သစ္စာတရားနာ ဉာဏ်နားပါပါစေ ၇၂
၁၃။ ဘယ်ဘဝရရ ဒုက္ခသစ္စာသာ ၇၄
၁၄။ မသိလို့တောင်းတာ အဝိဇ္ဇာနဲ့ တဏှာ ၇၇
၁၅။ ဂုံနီအိတ်နဲ့ ဆိုဖာ ထိုင်တာချင်းကွာခြား ၇၉
၁၆။ မာနခံလျှင် အမှန်မမြင်ဘူး ၈၀
၁၇။ ခန္ဓာရင်းမြစ် မူလဖြစ် ၈၃

## တတိယနေ့ဟောစဉ်


| | | |
|---|---|---|
| ၁။ | ဗုဒ္ဓဘာသာရဲ့ ယုံကြည်ချက် | ၈၈ |
| ၂။ | ကိုယ်လုပ်တာ ကိုယ်ခံရမယ် | ၉၀ |
| ၃။ | အသေလွတ်ရာ လမ်းပြပါ | ၉၂ |
| ၄။ | ကိုးကွယ်အားထား အကြောင်းများ | ၉၄ |
| ၅။ | ငါးမျိုးမှတ်ပါ ဗုဒ္ဓဘာသာ | ၉၆ |
| ၆။ | မိရိုးဖလာ ကုလဗုဒ္ဓဘာသာ | ၉၈ |
| ၇။ | ပေးလိုက်တော့ လူချမ်းသာ ရတာက ဒုက္ခသစ္စာ | ၁၀၀ |
| ၈။ | ဘီလူးဥပုသ် နဂါးဥပုသ် | ၁၀၁ |
| ၉။ | ဥပုသ်သည်လား အရူပုတ်သည်လား | ၁၀၃ |
| ၁၀။ | ကိုယ်ဆောက်တည်တဲ့သီလ ကိုယ်သိမှကောင်း | ၁၀၅ |
| ၁၁။ | ဆောက်တည်သီလ ထိန်းကြဖို့လို | ၁၀၇ |
| ၁၂။ | ဆုတောင်းတတ်တာ တဏှာပါ | ၁၀၉ |
| ၁၃။ | အဝိဇ္ဇာ တဏှာပေါင်းတော့ ဆုတောင်းတွေက ရှည်လို့လာ | ၁၁၁ |
| ၁၄။ | နားကတရားနာ ဉာဏ်ကခန္ဓာလှည့် | ၁၁၂ |
| ၁၅။ | ပယ်ရမည့် သမုဒယသစ္စာ မပွားပါနဲ့ | ၁၁၅ |
| ၁၆။ | ကန့်လန့်တိုက်တာ သစ္စာမသိလို့ | ၁၁၇ |
| ၁၇။ | ဆုတောင်းရှည်မျှော အကုသိုလ်ရော | ၁၂၀ |
| ၁၈။ | ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ | ၁၂၂ |
| ၁၉။ | သစ္စာသိချိန် ဉာဏ်ဘုရားပွင့်ချိန် | ၁၂၄ |
| ၂၀။ | ခန္ဓာရဲ့လမ်းစဉ်ဟာ အို နာ သေ ရှိရာ | ၁၂၇ |
| ၂၁။ | သစ္စာသိမှ နိဗ္ဗာန်ရ | ၁၂၉ |

## စာတွဲတွက်နေ့ဟောစဉ်


၁။ သုဂတိသံသရာနဲ့ ဒုဂ္ဂတိသံသရာ ၁၃၃
၂။ ဒါနအားသန်တဲ့ မလ္လိကာမိဖုရား ၁၃၆
၃။ ဒါနရှင်ရဲ့နောင်တ အဝီစိကိုကျ ၁၃၈
၄။ ဒါန သီလနဲ့သာ တင်းတိမ်မနေပါနဲ့ ၁၄၀
၅။ စိတ်ချနေရင် အသေကျန်သေးတယ် ၁၄၃
၆။ အထပ်ထပ်ပြုလုပ်တာ အလွှာခေါ်သည် ၁၄၆
၇။ အလွန်အကျွံလုပ်က အဘိသင်္ခါရ ၁၄၇
၈။ မသိလို့ပျော်တာ အဝိဇ္ဇာနဲ့ တဏှာ ၁၄၉
၉။ ဂုဏ်မက်သာယာ ထိုတဏှာ ၁၅၂
၁၀။ စီးပွားတက်ချင်လို့ ကိုးကွယ်တာ လာဘဗုဒ္ဓဘာသာ ၁၅၄
၁၁။ ဇေဒင်ယုံလျှင် ပုဏ္ဏားဝင် ၁၅၆
၁၂။ ဘုရားစင်ပေါ်က ဘိုးတော်မယ်တော်များ ၁၅၉
၁၃။ လာဘ်လိုချင်သူ ပေါ်တော်မူကိုးကွယ် ၁၆၀
၁၄။ ငွေဘုရားနဲ့ စားလမ်းထွင် ၁၆၃
၁၅။ စီးပွားမဖြစ်ပါ ချင်းတက်ယတြာ ၁၆၄
၁၆။ ကံ ဉာဏ် ဝီရိယရှိလျှင် စီးပွားဖြစ်မည်ပင် ၁၆၅
၁၇။ လိုချင်လျှင် အလိမ်ခံရဖို့သာပြင် ၁၆၇
၁၈။ ကိုယ့်အားကိုယ်ကိုး စီးပွားတိုး ၁၇၀
၁၉။ ကြာကြာစံချင်လို့ ကြံကြဖန်ကြပုံ ၁၇၂
၂၀။ ထောပတ်သီး အစိမ်းတင်ပြီး ထောချင်ကြသူများ ၁၇၄
၂၁။ အယူမှားပြင်ပေးမည့် ပဋိစ္စသမုပ္ပါဒ်သင်တန်း ၁၇၇

## ပဉ္စမနေ့ဟောစဉ်


| | | |
|---|---|---|
| ၁။ | ဘုရားပွင့်မှ သိခွင့်ရသည် | ၁၈၁ |
| ၂။ | လိုချင်လို့ရှာလျှင် အကုသိုလ်ပင် | ၁၈၂ |
| ၃။ | ထိုင်နေရင်းပင် အကုသိုလ်ဝင် | ၁၈၄ |
| ၄။ | အကုသိုလ်နဲ့နေ အကုသိုလ်နဲ့သေ | ၁၈၆ |
| ၅။ | ဘုန်းကြီးပြောတာထက် ခန္ဓာပြောတာယုံ | ၁၈၈ |
| ၆။ | ဆင်းရဲကြောင်း အကြိမ်ကြိမ်မို့လို့<br>ဆင်းရဲကျိုးလည်း အကြိမ်ကြိမ် | ၁၉၁ |
| ၇။ | သံသရာချိန်ခွင်လျှာ အောက်စိုက်နေပါတယ် | ၁၉၃ |
| ၈။ | အကုသိုလ်အကြည့်နဲ့ စိတ်ကောင်းရှိသတဲ့လား | ၁၉၆ |
| ၉။ | ခန္ဓာအတွက်နေ့တိုင်းရှာ ပစ္စုပ္ပန်အကြောင်းတစ်လျှာ | ၁၉၈ |
| ၁၀။ | စီးပွားရှာတာ ကမ္မပါ | ၁၉၉ |
| ၁၁။ | တိရစ္ဆာန်ရှိခိုးနေတဲ့ ဂြိုဟ်ပြေနံ့ပြေ | ၂၀၁ |
| ၁၂။ | ကြောက်လို့ကိုးကွယ်တာ ဘယဗုဒ္ဓဘာသာ | ၂၀၄ |
| ၁၃။ | ဘုရားကိုပင် နတ်နဲ့ယှဉ်ကိုးကွယ်ကြ | ၂၀၆ |
| ၁၄။ | ဟုံဟုံဆိုတဲ့စကား မြန်မြန်သွား | ၂၀၈ |
| ၁၅။ | ဂါထာမြင်ရင် ဘုရားဟောချည်းမထင်နဲ့ | ၂၁၀ |
| ၁၆။ | ကိုးကွယ်ယူမှား ဒုဂ္ဂတိသွား | ၂၁၂ |
| ၁၇။ | ဉာဏ်မပါရင် အလိမ်ခံရမှာပဲ | ၂၁၄ |
| ၁၈။ | အလိမ်ခံရသူတွေ များလှပေ | ၂၁၆ |
| ၁၉။ | အမြင်မှားတော့ အကိုးကွယ်မှားတယ် | ၂၁၉ |
| ၂၀။ | အယူမှားမပျောက်သမျှ ကိုးကွယ်ရကျိုးမနပ် | ၂၂၁ |
| ၂၁။ | ဒိဋ္ဌိမခံမှ နိဗ္ဗာန်ရသည် | ၂၂၃ |

## ဆဋ္ဌမနေ့ဟောစဉ်


| | | |
|---|---|---|
| ၁။ | အထက်တန်းစား ဗုဒ္ဓဘာသာ | ၂၂၇ |
| ၂။ | ဆုတောင်းတာတွေ ရပ်ပါလေ | ၂၂၉ |
| ၃။ | သမ္မာသဒ္ဓါနဲ့ မိစ္ဆာသဒ္ဓါ | ၂၃၂ |
| ၄။ | သုဂတိဘဝကျေးဇူးပြုတာ ပုညာဘိသင်္ခါရပါ | ၂၃၅ |
| ၅။ | အပ်ချုပ်သမား တကျော့စပ်ပေးမှ | ၂၃၇ |
| ၆။ | သစ္စာမသိလျှင် ဆင်းရဲကြောင်းအလုပ်ပင် | ၂၄၀ |
| ၇။ | ကိုယ့်အကြောင်းကိုယ်မသိ သနားပါဘိ | ၂၄၃ |
| ၈။ | ကံကစပ်တယ် ဉာဏ်ကဖြတ်တယ် | ၂၄၆ |
| ၉။ | အစပ်ကြိုက်သူ အပူနဲ့တွေ့မြဲ | ၂၄၉ |
| ၁၀။ | အလွန်အကဲပူတာ စပ်ခြင်းပါ | ၂၅၃ |
| ၁၁။ | ကောင်းအစပ်နဲ့ အနေကန်အစပ် | ၂၅၆ |
| ၁၂။ | ကံနှင့်မပြတ် ဉာဏ်နှင့်ဖြတ် | ၂၆၀ |
| ၁၃။ | ယုံကြည်တာ သဒ္ဓါ ဖြစ်ပျက်မြင်တာ ပညာ | ၂၆၂ |
| ၁၄။ | သံသရာပြတ်မှု ပစ္စုပ္ပန်ရှု | ၂၆၅ |
| ၁၅။ | ဖြစ်ပျက်မြင်မှသာ ဗုဒ္ဓဘာသာအစစ်ပါ | ၂၆၈ |

မိုးကုတ်မြို့၊ ကုန်းမြင့်သာယာရပ်

**ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက**

**ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက**

# ဆရာတော် ဘဒ္ဒန္တသုနန္ဒ ၏

## ထေရုပ္ပတ္တိအကျဉ်းနှင့် သာသနာပြုလုပ်ငန်းများ

မိုးကုတ်ဓမ္မရံသီဆရာတော် အလောင်းအလျာသူငယ်သည် ၁၃၂၇ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (၂၁–၅–၁၉၆၅) သောကြာနေ့တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာ၊ ခမည်းတော် ဦးအောင်ကျော် + မယ်တော် ဒေါ်မြသောင်းတို့မှ ဖွားမြင်သည်။ မွေးချင်းပေါက်ဖော် မောင်နှမ (၆) ယောက်ရှိသည့်အနက် ပဋ္ဌမမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်လောင်းလျာသူငယ်ကလေးသည် ငယ်စဉ်ကာလ ရှမ်းပြည်မြောက်ပိုင်း၊ နောင်ချိုမြို့၊ အစိုးရအထက်တန်းကျောင်းတွင် ရှစ်တန်းအဆင့်ထိ လောကီစာပေများကို သင်ယူခဲ့၏။ ထို့နောက် နောင်ချိုမြို့ သာသနာ့ရောင်ခြည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏအား ဥပဇ္ဈာယ်ပြု၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။

သာသနာ့ရောင်ခြည်ဆရာတော်ထံ၌ ပရိယတ္တိအခြေခံစာပေများ သင်ယူလေ့လာခဲ့ပြီး ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်တွင် ပရိယတ္တိစာပေများကို ဆက်လက်လေ့လာသင်ယူခဲ့သည်။ သီဟိုဠ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ၁၃၄၇ ခုနှစ်တွင် မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ တက်ရောက်ခဲ့သည်။

ရဟန်းတစ်ဝါအရ ၁၉၈၆ ခုနှစ်တွင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးမှာ ဆက်လက်ပညာသင်ယူခဲ့ပြီး အစိုးရပထမကြီးတန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့၏။

၁၉၉၀ ခုနှစ်တွင် ပရိယတ္တိစာပေ လေ့လာသင်ယူခြင်းကို တစ်စခန်းသိမ်းလျက် ပဋိပတ္တိကျင့်ကြံအားထုတ်မှုဘက်သို့ ကူးပြောင်းကာ အမရပူရမြို့ ကျေးနူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သံဝေဇနီယဌာန မင်္ဂလာရိပ်သာတွင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းများကို အခြေခံနည်းစနစ်ကျ ပွားများ လေ့လာတော်မူခဲ့လေသည်။

၁၉၉၄ ခုနှစ်တွင် မိုးကုတ်မြို့ ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးကို စတင် တည်ထောင်တော်မူခဲ့သည်။ ဓမ္မရံသီ မိုးကုတ်ရိပ်သာကြီးတွင် မိုးကုတ်မြို့အပါအဝင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူသူတော်စင်ယောဂီများအား မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ် သင်တန်းများ သစ္စာလေးပါး အလုပ်ပေးတရားတော်များကို ဟောကြားပြသတော်မူခဲ့၏။

အထူးသဖြင့် ဓမ္မရံသီ မိုးကုတ်ရိပ်သာကြီးအတွင်း၌ ဝါတွင်းဝါပသကြိန်တရား အထူးစခန်းများကို ဖွင့်လှစ်ပြသတော်မူခဲ့ရာ မိုးကုတ် မိုးမိတ်မြို့များအပါအဝင် ရန်ကုန်၊ မန္တလေး၊ ခင်ဦး၊ ရေဦး၊ ရွှေဘို၊ ဝက်လက်၊ ပခုက္ကူ၊ မြင်းခြံ၊ မတ္တရာ၊ ရှမ်းပြည်နယ် ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နမ့်လန်၊ မိုင်းလုံ၊ စစ်ကိုင်းတိုင်း၊ တမူး၊ ကလေး၊ ကလေးဝ၊ ဟုမ္မလင်း၊ ချင်းပြည်နယ်၊ မတူပီ စသော အနယ်နယ်

အရပ်ရပ်မှ ယောဂီ ငါးရာကျော် ခြောက်ရာအထိ လာရောက်စခန်းဝင် အားထုတ်ကြပြီး ဒုလ္လဘ ရဟန်းတော်ပေါင်း နှစ်ရာကျော်တို့ကိုလည်း နှစ်စဉ် မြင့်မြတ်သော ဥပသမ္ပဒပဉ္စင်းအဖြစ်သို့ ချီးမြှောက်တော်မူခဲ့သည်။

ဝါတွင်း ဝါပ သင်္ကြန်တရား အထူးစခန်းအပါအဝင် ဓမ္မရံသီ မိုးကုတ်ရိပ်သာကြီး၌ နေ့စဉ် နံနက် ၄း၃၀ မှ ည ၉ နာရီအချိန်အထိ မိုးကုတ်ဆရာတော်ကြီး၏ အသံတော်တိပ်ခွေများကို နာယူခြင်း၊ ခန္ဓာ ပဋိစ္စ သမုပ္ပါဒ်သင်တန်း ဝိပဿနာအလုပ်ပေးသင်တန်း တရားများ နာကြားခြင်း၊ တရားအားထုတ်ခြင်းတို့ကို သတ်မှတ်ထားသည့် အချိန် ဇယားအတိုင်း အတိအကျ လိုက်နာကျင့်သုံးစေပါသည်။

ဓမ္မရံသီ မိုးကုတ်ရိပ်သာဆရာတော်ဘုရား ဘဒ္ဒန္တ သုနန္ဒသည် ရိပ်သာအတွင်း တရားစခန်းများအပြင် မြန်မာပြည်အနှံ့ အနယ်နယ် အရပ်ရပ်သို့ ကြွရောက်တော်မူကာ တရားစခန်းများ ညအထူး သစ္စ ဓမ္မသဘင်များ ဟောကြားပို့ချပြသတော်မူကာ မိုးကုတ်ဝိပဿနာ တရားတော်များ ပြန့်ပွားစည်ပင်စေရေးအတွက် စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်ကာ သာသနာပြုတော်မူလျက်ရှိပါ၏။

# စာရေးသူ၏ ရင်တွင်းစကား

ယခု စာရှုသူတို့ ရှေ့မှောက်သို့ ရောက်ရှိပြီး လေ့လာမှတ်သား ကုသိုလ်ပွားနေကြသော "ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးတရားတော်" ကျမ်းစာမှာ မိုးကုတ်မြို့ ဓမ္မရံသီမိုးကုတ်ရိပ်သာ ဆရာတော်၏ ထင်ရှားသည့်တရားတွဲ ဖြစ်ပါသည်။ ဓမ္မရံသီဆရာတော်ဘုရား အနယ်နယ်အရပ်ရပ် တရားစခန်းများ၊ တရားပွဲများတွင် ကြိမ်ဖန်များစွာ ဟောကြားတော်မူလေ့ရှိ၍ ယောဂီသာဝကများ အထူးနှစ်ခြိုက် ကြည်ညို ကြသောတရားတော် ဖြစ်ပါသည်။

ဓမ္မရံသီဆရာတော်ဘုရားမှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် စာပေပရိယတ် သင်ကြားလေ့လာသွားခဲ့သဖြင့် စာရေးသူနှင့် ဂန္ဓာရုံ အနွယ်တူချင်းဖြစ်သည့်အလျောက် လေးစားကြည်ညိုရင်းလည်း ရှိပါသည်။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးမှာလည်း စာရေးသူတို့ သီတင်းသုံးနေထိုင်ရာ အမရပူရမြို့တွင် ပေါ်ထွန်းတော်မူခဲ့ခြင်းဖြစ်၍ များစွာကြည်ညို ဂုဏ်ယူရပါသည်။

စာရေးသူသည် တစ်ဖက်မှ ပရိယတ္တိစာပေများ လေ့လာရေးသားအားထုတ်နေသကဲ့သို့ ပဋိပတ္တိ ဝိပဿနာလုပ်ငန်းကို တွဲဖက်လေ့လာအားထုတ်ရန် ကြံစည်သောအခါတိုင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် အခြေခံ ဝိပဿနာအလုပ် အားထုတ်နည်းကို လည်းကောင်း၊ ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း

ဟောကြား ပြသတော်မူနေသော ဓမ္မရုံသီဆရာတော်ဘုရားကိုလည်း ကောင်း စိတ်အာရုံမှာ အထူးပင် သတိရပေါ်ပေါက်လာတတ်ပါ၏။

သို့ဖြင့် တစ်ခုသောသင်္ကြန် (၁၀–၄–၂၀၀၅) တွင် မိုးကုတ်မြို့ ဓမ္မရုံသီရိပ်သာကျောင်းတိုက်ကြီးသို့ ရောက်ရှိကာ သင်္ကြန်အထူး တရားစခန်း၌ ဝင်ရောက်အားထုတ်ဖြစ်ပါတော့သည်။

ထိုတရားစခန်း၌ စာရေးသူ ဝင်ရောက်အားထုတ်ခွင့်ရသည်မှာ မင်းတံတားရပ်နေ ဦးကျော်ဝင်း + ဒေါ်စန်းစန်းပျို မိသားစုတို့၏ ကျေးဇူးကြောင့်ဖြစ်သည်။ ဦးကျော်ဝင်း + ဒေါ်စန်းစန်းပျို မိသားစုတို့မှာ ဓမ္မရုံသီဆရာတော်ဘုရား၏ ဆရာ ဒကာရင်းချာများဖြစ်ကြ၍ ဆရာတော်၏တရားတော်များကို လေလှိုင်းကြားမှာတွင် မပျောက်မကွယ်စေဘဲ စာအုပ်စာတမ်း ကျမ်းဂန်တစ်ရပ်အဖြစ် မှတ်တမ်းတင် ကျန်ရစ်စေရန် စာရေးသူ၏မိတ်ဆွေ အရှင်ဇာဂရ (မိုးကုတ်) နှင့် တိုင်ပင်ဆွေးနွေးပြီး ဓမ္မရုံသီဆရာတော်ဘုရားအား လျှောက်ထားရာ ဆရာတော်မှ ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်သည်နှင့် စာရေးသူအထံကို တာဝန်ရောက်လာခြင်း ဖြစ်ပါသည်။

ထိုတာဝန်ကို ထမ်းဆောင်ရန် စာရေးသူ ဓမ္မရုံသီရိပ်သာတွင် တရားအားထုတ်ခြင်း၊ ဆရာတော်၏ဟောကွက် ပြောကွက်များကို အသေးစိပ်လေ့လာမှတ်သား ရေးသားခဲ့ရာတွင် စာအုပ်ဖြစ်မြောက်တဲ့ အထိ ဦးကျော်ဝင်း + ဒေါ်စန်းစန်းပျို မိသားစုတို့မှ မတည်လှူဒါန်းကာ ဓမ္မရုံသီစာစဉ် (၁) ကို စာရှုသူတို့လက်သို့ အရောက်ပေးပို့နိုင်ခဲ့ခြင်း ဖြစ်ပါတော့သည်။

ဓမ္မရုံသီရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုနန္ဒမှာ စာရေးသူရောက်ရှိချိန်တွင် သက်တော် (၄၀)၊ ဝါတော် (၂၀) မျှသာ ရှိတော်မူသေးသော်လည်း တည်ကြည်သောဣန္ဒြေ၊ ကြည်လင်ပြတ်သားသော အသံတော်တို့ဖြင့် အားကိုးကြည်ညိုဖွယ်ကောင်းလှသည်။

ဓမ္မရံသီရိပ်သာကြီးကို ဆရာတော်ကိုယ်တိုင် စတင်တည်ထောင် တော်မူ၍ (၁၃) နှစ်ကာလ သက်တမ်းမျှဖြင့် ယခုလောက် တိုးတက် အောင်မြင်တော်မူခဲ့ရခြင်းမှာ ဆရာတော်၏ အဟောအပြော ရှင်းလင်း ပိုင်နိုင်မှု၊ အုပ်ချုပ်ပုံ စည်းကမ်းစနစ် ကောင်းမွန်မှုတို့ကြောင့် ဖြစ် ကြောင်း မှတ်ချက်ချမိပါသည်။

သင်္ကြန်အထူးတရားစခန်း (၁၀) ရက်အတွင်း နံနက် ၄ နာရီ ၃၀ မှသည် ည ၉ နာရီအထိ အချိန်ဇယားပိုင်းခြားလျက် ပဋိစ္စသမုပ္ပါဒ် အခြေခံသင်တန်းများ ဝိပဿနာ အလုပ်ပေးတရားတော်များနှင့် တရား အားထုတ် ရှုမှတ်ပွားများခြင်းတို့ကို အဆက်မပြတ် အားထုတ်ဆောင် ရွက်စေပါသည်။

လုပ်ငန်းစဉ်တစ်ခု စတင်တိုင်း ကြေးမောင်းဖြင့် သုံးကြိမ်တိတိ အချက်ပေးနှိုးဆော်ရာ –

“ကြေးမောင်းသုံးချက် သံချိုလွင်
ခန္ဓာကိစ္စ ယောဂီပြင်၊
နှစ်ချက်တီးလျှင် ခြေလှမ်းသွက်
ဓမ္မာရုံထက် ယောဂီတက်
တစ်ချက်တီးသော် ဆရာတော်
ပလ္လင်ပေါ်ကြွ တရားစ
ခန္ဓာတရား နာကြားကြ။”

ဟူ၍ ကြေးမောင်းသုံးကြိမ် သင်္ကေတကို လင်္ကာဆောင်ပုဒ် ဖြင့် ဖော်ကျူးထားပါသည်။

ဓမ္မရံသီဆရာတော်ဘုရားသည် မဟာဂန္ဓာရုံဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီးတည်းဟူသော ဆရာကောင်းများ၏ တပည့် ကောင်းပီပီ မိုးကုတ်ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ ကျွန စွာ ပဋိစ္စသမုပ္ပါဒ် ဒေသနာဝိပဿနာ တရားတော်များကို ပိုင်နိုင်စွာ ရှင်းလင်းဟောပြတော်မူနိုင်သလို ကျမ်းပြုအကျော် အမရပူရမဟာ

ဂန္ဓာရုံဆရာတော်ဘုရားကြီး၏ လက်ကျတပည့် ဖြစ်သည်နှင့်အညီ တရားပွဲတိုင်းမှာပင် ဗုဒ္ဓသာသနာတော် တိုးတက်ကြီးပွားရေးအတွက် ဗုဒ္ဓဘာသာဝင်တို့ ပြုပြင်ဆင်ခြင်သင့်သော အရာများကို ပြတ်ပြတ်သားသား အလေးထားပဲ့ပြင်ဆုံးမတော်မူလေ့ရှိကြောင်းဖြင့် ထူးခြားချက်နှစ်ခုကို တွေ့မြင်နိုင်သည်။

ခမ္မရုံသိဆရာတော် ရိပ်သာတွင်းနှင့် အနယ်နယ်အရပ်ရပ်တွင် ဟောကြားတော်မူခဲ့သော တရားတိပ်ခွေပေါင်း မြောက်မြားစွာရှိသည့် အနက် အထက်ပါ ထူးခြားချက်နှစ်ရပ်ကို အပေါ်လွင်ဆုံးပြသနိုင်သော တရားတွဲမှာ ယခုတင်ဆက်လိုက်သည့် "ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါး တရားတော်"ပင် ဖြစ်ပါသည်။

ဆရာတော်ဘုရား၏ ဟောပြောချက်အရ ကုလဗုဒ္ဓဘာသာ၊ လာဘဗုဒ္ဓဘာသာ၊ ဘယဗုဒ္ဓဘာသာ၊ သဒ္ဓါမိကဗုဒ္ဓဘာသာ၊ ပညာဓိက ဗုဒ္ဓဘာသာဟူ၍ ဗုဒ္ဓဘာသာငါးမျိုးရှိသည်။ ကုလဗုဒ္ဓဘာသာ၊ လာဘ ဗုဒ္ဓဘာသာ၊ ဘယဗုဒ္ဓဘာသာ ဤသုံးမျိုးမှာ အောက်တန်းစား ဗုဒ္ဓဘာသာဖြစ်၍ သဒ္ဓါမိကဗုဒ္ဓဘာသာနှင့် ပညာဓိကဗုဒ္ဓဘာသာနှစ်မျိုးက အထက်တန်းစားဗုဒ္ဓဘာသာ ဖြစ်၏။

မိဘမျိုးရိုးစဉ်လာ ပစ္စည်းဥစ္စာ လာဘ်လာဘ ပေါများလိုမှု၊ ဘေးအန္တရာယ်မှ ကြောက်ရွံ့မှုတို့ဖြင့် ရတနာသုံးပါးကို ရိုးရာနတ်၊ ဘိုးတော်၊ ဗေဒင်၊ ယတြာ၊ ဂါထာ မန္တာန် စသော လောကီကိစ္စများနှင့် ရောထွေးလျက် မှားယွင်းစွာ ကိုးကွယ်နေကြသော ကုလ လာဘ ဘယ အောက်တန်းစား ဗုဒ္ဓဘာသာအဖြစ်မှ လွတ်မြောက်စေရေးအတွက် ဆရာတော်က ပဲ့ပြင်သွန်သင်တော်မူခဲ့သည်။

ရတနာသုံးပါးအပေါ်မှာ မှန်မှန်ကန်ကန် ကြည်ကြည်လင်လင် ယုံကြည်သော သမ္မာသဒ္ဓါပိုင်ရှင် သဒ္ဓါမိကဗုဒ္ဓဘာသာအစစ် ဖြစ်စေရေး။

ထိုမှတစ်ဆင့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ၏ ဖြစ်ဟန် ပျက်ဟန် ဤနှစ်တန်ကို ဇကန်သိမြင်နိုင်သော ပညာဓိက ဗုဒ္ဓဘာသာ အဆင့်မြင့်

တန်းသို့ ရောက်ရှိစေရေးအတွက် တိုးတက်ပို့ဆောင်တော်မူခဲ့ပြန်သည်။

ကိုးကွယ်မှုမှား အယူမှားများကို မီးမောင်းထိုးပြ ချေဖျက်တော်မူရာ၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အခြေခံကာ ကြောင်းကျိုးခိုင်လုံ ယုတ္တိဗေဒကျနပီပြင်စွာဖြင့် ပြတ်ပြတ်သားသား ချေဖျက်ရှင်းလင်းဟောတော်မူနိုင်ခြင်းမှာ ဓမ္မရံသီဆရာတော်၏ တရားစွမ်းရည်ရောင်ခြည်ပင် ဖြစ်ပါတော့သည်။

ဓမ္မရံသီဆရာတော်သည် "ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးတရားတော်ကို အခြေအနေ အချိန်ကာလ နေရာဒေသအလျောက် သုံးရက်၊ ငါးရက်၊ ခုနစ်ရက်မှသည် ဆယ်ရက်တိုင်အောင် အချိန်ယူလျက် ဟောပြောပြသတော်မူခဲ့ပါသည်။ ထိုတရားတော်များကို စာရှုသူတို့ တစ်ထိုင်တည်းနှင့် လေ့လာမှတ်သားကြားနာခွင့်ရအောင် ဆောင်ကြဉ်းပေးလိုက်ပါပြီ။

ဤကျမ်းစာကို ဖတ်ရှုလေ့လာကြပြီး ကုလ လာဘ ဘယအောက်တန်းစား ဗုဒ္ဓဘာသာအဖြစ်မှသည် သမ္မာသဒ္ဓါတရားဖြင့် သဒ္ဓါဓိက ဗုဒ္ဓဘာသာများ ဖြစ်ကြပါစေ။ သဒ္ဓါဓိကဗုဒ္ဓဘာသာ အဖြစ်မှသည် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝတို့၏ အဖြစ်အပျက်ကို ကျနစွာ သိမြင်ကြပြီး သစ္စာလေးပါး တရားပိုင်ရှင် ပညာဓိက ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါစေကြောင်း ရည်သန်တောင့်တ၍ တင်ဆက်လိုက်ပါပြီ။

ထိုတောင့်တချက်များ စာရှုသူတို့အတွက် ပြည့်ပြည့်ဝဝရရှိကြမည်ဆိုလျှင်ပင် ဓမ္မရံသီဆရာတော်ဘုရား အားထုတ်ဟောပြောရကျိုးနပ်ပါလိမ့်မည်။ စာရေးသူ ကြိုးပမ်းတင်ဆက်ရခြင်း၏ ရည်ရွယ်ချက်လည်း ထမြောက်ပါလိမ့်မည်။ ပညာဓိက အထက်တန်းစား ဗုဒ္ဓဘာသာကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာကြပါစေသတည်း။

သမ္မာဆန္ဒဖြင့်
အရှင်ဇောတိသာရ (စဥ့်ကူး)

# အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်
# ပဓာန နာယကချုပ်ဆရာတော်
# အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
# ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၏ ဩဝါဒကထာ

သာသနာတော်မှာ ပရိယတ္တိရယ် ပဋိပတ္တိရယ်လို့ နယ်ပယ် နှစ်မျိုးရှိတယ်။

အမရပူရမြို့ရဲ့ လက်ရှိသာသနာတော်မှာ ပရိယတ္တိဘက်က မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၊ ပဋိပတ္တိဘက်က မိုးကုတ်ဝိပဿနာ ဆရာတော်ဘုရားကြီးတို့ဟာ နေတစ်ဆူ လတစ်ပါးလို ထင်ရှားကျော် ကြားတဲ့ ဆရာတော်ကြီးများ ဖြစ်တယ်။ မြန်မာပြည်မှာသာမက ကမ္ဘာ့ နိုင်ငံတွေထိအောင် သိရှိကျော်ကြားတဲ့ ဆရာတော်ကြီး နှစ်ပါးပါ။

အခု မိုးကုတ်မြို့ ဓမ္မရုံသီရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုနန္ဒဟာ ပရိယတ္တိဘက်မှာ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ရဲ့တပည့် ဖြစ်တယ်။ ဒီ မဟာဂန္ဓာရုံကျောင်းတိုက်ထွက် ဖြစ်တဲ့အတွက် ငယ်ငယ်ကလေးက စပြီး ဆရာတော်ဘုရားကြီးရဲ့စာသင်နည်းအတိုင်း

ပေါက်ပေါက်ဖြောက်ဖြောက် သင်ယူနိုင်ခဲ့မယ်ဆိုတာ ယုံမှားသံသယဝင်စရာ မရှိပါဘူး။

တစ်ဖက်က ကြည့်ပြန်တော့လည်း မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ပဋိပတ္တိလုပ်ငန်းကို ကြိုးစားအားထုတ်ပြီးတော့ နေတဲ့အတွက် ဘဒ္ဒန္တသုနန္ဒဟာ ပရိယတ္တိ ပဋိပတ္တိနှစ်ဖက် စွယ်စုံရပုဂ္ဂိုလ် ဖြစ်ပါတယ်။

သာသနာတော်နှစ်မျိုးရှိရာမှာ ပရိယတ္တိက အခြေခံမပါလို့ မဖြစ်ဘူး။ အခြေခံရတယ်၊ ပရိယတ္တိနယ်က ကျွမ်းကျွမ်းကျင်ကျင် အခြေခံထားမှ ပဋိပတ္တိနယ်မှာ ရဲရဲဝံ့ဝံ့ ဖြစ်တယ်။ ပရိယတ်နှင့် ပဋိပတ်နှစ်ခုတွဲပြီးတော့ ဆောင်နိုင်တယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့။

မိုးကုတ်မြို့ ဓမ္မရံသီရိပ်သာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုနန္ဒအနေနဲ့ ပရိယတ်ရော ပဋိပတ်ရော နှစ်ခုစလုံး စွယ်စုံရဖြစ်အောင် ဆောင်ရွက်နိုင်တယ်ဆိုတော့ အတိုင်းထက်အလွန် ကျေးဇူးများတယ်။ အထူးသဖြင့် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးနှင့် မိုးကုတ်ဆရာတော်ဘုရားကြီး နှစ်ပါးတို့ရဲ့ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာနှစ်ရပ်လုံး ထမ်းဆောင်ခွင့်ရတယ်ဆိုတော့ ပိုပြီးတော့ တန်ဖိုးရှိတယ်။

အမရပူရ ကျေးဇူးရှင်ဆရာတော်ကြီးနှစ်ပါးရဲ့ သာသနာတော်ကို **'ဉာဏ်ရောင်ပေါ်မှ တန်ဆောင်မကွာဘဲ'** ထွန်းပြောင်နိုင်တယ်ဆိုတာ ကံကောင်းတယ် ဘုန်းကြီးတယ်လို့ ဆိုရမယ်။ ဒါကြောင့် ပဋိပတ္တိကို ဆတက်ထမ်းပိုး တိုးပြီးတော့ ဆောင်ရွက်နိုင်ပါစေလို့ တိုက်တွန်းပါတယ်။

**ဗုဒ္ဓဘာသာဝင်တွေကို**

၁။ အောက်တန်းဗုဒ္ဓဘာသာ (တစ်နည်းပြောရရင်)
မူလတန်းဗုဒ္ဓဘာသာ

၂။ အလယ်တန်းဗုဒ္ဓဘာသာ

၃။ အထက်တန်းဗုဒ္ဓဘာသာလို့ သုံးမျိုးခွဲလိုက်ရင် ရနိုင်ပါတယ်။

**အောက်တန်းမူလ၊ ဗုဒ္ဓဘာသာ၊**
**ကံကိုယ်ပိုင်ရှိ၊ မြင်သိပေရှာ၊**
**အလယ်ထင်လင်း၊ မြင်ရှင်း လက္ခဏာ၊**
**အထက်တန်း၊ လေးခန်းမြင်သစ္စာ။**

၁။ အောက်တန်းမူလ ဗုဒ္ဓဘာသာဆိုတာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် အခြေခံရမယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ပိုင်ရင် အောက်တန်းမူလ ဗုဒ္ဓဘာသာဖြစ်တယ်။ မူလတန်း ဗုဒ္ဓဘာသာ အောင်တယ်။ **"ကံ ကိုယ်ပိုင်ရှိ၊ မြင်သိပေတာ"** ဆိုတဲ့အတိုင်း ကံတရားသာလျှင် ကိုယ်ပိုင်ရှိတယ်။ ကမ္ဘာလောကကြီး ရှိရှိ သမျှ ကံကစီမံနေတယ်။ ဘယ်သူ ဖန်တီးတာမှ မဟုတ်ဘူး။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရှိရင် အောက်တန်းမူလ ဗုဒ္ဓဘာသာခေါ်တယ်။

၂။ အလယ်တန်းဗုဒ္ဓဘာသာဖြစ်ဖို့က **"အလယ်ထင်လင်း၊ မြင်ရှင်း လက္ခဏာ"** ဆိုတဲ့အတိုင်း ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်သွားတဲ့ သဘောလက္ခဏာတွေကို ဉာဏ်ထဲထင်ပြီးတော့ တစ်ကြိမ်သိသိ၊ နှစ်ကြိမ်သိသိ၊ အကြိမ်များစွာပဲ သိသိ။ သိလိုက်ရင် အလယ် တန်းဗုဒ္ဓဘာသာဖြစ်တယ်။

၃။ အထက်တန်းဗုဒ္ဓဘာသာဖြစ်ဖို့က **"အထက်တန်း၊ လေးခန်းမြင် သစ္စာ"** ဆိုတဲ့အတိုင်း သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက် ပြီးတော့ သစ္စာလေးပါးကို တစ်ပြိုင်နက်သိတဲ့ဉာဏ်၊ ဖြစ်ပျက် ကျော်လွန်ပြီး ဖြစ်ပျက်တွေရဲ့ငြိမ်းရာ သိမ်းရာ နိဗ္ဗာန်ကို မြင် သွားတဲ့ဉာဏ်ကို ရပြီဆိုတော့မှ အထက်တန်းအကျဆုံး ဗုဒ္ဓ ဘာသာ ဖြစ်တယ်။

ဒါကြောင့် မိုးကုတ်မြို့ ဓမ္မရံသီရိပ်သာ ပဓာန နာယကဆရာ တော် ဘဒ္ဒန္တသုနန္ဒ အရှင်မြတ်သည် ဆက်လက်ပြီးတော့ မိမိနှင့်

စပ်ရာ ဒကာ ဒကာမတွေကို အောက်တန်း မူလတန်း ဗုဒ္ဓဘာသာကနေ အလယ်တန်း ဗုဒ္ဓဘာသာ၊ အလယ်တန်း ဗုဒ္ဓဘာသာကနေ အထက်တန်း ဗုဒ္ဓဘာသာအဆင့်တိုင် တက်လှမ်းနိုင်အောင် သွန်သင်ဟောကြားပြသနိုင်တဲ့ သာသနာ့အာဇာနည် အမျိုးကောင်းသား ဖြစ်ပါစေသတည်းလို့ ဘုန်းကြီးက ဩဝါဒပေးလိုက်ပါတယ်။

**အရှင်ကုဏ္ဍလာဘိဝံသ**

ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ
နာယကချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့။
၁၃၆၇–ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက်၊ တနင်္လာနေ့၊
၅ စက်တင်ဘာလ ၂၀၀၅။

# ကျေးဇူးသိမြင် မော်ကွန်းတင်

'ဗုဒ္ဓဘာသာဝါးမျိုးနှင့် သစ္စာလေးပါးတရားတော်' စာအုပ် ထွက်ပေါ်နိုင်ရန်အတွက်

* အမှာစာရေးသားပေးသော ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ နာယကချုပ်ဆရာတော်၊ တိတ်ခွေမှ စာမူကြမ်းဖြစ်သည်အထိ ကူညီဆောင်ရွက်ပေးကြသော မိုးကုတ်မြို့ မင်းတံတားရပ်၊ ဦးကျော်ဝင်း ဒေါ်စန်းစန်းပျို မိသားစု၊ ဦးဣဿရိယ (ဓမ္မရံသီ)၊ ကိုနေလင်း (ဓမ္မရံသီ)၊ ဦးဘသိန်း (ရန်ကုန် မိသားစု)၊ အရှင်စန္ဒသာရ (ကျောင်းကုန်း)၊ အရှင်ဉာဏဝရ (စဥ့်ကူး)၊ အရှင် ဣန္ဒာစရိယ၊ အရှင်စက္ကိန္ဒ (ငွေကြာရုံ)၊ အရှင်အဂ္ဂဓမ္မ (မဟာဂန္ဓာရုံ)၊ အရှင်စန္ဒဇောတိ (ရွှေဘုံစံ)။
* စိတ်တိုင်းကျသည်အထိ ကွန်ပျူတာစာစီပေးသော (Dream City Computer) မှ ဦးအောင်မင်း၊ မျက်နှာဖုံးခြယ်မှုန်းရေးဆွဲပေးသော ဂရပ်ဖ်ဒီဇိုင်းဆရာ ကိုနေဝင်းအောင်တို့အား ကျေးဇူးသိမြင် မော်ကွန်းတင်အပ်ပါသည်။

လိုရာဆုမြတ် ပြည့်စုံကြပါစေ။

အရှင်ဇောတိသာရ (စဥ့်ကူး)

# ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးတရားတော်

## ပထမနေ့ဟောစဉ်

### တရားအစပဏာမ

ကောဇာသက္ကရာဇ် (၁၃၆၅) ခုနှစ်၊ တပို့တွဲလဆန်း (၈) ရက်နေ့ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့ ဒေါနဘွားရပ်၊ တပ်မြေတောင်ကွင်း (၄၁၇)၊ (၁၉) လမ်း မြောက်ကွက်၊ အောင်ရတနာ ဓမ္မဗိမာန်တော်ကြီးအတွင်း၌ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ပဋိစ္စသမုပ္ပါဒ်အခန်းနှင့် သစ္စသံယုတ်ပါဠိတော် ဓမ္မသင်္ဂဏီပါဠိတော် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တို့ကို အခြေခံ၍ ဟောကြားအပ်သော ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးတရားတော်။

ဤဒေါနဘွားရပ်ကွက်ကြီးနှင့်တကွ မန္တလေးမြို့ ရပ်ကွက်အသီးသီး၊ ကျောင်းတိုက်အသီးသီး၌ သီတင်းသုံးစံပျော်မွေ့လျော်ကြလျက် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်နှစ်ဖြာကို ကြိုးစားမယုတ် ပွားများအားထုတ်တော်မူကြသည့် သံဃာတော် အရှင်သူမြတ်တို့၏ ဘုန်းရိပ်ကံရိပ် မေတ္တာရိပ် ဩဝါဒအရိပ်တို့ကို ခံယူပြီး

ဒေါနဘွားရပ်ကွက်ကြီး၏ မြို့မိမြို့ဖ ရပ်မိရပ်ဖ နာယက လူကြီးမင်းအပေါင်းတို့အား ဦးထိပ်ထားပန်ဆင်လျက် အောင်ရတနာ မေ့ဗိမာန် သာသနာပြုစောင့်ရှောက်လျက်ရှိကြကုန်သော ဂေါပက လူကြီးမင်းများက ဦးဆောင်ပြီး

မေ့ဒါနကုသိုလ်ရှင်ကြီးများဖြစ်ကြတဲ့ ဦးသန်းအောင် + ဒေါ်နုနု မိသားစုနှင့် ဦးကြည်စိုး + ဒေါ်သန်းသန်း မိသားစုတို့မှ မေ့ဒါနပြု လုပ်လျက် ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့များ၏ ပံ့ပိုးကူညီမှု ဖြင့် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော မိုးကုတ်ဝိပဿနာ သစ္စာမေ့ သဘင် (၇)ည အထူးတရားပွဲကြီး၏ ပထမဦးဆုံးသောယံ၊ ပထမဦး ဆုံးသောညအဖို့၌ ရပ်နီးရပ်ဝေးအသီးသီးမှ တရားနာ တရားထိုင်လာ ရောက်ကြပေကုန်သော ယောဂီသူတော်စင် အပေါင်းတို့အား ဘုန်းကြီး များ ယနေ့ည ကျေးဇူးဆပ် ဟောကြားရမည့် တရားတော်ကတော့ "ဗုဒ္ဓဘာသာဝါးမျိုးနှင့် သစ္စာလေးပါးတရားတော်"။

ဘာတရားပါလိမ့် ?

"ဗုဒ္ဓဘာသာဝါးမျိုးနှင့် သစ္စာလေးပါးတရားတော်ပါဘုရား"

ဤတရားတော်ကြီးကို မဟောကြားသေးမီ မနာကြားကြသေးမီ တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ် ကြီး၏ ဂုဏ်တော်ကို အာရုံပြုပြီးတော့ နမောတဿ သုံးကြိမ်ဖြင့် ညီညာဖြဖြ ကန်တော့လိုက်ကြပါကုန်စို့။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## မူလနှစ်ဖြာလင်္ကာဆောင်ပုဒ်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော် ကို ဦးထိပ်မှာထားပြီး ဟောကြား နာကြားကြမှာဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး ရေးသားသီကုံးတော်မူခဲ့သော မူလနှစ်ဖြာလင်္ကာ ဆောင်ပုဒ်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲစလိုက်ကြရ အောင်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး
တရားကိုယ်များနှင့်၊ သုံးပါးအစပ်
နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်
ညှိရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

ကိုင်း– ဆိုရိုးကလေးတွေ ဆိုလိုက်ကြရအောင်။

**မူလနှစ်ဖြာဆိုသည်မှာ** အဝိဇ္ဇာနှင့် တဏှာ။

**သစ္စာနှစ်ခုဆိုသည်မှာ** သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

**လေးခုအလွှာဆိုသည်မှာ** အတိတ်အကြောင်းတစ်လွှာ၊
ပစ္စုပ္ပန်အကျိုးတစ်လွှာ၊
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊
အနာဂတ်အကျိုးတစ်လွှာ၊

**အင်္ဂါတစ်ဆယ့်နှစ်ပါးဆိုသည်မှာ** အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ မရဏ။

**တရားကိုယ်များနှင့် ဆိုသည်မှာ–**

**အဝိဇ္ဇာဆိုတာ** မသိတာကို ခေါ်ပါတယ်၊

**သင်္ခါရဆိုတာ** ပြုလုပ်တာကို ခေါ်ပါတယ်၊

**ဝိညာဏ်ဆိုတာ** အသိစိတ်ကို ခေါ်ပါတယ်၊

**နာမ်ရုပ်ဆိုတာ** သွားချင်တာက နာမ်၊ သွားတာက ရုပ်၊ စားချင်တာက နာမ်၊ စားတာက ရုပ်၊ အိပ်ချင်တာက နာမ်၊ အိပ်တာက ရုပ်လို့ ခေါ်ပါတယ်။

**သဠာယတနဆိုတာ** အာယတနခြောက်ပါးကို ခေါ်ပါတယ်။

အာယတနခြောက်ပါးဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

ဖဿဆိုတာ တွေ့ထိတာကို ခေါ်ပါတယ်။

ဝေဒနာဆိုတာ ခံစားတာကို ခေါ်ပါတယ်။

တဏှာဆိုတာ ကြိုက်နှစ်သက်တာကို ခေါ်ပါတယ်။

ဥပါဒါန်ဆိုတာ စွဲလမ်းတာကို ခေါ်ပါတယ်။

ကမ္မဘဝဆိုတာ ပြုလုပ်အားထုတ်တာကို ခေါ်ပါတယ်။

ဇာတိဆိုတာ ပဋိသန္ဓေနေတာကို ခေါ်ပါတယ်။

ဇရာဆိုတာ အိုတာကို ခေါ်ပါတယ်။

မရဏဆိုတာ သေတာကို ခေါ်ပါတယ်။

သောကဆိုတာ စိုးရိမ်တာကို ခေါ်ပါတယ်။

ပရိဒေဝဆိုတာ ငိုကြွေးတာကို ခေါ်ပါတယ်။

ဒုက္ခဆိုတာ ကိုယ်ဆင်းရဲတာကို ခေါ်ပါတယ်။

ဒေါမနဿဆိုတာ စိတ်ဆင်းရဲတာကို ခေါ်ပါတယ်။

ဥပါယာသဆိုတာ ပြင်းစွာပူလောင်တာကို ခေါ်ပါတယ်။

သုံးပါးအစပ်ဆိုသည်မှာ သင်္ခါရနှင့် ဝိညာဏ်တစ်စပ်၊
ဝေဒနာနှင့် တဏှာတစ်စပ်၊
ကမ္မဘဝနှင့် ဇာတိတစ်စပ်၊
တစ်နည်း အတိတ်အကြောင်း
နှင့် ပစ္စုပ္ပန်အကျိုးတစ်စပ်
ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်
အကြောင်း၊ သို့မဟုတ်
အနာဂတ် အကြောင်းနှင့်
အနာဂတ်အကျိုးတစ်စပ်

နှစ်ရပ်မူလဆိုသည်မှာ တဏှာနှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝဆိုသည်မှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

**ကိလေသဝဋ်သုံးပါးဆိုသည်မှာ** အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။
**ကမ္မဝဋ်နှစ်ပါးဆိုသည်မှာ** သင်္ခါရနှင့် ကမ္မဘဝ။
**ဝိပါကဝဋ်ရှစ်ပါးဆိုသည်မှာ** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ၊ မရဏ။

**ကာလသုံးဖြာဆိုသည်မှာ** လွန်လေပြီးသော အတိတ်ကာလ၊
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

**ခြင်းရာနှစ်ဆယ်ဆိုသည်မှာ**–
အတိတ်အကြောင်း အခြင်းအရာငါးပါး။
ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး။
ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါး။
အနာဂတ်အကျိုး အခြင်းအရာငါးပါး။

**အတိတ်အကြောင်းခြင်းရာငါးပါးဆိုသည်မှာ**–
အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။
**ပစ္စုပ္ပန်အကျိုးခြင်းရာငါးပါးဆိုသည်မှာ**–
ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။
**ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးဆိုသည်မှာ**–
တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။
**အနာဂတ်အကျိုးခြင်းရာ ငါးပါးဆိုသည်မှာ**–
ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

**ဆုံရှစ်သွယ်ဆိုသည်မှာ** မူလနှစ်ဖြာ တစ်သွယ်၊
သစ္စာနှစ်ခု တစ်သွယ်၊
လေးခုအလွှာ တစ်သွယ်၊
အင်္ဂါတစ်ဆယ့်နှစ်ပါး တစ်သွယ်၊

သုံးပါးအစပ် တစ်သွယ်၊
ဝဋ်သုံးဝ တစ်သွယ်၊
ကာလသုံးဖြာ တစ်သွယ်၊
ခြင်းရာနှစ်ဆယ် တစ်သွယ်။
ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

## တရားနာလျှင် ကြည်လင်ပါစေ

အားလုံးပဲ လက်အုပ်ကလေးတွေချီထားတာကို ချထား။ မျှတသော ဣရိယာပုထ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူမှတ်သားနိုင်ကြပါပြီ။

ဒီနေ့ညလာကြတဲ့ ဒကာ ဒကာမတွေဟာ ဘယ်ဘာသာဝင်တွေပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါဘုရား"

ဗုဒ္ဓဘာသာဝင်လို့ ပြောတာကတော့ ဟုတ်ပြီ။ ဘယ်တုန်းကစဖြစ်လာတာလဲ? ဗုဒ္ဓဘာသာက ငယ်ငယ်ကတည်းက ဖြစ်လာတာဟုတ်တယ်မဟုတ်လား။

ဗုဒ္ဓဘာသာဆိုတာ ဘာပြောတာလဲ? ဆိုလိုတာက တိမ်မယောင်နဲ့နက်၊ လွယ်မယောင်နဲ့ခက်။ သိသလိုလိုနဲ့ မသိတာကို ပေါ်လွင်စေချင်လို့ ပြောလိုက်တာ။ ကိုယ်က ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီးတော့မှ တိုးရစ်တွေက မေးမယ်။ 'မင်း ဘယ်ဘာသာဝင်လဲ' 'ဗုဒ္ဓဘာသာဝင်ပါ' 'ဗုဒ္ဓဘာသာဆိုတာ ဘာပြောတာလဲ' ဆိုတော့ ဟိုဒင်း ... ဟိုဟာ ... ဟိုဥစ္စာလေ ... နဲ့ ပြတ်ပြီ ဓာတ်လမ်းက။

သားငယ် သမီးငယ်တွေက မေးမယ်။ 'ဖေဖေ သမီးတို့က ဗုဒ္ဓဘာသာဟုတ်လား၊ အဖေ' 'ဟုတ်တာပေါ့ သမီးရဲ့' 'ဗုဒ္ဓဘာသာ

ဆိုတာ ဘာပြောတာလဲ အဖေရဲ့' 'ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓဘာသာပဲပေါ့ဟဲ့ ကောင်လေး ... ကောင်မလေး ... ငါခေါင်းခေါက်လိုက်ရလို့၊ လျှာမရှည်နဲ့' လူကြီးစတိုင်လ်လေ၊ လူကြီးစတိုင်လ်ဆိုတာ ကိုယ်မသိတာကို မသိဘူးလို့ ဖြောင့်ဝန်မခံရဲဘူး။ သိသယောင်ယောင် ဟန်ဆောင်တတ်တယ်။

ဒါကြောင့် ကလေးတွေမေးရင် ကလေးတွေကို အပြစ်မမြင်ပါနဲ့။ ကိုယ်အရင်ဆုံးသိအောင် လုပ်လိုက်ပါ။

အားလုံး ဒကာ ဒကာမတွေ ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

အေး – ဒီကနေ့ အခြေခံကျကျနားလည်အောင် သင်ပေးမယ်။ ဒီအထဲမှာ ယောဂီဟောင်းတွေ ပါတယ်။ ဘုန်းကြီးရဲ့ အခုလိုတရားမျိုးကို နာဖူးတဲ့ ပုဂ္ဂိုလ်၊ ပဋိစ္စသမုပ္ပါဒ်ကို အကြိမ်ကြိမ်နာဖူးတဲ့ ပုဂ္ဂိုလ်တွေက နည်းနည်းလေးသည်းခံပေးရမယ်နော်။ ဒါဟာ ဘာလဲဆိုတော့ သာသနာပြုနေတာ။ မသိသေးတဲ့ပုဂ္ဂိုလ် သိအောင်ကျေးဇူးဆပ်နေတာ ဟုတ်ပြီလား။

တို့ဒကာ ဒကာမတွေကလည်း လျှောက်တုန်းကတော့ (၁၀) ရက်လျှောက်တာ၊ တရားပွဲတွေက ကျပ်နေလို့ ခုနှစ်ရက်ဖြစ်သွားတယ်။ ရတဲ့ရက်ကလေးမှာ တို့မှာလည်း ရှေးဘုန်းရှေးကံ ပါရမီအလျောက်ရှိခဲ့လို့ ဒီကနေ့ ဗုဒ္ဓဘာသာအခြေခံနှင့်တကွ ထိုက်သည့်အားလျော်စွာ သစ္စာသိခွင့်ရတော့မယ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါ။ ဟုတ်ရဲ့လား။

တရားနာတဲ့နေရာမှာ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့မျက်နှာ ဘယ်လိုလဲ၊ ပြုံးနေတယ်နော်။

ခပ်တည်တည်ကြီးနေသလား?

"မနေပါဘုရား"

မထုံတက်တေးကြီးနေသလား?

"မနေပါဘုရား"

အေး – သူက မြူးပြီးတော့ ကြည်နေတာ။ ဒါကြောင့် တရားနာတဲ့နေရာမှာ ကြည်လင်နေရမယ်။

တရားနာတဲ့နေရာမှာ ဘာဖြစ်နေရမလဲ?

"ကြည်လင်နေရပါမယ်ဘုရား"

## ဗုဒ္ဓဘာသာဝင်ဆိုတာ ဘုရားစကားနားထောင်တာ

အဲဒါကြောင့် အားလုံးသော ဒကာ ဒကာမတွေ ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

ကိုင်း – ကလေးတွေက မေးမေး၊ တိုးရစ်တွေက မေးမေး၊ ခရစ်ယာန်၊ ဂျိန်း၊ မဟာမေဒင်၊ ဘာသာခြား ဘယ်လိုပုဂ္ဂိုလ်က မေးမေး ဖြေတတ်အောင် သင်ပေးမယ်နော်။

ဗုဒ္ဓဆိုတာ ဘာလဲ – ဘုရား၊ ဘာသာဆိုတာဘာလဲ – စကား၊ ဝင်ဆိုတာဘာလဲ – နားထောင်တာ။ ဒီတော့ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲဆိုတော့ ဘုရားစကားနားထောင်တာနော်။ ပြန်ပြောမယ်၊ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲ – ဘုရားစကားနားထောင်တာ ဟုတ်ပြီနော်။

ကဲ – ဒါဖြင့်ရင် ဗုဒ္ဓဆိုတာ ဘုရား၊ ကောင်းပြီ ခရစ်ယာန်မှာလည်းပဲ ထာဝရတို့၊ ယေရှုခရစ်တို့ သူတို့သည် ဘာအမှတ်နဲ့ ကိုးကွယ်တာလဲ?

"ဘုရားအမှတ်နဲ့ ကိုးကွယ်တာပါဘုရား"

ဟုတ်တယ်၊ ဘုရားအမှတ်နဲ့ ကိုးကွယ်တာ။ နောက်တစ်ခါ အစ္စလာမ်မှာလည်းပဲ ခိုဒါတို့၊ အလ္လာတို့ကို ဘာအမှတ်နဲ့ ကိုးကွယ်တာလဲ?

"ဘုရားအမှတ်နဲ့ ကိုးကွယ်တာပါဘုရား"

"ပြီးတော့ ဂျိန်းတို့၊ မဟာမေဒင်တို့ စသည်အားဖြင့် အဲဒီမှာ လည်းပဲ သူ့အတိုင်းအတာနဲ့သူ၊ သူ့ဘုရားနဲ့သူ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အော် - နောက်ပြီးတော့လေ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မပွင့်ခင်တုန်းက မက္ခလိဂေါသာလ၊ အဇိတကေသမ္ဗလ၊ သိဥ္စည်း ပုရာဏကဿပ အစရှိတဲ့ တိတ္ထိဆရာကြီးခြောက်ယောက်ဟာလည်း သူတို့ကိုယ်သူတို့ ဘုရားဆိုပြီးတော့မှ၊ သူတို့ကိုယ်သူတို့ ဘုရားလုပ် ပြီးတော့မှ လောကကြီးကို လွှမ်းမိုးနေကြတယ်နော်။

အဲဒီတော့ ခရစ်ယာန်ဘုရား၊ အစ္စလာမ်ဘုရား၊ ဂျိန်းဘုရား၊ မဟာမေဒင်ဘုရား ဘယ်လိုဘုရားဖြစ်တယ်ဆိုတာကို ခဏထား၊ သူများဘုရား သူများဘာသာအကြောင်းပြောရင် သူများတရားဖြစ် သွားမယ်။ တို့က ဗုဒ္ဓဘာသာ၊ တို့တရားအကြောင်းကို အဓိကထား ပြီးတော့ ပြောကြည့်မယ်နော်။

## သစ္စာသိခြား မြတ်ဘုရား

ကောင်းပြီ၊ တို့ကိုးကွယ်နေတဲ့ မြတ်စွာဘုရား၊ နေ့တိုင်း ဦး တိုက်နေတဲ့ မြတ်စွာဘုရား၊ ဆွမ်းတော် ပန်းတော်ကပ်နေတဲ့ မြတ် စွာဘုရား၊ ဘယ်လို မြတ်စွာဘုရားမျိုးလဲဆိုတာ မသိသင့်ဘူးလား၊ သိသင့်သလား?

"သိသင့်ပါတယ်ဘုရား"

သိသင့်တယ်၊ ဒါဖြင့်ရင် ဘုန်းကြီးတို့ ယောဂီတို့ ကိုးကွယ် နေတဲ့ မြတ်စွာဘုရားသည် သစ္စာသိပြီး ပွင့်တော်မူတဲ့ မြတ်စွာဘုရား။

ဘာသိပြီး ပွင့်တော်မူတာလဲ?

"သစ္စာသိပြီး ပွင့်တော်မူတာပါဘုရား"

ဒီအဖြေက နည်းနည်းရှည်တယ်၊ အတိုနည်းနဲ့ပြောလိုက်မယ်၊ သစ္စာသိသော မြတ်စွာဘုရား။

ကဲ– ပြောကြည့်ရအောင်၊ တို့ဘုရားက ဘယ်လိုဘုရားလဲ?

"သစ္စာသိသော မြတ်စွာဘုရားပါ ဘုရား"

ဒါဘယ်တော့မှ မမေ့စေနဲ့။ ဒီစကားလုံးကို မမေ့စေနဲ့။

တို့ဘုရား ဘာသိပြီး ပွင့်တာလဲ?

"သစ္စာသိပြီး ပွင့်တော်မူတာပါဘုရား"

အေး– သစ္စာသိပြီး ပွင့်တာ။ ကောင်းပြီ၊ သစ္စာသိတဲ့နေရာမှာ လူပြော သူပြောနဲ့ သိတာလား၊ ကိုယ်ပိုင်ဉာဏ်နဲ့ သိတာလား?

"ကိုယ်ပိုင်ဉာဏ်နဲ့ သိတာပါဘုရား"

ဟုတ်ပြီ၊ ကိုယ်ပိုင်ဉာဏ်နဲ့ သိတဲ့နေရာမှာလည်း သူ့ဆုတောင်းလေးနဲ့ ပါရမီဖြည့်လို့ သိတာလား၊ ခန္ဓာပေါ်ဉာဏ်ရောက်လို့ သိတာလား?

"ခန္ဓာပေါ် ဉာဏ်ရောက်လို့ သိတာပါဘုရား"

ဟာ– ဒါဖြင့် ဘုရား သစ္စာသိတာသည် ခန္ဓာပေါ်ဉာဏ်ရောက်လို့သိတာ။ ဟော– တစ်ဆင့်တက်သွားပြီ။

ဘုရား သစ္စာသိတာသည် ဘယ်ပေါ် ဉာဏ်ရောက်လို့ သိတာလဲ?

"ခန္ဓာပေါ် ဉာဏ်ရောက်လို့ သိတာပါဘုရား"

## ခန္ဓာနဲ့သာ တရားနာ

အေး ဒါဖြင့် တို့ဒကာ ဒကာမတွေ တရားနာတာ ပြောတော့ ယောက်ျားပဲ၊ မိန်းမပဲ၊ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲလို့ ပြောကြတာနော်။

အဲဒီတော့ အခု အားလုံးသော ဒကာ ဒကာမတွေ တရားမနာချင်ဘဲ အောင်ရတနာခမ္မဖိမာန်ကို လာကြတာလား၊ တရားနာချင်လို့ လာကြတာလား?

"တရားနာချင်လို့ လာတာပါဘုရား"

ဟို– သူများက အတင်းကို အိမ်ကနေရိုက်ထုတ်လို့ လာတာလား?

"မဟုတ်ပါဘုရား"

ဟို– လာဘ်ပေးမယ်၊ အမလေး တရားနာလာရင် ဘာလက်ဆောင်ပေးမှာ၊ ဘာကြီးပေးမှာလို့များ မျှားလို့ လာတာလား?

"မဟုတ်ပါဘုရား"

ယောဂီတို့ကို ခြိမ်းခြောက်လို့ လာတာလား?

"မဟုတ်ပါဘုရား"

ကိုယ့်အသိစိတ်ဓာတ်နဲ့ တရားနာချင်လို့ကိုလာတာ။

ဒါဖြင့် တရားသိချင်တာကို ယောဂီတို့ စာလိုသုံးရင် နာမ်လို့ခေါ်တယ်။ တရားသိချင်တာ နာမ်၊ သေသေချာချာမှတ်ထား။

တရားသိချင်တာ?

"နာမ်တရားပါဘုရား"

တရားသိချင်တာက နာမ်လို့ခေါ်တယ်။ အခု တရားထိုင်နာနေတာက ရုပ်။

တရားထိုင်နာနေတာက?

"ရုပ်ပါဘုရား"

တရားသိချင်တာက?

"နာမ်ပါဘုရား"

တရားထိုင်နေတာက?

"ရုပ်ပါဘုရား"

တကယ်တမ်း တရားနာနေတာက ငါလား၊ ရုပ်နဲ့ နာမ်လား?

"ရုပ်နဲ့ နာမ်ပါဘုရား"

"ယောက်ျားလား၊ ရုပ်နဲ့ နာမ်လား?

"ရုပ်နဲ့ နာမ်ပါဘုရား"

မိန်းမလား၊ ရုပ်နဲ့ နာမ်လား?

"ရုပ်နဲ့ နာမ်ပါဘုရား"

အဲဒီ ရုပ်နာမ်ဆိုတာက တရားနာချင်တဲ့စိတ်ကလေး ဓမ္မာရုံမှာ ရှိတာလား၊ ကိုယ့်ခန္ဓာထဲမှာ ရှိတာလား?

"ကိုယ့်ခန္ဓာထဲမှာ ရှိတာပါဘုရား"

ကိုယ့်ခန္ဓာထဲမှာ ကိုယ်ကိုယ်တိုင်က တရားနာချင်တာလေ၊ ဓမ္မာရုံက တရားနာချင်တာမှ မဟုတ်ဘဲ။

ဒါဖြင့် တရားနာချင်တဲ့စိတ်ကလေး ရှိ မရှိ?

"ရှိပါတယ်ဘုရား"

အဲဒီ တရားနာချင်တာက နာမ်၊ ထိုင်နေတာက ရုပ်၊ သူ မဟုတ် ငါမဟုတ်၊ တရားနာတာ နာမ်နဲ့ ရုပ်။

ဒါဖြင့် တရားနာတာ ယောကျ်ား မိန်းမတွေလား၊ နာမ်နဲ့ ရုပ်လား?

"နာမ်နဲ့ ရုပ်ပါဘုရား"

ဒါဖြင့် နာမ်ရုပ်ဆိုတာ တခြားလား ခန္ဓာလား?

"ခန္ဓာပါဘုရား"

အခု တရားနာတာ ပုဂ္ဂိုလ် သတ္တဝါလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ကိုယ့်ခန္ဓာပေါ် ဉာဏ်ရောက်လို့ ဘုရား သစ္စာသိတာ။ ဘုရားရဲ့ ခန္ဓာပေါ် ဘုရားက ဉာဏ်ရောက်လို့ သစ္စာသိတာ။ ဒါဖြင့် တို့လည်း အခုတရားနာတာ ဘာနဲ့ တရားနာတာလဲ? ခန္ဓာနဲ့နာတာ။

ဘာနဲ့ တရားနာတာလဲ?

"ခန္ဓာနဲ့ တရားနာတာပါဘုရား"

## သစ္စာသိအောင် ကြိုးစားနားထောင်

မြတ်စွာဘုရားက ခန္ဓာပေါ်ဉာဏ်ရောက်လို့ သစ္စာသိပြီး ပွင့်တော်မူတာ။ သစ္စာသိလို့ ပွင့်တော်မူပြီးသော မြတ်စွာဘုရား မိဂဒါဝုန်တောကို မကြွဘူးလား?

"ကြွပါတယ်ဘုရား"

ဘုန်းကြီးက မေးရဦးမယ်။ မြတ်စွာဘုရား မိဂဒါဝုန်တောကို ကြွတာ အလည်ကြွတာလား၊ ဘယ်သူ့ဆီသွားတာလဲ၊ မိတ်သွားဆက်တာလား ?

"မဟုတ်ပါဘူးဘုရား"

ဘာသွားလုပ်တာပါလိမ့် ?

"တရားသွားဟောတာပါ ဘုရား"

ဘာတရားသွားဟောတာလဲဆိုတော့ အရပ်ထဲမှာ နားလည်တဲ့ စကားနဲ့ပြောရရင် ဓမ္မစကြာတရား။

အရပ်ထဲမှာသုံးတာ ဘာတရားတဲ့လဲ ?

"ဓမ္မစကြာတရားပါ ဘုရား"

ဓမ္မစကြာဆိုတာ တခြားလား၊ သစ္စာတရားလား ?

"သစ္စာတရားပါဘုရား"

ဒါကြောင့် မြတ်စွာဘုရား ပွင့်တော်မူပြီးတာနဲ့ တစ်ပြိုင်နက်တည်း ဘာတရား စဟောတာလဲ ?

"သစ္စာတရားပါဘုရား"

သူကိုယ်တိုင်လည်း ဘာသိပြီးတော့ ပွင့်တာလဲ ?

"သစ္စာတရားသိပြီးတော့ ပွင့်တာပါဘုရား"

သူ့ရွှေနှုတ်တော်က ထွက်တော့လည်း ဘာတရားစပြီးတော့ ဟောတာလဲ ?

"သစ္စာတရားစပြီးတော့ ဟောတာပါဘုရား"

ဘုရားမို့လို့သာ သစ္စာတရားစဟောတယ်လို့ပြောတာ၊ တို့ အရပ်သုံးစကားနဲ့ပြောရင် သစ္စာစကားစပြီးတော့ ပြောတာ။

ဘာစကား စပြောတာလဲ ?

"သစ္စာစကား စပြောတာပါဘုရား"

ဘုရားဘာသိပြီးတော့ ပွင့်တာလဲ ?

"သစ္စာသိပြီးတော့ ပွင့်တာပါဘုရား"

အေး – အဲဒီသစ္စာစကားကို လေးစားပါမယ်၊ လိုက်နာပါမယ်၊ နားထောင်ပါမယ်ဆိုတဲ့ ပုဂ္ဂိုလ်ကိုတော့ 'ဝင်' လို့ ခေါ်တယ်။ အခုလို သစ္စာစကားကို လေးစားလိုက်နာ နားထောင်ပြီးတော့ သစ္စာနဲ့လျော် ညီစွာ ကျင့်ကြံကြိုးကုတ်လို့ ပယ်သင့်တဲ့သစ္စာကို ပယ်၊ သိသင့်တဲ့ သစ္စာကို သိ၊ ပွားရမည့်သစ္စာကို ပွားများ။ ဆိုက်ရောက်ရမည့်သစ္စာ ကို ဆိုက်ရောက်နိုင်အောင် ကြိုးစားနေကြတာဟာ ဘယ်သူ့စကား နားထောင်တာလဲ ?

"ဘုရားစကား နားထောင်တာပါဘုရား"

အဲဒီ ဘုရားစကားကို နားထောင်တဲ့ပုဂ္ဂိုလ်ကို ဘယ်ဘာသာ ဝင်လို့ ပြောတာလဲ ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

ဒါဖြင့် တို့ ဒကာ ဒကာမတွေ ဘယ်ဘာသာဝင်တွေလဲ ?

"ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား"

ဗုဒ္ဓဘာသာဝင်တွေဟာ ဘယ်သူ့စကား နားထောင်ရမှာလဲ ?

"ဘုရားစကား နားထောင်ရမှာပါဘုရား"

ဘုရား ဘာစကားပြောလဲ ?

"သစ္စာစကားပြောပါတယ်ဘုရား"

ရှင်းပြီနော်။ ဒါဖြင့် ဘုရားပြောတဲ့စကားအတိုင်း လေးစား လိုက်နာပြီးတော့ သစ္စာသိအောင် ကြိုးစားနေတဲ့ ပုဂ္ဂိုလ်ကို ဗုဒ္ဓဘာ သာဝင်လို့ ခေါ်ပါတယ်။

## သစ္စာသိချင် ပဋိစ္စသမုပ္ပါဒ်သင်

ဒါဖြင့်ဗျာ မေးကတည်းက ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး သစ္စာမသိ တဲ့ ဗုဒ္ဓဘာသာကျတော့ နောက်ပိုင်းမှာ ပြောပါမယ်။ ဗုဒ္ဓဘာသာ က ငါးမျိုးရှိတယ်။

ဗုဒ္ဓဘာသာ ဘယ်နှစ်မျိုးရှိလဲ?

"ငါးမျိုးပါဘုရား"

ဘယ်ကစဟောသလဲဆိုတော့

ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။

ယော – အကြင်ပုဂ္ဂိုလ်သည်၊ ပဋိစ္စသမုပ္ပါဒံ – ခန္ဓာဖြစ်ကြောင်း ခန္ဓာဖြစ်ကျိုးဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို၊ ပဿတိ – သိမြင်၏။ သော – ထိုပုဂ္ဂိုလ်သည်၊ ဓမ္မံ – တရားကို၊ ပဿတိ – သိ၏၊ မြင်၏။

ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့ ပုဂ္ဂိုလ်ဆိုရင် သစ္စာသိမယ်။ တစ်လုံးတတ်လာပြီနော်။ သစ္စာသိချင်ရင် ပဋိစ္စသမုပ္ပါဒ်တရားကို လေ့လာပါ။

သစ္စာတရားကို သိချင်ရင် ဘယ်တရားကို လေ့လာရမလဲ?

"ပဋိစ္စသမုပ္ပါဒ်တရားကို လေ့လာရမှာပါဘုရား"

ပဋိစ္စသမုပ္ပါဒ်တရားကို လေ့လာပါ။ ဟုတ်ပြီနော်၊ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်တရားဆိုတာက မြန်မာလို ဘာပြောတာတုံးလို့မေးရင် အကြောင်းနဲ့ အကျိုး။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာလဲ?

"အကြောင်းနဲ့ အကျိုးပါဘုရား"

ဒါဖြင့် အကြောင်းကို ပဋိစ္စ၊ အကျိုးကို သမုပ္ပါဒ်။ စာလိုပြောတော့ ပဋိစ္စသမုပ္ပါဒ်, မြန်မာလိုပြောတော့ အကြောင်းနဲ့ အကျိုး။

မြန်မာလိုပြောတော့ ဘာလဲ?

"အကြောင်းနဲ့ အကျိုးပါဘုရား"

ပါဠိလိုပြောတော့?

"ပဋိစ္စ သမုပ္ပါဒ်ပါဘုရား"

အကြောင်းက ဘာလဲဆိုတော့ ခန္ဓာဖြစ်ကြောင်း။ အကျိုးက ဘာလဲဆိုတော့ ခန္ဓာဖြစ်ကျိုး။

အကြောင်းက?

"ခန္ဓာဖြစ်ကြောင်းပါဘုရား"

အကျိုးက?

"ခန္ဓာဖြစ်ကျိုးပါဘုရား"

ကဲ ဒါဖြင့် အကြောင်းနဲ့အကျိုးက ဘယ်သူ့အကြောင်းနဲ့ ဘယ်သူ့အကျိုးလဲ?

"ခန္ဓာဖြစ်ကြောင်းနဲ့ ခန္ဓာဖြစ်ကျိုးပါဘုရား"

ဒါဖြင့် စောစောကပြောခဲ့တဲ့ တရားဟော တရားနာ။ တရားနာချင်တဲ့စိတ်တွေ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

တရားနာချင်တာက နာမ်။ တရားထိုင်နာနေတာက ရုပ်၊ ဒါဖြင့် ယောကျ်ား မိန်းမလား၊ နာမ်နဲ့ရုပ်လား?

"နာမ်နဲ့ ရုပ်ပါဘုရား"

နာမ်ရုပ်ဆိုတာ တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

## ရုပ်နဲ့ နာမ်နဲ့ တစ်နေကုန်

ကဲ တစ်ခါပြန်ပြီးတော့ ဒီထက်ရှင်းအောင် ထပ်ပြောကြည့်ရမယ်နော်။ အခု ဘုန်းကြီးလည်း တရားဟောနေပြီ၊ တို့ဒကာ ဒကာမတွေလည်း တရားနာနေပြီနော်။ နာနေတော့ အခုဆိုလို့ရှိလျှင် ဘုန်းကြီးခုနစ်နာရီခွဲက တရားစဟောတယ်။ အခု ရှစ်နာရီထိုးပြီး ငါးမိနစ်ဆိုတော့ နာရီဝက်လောက်ပဲ ရှိတယ်။ နာရီဝက်ကျော်ကျော်လေးပဲ ရှိသေးတယ်။

နာရီဝက်ကျော်ကျော် ရောက်လာပြီဆိုတော့ ကိုယ်စီကိုယ်င အကဲခတ်ကြည့်ကြစမ်း။ ဒီခန္ဓာထဲမှာလေ ဒီလိုလေးထိုင်နေတဲ့အခါ

ကျတော့ တင်ပျဉ်ခွေပဲ ထိုင်ထိုင်၊ ဒူးတုပ်ပြီးတော့ပဲ ထိုင်ထိုင်၊ ခန္ဓာကိုယ်ထဲမှာ နာတယ်၊ ပူတယ်၊ လှုပ်တယ်၊ ညောင်းတယ်၊ အောင့်တယ်၊ တင်းတယ်ဆိုတဲ့သဘော ခန္ဓာထဲမှာ ပေါ်မှ ပေါ်ရဲ့လား?

"ပေါ်ပါတယ်ဘုရား"

ဘုန်းကြီးက စာကြည့်မေးတာလား၊ ခန္ဓာကြည့်မေးတာလား?

"ခန္ဓာကြည့်မေးတာပါဘုရား"

ဘုန်းကြီးတရားဟောတာလည်း ဘာနဲ့ ဟောတာလဲ?

"ခန္ဓာနဲ့ ဟောတာပါဘုရား"

ယောဂီတို့ တရားနာတာလည်း ဘာနဲ့နာတာလဲ?

"ခန္ဓာနဲ့ နာတာပါဘုရား"

ဘုန်းကြီးတရားဟောတယ်ဆိုတာလည်း ဘုန်းကြီးသင်္ကန်းမှာလည်း ပူတာ အောင့်တာ၊ လှုပ်တာ ခတ်တာ၊ ယားတာ တောင့်တာ ပြသလို ယောဂီတို့ တရားနာနေတဲ့ ဒကာ ဒကာမတွေမှာလည်း ခန္ဓာနဲ့ တရားနာတာဆိုတော့ ပူတဲ့သဘော၊ ယားတဲ့သဘော၊ ကျင်တဲ့သဘော၊ အောင့်တဲ့သဘော မပြဘူးလား။ ပြသလား?

"ပြပါတယ်ဘုရား"

အဲဒီတော့ နာတာ ပူတာ၊ အောင့်တာ တောင့်တာ တင်းတာက?

"ရုပ်ပါဘုရား"

ပူမှန်းသိတာက နာမ်၊ ညောင်းမှန်းသိတာက နာမ်၊ ညောင်းတာက ရုပ်၊ နာတာက ရုပ်၊ နာမှန်းသိတာက နာမ်။

ယားတာက?

"ရုပ်ပါဘုရား"

ယားမှန်းသိတာက?

"နာမ်ပါဘုရား"

အောင့်တာက ရုပ်၊ အောင့်မှန်းသိတာက နာမ်၊ လှမ်းတာက ရုပ်၊ လှမ်းမှန်းသိတာက နာမ်၊ သွားတာက ရုပ်၊ သွားမှန်းသိတာက နာမ်။ ဟာ တစ်နေကုန် ဘာနဲ့ဘာလဲ?

"ရုပ်နဲ့ နာမ်ပါဘုရား"

သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

## မသိလို့ကန်းတာ၏ အဝိဇ္ဇာ

ယောဂီတို့ ကိုယ်ခန္ဓာထဲမှာ အခု တရားနာနေရင်းနဲ့ မရှုတာ ရှိသလား?

"ရှိပါတယ်ဘုရား"

သီပေါက သယ်လာတာလား?

"မဟုတ်ပါဘူးဘုရား"

မိုးကုတ်က သယ်လာတာလား?

"မဟုတ်ပါဘူး ဘုရား"

မဟုတ်ပါဘူး၊ ကိုယ့်မှာ နေ့တိုင်း ဒီခန္ဓာနဲ့ သွားလာလှုပ်ရှား နေတာ၊ ဒါပေမဲ့ သွားရင်းလာရင်း နေရင်းထိုင်ရင်းနဲ့များ ဪ ဒါ ရုပ်နာမ်ကြီးပါလားလို့များ သိရဲ့လား?

"မသိပါဘုရား"

ဟုတ်တယ်၊ ဒါမှန်တာ ဖြေတာ၊ မသိမှ မသိတာ မသိဘူးပေါ့၊ ဘာဖြစ်တုံး၊ ရှက်မနေနဲ့ ဟုတ်လား။

သွားရင်းလာရင်း နေရင်းထိုင်ရင်း ထရင်း ရုပ်နာမ်ပါလားလို့ များ သိလိုက်ရဲ့လား?

"မသိပါဘုရား"

မရှိလို့ မသိတာလား၊ ရှိရက်နဲ့ မသိတာလား?

"ရှိရက်နဲ့ မသိတာပါဘုရား"

ခန္ဓာကိုယ်က မပူတာ မညောင်းတာ မအောင့်တာလည်း မဟုတ်ဘူး၊ ပူလည်းပူ ညောင်းလည်းညောင်း အောင့်လည်း အောင့်

တယ်၊ ဩော် ဒါပေမဲ့ ပူတာ ညောင်းတာ အောင့်တာ နာတာဟာ ရုပ်တရားပါလား၊ ဒါ ဖောက်ပြန်တာပါလားလို့များ ယောဂီတို့ ဘုန်းကြီးတို့ သိသလား မသိဘူးလား?

"မသိပါဘုရား"

အဲဒီမသိတာက အဝိဇ္ဇာ။

မသိတာက?

"အဝိဇ္ဇာပါဘုရား"

မသိတာက အဝိဇ္ဇာနော်၊ ယောဂီတို့ ဒီခန္ဓာဟာ အိုလည်း အို တတ်တယ်၊ နာလည်း နာတတ်တယ်၊ သေလည်း သေတတ်တယ်။

ယောဂီတို့ ဘုန်းကြီးတို့ အခုတရားနာနေတာ ငယ်ရုပ်ရည် ကလေးတွေ ရှိသေးလား?

"မရှိပါဘုရား"

အားလုံး ပျိုရာကနေ အိုလာတယ်၊ တရားပွဲတစ်ပွဲလုံးက ပရိသတ်တွေအားလုံး ဘာတွေလဲ?

"အအိုတွေပါဘုရား"

ဒါနဲ့ မေးရဦးမယ်၊ နှစ်နှစ် သုံးနှစ်က အသားအရေကလေးတွေ အခုရှိသေးရဲ့လား?

"မရှိပါဘုရား"

ငါးနှစ်လောက်က ရုပ်ရည်တွေ အခုရှိသေးရဲ့လား?

"မရှိပါဘုရား"

ခု အိုလာပြီလေ၊ ရင့်လာပြီလေ ဟုတ်ရဲ့လား၊ တင်းတိပ်၊ မှဲ့ ခြောက်၊ ဝက်ခြံကလေးတွေနဲ့။ ဟိုဟာနဲ့ ဖို့လိုက်၊ ဒီဟာနဲ့ ဖိလိုက်မို့ သာ ကိုယ့်ဟာကိုယ် တင့်တယ်တယ်ထင်နေတာ၊ တကယ်တမ်းကြ တော့ ယောဂီတို့ ပျိုလာတာလား၊ အိုလာတာလား?

"အိုလာတာပါဘုရား"

တရားတစ်ပွဲလုံး ဘာတွေလဲ?

"အအိုတွေပါဘုရား"

သူများကန်းတာလား၊ ကိုယ်တိုင်ကန်းတာလား?

"ကိုယ်တိုင်ကန်းတာပါဘုရား"

အရပ်ထဲမှာ ငါလိုကောင် ဘာမှတ်တုံးဆိုရင် ဖြေကြည့်စမ်း၊ ကိုယ့်ကိုယ်ကို သစ္စာမသိရင် အကန်းပဲ၊ သစ္စာမသိတဲ့ကောင်က ငါလိုကောင် ဘာမှတ်လို့တုံးဆိုတော့ ဘာမှမဟုတ်ဘူး အကန်းကြီးပဲ၊ သဘောကျရဲ့လား။

ဘုန်းကြီးလည်း တရားသာဟောနေတာ၊ ကိုယ့်ခန္ဓာက ဖောက်ပြန်ပျက်စီးတတ်တဲ့ နှိပ်စက်တတ်တဲ့တရား၊ အဲဒါ ကိုယ့်ကိုယ်ကို မသိရင် ဘုန်းကြီးတို့လည်း ဘာတုံး?

"အကန်းပါဘုရား"

ယောဂီတို့လည်း ဘာတုံး?

"အကန်းပါဘုရား"

အကန်းတွေဆိုတော့ သွားရင် လာရင် ကြည့်သွားကြ၊ ခလုတ်တိုက်နေဦးမယ်၊ ယောဂီတို့ သစ္စာမသိရင် တရားတစ်ပွဲလုံးဟာ ဘာတွေလဲ?

"အကန်းတွေပါဘုရား"

ဒါဖြင့် အခုမှ သက်သက်ကန်းတာလား၊ တစ်သံသရာလုံး ကန်းလာတာလား?

"တစ်သံသရာလုံး ကန်းလာတာပါဘုရား"

ကန်းအောင်လုပ်ထားတာ ဘယ်သူလဲ?

"အဝိဇ္ဇာပါဘုရား"

အဲဒီတော့ ဘယ်ခန္ဓာရရ မအိုချင်လည်း?

"အိုရမှာပါဘုရား"

မနာချင်လည်း?

"နာရမှာပါဘုရား"

မသေချင်လည်း?

"သေရမှာပါဘုရား"

အဲဒီလို အိုရနာရ သေရမယ်မှန်း ဘယ်ခန္ဓာရရ မသိအောင် ဖုံးထားတာက အဝိဇ္ဇာ။

## မသိလို့လုပ်တာ အဝိဇ္ဇာကြောင့် သင်္ခါရပါ

အဲဒီလိုမသိတဲ့အတွက်ကြောင့် ကုသိုလ်ကောင်းမှုဆိုတဲ့ အလုပ်တွေကော တို့ဒကာဒကာမတွေ လုပ်လား မလုပ်လား?

"လုပ်ပါတယ်ဘုရား"

ကုသိုလ်ကောင်းမှုလုပ်တယ်ဆိုပေမဲ့ ဒီခန္ဓာကိုယ်မျိုး၊ ဒါ ဒုက္ခပဲ၊ အနာပေါက်တာပဲ။ ဒီအနာမျိုး မလိုချင်လို့ တပည့်တော်တို့ ကုသိုလ်ပြုပါတယ်လို့ နှလုံးသွင်းမှန်မှန်နဲ့ ကုသိုလ်လုပ်တာလား၊ ဘဝတောင်းပြီး လုပ်တာလား?

"ဘဝတောင်းပြီး လုပ်တာပါဘုရား"

ဟုတ်တယ်လေ၊ ကုသိုလ်လုပ်တဲ့အခါကျတော့ ဤကဲ့သို့ လူ့မင်းစည်းစိမ် အကြိမ်ကြိမ်၊ နတ်မင်းစည်းစိမ် အကြိမ်ကြိမ်၊ ဗြဟ္မာမင်းစည်းစိမ် အကြိမ်ကြိမ် မတောင်းလား၊ တောင်းလား?

"တောင်းပါတယ်ဘုရား"

အဲဒီလောက်လေးနဲ့ အဲဒီဆုတောင်းတာ လုံလောက်လား?

"မလုံလောက်ပါဘူးဘုရား"

မလုံလောက်သေးဘူးတဲ့၊ တော်တော်လောဘကြီးပုံရတယ်၊ လူ့မင်းစည်းစိမ်ကလည်း တစ်ကြိမ်မဟုတ်သေးဘူး၊ အကြိမ်ကြိမ် နတ်မင်းစည်းစိမ် အကြိမ်ကြိမ်၊ ဗြဟ္မာမင်းစည်းစိမ် အကြိမ်ကြိမ် လှူလိုက်တာက ဖယောင်းတိုင်တစ်တိုင်၊ ဆွမ်းတော်လေးက နတ်တင်တာနဲ့ မှားပြီးတော့ သေးသေးလေး၊ ကိုယ်စားတော့ ပန်းကန်အကြီးကြီး၊ ဖယောင်းတိုင်တစ်တိုင်၊ အမွှေးတိုင်တစ်တိုင်၊ ဆွမ်းတော်ပွဲတစ်ပွဲ၊ ရေတော်တစ်ခွက်။

အဲဒါတွေ တင်ပြီးတော့ လှူတာက နည်းနည်း၊ တောင်းတဲ့ဆုက များများ။

အများကြီးတောင်းတာ ဘုရားမျက်စိလည်တယ်၊ ဘယ်က စပေး ရမှန်း မသိဘူး၊ နည်းလို့လား များလို့လား?

"များလို့ပါဘုရား"

လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်၊ ဒီလောက်နဲ့ လုံ လောက်ပြီလား?

"မလုံလောက်သေးပါဘူးဘုရား"

မလုံလောက်သေးဘူး၊ ဘာတွေ ထပ်တောင်းသလဲဆိုတော့ ငှက်ဖြစ်သော်လည်း ဘာတဲ့တုံး၊ ပြောပါ ရှက်မနေပါနဲ့။

"တစ်ကိုင်းထဲပါဘုရား"

ဆင်ဖြစ်သော်လည်း?

"တစ်တောထဲပါဘုရား"

ငံပြာရည်ဖြစ်သော်လည်း တစ်ပုလင်းထဲပါဘုရား၊ ဟာ သွားပြီ သွားပြီ၊ တို့ဒကာ ဒကာမတွေ တောင်းလိုက်တဲ့ဆုတွေ၊ ငှက်တို့ ဆင် ကို့ဆိုတာ ယောဂီတို့ရေ လူလား တိရစ္ဆာန်လား?

"တိရစ္ဆာန်ပါဘုရား"

ဘုရားရှေ့မှာသွားပြီး ဘာဆုတွေတောင်းသလဲ၊ မပြည့်မှာစိုးလို့ ဆွမ်းတော်တွေ မတင်ရဘူးလား?

"တင်ရပါတယ်ဘုရား"

ဆွမ်းတော်တင် ပန်းကပ်တာဟာ ကုသိုလ်လား၊ အကုသိုလ် လား?

"ကုသိုလ်ပါဘုရား"

ဒါ သခ်ါရ၊ ဘုရားရှေ့မှာ နေ့တိုင်းလုပ်တယ်လေ၊ လုပ်သလား လုပ်ဘူးလား?

"လုပ်ပါတယ်ဘုရား"

ပြုလုပ်တာက သင်္ခါရ၊ ဩော် ဒီခန္ဓာ အိုနာသေ ဒုက္ခပါလားလို့ သိပြီးတော့ လုပ်တာလား၊ မသိဘဲနဲ့ လုပ်တာလား?

"မသိဘဲနဲ့ လုပ်တာပါဘုရား"

မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ ဒါကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ၊ ဘာတဲ့လဲ?

"အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာပါဘုရား"

## ကိုယ့်အကြောင်းကို သိအောင်လုပ်ပါ

အဲဒီသင်္ခါရကုသိုလ်ကို လုပ်ခဲ့တဲ့အတွက် ကုသိုလ်ပဲ ပြောရတယ်။ အကုသိုလ် ပြောကို မပြောရသေးဘူး။

အခု တရားဟော တရားနာနေတာဟာ အပါယ်လေးဘုံသားတွေလား၊ သုဂတိဘုံသားတွေလား?

"သုဂတိဘုံသားတွေပါဘုရား"

တို့က ငရဲက လွတ်မနေဘူးလား?

"လွတ်နေပါတယ်ဘုရား"

တိရစ္ဆာန်အဖြစ်ကလည်း?

"လွတ်ပါတယ်ဘုရား"

ပြိတ္တာအဖြစ်ကလည်း?

"လွတ်ပါတယ်ဘုရား"

အခု လူ့ခန္ဓာမရဘူးလား?

"ရပါတယ်ဘုရား"

အဲဒီတော့ လူ့ခန္ဓာရတာကို ဘုရားအမှူးရှိတဲ့ အရိယာသူတော်စင်တို့က လူ့ဘဝရတာ အကုသိုလ်ကြောင့်ရတယ်လို့ ဟောကြသလား၊ ကုသိုလ်ကြောင့်ရတယ်လို့ ဟောကြသလား?

"ကုသိုလ်ကြောင့်ရတယ်လို့ ဟောကြပါတယ်ဘုရား"

ကုသိုလ်ကြောင့် ခန္ဓာမရဘူးလား ရတယ်နော်၊ ခန္ဓာရတဲ့အခါ ကျတော့ ခန္ဓာအစ ဝိညာဏ်၊ ဝိညာဏ်ဆိုတာ အသိစိတ်။

ဝိညာဏ်ဆိုတာ ဘာစိတ်လဲ?

"အသိစိတ်ပါဘုရား"

ဪ် ဒါ တရားပွဲပါလား၊ ဒါ သစ္စာတရားပါလားလို့ ယောဂီတို့ သဏ္ဍာန်သာ ဒီအသိစိတ်က ပေါ်တာလေ။ ဟိုတိရစ္ဆာန်တွေကျတော့ တရားပွဲကြီးပါလားလို့ သိလား?

"မသိပါဘုရား"

ယောဂီတွေကတော့?

"သိပါဘုရား"

သိတာပေါ့။ အဲဒီ သိသင့်သိအပ်တာကို သိနေတာကိုမှ လူလို့ ခေါ်တယ်ဗျ၊ သဘောကျရဲ့လား၊ သိသင့်သိအပ်တာတွေကို မသိဘဲ နေတာကို ဘုရားရှင်ကိုယ်တော်မြတ်ဟောတဲ့ လူလေးမျိုး နောက်ကျ သိလာလိမ့်မယ် ထားခဲ့။

သိသင့်သိအပ်တာကို သိရင် ဘာတဲ့လဲ?

"လူပါဘုရား"

သိတာက ဝိညာဏ်၊ သိတာက ဘာလဲ?

"ဝိညာဏ်ပါဘုရား"

ယောဂီတို့ အခု ဘာလုပ်နေသလဲ၊ တရားနာနေတယ်၊ ကိုယ့်ကိုယ်ကို တရားနာနေမှန်း သိရဲ့လား?

"သိပါတယ်ဘုရား"

သိတဲ့စိတ်တွေ ခန္ဓာမှာရှိရဲ့လား?

"ရှိပါတယ်ဘုရား"

အေး ဒါဖြင့် သိတာက ဝိညာဏ်၊ သိတာက ဘာလဲ?

"ဝိညာဏ်ပါဘုရား"

ဒီမှာ ဒီမှာ စာထဲမှာ ရေးထားတယ်၊ ဝိညာဏ်တဲ့။ ဒီမှာ မှတ်

တမ်းတင်ထားတာက ဝိညာဏ်လို့ ရေးထားတာပါ။ တကယ်တန်း ပေါ်တာက ဘယ်မှာပေါ်တာလဲ?

"ခန္ဓာမှာပေါ်တာပါဘုရား"

ကိုယ့်ဟာကိုယ် တရားနာမှန်း မသိဘူးလား?

"သိပါတယ်ဘုရား"

အခုလို သိတယ်ဆိုတာ တရားမနာဘဲနဲ့ သိတာလား၊ တရားနာလို့ သိတာလား?

"တရားနာလို့ သိတာပါဘုရား"

တရားနာတာ အရမ်းနာတာလား၊ တရားနာချင်လို့လား?

"တရားနာချင်လို့ပါဘုရား"

တရားနာချင်တာက နာမ်၊ တရားထိုင်နေတာက ရုပ်၊ ဒါဖြင့် နာမ်နဲ့ရုပ်ကော ရှိမှ ရှိရဲ့လား?

"ရှိပါတယ်ဘုရား"

စက်ဝိုင်းကြီးဟာ သူများအကြောင်း အောက်မေ့မနေနဲ့၊ ကိုယ့်အကြောင်း မှတ်ထား နိဗ္ဗာန်သိချင်ရင် ကိုယ့်အကြောင်းကိုယ်သိအောင်လုပ်၊ အခုဟောနေတာ သူများအကြောင်းလား?

"ကိုယ့်အကြောင်းပါဘုရား"

ကိုယ့်အကြောင်းဆိုတာ ခန္ဓာအကြောင်း၊ ဘာအကြောင်းလဲ?

"ခန္ဓာအကြောင်းပါဘုရား"

အခု ဘုန်းကြီး တုတ်နဲ့ထောက်ပြတာက သာကေ။ တကယ်ရှိတာက ဘယ်မှာရှိတာလဲ၊ ခန္ဓာမှာ။ ဒါကြောင့် ဝိညာဏ်ကြောင့် ဘာဖြစ်လဲ နာမ်ရုပ်ဖြစ်တယ်၊ ဟုတ်ပြီနော်။

## ကိုယ့်သန္တာန်ရှိတာ ကိုယ်သိရမှာ

မေးဦးမယ်၊ ယောဂီတို့မှာ မျက်စိရှိသလား?

"ရှိပါတယ်ဘုရား"

နားအကြည်?

"ရှိပါတယ်ဘုရား"

နှာခေါင်းအကြည်?

"ရှိပါတယ်ဘုရား"

လျှာအကြည်?

"ရှိပါတယ်ဘုရား"

ကိုယ်အကြည်?

"ရှိပါတယ်ဘုရား"

မနောဘဝင်အကြည်?

"ရှိပါဘုရား"

အကြည်ဘယ်နှစ်ပါးလဲ?

"ခြောက်ပါးပါဘုရား"

အဲဒီအကြည်ခြောက်ပါးကို သဠာယတနတဲ့။ ဘာတဲ့လဲ?

"သဠာယတနပါဘုရား"

စာလိုရေးတော့ သဠာယတန၊ မြန်မာလိုပြောလိုက်တော့ ဆဲ-အာယတန။ အာယတန ခြောက်ပါး။ အဲဒါကို အရှိအတိုင်းပြောရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

ဘယ်နှစ်မျိုးလဲ?

"ခြောက်မျိုးပါဘုရား"

ယောဂီတို့မှာ ရှိမှ ရှိရဲ့လား?

"ရှိပါတယ်ဘုရား"

ဒါဖြင့် ဒီမှာရေးထားတာ မရှိတာကို ရေးတာလား၊ အရှိကို ရေးတာလား?

"အရှိကို ရေးထားတာပါဘုရား"

သူများသန္တာန်မှာ ရှိတာလား၊ ကိုယ့်သန္တာန်မှာ ရှိတာလား?

"ကိုယ့်သန္တာန်မှာ ရှိတာပါ ဘုရား"

သိသင့်၊ မသိသင့်?

"သိသင့်ပါ အရှင်ဘုရား"

သိထိုက်၊ မသိထိုက်?

"သိထိုက်ပါ အရှင်ဘုရား"

သိကောင်း၊ မသိကောင်း?

"သိကောင်းပါ အရှင်ဘုရား"

နောက်ကျရင် နာရမယ်နော်၊ အခုမှ အစတစ်ရက်ပဲ ရှိသေးတယ်။ မသိရင် ဘယ်လိုအပြစ်၊ သိရင် ဘယ်လိုအကျိုးဆိုတာ နောက်ကျရင် လာလိမ့်မယ် ဟုတ်လား။

## အသိဉာဏ်အတွက် သင်တန်းတက်နေတာ

တို့ ဒကာ ဒကာမတွေ ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

ဒီတရား ဘယ်သူ စဟောသလဲ၊ ဘုရားစဟောတာ။ ပွင့်တော်မူလာကတည်းက ဒါ အရင်စဟောတာ။ အခုလည်း ယောဂီတို့ ဘုရားဟောတဲ့ အစဦးဆုံးတရားကို မနာရဘူးလား?

"နာရပါတယ်ဘုရား"

ဘာတရားလဲဆိုတော့ သစ္စာတရား။ ဘာတရားလဲ?

"သစ္စာတရားပါဘုရား"

ယောဂီတို့ ဘုန်းကြီးတို့သင်္ကြာန်မှာ သင္ဘာယတနာလည်း မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အေး ဒီမှာ သဠာယတနလည်း ရှိတယ်၊ မျက်စိရှိတော့ဖြေ နေ့တိုင်း နေ့တိုင်း အဆင်းတွေနဲ့ တိုက်တယ်။

ဘာနဲ့ တိုက်လဲ?

"အဆင်းတွေနဲ့ တိုက်ပါတယ် ဘုရား"

နားအကြည်လေးရှိတော့ ဘာနဲ့တိုက်လဲ?

"အသံတွေနဲ့ တိုက်ပါတယ်ဘုရား"

နှာခေါင်းအကြည်လေးရှိတော့?

"အနံ့တွေနဲ့ တိုက်ပါတယ်ဘုရား"

တိုက်မှ တိုက်ရဲ့လား?

"တိုက်ပါတယ်ဘုရား"

အဆင်းလေးနဲ့ တွေ့မှတွေ့ရဲ့လား?

"တွေ့ပါတယ်ဘုရား"

အသံနဲ့ရော?

"တွေ့ပါတယ်ဘုရား"

ဟုတ်တယ်၊ ဒါဖြင့် နေ့တိုင်းနေ့တိုင်း အသံနဲ့နားနဲ့လည်း မတွေ့ဘူးလား?

"တွေ့ပါတယ်ဘုရား"

မျက်လုံးအကြည်နဲ့ အဆင်းနဲ့ရော?

"တွေ့ပါတယ် အရှင်ဘုရား"

နားလည်အောင် ဟောနေတာနော်၊ နားထောင်ကောင်းအောင် ပြောနေတာလား၊ အမှန်သိအောင် ပြောနေတာလား?

"အမှန်သိအောင် ပြောနေတာပါဘုရား"

ဒါကြောင့် အစကတည်းက ပြောတာ၊ ဘုန်းကြီးတရားဟောတာ မဟုတ်ဘူးလို့၊ သင်တန်းပေးနေတာ။ ဘာသင်တန်းပေးနေတာလဲ၊ နိဗ္ဗာန်ရောက်ကြောင်းသင်တန်း၊ အပါယ်လေးပါးလွတ်ကြောင်း သင်တန်း၊ ကိုယ့်ခန္ဓာပေါ် ကိုယ့်ဉာဏ်ရောက်ကြောင်းသင်တန်း။

ရှင်းပြီလား။ ယောဂီတို့အားလုံးဟာ တရားနာလာတာလား၊ သင်တန်းတက်တာလား?

"သင်တန်းတက်တာပါဘုရား"

အခုမှ တစ်ရက်ပဲရှိသေးတယ်၊ ဒါ ဒီနေ့တစ်ရက် အကဲခတ်

ကြည့်။ ငါတို့ ဒီနေ့ တစ်ရက်ကဲကောင်မှ သိသင့်သိထိုက်တာလေး တွေ သိခွင့်ရရင် မနက်ဖြန် ဘယ်လောက်ကောင်းလိုက်မလဲ၊ သန် ဘက်ခါ ဘယ်လောက် အသိဉာဏ်တွေ တိုးလိုက်မလဲ။ ဖိန်းနွဲခါ ဘယ် လောက် အသိဉာဏ်တွေ တိုးလိုက်မလဲ။ စဉ်းစားကြည့်၊ စဉ်းစားကြည့်။ တရားပွဲပြီးရင် ခုနစ်ရက်ဆိုတာ နည်းတယ်တောင်ထင်ပြီး ခဏလေး ပါလားလို့ အောက်မေ့လိမ့်မယ်။ ဒါ ဘာလဲဆိုတော့ အလေ့အကျက်။

## တရားဆို တိုမှကောင်းတယ်

အမှန်ကတော့ ကလေးတွေ တရားမနာချင်တာ၊ တရားနဲ့ ဝေးနေတာ အပြစ်မတင်နဲ့။ ဟောတဲ့ဘုန်းကြီးက အလိုက်မသိဘဲ ပါဠိတွေချည်းပဲရွတ်နေတော့ ကလေးတွေ ဘာမှ နားမလည်ဘူး။

ပါဠိတွေရွတ်ပြီး 'သတည်း' ဆိုတော့ သာဓုသာ ချလိုက်ရကယ်။ လူက ညောင်းလိုက်တာ၊ ကိုက်လိုက်ခဲလိုက်တာ။ ဟောလိုက်တာလည်း နှစ်နာရီ သုံးနာရီ၊ နားကမလည်။ လိုက်လာမိတာကိုက ငါ့အမှား။ နောက်ကျတော့ တရားပွဲဆိုရင် သေခါနီးတွေလုပ်တဲ့အလုပ်၊ တို့နဲ့ မဆိုင်ဘူးဆိုပြီး တရားနာရမှာ ကြောက်လာတယ်၊ နားမှ မလည် တာကိုး ကြောက်တာပေါ့။

ဒါကြောင့် တို့ဘုန်းကြီးတွေလည်း အပါးဝဖို့သင့်ပြီဗျ။ တရားဆို တိုမှတဲ့။

တရားဆို ဘာတဲ့လဲ?

"တိုမှပါဘုရား"

တိုမှ ကောင်းတာကိုးဗျ ဟုတ်တယ်မဟုတ်လား။ 'အမလေး တရားဟောတာ ကောင်းလိုက်တာ' ဒါဆို တိုလို့။ ဒါကြောင့် ဘုန်းကြီး တို့ကလေ တစ်နာရီ၊ တစ်နာရီဆယ်မိနစ်ပဲ။ ပိုမဟောဘူး။

ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာကိုယ်ကလည်း အဲဒီလောက်ပဲ လက်ခံတာ။ တစ်နာရီကျော်သွားရင် တစ်နာရီခွဲ နှစ်နာရီ သုံးနာရီ

လက်မခံဘူးနော် ကြောက်လို့သာ၊ လူကြားထဲ ထမကောင်းလို့သာ ပေတေကပ်သပ်ထိုင်နေရတာ၊ ကျန်းမာရေးက ရှိတယ်၊ အပေါ့အပါး ကိစ္စက ရှိတယ်ဗျ ဟုတ်ရဲ့လား။

ဒါကို အလိုက်သိပေးရမယ်။ လူနားမလည်တဲ့ ပါဠိတွေ အတင်း မရွတ်နဲ့။ ထိုက်သင့်သည့်အားလျော်စွာ ရွတ်ချင် ရွတ်၊ နားမလည်တာ ကြီးကို အကြာကြီးပြောလို့ရှိရင် လူတွေကလည်း နားမလည်။ အီပြီး တော့ ညောင်းပြီးတော့ ဘာမှလည်း မသိဘူး။ နောက်ကျတော့ နာ တာပဲ သိတော့တယ်၊ အောင့်တာပဲ သိတော့တယ်။ ဘာတွေဟောမှန်း မသိတော့ဘူး။

ဟော 'သတည်း' ဆိုတော့ 'သာဓု သာဓု သာဓု'။ သာဓုဆိုတာ ဘာလဲဆိုတော့ 'ကောင်းလေစွ'။ ဘာကောင်းတာလဲမေးတော့ တရား ပြီးသွားလို့တဲ့။ သူတို့က ဒါပဲ နားလည်တော့တာ။ ကြာတော့ နာတာ ကျင်တာ ထုံတာ ကိုက်တာ ခဲတာပဲနားလည်တော့ ဟိုအပျိုကြီး တရား နာသလိုပေါ့။ ဒီအထဲမှာ အပျိုကြီးတွေပါရင်လည်း သည်းခံပါနော်။

ရှေးက အပျိုကြီးတွေ တရားနာတော့ ဘုန်းကြီးက ပါဠိတွေ ရွတ်၊ ပုတီးကလေးချပြီး ခဏခဏ သာဓုခေါ်ရတယ်။ သာဓု သာဓု ခေါ်ပြီးတော့ ဥပုသ်ကျောင်းက ပြန်လာရော။ အိမ်ရောက်တော့ တူမ ဖြစ်သူက "အန်တီ ဘုန်းဘုန်းတရားဟောတာ ကောင်းသလား" "အို ဘာကောင်းသလဲ မမေးနဲ့" ထုံးစံအတိုင်း ပြောလိုက်တာပေါ့။

"မဟုတ်ဘူး အန်တီရဲ့၊ ဘုန်းဘုန်းကလေ ဘယ်လိုကောင်း တာလဲ၊ ဘယ်လိုဟောတာလဲ" မေးတော့ "အို ဘာကောင်းသလဲ မမေးနဲ့" ပဲ။ ဒီလိုလာတာကိုး။ အပျိုကြီးစတိုင်လ်နဲ့ လာတာ။ "မဟုတ် ဘူး အန်တီရဲ့ သမီးက ဘယ်လိုကောင်းတာ သိချင်တာ" "ကောင်မ လေး မမေးနဲ့၊ ငါ ခေါက်လိုက်ရလို့၊ ဘာမှမမေးနဲ့၊ ငါ ဘာမှမသိ ဘူး" တဲ့။

သူပြောတာပဲလေ။ ဘာကောင်းသလဲ မမေးနဲ့ဆိုတာ ကလေးက

အတင်းမေးတော့ ခေါက်ခံရတာပေါ့။ တရားသာ သွားနာတာ ဘာပြောလို့ ပြောမှန်းမသိဘူး။ သူနာတာ ထုံတာ ကျင်တာ ကိုက်တာပဲ ပြန်ပါလာတယ်။ အသိဉာဏ် ပါမလာဘူး။ ဟုတ်ရဲ့လား ဒါကြောင့်မို့လို့ တရားဟောတဲ့နေရာမှာ အလိုက်သိရမယ်။ အကြာကြီး မဟောနဲ့၊ တစ်နာရီပဲဟော။ လိုရင်း ထိမိပါစေ။

## သင်္ခတဘုံမှ ခန္ဓာ ခန္ဓာမှန်းသိရနိုင်

ခန္ဓာပေါ် ဉာဏ်ရောက်ဖို့က အရေးကြီးတယ်။ ဒါကြောင့်မို့ ပြန်မှတ်ပါ။ မျက်လုံးရှိတော့ ဘာနဲ့တိုက်လဲ?

"အဆင်းနဲ့တိုက်ပါတယ်ဘုရား"

နားအကြည်ရှိတော့ ဘာနဲ့တိုက်သလဲ?

"အသံနဲ့တိုက်ပါတယ်ဘုရား"

ဒါဖြင့် အဆင်း အသံ အနံ့ အရသာ တွေ့ထိစရာ ကြံတွေးစရာအာရုံတွေ မရှိဘူးလား ရှိသလား?

"ရှိပါတယ်ဘုရား"

ဒါဖြင့် အာရုံဆိုတဲ့ ဒီဘက်ကအဆင်းလေးနဲ့ မျက်လုံးလေးနဲ့ လာပြီးတော့ တွေ့လိုက်တယ်။ ဥပမာဆိုကြပါစို့။ ဟောဒီမှာ ခွက် မြင်တယ်နော်၊ ဘာအရောင်လဲ? အဝါရောင်။

ဟော အဝါရောင်အဆင်းနဲ့ ယောဂီတို့ မျက်လုံးနဲ့ သွားမတွေ့ရင် အဝါရောင်လို့ သိမလား၊ မသိဘူးလား?

"မသိပါဘုရား"

မတွေ့ဘဲနဲ့ သိတာလား၊ တွေ့လို့ သိတာလား?

"တွေ့လို့ သိတာပါဘုရား"

တွေ့တာကို ဖဿလို့ ပြောတာဗျာ။

တွေ့တာ ဘာလဲ?

"ဖဿပါဘုရား"

တစ်ရက်တည်းတွေ့တာလား၊ နေ့တိုင်းတွေ့တာလား?

"နေ့တိုင်းတွေ့တာပါဘုရား"

အဲဒီလိုတွေ့တဲ့အခါကျတော့ 'လှလိုက်တာ၊ ဟာ မလှဘူး၊ ကျက်သရေတုံးလိုက်တာ' စသည်အားဖြင့် မြင်လို့ ဝမ်းသာတယ်၊ မြင်လို့ ဝမ်းနည်းတယ်၊ ဒါတွေ မရှိဘူးလား ရှိသလား?

"ရှိပါတယ်ဘုရား"

ကောင်းတဲ့အာရုံမြင်တော့ ဝမ်းသာတယ်၊ လိုချင်တယ်၊ မကောင်းတဲ့အာရုံမြင်တော့ ဝမ်းနည်းတယ်၊ စိတ်ညစ်တယ်။ အဲဒီတော့ ဝမ်းသာတယ်၊ ဝမ်းနည်းတယ် မခံစားရဘူးလား?

"ခံစားရပါတယ်ဘုရား"

ခံစားရတာက ဝေဒနာ။ ခံစားရတာက?

"ဝေဒနာပါဘုရား"

ဒါဖြင့် တစ်ရက်တည်းကြုံတွေ့တာလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါဘုရား"

ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ရေပြစမ်းပါဦး?

"ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ"

အပါယ်လေးပါးခန္ဓာလား လူ့ခန္ဓာလား?

"လူ့ခန္ဓာပါဘုရား"

လူ့ခန္ဓာဟာ ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါဘုရား"

သုဆိုတာ ကောင်းသော၊ ဂတိ–ရောက်ရခြင်း။ ဟုတ်ပြီနော်။

တိရစ္ဆာန်ဘုံတွေကျတော့ အဲဒီလိုအခွင့်အရေးတွေ သူတို့ရသလား၊ မရဘူးလား?

"မရပါဘုရား"

ခန္ဓာကို ခန္ဓာမှန်းသိရမယ့်အခွင့်အရေးတွေ ရသေးရဲ့လား?

"မရပါဘုရား"

ဒါကြောင့်မို့ ဒီလိုအခွင့်အရေးတွေ ဆုံးရှုံးနေလို့ ဒုဂ္ဂတိ ဒုဂ္ဂတိ လို့ ပြောတာ။ အဲဒီလို နိဗ္ဗာန်ရောက်ကြောင်း အခွင့်အရေးတွေ ရှိနေလို့ သုဂတိပြောတာဗျာ။ အားလုံး သဘောကျကြလား?

"ကျပါတယ်ဘုရား"

## တရားကိုသာ စွဲအောင်နာ

ဒါ တရားအစမို့လို့ အခြေခံတွေ သင်နေတာ။ အခြေခံသဘော တရားတွေ ပိုင်နိုင်သွားလို့ရှိရင် သုတ္တန်တွေနဲ့ ညှပ်ညှပ်ပြီးတော့ ဟော ရတာ သိပ်ကောင်းတယ်။ မှတ်ရ နာရရင်လည်း ဉာဏ်မြန်မြန်တက် တယ်၊ မြန်မြန်သဘောပေါက်တယ်။

ဒါကြောင့် ယောဂီဟောင်းကြီးတွေကလည်း နည်းနည်းသည်းခံ ပေး။ ယောဂီအသစ်တွေကလည်း ကြိုးစားပြီး လိုက်နာနော်။

ရှိတာက ခန္ဓာဘယ်နှစ်ပါးလဲ၊ ဆိုကြည့်စမ်း?

"ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ"

ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါဘုရား"

အကြောင်းတရားကိုကြည့်လိုက်တော့ ဘယ်သူနဲ့ ဘယ်သူတုံး?

"အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား"

သစ္စာမသိတာက?

"အဝိဇ္ဇာပါဘုရား"

ခန္ဓာရအောင် ကြိုးစားခဲ့ရတာက?

"သင်္ခါရပါဘုရား"

ဟော အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော။ ယောဂီတို့လှူထားတဲ့ စာရွက်နောက်ကျောထဲမှာ ပါတယ်ဗျာ။

ဟာ ဒါဖြင့် ဘုရားဟောတာက ဒဏ္ဍာရီလား၊ ဖြစ်စဉ်လိုက်လား?

"ဖြစ်စဉ်လိုက်ပါဘုရား"

သူများဖြစ်စဉ်လား၊ ခန္ဓာဖြစ်စဉ်လား?

"ခန္ဓာဖြစ်စဉ်ပါဘုရား"

အခု တရားနာတာ ဘာတွေနဲ့လဲ?

"ခန္ဓာနဲ့ပါဘုရား"

အဲဒါ တို့အကြောင်းဟောတာပေါ့။ အမလေး ကိုယ့်အကြောင်း ကိုယ်သိအောင် လုပ်ရတာဗျာ။ ပွင့်ပွင့်လင်းလင်း ပြောပစ်စမ်း၊ တွန့်မနေနဲ့ ရွံ့မနေနဲ့ ဟုတ်လား။ ခေါင်းကြီးငုံ့ပြီးတော့ ယောဂီက ငိုက်မှန်းလည်း မသိ၊ အိပ်မှန်းလည်း မသိ၊ ငေးမှန်းလည်း မသိ။ ကိုယ်ဟောချင်တာ စွတ်ဟောသွားရင်တော့ သူ ဘာမှ နားမလည်လိုက်ဘူး၊ ဟုတ်ရဲ့လား?

"မှန်ပါဘုရား"

အခုဟာက ဘုန်းကြီးက ယောဂီတို့ကို အကဲခတ်ပြီးတော့ ဟောသလို ယောဂီတို့ကလည်း မျက်လုံးကို ပြူးနေအောင်ကြည့်၊ ပြီးတော့မှ သေသေချာချာကြည့်ပြီးတော့မှ နားလည်းထောင်တယ်၊ မှတ်လည်း မှတ်သားတယ်။

ဒါကလည်း လက်တွေ့ပြတာဆိုတော့ မမှတ်မိစရာ အကြောင်း ရှိသေးရဲ့လား?

"မရှိပါဘုရား"

တရားနာနည်းဆိုတာ အဲဒီလိုကို စွဲနေအောင် နာမှ တရားရတာ နော်"

"မှန်လှပါဘုရား"

## အတူတူနေရင် အတူတူသေရမယ်

သစ္စာလေးပါး မသိတာက?

"အဝိဇ္ဇာပါဘုရား"

ခန္ဓာရအောင် ပြုလုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

အဲဒါကြောင့်မို့လို့ အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်ပါသည်။ သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

အခု ပျိုလာတာလား၊ အိုလာတာလား?

"အိုလာတာပါဘုရား"

အိုတော့လည်း ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

အိုရာကနေ ရှေ့တိုး ဘာဖြစ်မှာလဲ?

"နာမှာပါဘုရား"

နာတော့လည်း ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ကဲ ရှေ့တိုး ဘာဖြစ်မှာလဲ?

"သေမှာပါဘုရား"

သေတော့လည်း ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ဒါဖြင့်ရင် အိုရ နာရ သေရတာ ဘယ်သူ့ရဲ့လမ်းစဉ်လဲ?

"ခန္ဓာရဲ့ လမ်းစဉ်ပါဘုရား"

နောက်ထပ် အိုချင်သေးသလား၊ နောက်ထပ် နာချင်သေးသလား၊ နောက်ထပ်သေချင်သေးသလား၊ အသေတွေများ လွမ်းသေးသလား။ ယောဂီတို့ နောက်ထပ် အသေတွေ လက်လွှတ်ရမှာ နှမြောသေးသလား?

"မနေမြဲပါဘူးဘုရား"

ဒါဖြင့် အသေလွတ်ချင်တယ်ပေါ့?

"မှန်ပါဘုရား"

အသေလွတ်ချင်ရင် ခန္ဓာဆုမတောင်းနဲ့၊ ဟိုဘုံ ဒီဘဝ ဆုမတောင်းနဲ့။ တောင်းရင် ဘယ်ဘဝ ဘယ်ခန္ဓာရရ ဘာဖြစ်မှာလဲ?

"သေမှာပါဘုရား"

နတ်ခန္ဓာရတော့လည်း နတ်သေသေ၊ ဗြဟ္မာခန္ဓာရတော့လည်း ဗြဟ္မာသေသေ၊ အပါယ်ခန္ဓာရတော့လည်း အပါယ်သေသေ၊ လူသေ နတ်သေ ဗြဟ္မာသေ အပါယ်လေးဘုံအသေ ဘယ်အသေကြိုက်လဲ?

"ဘယ်အသေမှ မကြိုက်ပါဘူးဘုရား"

ဒါဖြင့် လူ့ဘဝရပါစေဘုရား၊ ဒီသား ဒီသမီး ဒီမြေး ဒီမြစ် ဒီတွတ် ဒီကျွတ်တွေနဲ့ အတူတူနေပါရစေဆိုရင် အတူတူသေပါရစေလို့ ထည့်တောင်း။

ဘယ်ဘဝရောက်ရောက် ဘာဖြစ်မှာလဲ?

"သေမှာပါဘုရား"

ဒါကြောင့် နောက်ထပ် သေချင်သေးလားလို့ မေးတာ၊ ဘာဖြစ်လို့ မသေချင်တော့တာလဲ?

"သိသွားလို့ပါဘုရား"

## လိုချင်တာ တဏှာ စွဲလမ်းတာ ဥပါဒါန်

ခန္ဓာရရင် သေရတော့မယ်ဆိုတော့ သေရတာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတာ ဒုက္ခ၊ မှန်တာက သစ္စာ။ ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

အလိုလိုရတာလား၊ အကြောင်းတရားကြောင့် ရတာလား?

"အကြောင်းတရားကြောင့် ရတာပါဘုရား"

အကြောင်းတရားကိုကြည့်လိုက်တော့ ဘယ်သူနဲ့ ဘယ်သူလဲ?

"အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား"

သစ္စာမသိတာက?

"အဝိဇ္ဇာပါဘုရား"

ပြုလုပ်တာက?

"သင်္ခါရပါဘုရား"

အောက်ဆွဲကြည့်လိုက်တော့ ဘာသစ္စာလဲ?

"သမုဒယသစ္စာပါဘုရား"

အဲဒါဖြင့် အတိတ်က သမုဒယသစ္စာကြောင့် အခု ဘာသစ္စာရလဲ?

"ဒုက္ခသစ္စာရပါတယ်ဘုရား"

ဒါကြောင့် သမုဒယက ဆင်းရဲကြောင်း၊ သစ္စာက အမှန်၊ ပေါင်းလိုက်တော့ ဆင်းရဲကြောင်းအမှန်။ မှတ်ထား သစ္စာမသိတဲ့ အလုပ်မှန်သမျှ ဆင်းရဲကြောင်းတဲ့ဗျာ။

ကြိုက်သလောက် ဘုရားတည်၊ ကြိုက်သလောက် ကျောင်းဆောက်၊ ကြိုက်သလောက် ရှင်ပြု၊ ကြိုက်သလောက် နားသ၊ ကြိုက်တဲ့ အလုပ်ကို လုပ်လိုက်၊ သစ္စာမသိတဲ့အလုပ်မှန်သမျှ ဘာသစ္စာလဲ? သမုဒယသစ္စာပါဘုရား။ သစ္စာမသိတဲ့ ကုသိုလ်ပြုလုပ်တာက ဘာသစ္စာဖွားတာလဲ?

"သမုဒယသစ္စာ ပွားတာပါဘုရား"

သမုဒယဆိုတာက ဆင်းရဲကြောင်း၊ သစ္စာက အမှန်။ မြတ်စွာဘုရားက သတ္တဝါတွေကို မင်းတို့ သမုဒယသစ္စာ ပွားကြပေါ့လို့ ပြောသလား၊ သမုဒယသစ္စာ ပယ်ကြပေါ့လို့ ပြောသလား?

"ပယ်ကြဖို့ ပြောပါတယ်ဘုရား"

သမုဒယသစ္စာကို ဘာလုပ်နိုင်းတာလဲ?

"အပယ်ခိုင်းတာပါဘုရား"

သစ္စာမသိတဲ့လူက လက်ရှိခန္ဓာလည်း မသိ၊ ဒုက္ခလည်း မသိ၊ မသိတဲ့အခါကျတော့ ကုသိုလ်လုပ်ပြီးတော့မှ ဟိုဘုံ ဒီဘဝ ရပါရစေလို့ ဆုမတောင်းဘူးလား?

"တောင်းပါတယ်ဘုရား"

မလိုချင်လို့လား၊ လိုချင်လို့လား?

"လိုချင်လို့ပါဘုရား"

မှတ်ထား၊ ဒီမှာကြည့်ထား လိုချင်တာက တဏှာဗျာ။

လိုချင်တာက ဘာလဲ?

"တဏှာပါဘုရား"

မရမနေနိုင်အောင် စွဲလမ်းတာက ဥပါဒါန်။

စွဲလမ်းတာက?

"ဥပါဒါန်ပါဘုရား"

## ကိုယ်လုပ်နေတာ ကိုယ့်ကံပါ

သဘောကျရဲ့လား။ လိုချင်တာ တဏှာ၊ စွဲလမ်းတာ ဥပါဒါန်၊ ဟော မရမနေ စွဲလမ်းပြီးတော့ ရအောင်ဆိုပြီးတော့ ကုသိုလ်မလုပ်ဘူးလား?

"လုပ်ပါတယ်ဘုရား"

ကုသိုလ်လုပ်တော့လည်း ကာယကံ မပါဘူးလား?

"ပါပါတယ်ဘုရား"

ဟော ကိုယ်တိုင် ကော်ဇောတွေခင်း၊ ကိုယ်တိုင် ပန်းကန်တွေ ဆေးတယ်။ ကိုယ်တိုင် ထမင်းချက် ဆွမ်းချက် ဟင်းချက်တာတွေဟာ ကာယကံပေါ့။

ပြီးတော့လည်းပဲ ဘယ်သူတွေ လာဟော့ ငါတို့ အလှူလုပ်မလို့ နော်၊ ကျွန်မအလှူကို ကြွပါ၊ ကျွန်တော့်အလှူကို ကြွပါ စသည်ဖြင့် မပြောရဘူးလား?

"ပြောရပါတယ်ဘုရား"

အဲဒါ ဝစီကံပေါ့။ ဟောဒါ ဘယ်လိုလုပ်ရင် ဘယ်လိုကောင်း မှာပဲလို့ မတွေးရဘူးလား?

"တွေးရပါတယ်ဘုရား"

အဲဒါ မနောကံပေါ့။ ဒါ တစ်ရက်တည်းလုပ်တာလား၊ နေ့တိုင်း လုပ်တာလား?

"နေ့တိုင်းလုပ်တာပါ ဘုရား"

ဆွမ်းတော်ကပ်တာ၊ ရေချမ်းကပ်တာ နေ့တိုင်းလုပ်တာလေ။ ကိုယ်တိုင် တစ်ခါထဲ ကာယကံမြောက် ပန်းကန်တွေ ဘာတွေဆေး၊ ဝစီကံကျတော့ 'အရဟတာဒိ နဝဂုဏေဟိ အရဟံအစရှိသော' မရွတ် ဘူးလား?

"ရွတ်ပါတယ်ဘုရား"

ပြီးတော့ ဘုရားဂုဏ်တော် မရွတ်ဘူးလား?

"ရွတ်ပါတယ်ဘုရား"

ပန်းလဲနေတာက ကာယကံ၊ ကိုယ်တိုင်ဆုတောင်းနေတာက ဝစီကံ၊ ဘုရားကို အာရုံပြုနေတာက မနောကံ။

ကံ ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါဘုရား"

သုံးမျိုးကမ္မ ဟုတ်ပြီနော်။ ကမ္မဆိုတာ အလုပ်။ 'အလုပ်သည်

ကံ၊ ကံသည် အလုပ်’တဲ့။ ကံဆိုတာ အလုပ်ကို ပြောတာ။ စာလို ပြောတော့ ကံ၊ မြန်မာလိုပြောတော့ အလုပ်။ ကိုယ်လုပ်နေတာ ကိုယ့်ရဲ့ကံတွေချည်းပဲ၊ သဘောပေါက်ရဲ့လား?

ကောင်းတာလုပ်ရင် ကောင်းတဲ့ကံ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ကံ။ သဘောကျရဲ့လား?

“ကျပါတယ်ဘုရား”

## ရအောင်လုပ်တာ ကမ္မဘဝပါ

ခလုတ်တိုက်မှ ကံမကောင်းဘူးမလုပ်နဲ့၊ ကိုယ်ငေးတာကို အရင်ဆုံးသိ၊ သဘောကျရဲ့လား။ ဝုန်းခနဲ တိုက်လိုက်မှ ငါ ကံဆိုးတာ မဟုတ်ဘူး။ ကိုယ့်ဘာသာ ပျာယာခတ်ပြီး မောင်းတာ ထည့်မပြော ဘူး။ စဉ်းစားနော်။

အဖမ်းခံရမှ ငါ ကံဆိုးတာကွာတဲ့။ အရပ်ထဲ အရက်လှည့် သောက်ပြီး ဆဲနေတာကျတော့ ထည့်မပြောဘူး။ ယောဂီတို့ ရှင်းတယ် နော်။

အဲဒီတော့ ယောဂီတို့ ဘုန်းကြီးတို့ နေ့တိုင်းနေ့တိုင်း ကံဆိုတဲ့ ကမ္မပေါ့နော်။ နေ့တိုင်း ကာယကံ ဝစီကံ မနောကံနဲ့ ရောင်းတယ် ဝယ်တယ် မလုပ်ကြဘူးလား?

“လုပ်ပါတယ်ဘုရား”

ကုသိုလ်လည်း မလုပ်ဘူးလား?

“လုပ်ပါတယ်ဘုရား”

လုပ်တဲ့အခါကျတော့ သစ္စာမသိဘဲနဲ့လုပ်တော့ ဘဝလည်း မလိုချင်ဘူးလား?

“လိုချင်ပါတယ်ဘုရား”

ဒါကြောင့်မို့လို့ ရိုးရိုးလုပ်တာလား၊ ဘဝတောင့်တ လုပ်တာ လား?

"ဘဝတောင့်တ လုပ်တာပါဘုရား"

တောင့်တတာက ဘဝ၊ ပြုလုပ်တာက ကမ္မ။ ပေါင်းလိုက်စမ်း ကမ္မဘဝ၊ ရှင်းတယ်နော်။

အတိတ်က သစ္စာမသိဘဲနဲ့ ရမ်းလုပ်ခဲ့တော့ အခု ခန္ဓာ ဘယ်နှစ်ပါးရသလဲ?

"ငါးပါးပါဘုရား"

အတိတ်က မသိဘဲနဲ့ လုပ်ခဲ့တာ ဘာသစ္စာလဲ?

"သမုဒယသစ္စာပါဘုရား"

ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

အတိတ်က ဆင်းရဲကြောင်းလုပ်ခဲ့လို့ အခု ခန္ဓာဘယ်နှစ်ပါး ရလဲ?

"ငါးပါးပါဘုရား"

ရတဲ့ ခန္ဓာငါးပါးက ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါဘုရား"

အေး ဒါကြောင့်မို့လို့ ဒီတရားမျိုးက 'စက်ဝိုင်းလည်း ထောက်' 'ခွက်လည်းမှောက်' ကိုယ်တိုင်ကလည်း အာရုံစိုက်ပြီးတော့ နာရတယ်။ ဒါမှ နားလည်တာ။ ခေါင်းကြီးငုံ့လိုက်၊ ငြိမ့်လိုက်၊ ဘေးထွက်လိုက် ဆိုတော့ ဘာပြောလို့ပြောမှန်းမသိဘူး။ နားမလည်တော့ဘူး"

အခု ဘုန်းကြီး အခြေခံကစပြီး ပြောနေတာနော်။ ကဲ ဒီဘဝ ဒုက္ခသစ္စာ ဒီတရားမျိုး မနာဘူး၊ သစ္စာမသိဘူးတဲ့။ မသိရင် ကုသိုလ် လုပ်ရင် ဆုမတောင်းဘူးလား?

"တောင်းပါတယ်ဘုရား"

မလိုချင်လား၊ လိုချင်လား?

"လိုချင်လို့ပါဘုရား"

လိုချင်တာက?

"တဏှာပါဘုရား"

မရမနေ စွဲလမ်းတာက?

"ဥပါဒါန်ပါဘုရား"

ရအောင်ပြုလုပ်အားထုတ်တာက?

"ကမ္မဘဝပါဘုရား"

ဟော ယောဂီတို့ အကုန်ဖြေတတ်လာပြီ။

ယောဂီတို့ ရှင်းပြီလား။ ဒါတောင် ဒီနေ့ တစ်ညပဲ ရှိသေးတယ်။ မနက်ဖြန် မပါသေးဘူး။ သဘောကျရဲ့လား။ ခုနစ်ရက်လောက် တရားနာရရင် တော်တော်ဟန်ကျသွားပြီ။ နောက်ကျရင် 'ဟာ ဒီ အသိဉာဏ်တွေရတာ နောက်တောင်ကျတယ်ကွာ၊ နည်းလိုက်တာ ခုနစ်ရက်တည်း' ဖြစ်သွားမှာ။ ခုတော့ 'ခုနစ်ရက်ကြီးတောင်လား၊ ဘာတရားမို့လို့တုံး' ပြောကြမယ်။ သိမှ မသိသေးတာကိုး ဗျ။

ကဲကဲ ကောင်းပြီ။ ကကလုပ်တော့ အနာဂတ်မှာ ခန္ဓာ ဘယ်နှပါးရမလဲ?

"ငါးပါးပါဘုရား"

အဲဒါ ခန္ဓာငါးပါး ရပြန်တော့ ခန္ဓာစရတာက ဇာတိ။ ခန္ဓာပြန်စရတာက ဇာတိ။

ဇာတိဆိုတာ ဘာလဲ၊ မွေးတာ။ တစ်နည်းပြောရရင် အမိဝမ်းကြာတိုက်မှာ ပဋိသန္ဓေကိန်းတာ၊ ဟုတ်ပြီနော်။ ဇာတိဆိုပြီး မွေးလာတော့ အိုမှာလား၊ ဒီအတိုင်းနေမှာလား?

"အိုမှာပါဘုရား"

အိုတာက ဇရာ။ စာထဲမှာတော့ ထည့်မရေးဘူး။ အိုရာကနေ ရှေ့တိုးနာရမယ်။ နာတာက ဗျာဓိ။ နာတာက ရှေ့တိုးသေရမယ်။ သေရတာ မရဏတဲ့။ မွေး အို နာ သေ။

ဘာပြောတာတဲ့လဲ?

"မွေး အို နာ သေပါဘုရား"

ဒါဖြင့် မွေးရ အိုရ နာရ သေရတာဟာ ချမ်းသာတာလား၊ ဆင်းရဲတာလား?

"ဆင်းရဲတာပါဘုရား"

ဆင်းရဲတာ ဒုက္ခ၊ မှန်တာက သစ္စာ၊ ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်၊ ဒီတရားမနာရတဲ့ပုဂ္ဂိုလ် ဘယ်တော့ ဒုက္ခလွတ်မလဲ?

"ဘယ်တော့မှ မလွတ်ပါဘုရား"

ဒါဖြင့် ယောဂီတွေ တစ်သံသရာလုံးလည်ခဲ့တာ၊ ချမ်းသာနဲ့ လည်ခဲ့တာလား၊ ဆင်းရဲနဲ့ လည်ခဲ့တာလား?

"ဆင်းရဲနဲ့ လည်ခဲ့တာပါဘုရား"

ဘာမသိခဲ့လို့လဲ?

"သစ္စာမသိခဲ့လို့ပါဘုရား"

သစ္စာမသိတာက အဝိဇ္ဇာ၊ သံသရာလည်အောင် ပြန်လုပ်တာက သင်္ခါရ။

ဒါကြောင့် ယောဂီတို့ အခုန စက်ဝိုင်းစာရွက်နောက်ကျောမှာ ပဋိစ္စသမုပ္ပါဒ် အနုလောမပါဠိတော်မပါဘူးလား။

"ပါပါတယ်ဘုရား"

အဲဒါလေး တစ်ခေါက်ဆိုပြီး မြန်မာပြန်ပြီး တရားသိမ်းမယ်။ အဲဒီပါဠိလေးက ကိုယ့်ခန္ဓာမှာဖြစ်တဲ့ သံသရာလည်ပုံကို ပြသွားတာနော်။ မနက်ဖြန်ကျရင် ဆိုရိုးကလေးတွေ ယောဂီတို့ကို ဆိုပြပေးမယ်။ ဆိုရိုးတွေအားလုံးကို သင်ပေးပြီးရင် နောက်ရက် နောက်ရက်ကျတော့ ဆိုရိုးလေးတွေ နေ့တိုင်း နေ့တိုင်းဆိုရမယ်နော်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
သင်္ခါရ ပစ္စယာ ဝိညာဏံ
ဝိညာဏ ပစ္စယာ နာမရူပံ
နာမရူပံ ပစ္စယာ သဠာယတနံ
သဠာယတန ပစ္စယာ ဖဿော
ဖဿပစ္စယာ ဝေဒနာ
ဝေဒနာပစ္စယာ တဏှာ
တဏှာ ပစ္စယာ ဥပါဒါနံ
ဥပါဒါန ပစ္စယာ ဘဝေါ
ဘဝ ပစ္စယာ ဇာတိ

ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမန သုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ကဲ မြန်မာပြန်တစ်ခေါက်ဆိုရအောင်
ပစ္စယာဆိုတာ ဘာတဲ့လဲ?
"ဖြစ်ခြင်းကြောင့်ပါဘုရား"
အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်ပါသည်။
သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်ပါသည်။
ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်ပါသည်။
နာမ်ရုပ်ဖြစ်ခြင်းကြောင့် သဠာယတနဖြစ်ပါသည်။
သဠာယတနဖြစ်ခြင်းကြောင့် ဖဿဖြစ်ပါသည်။
ဖဿဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်ပါသည်။
ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဖြစ်ပါသည်။
တဏှာဖြစ်ခြင်းကြောင့် ဥပါဒါန်ဖြစ်ပါသည်။
ဥပါဒါန်ဖြစ်ခြင်းကြောင့် ကမ္မဘဝဖြစ်ပါသည်။
ကမ္မဘဝဖြစ်ခြင်းကြောင့် ဇာတိဖြစ်ပါသည်။

ဇာတိဖြစ်ခြင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ပါသည်။

ဒါက ပဋိစ္စသမုပ္ပါဒ် အနုလောမပါဠိ၊ မြန်မာလိုပြောရင် သံသရာလည်ကြောင်း။

မနက်ဖြန်ကျရင် အနက်အဓိပ္ပာယ်လေး ရှင်းပြမယ်။

ဗုဒ္ဓဘာသာရဲ့ အတိမ်အနက်တွေကို အကုန်လုံးရှင်းပြမယ်။ ဟုတ်ရဲ့လား။ ကဲ ဒီနေ့ နာရီစေ့ပြီ။ တော်ကြဦးစို့။

(သာဓု သာဓု သာဓုပါဘုရား)

# ဒုတိယနေ့ဟောစဉ်

ဒီနေ့ ၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့ ဒေါနဘွားရပ်၊ တပ်မြေတောင် အကွင်း(၄၁၇)၊ ၁၉ လမ်း အောင်ရတနာ ဓမ္မဗိမာန်တော်ကြီးမှာ သစ္စာဓမ္မသဘင် ခုနစ်ညအထူးတရားပွဲကြီး နှစ်ရက်မြောက်သောည၌ ရပ်ဝေး၊ ရပ်နီးအသီးသီးမှ တရားနာ တရားထိုင်ကြွရောက်လာကြ ကုန်သော အမိအဖ ညီအစ်ကိုမောင်နှမ၊ ဆွေတော်မျိုးတော် သူတော်စင် အပေါင်းတို့အား ဘုန်းကြီးများ ကျေးရှူးဆပ်ဟောကြားရမည့် တရား တော်ကတော့ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ပဋိစ္စ သမုပ္ပါဒ်အခန်းနှင့် သစ္စသံယုတ်ပါဠိတော် ဓမ္မသင်္ဂဏီပါဠိတော် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် တို့ကို အခြေခံ၍ ဟောကြားအပ်သော 'ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာ လေးပါး' အမှတ် (၂)တရားတော်။

ဒီတရားတော်ကြီးကို မဟောကြားသေးမီ မနာကြသေးမီ တရား ပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို အာရုံပြုပြီးတော့ နမောတဿသုံးကြိမ်ဖြင့် ညီညာဖြဖြ ကန်တော့လိုက်ကြပါဦးစို့။

**နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား ကြီး၏ ဉာဏ်တော်ကို ဦးထိပ်မှာထားပြီး ဟောကြား နာကြားမှုဖြစ် လေသောကြောင့် ဆရာတော်ဘုရားကြီးရေးသား သီကုံးတော်မူခဲ့သော မူလနှစ်ဖြာ လက်ဆောင်ပုဒ်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲကို စ,လိုက်ကြရအောင်။

မှတ်ချက်။ မူလနှစ်ဖြာ လက်ဆောင်ပုဒ်နှင့် ဆိုရိုးကို
ပထမနေ့ဟောစဉ် အစပိုင်းတွင် ရှုပါ။

အားလုံးပဲ လက်အုပ်ချီကလေးတွေ ချထားပြီး မျှတသော ဣရိယာပုဒ်ဖြင့် စိတ်ချမ်းသာသလိုထိုင်ပြီး ဟောကြားလတ့ံသော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

## အလွဲမပါချင် သစ္စာသိအောင်လုပ်

အားလုံးသော တရားချစ်ခင် စိတ်ကောင်းဝင်ကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့။ အခု တရားပွဲတစ်ပွဲလုံး ကြွ ရောက်လာကြတဲ့ သူတော်စင်တွေဟာ ဘာသာဝင်တရားအရ ပြောရ ရင် ဘယ်ဘာသာဝင်တွေပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါဘုရား"

မနေ့က မေးဖြေဟောမယ်လို့ သင်ခဲ့တယ်နော်၊ ဒီတော့ ဘုန်းကြီးကမေးရင် ဒကာ ဒကာမတွေက ဖြေကြပါ။

မြတ်စွာဘုရားရှင်က

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာ၁၀ လာဘိနော၊**

**သမ္ဗုဒ္ဓသိတ္တာ ပဂ္ဂဏှိတုံ၊ အပ္ပပုညာ အလာဘိနော၊**

ပုညဝန္တဿ၊ လေးသင်္ချေကိန်း၊ ကပ်တစ်သိန်းက ထိန်းသိမ်းစုံညီ

ပါရမီဘုန်းဟုန် တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်၏။

သာသနံ၊ အံ့ဖွယ်ရှစ်ဖြာ သာသနာမြတ်ကြီးကို။ ပုညဝန္တာဝ၊ ရှေးရှေးဘဝ သံသရာက ဘုန်းစကံဟုန် ရှိခဲ့ကြကုန်သော သူတို့သာလျှင်။ သမ္ပဿိတွာ၊ ရှေးကံကောင်းနှင့် အကြောင်းသင့်လှ တွေ့မြင်ရသည်ဖြစ်၍။ ပဂ္ဂဏှိတုံ၊ ပစ္စယ ဓမ္မာ နုဂ္ဂဟာဟု နှစ်ဖြာပွားလင့် ချီးမြှောက်ထောက်ပံ့ခွင့်ကို။ လာဘိနော၊ အကြောင်းလည်းတိုက် အကျိုးဆိုက်သဖြင့် သိုက်မြိုက်ပိုင်ပိုင် ရရှိနိုင်ကြပေကုန်၏။

အပ္ပပုညာ၊ ရှေးရှေးဘဝ သံသရာက ဘုန်းစကံဟုန် နည်းခဲ့ကြကုန်သော သူတို့သည်ကား။ ပဂ္ဂဏှိတုံ၊ ပစ္စယ ဓမ္မာ၊ နုဂ္ဂဟာဟု နှစ်ဖြာပွားလင့်၊ ချီးမြှောက်ထောက်ပံ့ခွင့်ကို။ အလာဘိနော၊ အကြောင်းမသင့် အကျိုးမသင့်သဖြင့် အခွင့်ပိုင်ပိုင် မရရှိနိုင်ကြကုန်သတည်း။

## သာဓု သာဓု သာဓု

အခုလို သာသနာဝင်တရားဖြစ်တဲ့ သစ္စာတရားနဲ့ တွေ့ခွင့်ရတယ်ဆိုတာ သာသနံပုညဝန္တသဿ–တဲ့။ ကုသိုလ်ရှိန်စော် အာနုဘော် ကြီးမားလွန်းလို့ ယောဂီတို့ ဘုန်းကြီးတို့ သစ္စာတရားနဲ့ လာတွေ့ခွင့်ရတာ၊ ဘုန်းကံပါရမီ မပါလာတဲ့ ပုဂ္ဂိုလ်များဆိုရင် သစ္စာတရားနဲ့ တွေ့ဖို့ လွယ်ပါ့မလား?

"မလွယ်ပါဘုရား"

တွေ့လည်း တွေ့လွဲပဲ။ ဘုန်းကံပါရမီမရှိတဲ့ ပုဂ္ဂိုလ်များကျတော့ သစ္စာတရားနဲ့ ဘယ်လောက်ပဲ တွေ့တွေ့ တွေ့လွဲပဲ။ တွေ့တော့ တွေ့တယ်။ ဒါပေမယ့် လွဲရတယ်တဲ့။

သူ့မှာ ဒီတရားနာနိုင်ဖို့ သိနိုင်ဖို့ အခွင့်အရေး ပါရမီမျိုးစေ့ မရှိဘူး။ ဘယ်သူက ဘယ်လောက်ပဲ စည်းရုံးစည်းရုံး၊ ဘယ်လောက်ပဲ

တောင်းပန်ပြီးခေါ်ခေါ် 'မအားသေးလို့ပါ မအားသေးလို့ပါ' နဲ့ ပြော တာပဲ၊ မအားတဲ့လူ အခုသွားကြည့် ဘယ်ရှေ့ရောက်နေသလဲ၊ တီဗွီ ရှေ့ရောက်နေတယ်၊ မယုံရင် လိုက်ကြည့်။ သစ္စာတရားနဲ့ လွဲပြီဟော့ ဆိုရင် အဲဒီလိုပဲ။

ဒါကြောင့် သစ္စာတရားနဲ့ လွဲတဲ့နေရာမှာ 'မတွေ့လွဲ၊ တွေ့လွဲ၊ တော့လွဲ' လို့ အလွဲသုံးလွဲရှိတယ်။

အလွဲဘယ်နှစ်လွဲ ရှိသလဲ?

"သုံးလွဲပါဘုရား"

အားလုံးမှတ်ထားပါ။ မတွေ့လွဲဆိုတာ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားအခြားသော ဘာသာဝင်တွေ။ သူတို့ရဲ့ညွှန်းတမ်းထဲမှာ သူတို့ရဲ့ ဘာသာတရားထဲမှာ သစ္စာတရားဆိုတာ ရှိရဲ့လား?

"မရှိပါဘုရား"

သစ္စာတရား ရှိကို မရှိဘူး၊ ခရစ်ယာန်ကျမ်းတွေထဲ လိုက်ကြည့် ကြည့်၊ အစ္စလာမ်ကျမ်းတွေထဲ လိုက်ကြည့်ကြည့်၊ ဂျိန်း မဟာမေဒင် ကျမ်းတွေမှာပဲ လိုက်ကြည့်ကြည့်။ သူတို့ရဲ့ဘာသာရေးစာစောင်၊ ဘာသာရေးကျမ်းတွေ ဘယ်ကျမ်းပဲကြည့်ကြည့် သစ္စာတရားဆိုတာ သူတို့ရဲ့ဆီမှာ မရှိပါဘူး။ ဟုတ်ပြီနော်။

ကောင်းပြီ။ ဒါဖြင့် သစ္စာတရားဆိုတာက ဘယ်ဘာသာမှာ ရှိလဲလို့မေးရင် ဗုဒ္ဓဘာသာမှာပဲရှိတယ်။ ဗုဒ္ဓဘာသာကျမ်းမှာပဲ ရှိတယ်။ ဒါကြောင့် အခြားအခြားသောဘာသာဝင်တွေ သစ္စာမသိရတာက သူက မတွေ့ဘဲနဲ့ လွဲသွားရတာ။ တွေ့ခွင့်ကို မရလို့ လွဲသွားရတာ။

ပြောတော့ ဗုဒ္ဓဘာသာတဲ့။ သစ္စာတရားတွေ ဟောပေးနေတဲ့ ဆရာကောင်းသမားကောင်းတွေလည်း ရှိတယ်။ သာသနာလည်း မကွယ်သေးဘူး။ ကိုယ်လည်းပဲ နေ့တိုင်း ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်တယ်။ ဒါပေမဲ့ သစ္စာသိခွင့်မရဘူးတဲ့။

သူ့ကျတော့ ဗုဒ္ဓဘာသာ မဖြစ်ဘူးလား?

"ဖြစ်ပါဘုရား"

သစ္စာတော့ သိခွင့်ရရဲ့လား?

"မရပါဘူး ဘုရား"

အဲဒါကျတော့ တွေ့လွဲ၊ ဘာလွဲလဲ?

"တွေ့လဲပါဘုရား"

နောက်တစ်မျိုးက တော့လွဲ ။ တချို့က ဗုဒ္ဓဘာသာလည်း အမည်ခံတယ်။ ကိုယ့်ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးရဲ့သဘော တရားကိုလည်း နားလည်အောင် ကြိုးစားတယ်။ ဒါနလည်း လုပ်တယ်၊ သီလလည်း ဆောက်တည်တယ်၊ သမထလည်း ပွားများတယ်၊ တရားရိပ်သာတွေမှာလည်း တရားစခန်းတွေဝင်ပြီး အားထုတ်တယ်။ ဒါပေမဲ့ သစ္စာသိခွင့်မရဘူး။ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ တော့လွဲ ။

ဘုရားဒကာလည်း ဟုတ်တယ်၊ ကျောင်းဒကာလည်း ဟုတ်တယ်၊ ဒါပေမဲ့ သစ္စာမသိဘူးတဲ့။ အဲဒီပုဂ္ဂိုလ်တွေကျတော့ ဘာလဲ? တော့လွဲ။ ဒီထက်ဆိုးတာ ဘုရားဂေါပကပေါ့။ ဘုရားနားကပ်နေတဲ့ ဂေါပက သစ္စာမသိတာက ပိုတော့လွဲ လွဲတာနော်။ သူက နေ့တိုင်း တော့ပြီးလွဲတာ။ ဘုရားနားမှာ ဘုရားပျောက်နေတာ။

ဘုရားနားမှာ ဘာပျောက်နေတာလဲ?

"ဘုရားပျောက်နေတာပါဘုရား"

ဒါကြောင့် သူ့ကျတော့ တော့လွဲ။ အရပ်ထဲက လူတွေကျတော့ တွေ့လွဲ။ ဟို အခြားဘာသာဝင်တွေကျတော့ မတွေ့လွဲ။

အလွဲ ဘယ်နှစ်လွဲလဲ?

"သုံးလွဲပါဘုရား"

ဘယ်အလွဲထဲ ပါချင်တုံး?

"ဘယ်အလွဲထဲမှ မပါချင်ပါဘုရား"

ဟုတ်ပြီဗျာ။ ဘယ်အလွဲထဲမှ မပါချင်ရင် ဘာသိအောင် လုပ်ရမလဲ?

"သစ္စာသိအောင် လုပ်ရမှာပါဘုရား"

## သိအောင်လုပ်ထား ဘာသာတရား

အေး သစ္စာသိအောင်လုပ်။ သစ္စာသိဖို့အတွက် မြတ်စွာဘုရားက ပဋိစ္စ သမုပ္ပါဒ် အခြေခံမထားဘူးလား?

"ထားပါဘုရား"

ကဲ မနေ့က မနာလိုက်ရတဲ့ သူတော်စင်တွေ ဒီထဲမှာ အခုအများကြီး တိုးပါလာပြီ။ သူတို့အတွက် နားလည်အောင် ဘုန်းကြီးပြန်ပြီး ကျေးဇူးဆပ်မယ်။ မနေ့က နာလိုက်ရတဲ့ ဒကာ ဒကာမတွေလည်း မှတ်မိရော။ မနေ့က မနာလိုက်ရတဲ့ ဒကာ ဒကာမတွေလည်း အသိဉာဏ်တိုးရော။

အေး ဒါကြောင့်မို့ မနေ့က မနာလိုက်ရတဲ့ ဒကာ ဒကာမတွေ အသိဉာဏ်ကလေး တိုးသွားအောင် တိုးပြီးတော့ မှတ်လိုက်ပါ။

တို့အားလုံးသော ဒကာ ဒကာမတွေက ဘယ်ဘာသာဝင်တွေလဲ?

"ဗုဒ္ဓဘာသာဝင်တွေပါဘုရား"

အားလုံး အားလုံးဖြေပေးနော်။ မနေ့က မနာရတဲ့ ဒကာ ဒကာမတွေလည်း ဖြေပေး။ နားလည်စေချင်လို့ ဘုန်းကြီးက တရားဟောတာမဟုတ်ဘူး။ တရားနာနည်း ပေးတာနော်။

ကဲ ဒါဖြင့်ရင် ဗုဒ္ဓဆိုတာ ဘာလဲမေးတော့ ဘုရား။ ဘာသာဆိုတာက စကား။ ဝင်ဆိုတာက နားထောင်တာ။ ဗုဒ္ဓဘာသာဝင်ဆိုတာက ဘာပြောတာတုံး။ ဘုရားစကား နားထောင်တာ။

ပြန်ဖြေရအောင် ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲ?

"ဘုရားစကား နားထောင်တာပါဘုရား"

ဟုတ်ပြီ။

တို့ဘုရား ဘာသိပ္ပင့်?

"သစ္စာသိပ္ပင့်ပါတယ်ဘုရား"

မနေ့က မနာလိုက်ရတဲ့ ဒကာ ဒကာမတွေ မှတ်ထားပါ။ တို့ ဒကာ ဒကာမတွေ ဘုန်းကြီးတို့ မြတ်မြတ်နိုးနိုး ကိုးကွယ်ဆည်းကပ် ပူဇော်နေတဲ့ မြတ်စွာဘုရားသည် ဘာသိပ္ပင့်တာလဲ?

"သစ္စာသိပ္ပင့်ပါတယ်ဘုရား"

ဖြေထား ဖြေထား။ တော်ကြာ ခရစ်ယာန်က မေး၊ အစ္စလာမ်က မေး။ အိမ်က သားသမီး တူ တူမတွေက မေး။ "မေမေ ဘုရား ဘာဖြစ်လို့ ဖြစ်တာလဲ" "ကောင်မလေး ဘုရားဆိုတာ ဘုရားပေါ့၊ ငါ ခေါက်လိုက်မယ်" အဲဒီလိုမလုပ်ပါနဲ့။ ကလေးက မသိလို့ မေးတာကို မိဘက နားလည်အောင် လေ့လာထားလိုက်။ မိဘက ဗုဒ္ဓ ဘာသာဝင်ဆိုတာ ဘာပြောမှန်းမှမသိတာ၊ ကိုယ်က ပေါက်ဖွားလာတဲ့ သားသမီး ဘယ်လိုနားလည်အောင် ရှင်းပြမလဲ။ ဟုတ်ပလား။

ဒါဖြင့် တရားတစ်ပွဲလုံး ဘယ်ဘာသာဝင်တွေလဲ?

"ဗုဒ္ဓဘာသာဝင်တွေပါဘုရား"

ကိုယ့်ဘာသာအကြောင်း သိသင့်သလား၊ မသိသင့်ဘူးလား?

"သိသင့်ပါတယ်ဘုရား"

## ကိုယ့်ခန္ဓာတွင် ဖြစ်ပျက်မြင်

ဒါဖြင့် အခုဟောမှာက သူများအကြောင်းဟောမှာ မဟုတ်ဘူး။ ကိုယ့်ခန္ဓာဉာဏ်ရောက်ကြောင်း ဟောပေးမှာ။ ကိုယ့်အတွက် ဟောပေးမှာ။ ဟုတ်ရဲ့လား။ သူများအကြောင်းမပြောဘူး။ ခန္ဓာအကြောင်း ပြောမှာ။

အေး ဒါကြောင့်မို့လို့ တို့ကိုးကွယ်တဲ့ဘုရား ဘာသိပ္ပင့်?

"သစ္စာသိပွင့်ပါဘုရား"

သစ္စာသိတဲ့နေရာမှာ သူပြော လူပြောနဲ့ သိတာလား၊ ကိုယ်ပိုင် ဉာဏ်နဲ့ သိတာလား?

"ကိုယ်ပိုင်ဉာဏ်နဲ့ သိတာပါဘုရား"

ကိုယ်ပိုင်ဉာဏ်နဲ့သိတဲ့နေရာမှာလည်း ပါရမီပြည့်လို့ သစ္စာသိ တာလား၊ ခန္ဓာပေါ် ဉာဏ်ရောက်လို့လား?

"ခန္ဓာပေါ် ဉာဏ်ရောက်လို့ပါဘုရား"

ပါရမီပြည့်လို့ သစ္စာသိတယ်ဆိုတာ ဝေးသောအကြောင်း၊ ပစ္စုပ္ပန် အခု ခန္ဓာပေါ် ဉာဏ်ရောက်လို့ သစ္စာသိတယ်ဆိုတာ နီးသော အကြောင်း၊ ဝေးသောအကြောင်းကို အားကျနေရင် သစ္စာသိဖို့ ဝေး သွားလိမ့်မယ်၊ တို့က နီးသောအကြောင်းကို အားကျမှ သစ္စာသိဖို့ နီးစပ်လာမယ်။ ဒါကြောင့် ဘုရားက သစ္စာသိတာ ခန္ဓာပေါ် ဘာ ရောက်လို့?

"ဉာဏ်ရောက်လို့ပါဘုရား"

ဒါဖြင့် အခု တရားဟော တရားနာနေတာလည်း ခန္ဓာ ဘယ် နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

အကျဉ်းချုပ်တော့ ဘာနဲ့ဘာ?

"ရုပ်နဲ့နာမ်ပါဘုရား"

မနေ့က တရားမနာရတဲ့ တို့ဒကာ ဒကာမတွေ တစ္စန်းတစ် လေး "တရားဟောတာ ဘယ်လိုဟော့၊ ကိုယ့်အကြောင်းကိုယ်ပြောတာ ဟော့၊ ပဋိစ္စသမုပ္ပါဒ်သစ္စာဟော့၊ နာရခဲ့တယ်နော်၊ ကောင်းလိုက်တာ၊ နားလည်တယ်ဟဲ့ ရှင်းတယ်ဟဲ့" လာတယ်၊ ဟော သူများက တိုက် တွန်းလိုက်တော့ "ဟာ အဲဒီလိုလား ငါတို့ သွားဦးမယ်" သွားဦးမယ် ဆိုတော့ ဘယ်သူမှ တိုက်တွန်းလိုက်တာ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် တရားနာချင်တဲ့စိတ်ပေါ်လာလို့ တရားပွဲရောက်တာနော်။

မနေ့က နာရတဲ့ပုဂ္ဂိုလ်တွေက တရားထပ်တယ်လို့ မယူပါနဲ့။ ကနေ့မှရောက်လာတဲ့ပရိသတ် နားမလည်မှာစိုးလို့။ ဒါ ရှေ့ပိုင်းအခြေခံ ပြန်ခင်းပြသလို မှတ်ပါ။ ဒီအခင်းမှ နားမလည်ရင် ရှေ့သွားလို့ မကောင်းတော့ဘူး"

အေး ဒါကြောင့်မို့လို့ တရားနာချင်တဲ့စိတ် လူတိုင်းမှာ မရှိဘူးလား?

"ရှိပါဘုရား"

ဟော တရားနာချင်တာက နာမ်။

တရားနာချင်တာက?

"နာမ်ပါဘုရား"

တရားထိုင်လာတဲ့ဟန်က ရုပ်။

တရားနာချင်တာက နာမ်။

တရားထိုင်လာတဲ့ဟန်က ရုပ်။

သူမဟုတ် ငါမဟုတ်၊

တရားထိုင်တာ နာမ်နဲ့ရုပ်။

အဲဒီနာမ်နဲ့ရုပ်ဆိုတာ တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ဒါဖြင့် ဒီခန္ဓာပေါ်ကို ဉာဏ်ရောက်လို့ ဘုရားမှာလည်းပဲ ခန္ဓာ မရှိဘူးလား။ တို့ ဒကာ ဒကာမတွေလည်း အခု တရားနာတာ ဘာနဲ့လဲ?

"ခန္ဓာနဲ့ပါဘုရား"

မြတ်စွာဘုရား တရားကျင့်တာက ဘာနဲ့လဲ?

"ခန္ဓာနဲ့ပါဘုရား"

ဒါဖြင့် သူ့ခန္ဓာပေါ် သူ ဉာဏ်ရောက်တယ်၊ အဲဒီဉာဏ်က မိုးပေါ်က ကျလာတဲ့ဉာဏ်လား၊ ခန္ဓာထဲက ထွက်လာတာလား?

"ခန္ဓာထဲက ထွက်လာတာပါဘုရား"

ဆုတောင်းတာနဲ့ ပေါ်လာတာလား?

“မဟုတ်ပါဘုရား”

သေသေချာချာ ခန္ဓာဉာဏ်ကလေးနဲ့ ခန္ဓာကိုယ်လှည့်ကြည့်တော့မှ ခန္ဓာရဲ့ဖြစ်ပျက်တွေပြတာ သူမမြင်ဘူးလား၊ မြင်သလား?

“မြင်ပါတယ်ဘုရား”

## အသိဝင်မှ သခင်ဖြစ်မည်

အေး ဒါကြောင့်မို့လို့ ယောဂီတို့လည်းပဲ အခု ခန္ဓာနဲ့တရားနာတယ်။ နာတော့ အခုလို သိရတယ်ဆိုတော့လည်း အခုလောက်တရားလေး အခု နည်းနည်းနာမယ်၊ အခု နည်းနည်းသိတယ်ဆိုတာက အဲဒီအသိကလေးဟာ သူများဆီက ငှားသိတာလား၊ ကိုယ်ကိုယ်တိုင်သိနေတာလား?

“ကိုယ်တိုင်သိတာပါဘုရား”

ကိုယ်တိုင် ဘာဖြစ်လို့ သိတာလဲဆိုတော့ ကိုယ်တိုင် တရားနာတယ်လေ၊ ဟုတ်တယ်မဟုတ်လား?

“မှန်ပါဘုရား”

ကိုယ်တိုင်တရားနာလို့ ကိုယ်တိုင်သိတာပေါ့။ အိမ်မှာနေတဲ့သူ အလကားသိမလား?

“မသိပါဘုရား”

ဒါဖြင့် ကိုယ်တိုင်တရားနာလို့ ကိုယ်တိုင်သိတာ ကိုယ်ပိုင်ပစ္စည်းသဘောကျရဲ့လား။ အဲဒီကိုယ်ပိုင်ပစ္စည်းကို ယောဂီတို့ ကိုယ်ပိုင်သိတဲ့ အသိဉာဏ်ကလေးကို ဘယ်လူဆိုး ဘယ်သူခိုး ဘယ်ဓားပြကတိုက်လို့ ရသေးလား?

“မရပါဘုရား”

သားတွေ သမီးတွေကလည်း မေမေသိတဲ့ အသိဉာဏ်ကလေးသမီးကို အမွေခွဲပေးပါလို့ တောင်းဆိုလို့ ရသလား?

"မရပါဘုရား"

ယောက်ျားကလည်း မင်းသိတဲ့အသိဉာဏ် ငါ့ပေးစမ်းဆိုပြီး နှိပ်စက်လို့ကော ရမလား?

"မရပါဘုရား"

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ပိုင်ဖြစ်နေလို့။

ဘာဖြစ်လို့လဲ?

"ကိုယ်ပိုင်ဖြစ်နေလို့ပါဘုရား"

ကိုယ်ပိုင်ဖြစ်နေတဲ့အခါကျတော့ သူတပါးမျှပေးလို့ ရရဲ့လား?

"မရပါဘုရား"

တစ်နေကုန်ရှာထားတဲ့ ပစ္စည်းဥစ္စာတွေက သားက ပေးပါဆို လည်း ဖော်ကနဲ၊ သမီးက ပေးပါဆိုလည်း ဖော်ကနဲ ဟုတ်ရဲ့လား။ ဒါဖြင့် ဟိုလူလည်း သုံး ဒီလူလည်း သုံးဆိုတော့ တစ်နေကုန်ရှာနေတဲ့ စီးပွားရေးအလုပ်က ဘုံဆိုင်အလုပ်။

တစ်နေကုန်ရှာနေတဲ့ စီးပွားရေးအလုပ်က ဘာအလုပ်လဲ?

"ဘုံဆိုင်အလုပ်ပါဘုရား"

တစ်နေကုန်ပင်ပန်းရတော့ ကိုယ်က ပင်ပန်းရတယ်။ စားတော့ သောက်တော့ တစ်ပြုံကြီး စားကြသောက်ကြတယ် ဟုတ်ရဲ့လား။ ဒါဖြင့် ကိုယ်ဆောင်ရွက်ပေးနေတာ အများအတွက်ပေါ့။

ဘာတဲ့လဲ?

"အများအတွက်ပါဘုရား"

သူများအတွက်ချည်း လုပ်ပေးနေရတာဆိုတော့ ကိုယ့်မှာ ကိုယ်ပိုင်အသိဉာဏ်က ဘာမှမရှိဘူး၊ သူများအတွက်ချည်း ဖြည့်ဆည်း နေရတာ။ သူတို့လေးတွေ ဆယ်တန်းအောင်ဖို့၊ သူတို့လေးတွေ တက္ကသိုလ်အောင်ဖို့၊ သူတို့ကလေးတွေ အိမ်ထောင်ချပေးဖို့၊ သူတို့ လေးတွေ အမွေခွဲပေးဖို့။ သူတို့လေးတွေချည်းပဲ ကိုယ့်အတွက်ပါသေး လား?

"မပါပါဘုရား"

သူတို့အတွက်ချည်း သူများအတွက်ချည်း လုပ်ပေးနေရတာ သူများခိုင်းသမျှ သူတို့အတွက်ချည်း လုပ်ပေးနေရတာ ဘာလဲ?

"ဘုံဆိုင်အလုပ်ပါဘုရား"

ဘုံဆိုင်အလုပ်နဲ့ အချိန်ကုန်တာ ဘာလဲ?

"ဘုံကျွန်ပါဘုရား"

ပြောတော့ 'သခင်မျိုးဟေ့ တို့ဗမာ' တဲ့။ ဘယ်ကြားကလာပြီး သခင်,လိုက်တာလည်း မသိဘူး။

တစ်နေကုန် သခင်စိတ်မွေးတာလား၊ ကျွန်စိတ်မွေးတာလား?

"ကျွန်စိတ်မွေးတာပါဘုရား"

သားရော သမီးရော စီးပွားရေးနဲ့ အချိန်ကုန်တာ သခင်လား၊ ကျွန်လား?

"ကျွန်ပါဘုရား"

ကိုယ့်ခန္ဓာကိုယ် ဉာဏ်ရအောင် သစ္စာတရားလေ့လာနေတာ ဟာ သခင်စိတ်လား၊ ကျွန်စိတ်လား?

"သခင်စိတ်ပါဘုရား"

ကဲ တို့ ဒကာ ဒကာမတွေ သခင်စိတ်ကို ဘယ်နှရက်မွေး မှာလဲ?

"ခုနစ်ရက်ပါဘုရား"

တော်ပြီလား၊ ခုနစ်ရက်ထဲလား။ ကနေ့မှ သခင်စိတ်မွေးရတာ။ ကနေ့သိရင် ကနေ့သခင်၊ မနက်ဖြန်သိရင် မနက်ဖြန်သခင်၊ ဒီလ သိရင် ဒီလသခင်၊ ဒီနှစ်သိရင် ဒီနှစ်သခင်၊ ဒီတစ်သက်လုံးသိရင် ဒီတစ်သက်လုံးသခင်။

ယောဂီတို့ တစ်သက်လုံး ကျွန်အဖြစ်နဲ့နေမှာလား၊ သခင် အဖြစ်နဲ့နေမှာလား?

"သခင်အဖြစ်နဲ့နေမှာပါဘုရား"

သာဓု တစ်ကြိမ်တော့ ခေါ်ထားဦးမှ။ တစ်သက်လုံး သခင် အဖြစ်နဲ့ နေမှာလို့ ပြောတာကိုးဗျ။ တစ်ကြိမ်တော့ ခေါ်ဦးမယ်။ သိပ် ယုံရတာ မဟုတ်ဘူး။

## အလွယ်ကျက်မှတ် သိစေအပ်

အေး ကောင်းပြီ။ ဒါဖြင့်ရင် တို့ဒကာ ဒကာမတွေ တရားဟော တရားနာနေတာ ဘာနဲ့ဘာလဲ?

"ရုပ်နဲ့ နာမ်ပါဘုရား"

ဒါဖြင့် ဒီရုပ်နဲ့ နာမ်မှာ အိုနာသေ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အဲဒီ အိုရ နာရ သေရတာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

အေး ဒါဖြင့် ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။

ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

တစ်သက်လုံး သစ္စာမသိဘဲနေသွားရင် သူ့ကို ဗုဒ္ဓဘာသာ တစ်ယောက်လို့ ပြောလို့ ရပါဦးမလား?

"မရပါဘုရား"

အေး ဒါကြောင့် ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဖြစ်ချင်ရင် ဘာလုပ်ရမလဲ?

"သစ္စာသိအောင် လုပ်ရမှာပါဘုရား"

သစ္စာသိအောင် ကြိုးစားကြပါလို့ လေးစားစွာ တိုက်တွန်းပါ တယ်။ ခုနက ရွတ်ဆိုသွားတဲ့လင်္ကာထဲမှာ 'အလွယ်ကျက်မှတ်၊ သိစေ အပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း' လို့ မပါဘူးလား၊ ပါလား?

"ပါပါတယ်ဘုရား"

ဆိုကြည့်စမ်း ဘာတဲ့လဲ?

"အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း"

အဲဒီ ပဋိစ္စသမုပ္ပါဒ်တရားကို ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်သဘောပေါက်မယ်ဆိုရင် သံသရာက လွတ်မယ်တဲ့။ သေချာမှတ်ထား။

ဘယ်က လွတ်မှာလဲ?

"သံသရာက လွတ်မှာပါဘုရား"

အားလုံးသော ဒကာ ဒကာမတွေကို ဘုန်းကြီးကျေးဇူးဆပ်ပါမယ်။ လင်္ကာထဲမှာ 'အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း' အလွယ်ကျက်မှတ်ဆိုတာ တခြားပြောတာမဟုတ်ဘူး။ အခုလို ခန္ဓာဉာဏ်ရောက်ဖို့ ပဋိစ္စသမုပ္ပါဒ်သင်တန်းတက်ရ၊ သစ္စာတရား နာကြားရတာကို အလွယ်ကျက်မှတ်လို့ ပြောတာ။ အခု ယောဂီတို့ တရားနာရင်းနဲ့ ထိုက်သည့်အားလျော်စွာ တစ်လုံးလေးသိသိ သိလိုက်တာကို 'အလွယ်ကျက်မှတ်'။ ဟုတ်ပြီနော်။

အခုလို သစ္စာတရားနာတာကို ဘာတဲ့လဲ?

"အလွယ်ကျက်မှတ်ပါဘုရား"

တော်ကြာ ကိုယ်ရွတ်လိုက်တဲ့ဟာ ဘာမှန်းမသိဖြစ်မှာစိုးလို့။ အလွယ်ကျက်မှတ်၊ အလွယ်ကျက်မှတ်ဆိုတာ အခုလို သစ္စာတရားနာကြားနေတာ။

## သစ္စာသိမှ အပါယ်မကျ

အလွယ်ကျက်မှတ် သိစေအပ်သည်ဆိုတာက ခန္ဓာကိုယ်ထဲက ပူတာပြလည်း ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

စောစောက သင်ခဲ့ပြီးပြီနော်။ အေးတာပြလည်း ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဟုတ်ပြီ ဟုတ်ပြီ။ လှုပ်တာပြလည်း?

"ဒုက္ခသစ္စာပါဘုရား"

နာတာပြလည်း?

"ဒုက္ခသစ္စာပါဘုရား"

ပူတာလေးပြလည်း?

"ဒုက္ခသစ္စာပါဘုရား"

ဒီကနေ့ည သွားရင်းလာရင်း နေရင်းထိုင်ရင်း သင်ပေးလိုက်တဲ့ အသိကလေးတစ်လုံး ရင်ထဲကိန်းပြီးတော့ သွားရင်းကနေပြီးမှ ယားတာကလေးပေါ်လာရင် ဟာ ဒုက္ခသစ္စာပဲ။ အိမ်မှာနေရင်းနဲ့ ပူတာလေးပေါ်လာရင် ဟာ ဒုက္ခသစ္စာပဲ။ လှုပ်ကနဲပေါ်လာရင် ဒုက္ခသစ္စာပဲ။ အဲဒီလောက်သိရင် ကိုယ် ဒီနေ့ တရားတက်သွားပြီ။ သဘောကျရဲ့လား။

တစ်သက်လုံးက တို့ ဒါနတရား သီလတရား သမထတရားတွေနဲ့ အချိန်ကုန်ခဲ့ပြီ။ ဘုရားတည် ကျောင်းဆောက်တွေ အများကြီးလုပ်ခဲ့ပြီးပြီ။ တို့မလှူဘူးတဲ့ အလှူရယ်လို့ မရှိဘူး။ တို့မသိဘူးတဲ့ အသိတွေကတော့ ရင်ထဲမှာအပြည့် ဟုတ်ရဲ့လား။

ကိုယ့်ခန္ဓာက ဒုက္ခသစ္စာကျတော့ ကိုယ်မသိဘူး။ တရားရှာဘယ်မှာရှာတုံးဆိုတော့ ခန္ဓာထဲမရှာဘဲနဲ့ စာအုပ်ထဲလျှောက်ရှာတယ်။ တရားဆိုတာက ဓမ္မကထိက ပါးစပ်ဖျားရှိတယ်ထင်ပြီးတော့ အလိုက်လွဲနေကြတာ။

တရားဆိုတာ ဓမ္မကထိကပါးစပ်မှာ ရှိတာလား၊ ခန္ဓာမှာ ရှိတာလား?

"ခန္ဓာမှာရှိတာပါဘုရား"

တကယ် ခန္ဓာဉာဏ်ရောက်ရေးတဲ့စာပေကို လေ့လာရင် နည်းစနစ်ပိုင်းပဲ ရမယ်။ စာပေဆိုတာ ခန္ဓာဓမ္မရဲ့မှတ်တမ်း၊ တကယ့်တရားအစစ်က ခန္ဓာမှာရှိတာ၊ စာပေလေ့လာခြင်းသည် ဆေးညွှန်းဖတ်တာနဲ့ တူပါတယ်။ ခန္ဓာကို ဉာဏ်လှည့်၍ ရှုခြင်းသည် ဆေးသောက်တာနဲ့

တူပါတယ်။ အနာနဲ့ ဆေး သင့်အောင်ပေး ပျောက်ရေးမခက်ပါဆိုတဲ့ စကားလို။ မှန်ကန်တဲ့နည်းစနစ်နှင့် ဗုဒ္ဓအလိုတော်ကျ တင်ပြလာတဲ့ စာပေနှင့် ဟောပြောချက်များကို လေ့လာမှတ်သားနာယူပြီး ခန္ဓာနဲ့ ဟုတ်မဟုတ် တိုက်ကြည့်။ တရားမနာ စာပေမလေ့လာရင်လည်း မျက်ကန်းယုံကြည် ဖြစ်တတ်တယ်။ တကယ့်တရားအစစ် ပရမတ် အနှစ်ကတော့ ခန္ဓာမှာရှိတာ၊ ဘယ်မှာရှိတာလဲဟေ့?

"ခန္ဓာမှာပါ ဘုရား"

ပူတာပြတော့လည်း ဘယ်ကပြတာလဲ?

"ခန္ဓာကပြတာပါဘုရား"

လှုပ်တာပြတာကော?

"ခန္ဓာကပြတာပါဘုရား"

နာတာပြတာကော?

"ခန္ဓာက ပြတာပါဘုရား"

သူပြလာရင် ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။

ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

သူပြလိုက်တဲ့အချိန်မှာ ဟာ ဒါ ဒုက္ခသစ္စာပဲလို့ သိလိုက်တာက ဉာဏ်။

ဘယ်သူလဲ?

"ဉာဏ်ပါဘုရား"

သူက ပူပြတယ်၊ ကိုယ်က ဒုက္ခသစ္စာပါလား။ သူက လှုပ်ပြရင် ကိုယ်က ဒုက္ခသစ္စာပါလားလို့ သိလိုက်။ ရှင်းရဲ့လား။

ပြတာက ဒုက္ခသစ္စာ၊ သိလိုက်တာက?

"ဉာဏ်ပါဘုရား"

သစ္စာနဲ့ ဉာဏ်နဲ့ပါ။ အဲဒီအသိလေးနဲ့ သိတော့ အပါယ်မကျဘူး။ သဘောကျရဲ့လား။

## ဘုရားမေတ္တာ သိမှတ်ပါ

ယောဂီတို့ ဘုရားရှိခိုးတော့ ဤကဲ့သို့ ရှိခိုးပူဇော်၊ ဖူးမြော်မာန် လျှော့ ကန်တော့ရတဲ့အတွက် အပါယ်လေးပါး ရောက်ပါရစေလို့ တောင်းတာလား၊ လွတ်ပါရစေလို့ တောင်းတာလား?

"လွတ်ပါရစေလို့ တောင်းတာပါဘုရား"

တကယ်လွတ်ချင်တာလား၊ တကယ်လွတ်ချင်ရင် သစ္စာသိ အောင်လုပ်။

သစ္စာက ဘယ်မှာရှိတာလဲ?

"ခန္ဓာထဲမှာပါဘုရား"

အားလုံးသဘောကျရဲ့လား။ ကဲ အဲဒါကြောင့်မို့လို့ အဲဒီ သစ္စာ တရား အခုလို တရားနာနေတာ အလွယ်ကျက်မှတ် ဟုတ်ပြီနော်။ ပူတဲ့ အေးတဲ့ လှုပ်တဲ့ တောင့်တဲ့ တင်းတဲ့ ခန္ဓာကပြတဲ့အချိန်မှာ ပူ လာရင်လည်း ဒုက္ခသစ္စာ၊ လှုပ်လာရင်လည်း ဒုက္ခသစ္စာ၊ ညောင်းလာ ရင်လည်း ဒုက္ခသစ္စာ၊ အေးလာရင်လည်း ဒုက္ခသစ္စာ။

အဲဒီလို ဒုက္ခသစ္စာလို့သိတာက ပူတယ်လို့ ဘယ်သူက ပြော တာလဲ?

"ခန္ဓာကပြောတာပါဘုရား"

ကျွန်တော်လှုပ်နေတယ်ဗျာ?

"ခန္ဓာက ပြောတာပါဘုရား"

ကျွန်တော် ကျင်လာပြီဗျာ?

"ခန္ဓာကပြောတာပါဘုရား"

ယောဂီတို့ ပြောမှ ပြောရဲ့လား?

"ပြောပါတယ်ဘုရား"

တစ်ရက်တည်းပြောတာလား၊ နေ့တိုင်းပြောတာလား?

"နေ့တိုင်းပြောတာပါဘုရား"

ပြောတယ်နော်။ သူ ပြောတဲ့အချိန် ကိုယ်က အဲဒါ ဒုက္ခသစ္စာပဲ။ ယားတာလေးပေါ်လိုက် အဲဒါ ဒုက္ခသစ္စာပဲ။ လှမ်းရုပ်ကလေးပေါ် လာလိုက် အဲဒါ ဒုက္ခသစ္စာပဲ။ သိလိုက်စမ်း။

သိလိုက်ချိန် ဗိုက်ဆာတာလေးပေါ်လာရင်ကော ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ရေသောက်ချင်လိုက်တာနော်၊ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

အိပ်ချင်လာပြီဗျ?

"ဒုက္ခသစ္စာပါဘုရား"

ကြည့်စမ်း သူက နေ့တိုင်းပြနေတာ၊ နေ့တိုင်းပြောနေတာ။ တို့က သိလိုက်သလား။ မသင်ရင် သိကို မသိဘူး။ ဒါဖြင့် တို့ကိုးကွယ်နေတဲ့ မြတ်စွာဘုရား၊ တို့ နေတိုင်း ဆွမ်းတော်တင်နေတဲ့ မြတ်စွာဘုရား။ ဘာလုပ်ဖို့ လောကမှာ ပွင့်လာတာလဲလို့မေးရင် သတ္တဝါတွေ သစ္စာ သိဖို့ ပွင့်လာတာ။ သူ့အတွက်ပွင့်တာ မဟုတ်ဘူး။

သူ့အတွက်ဆိုရင် သုမေဓာရှင်ရသေ့ဘဝကိုကတည်းက နိဗ္ဗာန် ဝင်စံမယ်ဆိုလို့ရှိရင် ဝင်စံလို့ ရပြီးသား။ လေးအသင်္ချေနဲ့ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ခဲ့တာ။ သူတစ်ယောက်တည်း နိဗ္ဗာန်မဝင်စံဘူး။ သူနဲ့ ပတ်သက်လာခဲ့တဲ့ အကြောင်းအကျိုးညီညွတ်ခဲ့တဲ့ သာဝကတွေ လည်းပဲ သစ္စာသိပြီး နိဗ္ဗာန်ဝင်ကြပါစေတော့ဆိုတဲ့ အဓိပ္ပါယ်နဲ့ 'တိဏ္ဏော တာရေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ'။ သူ သစ္စာသိသလို သိပါစေဆိုတဲ့ ဘုရားရဲ့ရည်ရွယ်ချက်။

ဘုရားရဲ့ရည်ရွယ်ချက်သည် တို့ ဒကာ ဒကာမတွေကို ဘာသိစေချင်တာလဲ?

"သစ္စာသိစေချင်တာပါဘုရား"

တခြားဘာသာကို ခဏလေး ထားလိုက်ဦး။ အပြီးအပိုင်ထားခဲ့လို့ ပြောတာမဟုတ်ဘူး။ ခဏလေး ခရစ်ယာန်၊ အစ္စလာမ်၊ ဂျိန်း၊ မဟာမေဒင် ခဏလေး ထားလိုက်ဦး။

တို့က ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

ဘုရားက သူ့ရဲ့အသိုင်းအဝိုင်းဖြစ်တဲ့ ဉာတတ္ထစရိယလေဗျာ။ ဟုတ်တယ်မဟုတ်လား။ ဉာတတ္ထစရိယဆိုတဲ့ စကားလုံးကို ယောဂီတို့နားလည်အောင် ပြောရလို့ရှိလျှင် ဗုဒ္ဓဘာသာလို့ အမည်ခံလာတဲ့ သူ့ရဲ့ဆွေတော်မျိုးတော် ဒကာ ဒကာမ ဗုဒ္ဓဘာသာဝင်တွေ။

ဗုဒ္ဓဘာသာဝင်တွေကို ဘာသိစေချင်တာလဲ?

"သစ္စာသိစေချင်တာပါဘုရား"

ဘယ်သူ့ရဲ့ကရုဏာလဲ?

"ဘုရားရဲ့ကရုဏာပါဘုရား"

ဘယ်သူ့ရဲ့မေတ္တာလဲ?

"ဘုရားရဲ့မေတ္တာပါဘုရား"

ဘယ်သူ့ရဲ့ရည်ရွယ်ချက်လဲ?

"ဘုရားရဲ့ရည်ရွယ်ချက်ပါဘုရား"

လောကမှာ မြတ်စွာဘုရားပွင့်ရခြင်းရဲ့ ရည်ရွယ်ချက်က တို့ ဒကာ ဒကာမတွေ ဘာသိဖို့လဲ?

"သစ္စာသိဖို့ပါဘုရား"

တို့ကရော ဘုရားရဲ့ရည်ရွယ်ချက်၊ ကရုဏာနဲ့ မေတ္တာကို အသိအမှတ်ပြုရဲ့လား?

"ပြုပါတယ်ဘုရား"

ဘယ်နေ့က စပြုတာလဲ?

ငြိမ်လို့။ သူတို့မဟောတဲ့အတိုင်းပဲ။ ဘယ်နေ့က စပြုလိုက်တာလဲ။ ဒီကနေ့မှ ဒီကနေ့မှ စပြုမလားလို့ တွေးနေတာ။ မနက်ဖြန်အကြောင်းအကျိုးညီညွတ်မှ ဒီတရားပွဲကို လာမှာ။ မနက်ဖြန် အသိအမှတ်မပြုတော့ဘူး။ သူက တစ်ရက်တည်း အသိအမှတ်ပြုတာ၊ ဒါတောင် မကောင်းတတ်လို့ အတင်းခေါ်လို့ ရောက်လာတာတော့ မဟုတ်ပါဘူးနော်။

"မဟုတ်ပါဘူးဘုရား"

ကိုယ့်ဆန္ဒနဲ့ ကိုယ်လာရင် တစ်ရက်တည်း အသိအမှတ်ပြုရမှာလား၊ နေ့တိုင်း အသိအမှတ်ပြုရမှာလား။

"နေ့တိုင်း အသိအမှတ်ပြုရမှာပါဘုရား"

ဒါဖြင့် ဘုရားရဲ့မေတ္တာ ကရုဏာနဲ့ ရည်ရွယ်ချက်ကို အသိအမှတ်ပြုချင်တယ်ဆိုရင် ဘာသိအောင် လုပ်ရမှာလဲ?

"သစ္စာသိအောင်လုပ်ရမှာပါဘုရား"

## အို နာ သေ ထပ်ဖြစ်တာ သံသရာ

ဒါဖြင့် အခု ဘုန်းကြီး တရားဟောနေတာ ဘာသိအောင် ဟောနေတာလဲ?

"သစ္စာသိအောင် ဟောနေတာပါဘုရား"

အေး ဒါကြောင့်မို့လို့ အဲဒီလို သူ့ပေါ်လာတိုင်း သူပေါ်လာတိုင်း ကိုယ်ကိုယ်တိုင်က သိသိပေးသွားရင်၊ အဲဒီလိုသိအောင် တရားနာတာကို အလွယ်ကျက်မှတ် ဟုတ်ပြီနော်။

သူ့ပေါ်လာတိုင်း ပေါ်လာတိုင်း ပူတာ လောင်တာ လှုပ်တာ ညောင်းတာ ကိုက်တာ ခဲတာပေါ်လာတိုင်း အဲဒါ ဒုက္ခသစ္စာပဲ လို့ သိပါ။ ခန္ဓာပြတိုင်း သိတာက

ခန္ဓာက ပူတာလေးပြရင် ဘာသစ္စာပြတာလဲ?

"ဒုက္ခသစ္စာပြတာပါဘုရား"

အောင့်တာလေး ပြရင်ကော?

"ဒုက္ခသစ္စာပြတာပါဘုရား"

နာတာလေးပြရင်ကော?

"ဒုက္ခသစ္စာပြတာပါဘုရား"

မေးလို့တော့ ဖြေတတ်ပြီ။ အရေးကြီးတာက မေးလို့ ဖြေတတ်တာက အလွယ်ကျက်မှတ်။

မေးလို့ ဖြေတတ်တာက?

"အလွယ်ကျက်မှတ်ပါဘုရား"

သူ့ပြတိုင်း ကိုယ်သိလိုက်တာက?

"သိစေအပ်သည်ပါဘုရား"

ပေါင်းလိုက်တော့ အလွယ်ကျက်မှတ် သိစေအပ်သည်။ သစ္စာသိရင် ဘယ်က လွတ်မှာလဲ? သံသရာက လွတ်မယ်။

သစ္စာသိရင် ဘယ်က လွတ်မှာလဲ?

"သံသရာက လွတ်မှာပါဘုရား"

ကိုင်း အခု ယောဂီကို တရားဟောနေတာ ဘယ်လောက်ကြာပြီထင်လဲ၊ တစ်နာရီပြည့်သွားပြီ။

အဲဒါ သိလို့ရှိလျှင် ဘယ်က လွတ်မှာလဲ၊ သံသရာက လွတ်မှာ။ ယောဂီတို့ ဆုတောင်းတဲ့အခါကျတော့ သံသရာက လွတ်ပါရစေဘုရား၊ ဝဋ်က လွတ်ပါရစေဘုရားလို့ ဆုမတောင်းဘူးလား?

"တောင်းပါတယ်ဘုရား"

တောင်းတော့ တောင်းပြီ။ သံသရာဆိုတာ ဘာပြောတာလဲ။ အဆင့်တော့ မြင့်တယ်။ အဆင့်မြင့်တဲ့ တရားသွား။ ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တွေ မပြတ်ဖြစ်ပေါ်နေတာ သံသရာပဲ။ ဒါ အဆင့်မြင့်သွားပြီနော်။

အရပ်ထဲက ဘိုးဘိုးဘွားဘွား၊ သားငယ် သမီးငယ် ကုန်သည် ပွဲစား ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့သူတွေ နားလည်အောင် ပြောရရင် အိုနာသေ ထပ်ကာ ထပ်ကာ ဖြစ်နေတာဟာ သံသရာ။

## ရုပ်နာမ်မသိလျှင် တိရစ္ဆာန်ပင်

တချို့ကပြောတော့ ဗုဒ္ဓဘာသာဝင်။ ဒီတရားတို့နဲ့ မဆိုင်ဘူးတဲ့။ ကဲ ဘယ်လောက်များ နစ်နာနေပြီလဲဆိုတာ တွက်ကြည့်။

ပြောတော့ ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

တို့ ဒကာ ဒကာမတွေ သိပ်ကံကောင်းတယ်နော်၊ ဟော အအို ကြီး ကိုယ့်ခန္ဓာထဲမှာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

အနာကော?

"ရှိပါတယ်ဘုရား"

မကြာခင် ဘာဖြစ်မှာလဲ?

"သေမှာပါဘုရား"

ကိုယ်နဲ့ မဆိုင်ဘူးလား?

"ဆိုင်ပါတယ်ဘုရား"

စဉ်းစားပါ။ ခန္ဓာရှိရင် အိုမှာပဲ၊ ခန္ဓာရှိရင် နာမှာပဲ၊ ခန္ဓာရှိရင် သေမှာပဲ၊ ဘာဆန်းလဲ။ ခွေးသေဝက်သေက မဆန်းဘူး။ သဘော ကျရဲ့လား။

ဆိုလိုတာက ယောဂီတို့ရေ တို့မှာ ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

အကျဉ်းချုပ်တော့ ဘာနဲ့ ဘာလဲ?

"ရုပ်နဲ့ နာမ်ပါဘုရား"

တိရစ္ဆာန် သတ္တဝါတွေကျတော့ သူတို့ခန္ဓာငါးပါး သူတို့ သိလား?

"မသိပါဘုရား"

သူတို့ရုပ်နာမ် သူတို့သိလား?

"မသိပါဘုရား"

ဘာဖြစ်လို့ မသိတာလဲ?

"တိရစ္ဆာန်မို့ပါဘုရား"

စဉ်းစား။ ဒီလောက်ပဲ ပြောပါရစေ။ ဒီလောက်ပဲ ပြောပါရစေ။ ကိုယ့်ခန္ဓာငါးပါး၊ ကိုယ့်ရုပ်နာမ်တရားကို မသိရင် ကိုယ် ဘာဖြစ်သွားမလဲ၊ သဘောကျရဲ့လား။ အားလုံးကိုပြောတာ မလျှော့တော့ဘူး။

တရားဟောတာ လျှော့ဟောရမှာလား၊ တည့်တည့်ဟောရမှာလား?

"တည့်တည့်ဟောရမှာပါဘုရား"

လျှော့ဟောရင် ယောဂီတို့နာမယ်။ လျှော့ဟောရင် နာပြီ။ ကိုယ့်အဖြစ်မှန် မသိရတော့ဘူးလေ။ အမှန်တော့ သတင်းဆိုတာ အမှန်တရားက အကောင်းဆုံးပဲ။

ယောဂီတို့ သတင်းစာဖတ်တယ်ဆိုတာ အမှန်သိချင်လို့ မဟုတ်လား၊ တရားနာတာကော?

"အမှန်သိချင်လို့ပါဘုရား"

ဒါဖြင့် ယောဂီတို့ လျှော့ဟောရမှာလား၊ အမှန်ဟောရမှာလား?

"အမှန်ဟောရမှာပါဘုရား"

ဒကာကြီးက အမှန်သိချင်လို့ လာအားထုတ်တာကို ဘုန်းကြီးကလည်း အမှန်သိချင်လို့ ပလ္လင်ပေါ်ရောက်လာတာ ဟုတ်ပြီနော်။

## အဝိဇ္ဇာရှိတော့ အသိမဝင်နိုင်

ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပြောတယ်။ ဒီစကားက ဘုန်းကြီးမပြောရဲဘူး။ လယ်တီဆရာတော်ဘုရား

ကြီးက 'မေထုန်မှီ အိပ်စားလို့၊ ယောကျ်ားတဲ့နွားမှာ၊ သိပညာ တတ်တစ်ပါး နွားထက်ပိုသာ' တဲ့။

နွားဆိုတာ လူလား၊ တိရစ္ဆာန်လား?

"တိရစ္ဆာန်ပါဘုရား"

တိရစ္ဆာန်ထက်သာချင်ရင် အသိပညာပွားလိုက် ဟုတ်ပြီလား။ ပူတာ အေးတာ သိရုံနဲ့ ငါတို့ လူဖြစ်ပြီဆိုရင် တိရစ္ဆာန်လေးတွေ အပူအအေး မသိဘူးလား?

"သိပါတယ်ဘုရား"

သိလို့ မိုးရွာတော့ အရိပ်ထဲ ခိုတာပေါ့ဗျ။ အေးလွန်းတော့လည်း နွေးမည့်နေရာလေးတွေ မရှာဘူးလား။ မီးပူတို့ ပြာပူတို့နဲ့ တွေ့ရင် သူ ပြေးတာပေါ့ဗျ။ အေးမှန်း နွေးမှန်း သူမသိဘူးလား?

"သိပါတယ်ဘုရား"

အစားကောင်းကောင်းလေး။ ဒီအစားကောင်းတယ်၊ ဒီအစားမကောင်းဘူးသိရုံနဲ့ ငါတို့ လူဖြစ်ပြီဆိုရင် အိမ်က မွေးထားတဲ့ ခွေးစမ်းသပ်ကြည့်။ အချဉ်ဟင်းတစ်ပန်းကန် ထမင်းနဲ့နယ်ထား။ ကြက်သားဟင်းတစ်ပန်းကန် ထမင်းနဲ့နယ်ထား။ နှစ်ပန်းကန်ချထား။ ခွေးကိုခေါ်ပြီး အစားခိုင်းရင် ဘယ်ဟာစားမလဲ?

"ကြက်သားစားမှာပါဘုရား"

ဘယ်ဟင်းမကောင်းဘူး၊ ဘယ်ဟင်းကောင်းတယ်တော့ ခွေးလည်းသိပါတယ်၊ ဒီလောက်လေးသိရုံနဲ့ လူဖြစ်ပြီလား?

"မဖြစ်သေးပါဘုရား"

ဒါပြောတာဗျာ၊ အားလုံးသဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

ငါတို့ ကားကောင်းကောင်းစီးနိုင်ရုံနဲ့ လူဖြစ်ပြီလား?

"မဖြစ်သေးပါဘုရား"

လယ်(န်)ခရူဇာဆိုတာ ဘုန်းကြီးတို့ ကြားပဲကြားဖူးတယ်။

တစ်ခါမှ မစီးဖူးသေးပါဘူး။ ရန်ကုန်က သူဌေးတွေ၊ မန္တလေးက သူဌေးကြီးတွေ၊ ခွေးချစ်တတ်သော သူဌေးကြီးတွေရဲ့ ခွေးတွေကတော့ လေ ဂေါက်ရိုက်သွားရင်လည်း အဲဒီခွေးတွေကို ကားပေါ်တင်သွားတာ"

ကားကောင်းကောင်းစီးနိုင်ရုံနဲ့ လူ ဖြစ်ပြီလား?

"မဖြစ်သေးပါဘုရား"

ဟော်တယ်ထဲက မွေးစားထားတဲ့ခွေးတွေ အကုန် လူဖြစ်မှာပေါ့၊ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

ဒါဖြင့် အပူအအေးသိရုံနဲ့ ကောင်းကောင်းကလေးနေရ ထိုင်ရရုံနဲ့၊ ဒါကတော့ အစားကောင်း၊ ဒါကတော့ အစားညံ့သိရုံနဲ့ လူ ဖြစ်ပြီလား?

"မဖြစ်သေးပါဘုရား"

တိရစ္ဆာန်တွေ မသိတဲ့အရာကို တို့သိလိုက်မှ တို့ဟာ လူစင်စစ် သဘောကျရဲ့လား။

တိရစ္ဆာန်တွေမှာ ခန္ဓာငါးပါး မရှိဘူးလား?

"ရှိပါတယ်ဘုရား"

သိလား?

"မသိပါဘူးဘုရား"

ဘာဖြစ်လို့ မသိတာလဲ?

"တိရစ္ဆာန်မို့ပါဘုရား"

ယောဂီတို့ ဖြေတာနော်၊ ဘုန်းကြီးကို လွှဲမချနဲ့။

သူတို့ ဘာဖြစ်လို့မသိတာလဲ?

"တိရစ္ဆာန်မို့လို့ မသိတာပါဘုရား"

ယောဂီတို့မသိတာက အဝိဇ္ဇာရှိနေလို့။

ယောဂီတို့မသိတာက ဘာရှိနေလို့လဲ?

"အဝိဇ္ဇာရှိနေလို့ပါဘုရား"

အဝိဇ္ဇာရှိနေလို့ မသိတာ၊ လူဖြစ်ရက်နဲ့ မသိတာက အဝိဇ္ဇာ ရှိနေလို့။ တိရစ္ဆာန်ဖြစ်နေလို့ပါဘုရား သွားမလုပ်နဲ့။

ဘာရှိနေလို့လဲ?

"အဝိဇ္ဇာရှိနေလို့ပါဘုရား"

## ဆရာတော်ကြီးတွေ ဩဝါဒ ဖောက်သည်ချတာပါ

ဒါပေမဲ့ ဆရာတော်ကြီးတွေကတော့ ပြောတယ်။ 'သိသင့် သိအပ်တာကို မသိရင် လူ့တိရစ္ဆာန်ကွ' တဲ့။ မိုးကုတ်ဆရာတော်ဘုရား ကြီးတို့၊ ဝေဘူဆရာတော်ဘုရားကြီးတို့၊ စွန်းလွန်းဆရာတော်ဘုရားကြီး တို့၊ မဟာစည်ဆရာတော်ဘုရားကြီးတို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရား ကြီးတို့ကတော့ ပြောတယ်။

ဟော့ မေထုန်မှီအိပ်စား၊ ယောကျ်ားတဲ့နွားမှာ၊ သိပညာ တတ် တစ်ပါး၊ နွားထက်ပိုသာ။

ကိုယ့်ခန္ဓာရှိ ကိုယ့်ဉာဏ်သိနဲ့ မကိုက်ရင် အဲဒါ လူ့တိရစ္ဆာန်ကွ လို့ ဆရာတော်ကြီးတွေကတော့ မသုံးဘူးလား?

"သုံးပါတယ်ဘုရား"

ဆရာတော်ဘုရားကြီးတွေ ပြောသွားတာကို ဖောက်သည်ချ ပြတာ။

ဘုန်းကြီးက ဟောတာလား၊ ဖောက်သည်ချတာလား။

"ဖောက်သည်ချတာပါဘုရား"

ဆရာတော်ကြီးတွေ ပြောသွားတာက ဒီလိုလို့ ဘုန်းကြီးက ပြောပြတာ။ ဘုန်းကြီး ဒါတွေ မပြောရက်ဘူး။ ဆရာတော်ကြီးတွေ ပြောသွားတာ မပြောရင်လည်း တာဝန်မကျေဘူး။ ဆရာတော်ကြီးတွေ ပြောပြတာကို ငါ ပြောပြလိုက်ဦးမယ်ဆိုပြီးတော့ ပြောတာနော်။

သိသင့် သိအပ်တာကို မသိရင် ဘာတိရစ္ဆာန်လဲ ။ လူ့တိရစ္ဆာန်။ ဖြစ်ချင်သလား?

"မဖြစ်ချင်ပါဘူးဘုရား"

မဖြစ်ချင်ရင် သိသင့်သိအပ် သိထိုက်တာကို သိအောင် ကြိုးစားလိုက်ပါ။ သဘောကျရဲ့လား။

လူသားစင်စစ် (ပရမတ္ထမနုဿ) ဖြစ်ချင်တယ်ဆိုရင် "အတ္ထံ နတ္ထံ ဇာနာတိ၊ မနုသီသိ မနုဿော" တဲ့။ လူဆိုတာ အကြောင်း အကျိုး အကောင်းအဆိုး၊ ဟုတ်သည် မဟုတ်သည်၊ မှန်သည် မမှန်သည်၊ အကျိုးရှိ မရှိကို သေချာစိစစ်ပိုင်းခြား နားလည်ရ မယ်။ လောကီ လောကုတ် ဘယ်အလုပ်ပဲ လုပ်လုပ် ဒီအတိုင်း စိစစ်ပြီး လုပ်တတ်မှ သာလျှင် လူစင်စစ်လို့ ခေါ်တယ်။

သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

ဒါ ဘုန်းကြီးရဲ့အဆိုအမိန့် မဟုတ်ဘူး၊ ဆရာတော်ကြီးတွေရဲ့ အဆိုအမိန့်။

"မှန်ပါဘုရား"

## သစ္စာတရားနာ ဉာဏ်နားပါပါစေ

သစ္စာသိအောင် ကြိုးစားလိုက်တော့ တို့မှာ ခန္ဓာ ဘယ်နှပါးလဲ?

"ငါးပါးပါဘုရား"

ခန္ဓာရတော့ မအိုချင်လည်း?

"အိုရမှာပါဘုရား"

မနာချင်လည်း?

"နာရမှာပါဘုရား"

မသေချင်လည်း?

"သေရမှာပါဘုရား"

သစ္စာတရားကိုနာရင် ဉာဏ်နားနဲ့နာပါ။

သစ္စာတရားကို နာရင်?

"ဉာဏ်နားနဲ့ နာရမှာပါဘုရား"

အမေပေးတဲ့ ကံနားကြီးနဲ့ နာနေလို့ကတော့လေ 'တရားကြီးက ကြမ်းကိုကြမ်းတယ်။ တော်ပြီ နက်ဖြန်မလာတော့ဘူး။ သူ့တရားလည်း နာရသေးတယ်၊ လူလည်း တိရစ္ဆာန်ဖြစ်ရသေးတယ်။ မနာဘူးဟေ့' ဉာဏ်မပါရင် ပြောပါတယ်။

တို့ဒကာ ဒကာမတွေ ဉာဏ်ပါသားပဲ၊ ဟုတ်တယ်မဟုတ်လား၊ ဉာဏ်ပါလို့ တရားပွဲထဲ ဘယ်သူမှ ရိုက်စရာမလိုဘဲ ရောက်လာတာ၊ ဟုတ်တယ်မဟုတ်လား။

ဘာပါလို့ ရောက်လာတာလဲ?

"ဉာဏ်ပါလို့ပါဘုရား"

ဉာဏ်သမားကို တရားဟောရင် ကွေ့ပတ်ပြီး ဟောရမှာလား၊ တည့်တည့်ဟောရမှာလား?

"တည့်တည့်ဟောရမှာပါဘုရား"

ယောဂီတို့ကို မေးရဦးမယ်၊ ဝေ့ဝိုက်ပြီးတော့ ချော့ဟောတာရယ်၊ သာသာထိုးထိုး တည့်တည့်ဟောတာရယ်၊ ဘယ်ဟာ ပိုကြိုက်သလဲ?

"တည့်တည့်ဟောတာ ကြိုက်ပါတယ်ဘုရား"

ကိုယ့်ဟာကိုယ် ဖြေတာနော်၊ ကိုယ့်ဟာကိုယ် ဖြေတာ။ ဘုန်းကြီးနဲ့ ဒီကိစ္စ ဘာမှ မဆိုင်ဘူး"

ယောဂီတို့က မှန်မှန်ကန်ကန် တည့်တည့်ဟောတာ ကြိုက်လား၊

ဝေ့ဝိုက်တာ ကြိုက်လား?

"တည့်တည့်ဟောတာ ကြိုက်ပါတယ်ဘုရား"

ဘယ်လို ဘယ်လိုကြိုက်လဲ?

"မှန်မှန်ကန်ကန်ပါဘုရား"

အေး ဟုတ်ပြီ။ ဒါဆိုရင် ဒေါနဘွားက ဒကာ ဒကာမတွေ ဘုန်းကြီးနဲ့တည့်ပြီ ဟုတ်လား။ ဆရာဒကာဆိုတာ အပေးအယူ ညီမျှမှ ဟုတ်ရဲ့လား။ ဆရာကတော့ သစ္စာသိအောင် ဟောချင်တယ်၊ တပည့်က လက်မခံချင်ရင် ရန်တွေဖြစ်တတ်တယ်။

အဲဒီတော့ ဒကာ ဒကာမတွေ နာနိုင်တဲ့ဉာဏ်နား မပါဘူးလား?

"ပါပါတယ်ဘုရား"

ဉာဏ်နားပါလို့မို့ ဒီအပြောကို လက်ခံနိုင်တာ၊ ဉာဏ်နားမပါရင် လက်မခံနိုင်ဘူးဗျ။ ကိုယ့်ဟာကိုယ် သိသိ မသိသိ သူပြောစရာ လိုလို့လား။ ဉာဏ်နားမပါရင် အဲဒီလိုဗျ။ ဘုန်းကြီးက ဒကာ ဒကာမ တွေကို သိပ်ဉာဏ်နားပါစေချင်တယ်။

## ဘယ်ဘဝရရ ဒုက္ခသစ္စာသာ

မြတ်စွာဘုရား လောကအလယ်မှာ ပွင့်တာဟာ သတ္တဝါတွေကို ဘာသိစေချင်လို့လဲ?

"သစ္စာလေးပါးပါဘုရား"

သစ္စာ ဘယ်မှာရှိသလဲ?

"ခန္ဓာမှာ ရှိပါတယ်ဘုရား"

အိုရ နာရ သေရတာသည် တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ် လား?

"အကြိမ်ကြိမ်ပါဘုရား"

အတိတ်တုန်းကလည်း အိုနာ မသေခဲ့ဘူးလား?

"သေခဲ့ပါတယ်ဘုရား"

အတိတ်တုန်းက မသေဘဲနဲ့ အခု ခန္ဓာရတာလား၊ သေပြီးမှ ရတာလား?

"သေပြီးမှ ရတာပါဘုရား"

အခုတော့လည်းပဲ ယောဂီတို့ အချိန်တန်ရင် ဘာဖြစ်ရဦးမှာလဲ?

"သေရမှာပါဘုရား"

သေရဦးမယ်နော်၊ နောက်တစ်ခါများ ခန္ဓာပြန်ရမယ်တဲ့၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ပြန်ရရင်လည်း ဘာဖြစ်ဦးမှာလဲ?

"သေရမှာပါဘုရား"

သေရတာလည်း တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အဲဒီလို အိုနာသေ အကြိမ်ကြိမ်အဖန်အဖန် အထပ်ထပ်ဖြစ်နေလို့ သံသရာလို့ခေါ်တာ ရှင်းပြီလား။ ဒါဖြင့် သံသရာဆိုတာ ဘာပြောတာလဲလို့မေးရင် အိုနာသေ ထပ်ကာ ထပ်ကာဖြစ်နေတာသည် သံသရာ။

ဟောကြည့်စမ်း။ မနေ့ကထက်စာရင် စက်ဝိုင်းကလေး ဆိုတတ်လာပြီ။ သံသရာအဓိပ္ပာယ်ကိုလည်း နားလည်လာပြီ။ အားလုံး ရှင်းကော ရှင်းရဲ့လား။

ဒါဖြင့် အိုနာသေတာ ဘာရှိလို့လဲ?

"ခန္ဓာရှိလို့ပါဘုရား"

အတိတ်တုန်းကလည်း ဘာရခဲ့တာလဲ?

"ခန္ဓာရခဲ့တာပါဘုရား"

ဟော အခုရော ဘာရနေတာလဲ?

"ခန္ဓာပါဘုရား"

ဒီဘဝ သစ္စာမသိရင် အနာဂတ် ဘာရဦးမလဲ?

"ခန္ဓာပါဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

ဒါကြောင့် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စ သမုပ္ပါဒ်တွေ ထပ်ကာ ထပ်ကာဖြစ်နေတာသည် သံသရာ။ ရှင်းပြီလား။

ကိုင်း ကောင်းပြီ။ အိုရ နာရ သေရတာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား။

အဲဒီ ဆင်းရဲတဲ့ အိုနာသေ သဘောတရားကြီး ဘယ်မှာ ရှိတာလဲ၊ ဟောဒီခန္ဓာမှာ မရှိဘူးလား ရှိသလား?

"ရှိပါတယ်ဘုရား"

အတိတ်တုန်းကလည်း မအိုခဲ့ဘူးလား?

"အိုခဲ့ပါတယ်ဘုရား"

မနာခဲ့ဘူးလား?

"နာခဲ့ပါတယ်ဘုရား"

မသေခဲ့ဘူးလား?

"သေခဲ့ပါတယ်ဘုရား"

သူများ အိုနာသေတာလား၊ ကိုယ်တိုင် အိုနာသေတာလား?

"ကိုယ်တိုင် အိုနာသေတာပါဘုရား"

အိုရ နာရ သေရတာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။

ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

အတိတ်ကရခဲ့တဲ့ ခန္ဓာကလည်း ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

ဘယ်ဘဝရရ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

## မသိလို့တောင်းတာ အဝိဇ္ဇာနဲ့တဏှာ

ဒုက္ခ သစ္စာရမှာပါလို့ အတိတ်က သိခဲ့လား?

"မသိပါဘုရား"

မသိတာက အဝိဇ္ဇာ။

မသိတဲ့အခါကျတော့ ဟိုဘဝက ကုသိုလ်ပြုပြီး ဆုမတောင်းဘူးလား?

"တောင်းပါတယ်ဘုရား"

မလိုချင်လို့လား၊ လိုချင်လို့လား?

"လိုချင်လို့ပါဘုရား"

ဟော လိုချင်တာက တဏှာ။ ဟုတ်ပြီနော် အခုမှ စနာတဲ့ယောဂီတွေ ဘာမှမခက်ဘူးနော်။ ကကြီးက စ ဟောနေတာနော်။

အခု ဒီမှာ ခန္ဓာမရဘူးလား?

"ရပါတယ်ဘုရား"

ရတဲ့ခန္ဓာ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါဘုရား"

အတိတ်တုန်းက ဒီလို အအိုခန္ဓာကြီး၊ အနာခန္ဓာကြီး၊ အသေခန္ဓာကြီးကိုယ်တိုင် မရဘူးလား၊ ရခဲ့လား?

"ရခဲ့ပါတယ်ဘုရား"

ရခဲ့တယ်။ ဒါပေမဲ့လည်းပဲ ဩော် အိုရတာ နာရတာ သေရတာဟာ ဒုက္ခသစ္စာပါလားလို့ ယောဂီတို့ အတိတ်က သိခဲ့ရဲ့လား?

"မသိခဲ့ပါဘုရား"

မသိခဲ့ဘူး၊ မအိုမနာမသေခဲ့လို့ မသိတာလား၊ အိုနာသေရက်နဲ့ မသိတာလား?

"အိုနာသေရက်နဲ့ မသိတာပါဘုရား"

အတိတ်ဘဝက မသိခဲ့ဘူး။ ကဲ အခုဘဝ ခန္ဓာရပြီ။ အတိတ်က မသိတာထားဦး။ အခုဘဝ အိုရ နာရ သေရတာဟာ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒါ ကာနေ့မှ အော်ဖော်ရလာတာ။ မသိဘူးဆိုတာက သိသယောင်ယောင်နဲ့ မသိတာ။ ဘယ်အချိန်ရောက်ရင် သိသလဲဆိုရင် ဘုရားရှေ့ရောက်ရင် သိပြီ။ ဘုရားရှေ့ရောက်ရင်လေ။ အိုနာသေ ခန္ဓာကြီး ဒုက္ခသစ္စာမှန်းမသိတာက အဝိဇ္ဇာ။ နောက်တစ်ခါ ဘုရားရှေ့မှာ တစ်ခါတည်း လျှာသွက်သွက် အာသွက်သွက်နဲ့လေ ဘုံဘဝတွေ ရပါရစေ ဆုတောင်းနေတာက တဏှာ။

ဘုန်းကြီးပြောတာမယုံရင် လိုက်ကြည့်။ တန်ခိုးကြီးဘုရားရှေ့မှာ မဟာမုနိပဲ လေ့လာလေ့လာ၊ သကျသီဟပဲ လေ့လာလေ့လာ။ တို့အောင်တော်မူထဲက တန်ခိုးကြီးတဲ့ဘုရား၊ လူစုံတဲ့ဘုရားမှာ နည်းနည်းလေ့လာကြည့်။

ဟိုဘဝရချင်တာနဲ့၊ ဒီဘဝရချင်ရတာနဲ့ ဒီသား ဒီသမီး ဒီမြေး ဒီမြစ် ဒီတွတ်တွေနဲ့ ဥမကွဲသိုက်မပျက် တောင်းတဲ့ဆုတွေ နည်းလား?

"မနည်းပါဘုရား"

လိုက်လေ့လာကြည့်။ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေက သစ္စာသိပြီး ဆုတောင်းတာလား၊ မသိလို့ တောင်းတာလား?

"မသိလို့တောင်းတာပါဘုရား"

မသိတာက အဝိဇ္ဇာ တောင်းတာက?

"တဏှာပါဘုရား"

သူများကို လေ့လာစရာတောင်မလိုဘူး၊ ကိုယ်ကိုယ်တိုင် ဒီတရားမနာခင် ငယ်ငယ်ကတည်းက ဘာလုပ်ခဲ့တာလဲ?

"ဆုတောင်းခဲ့တာပါဘုရား"

ဆုတောင်းခဲ့တာ၊ ကိုယ်ကိုယ်တိုင် တောင်းခဲ့တာ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

မသိလို့ တောင်းခဲ့တာလား၊ သိလို့ တောင်းခဲ့တာလား?

"မသိလို့ တောင်းခဲ့တာပါဘုရား"

မသိတာက အဝိဇ္ဇာ၊ တောင်းတာက တဏှာ"

## ဂုံနီအိတ်နဲ့ ဆိုဖာ ထိုင်တာချင်းပဲ ကွာခြား

ရလာတာက တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ခန္ဓာရလာတော့ မအိုချင်လည်း?

"အိုရမှာပါဘုရား"

မနာချင်လည်း?

"နာရမှာပါဘုရား"

မသေချင်လည်း?

"သေရမှာပါဘုရား"

ဒီ အိုနာသေခန္ဓာကြီး ဘယ်သူနဲ့ ဘယ်သူ့ကြောင့်လဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါဘုရား"

အား မှန်လိုက်တာ။ ဘယ်သူနဲ့ဘယ်သူ့ကြောင့်လဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါဘုရား"

အိုနာသေ မသိတာက အဝိဇ္ဇာ၊ ဟိုဘဝ ဒီဘဝလိုချင်တာက တဏှာ။

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာကြောင့် အခုဘဝ ခန္ဓာ ဘယ်နှပါး ရသလဲ?

"ငါးပါးပါဘုရား"

အကျဉ်းချုပ်တော့ ဘာနဲ့ဘာ။ ရုပ်နဲ့ နာမ်။ ဟုတ်တာပေါ့။ ခုဟာ သူများရတာလား၊ ကိုယ်တိုင်ရတာလား?

"ကိုယ်တိုင်ရတာပါဘုရား"

အလိုလိုရတာလား အကြောင်းတရားကြောင့် ရတာလား?

"အကြောင်းတရားကြောင့် ရတာပါဘုရား"

အကြောင်းတရားက ဘာနဲ့ဘာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

လက်ာစက်ဝိုင်း ဘယ်နေရာမှာလဲ?

"အလယ်မှာပါဘုရား"

စက်ဝိုင်းနဲ့ထောက်တော့ သိသွားပြီ။

အရပ်ဖြစ်စဉ်ပြောဆို အရပ်စကားနဲ့ပြောရရင် ဘုရားရှေ့မှာ လှူရှည်ရှည်နဲ့ ဘဝတောင်းနေတာ။ ဘုရားရှေ့မှာ ဤကဲ့သို့ လှူရတန်းရတဲ့အတွက်ကြောင့် ဟိုဘဝလူဖြစ်ပါရစေ၊ နတ်ဖြစ်ပါရစေ၊ ဗြဟ္မာဘဝဖြစ်ရပါစေ။

ဘယ်ဘဝ ဘယ်ခန္ဓာတောင်းတောင်း မအိုချင်လည်း?

"အိုရမှာပါဘုရား"

မနာချင်လည်း?

"နာရမှာပါဘုရား"

မသေချင်လည်း?

"သေရမှာပါဘုရား"

အိုရ နာရ သေရတာဟာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

အဲဒါကို သူသိသလား?

"မသိပါဘုရား"

မသိလို့ တောင့်တတာပေါ့၊ သိရင် ဘယ်သူမှ မတောင့်တဘူး၊ သဘောကျရဲ့လား။ အဲဒီတော့ ပေးတဲ့လူကလည်း မသိလို့ပေးတာ။ ဤကဲ့သို့ လှူရတန်းရသောကြောင့် လူမင်းစည်းစိမ် အကြိမ်ကြိမ်၊ နတ်မင်းစည်းစိမ် အကြိမ်ကြိမ်၊ ဗြဟ္မာမင်းစည်းစိမ် အကြိမ်ကြိမ် ခံစားပြီး၍။

ဘယ့်နှယ်ခံစားမှာလဲ? စဉ်းစားနော်။ တွေ့ရမည့် လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

အိုနာသေရယ်လေဗျာ။ သဘောကျရဲ့လား။ စဉ်းစားပါ ယောဂီတို့ရေ ဂုံနီအိတ်ပေါ်အိပ်တဲ့ တိရစ္ဆာန်နဲ့ ဆိုဖာပေါ်ထိုင်တဲ့လူ ဒါပဲကွာတယ်။ ရှင်းရော ရှင်းရဲ့လား?

"ရှင်းပါတယ်ဘုရား"

"ဒါပဲကွာတယ်၊ ဒါလေး ဒါလေးပဲ။ တို့က ဆိုဖာပေါ်ထိုင်တယ်။ သူကတော့ ဂုံနီအိတ်ပေါ်ထိုင်တယ်။ ဒါပဲကွာတယ် စဉ်းစား။ တို့လည်း အိုနာသေလမ်းကို သွားသလို အမြီးနဲ့နေတဲ့ တိရစ္ဆာန်ကလေးတွေလည်း

"အိုနာသေလမ်းကို သွားတာပါဘုရား"

ဒါပဲ အတူတူပါပဲ။ နောက်ဆုံးတွက်ကြည့်တော့ အတူတူပါပဲ။ သဘောကျရဲ့လား။

## မာနခံလျှင် အမှန်မမြင်ဘူး

ပကာသန အပေါ်ယံဂုဏ်ကလေးတွေကို အဟုတ်ထင်ပြီးတော့မှ သာယာနေတာနဲ့ပဲ ကိုယ့်ဘဝလမ်းကြောင်းကို အမှန်မသိဘူး။ အို မသိ နာမသိ သေမသိ။ မသိသာ မသိတယ်။ မသိရင်းနဲ့ပဲ နောက်ဆုံးတော့ ခေါင်းထဲဝင်သွားတာပဲ။

မသိရင်းနဲ့သေ၊ မသိရင်းနဲ့ ဆေးရုံတက်၊ မသိရင်းနဲ့ပဲ ဆံပင်ဖြူလာတာ၊ ဟုတ်ကော ဟုတ်ရဲ့လား။

အဲဒီလိုမသိအောင် ဖုံးထားတာက ဘယ်သူလဲ?

"အဝိဇ္ဇာပါဘုရား"

ဒီဘဝကို သာယာခင်မင်ပြီးတော့မှ တောင်းခဲ့တာက?

"တဏှာပါဘုရား"

ဒီခန္ဓာငါးပါး အလိုလိုရလာတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါဘုရား"

အကြောင်းတရားကို ကြည့်လိုက်တော့ ဘယ်သူနဲ့ ဘယ်သူလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

ဒါဖြင့် လောကဖြစ်စဉ်နဲ့ပြောရင် ဘုရားရှေ့မှာ ဆွမ်းတော်တင်ရင် ဆုတောင်းချင်သေးသလား။ ဟုတ်ပြီနော် ဘုရားရှေ့ ပန်းကပ်ရင်းနဲ့ ဘုံဘဝကို ဆုတောင်းနေတာ ဘယ်သူနဲ့ ဘယ်သူကိန်းလို့ ဆုတောင်းနေတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာကိန်းလို့ပါဘုရား"

သူများတောင်းတာလား ကိုယ်တိုင်တောင်းခဲ့တာလား?

"ကိုယ်တိုင်တောင်းခဲ့တာပါဘုရား"

တောင်းနေတဲ့အချိန် ကိုယ့်ဝမ်းထဲ ဘယ်သူနဲ့ ဘယ်သူ ကိန်းနေတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာ ကိန်းနေတာပါဘုရား"

ဒီတရားမနာခင်တုန်းက မသိဘူးဗျ။ အပြစ်ပြောနေတာလား၊ ဖြစ်စဉ် အမှန်ကလေး သိစေချင်တာလား?

"ဖြစ်စဉ်အမှန်ကလေး သိစေချင်တာပါဘုရား"

အဲဒါပါပဲဗျာ။ အပြစ်ပြောတယ် မယူပါနဲ့။ အပြောကြမ်းတာလား၊ အမြင်မှန်စေချင်တာလား?

"အမြင်မှန်စေချင်တာပါဘုရား"

အပြောကြမ်းတယ် မယူပါနဲ့။ တစ်သက်လုံးက တို့က အချော့ကြိုက်တဲ့လူတန်းစား။ ဟုတ်ရဲ့လား။ မာမာဆတ်ဆတ်ပြောရင်ကိုပဲ ငါတို့ပြောရမှာလား။ အဲဒါကိုက ကိုယ့်ဝမ်းထဲက ကျန်ရှိနေသေးတဲ့ မာနရဲ့ထုံးစံပဲ။ သဘောကျရဲ့လား။

အဖြစ်မှန်တရားကို ရှာနေတဲ့အချိန်မှာ မာနတရားကို လျှော့ထားလိုက်ပါ။ သဘောကျပြီနော်။ မာနတွေခံနေရင် ဘုန်းကြီးပဲခံခံ ယောဂီတို့ပဲ ခံခံ။ မာနခံရင် အမြင်မှန်မရဘူးဗျ။ သဘောကျရဲ့လား။

## ခန္ဓာရင်းမြစ် မူလဖြစ်

တရားနာတယ် တရားထိုင်တယ်ဆိုတာ ဒီတဏှာတို့ ဒီမာနတို့ ဒိဋ္ဌိတို့ နည်းနိုင်သမျှ နည်း၊ ပါးနိုင်သမျှ ပါး၊ ကုန်နိုင်သမျှ ကုန်အောင် ဆိုပြီး တို့က တရားအလုပ်လုပ်ကြရတာ။ သဘောကျရဲ့လား။

ဒါဖြင့် တရားဟောနေတာ ဘုံဘဝကောင်းစားရေးလား၊ အမြင်မှန် ရရှိရေးလား?

"အမြင်မှန်ရရှိရေးပါဘုရား"

ဒါကို သတိထားပါ။ သစ္စာတရားဆိုတာ တခြားတရားနဲ့ မတူဘူးနော်၊ ပြောရင် ပြတ်တယ်၊ မှန်ကန်ရမယ်၊ တိကျရမယ်။ ဖြစ်စဉ်နဲ့လည်း ကိုက်ရမယ်၊ သဘာဝလည်း ကျရမယ်။ မငြင်းဆန်တဲ့အနေအထားလည်း ရှိရမယ်။

အခု အိုနာသေ ဘယ်သူငြင်းရဲ့သလဲ?

"မငြင်းရဲပါဘူး"

ကိုယ်တိုင်ရနေတာ ဘယ်ငြင်းရဲလို့ရမလဲ? ဟုတ်ပြီလား။

ဒီရတဲ့ခန္ဓာက သူများက 'ရော့ အင့်'လို့ ပေးတာလား မသိဘဲ တောင်းလို့ ရတာလား?

"မသိဘဲ တောင်းလို့ရတာပါဘုရား"

မသိတာက အဝိဇ္ဇာ၊ တောင်းတာက တဏှာ၊ ရတာက ခန္ဓာ"

အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

အကြောင်းတရားက ဘယ်သူနဲ့ဘယ်သူလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

အခု ခန္ဓာ ဘယ်နှပါးရ?

"ငါးပါးပါဘုရား"

ဒါကြောင့်မို့လို့ ဒီခန္ဓာသည် အဝိဇ္ဇာနဲ့ တဏှာကြောင့် ရလာတာမို့ မူလနှစ်ဖြာ။

ဘာနှစ်ဖြာလဲ?

"မူလနှစ်ဖြာပါဘုရား"

မူလဆိုတော့ ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်။

မူလဆိုတာ ဘာပါလိမ့်?

"ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်ပါဘုရား"

စာလိုရေးတော့ မူလ၊ မြန်မာလိုပြန်တော့ ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်။

နောက်က ယောဂီတွေ ဖြေပေးနော်။ ယောဂီတို့က ခုမှ အသစ်။ ယောဂီတို့က ပိုကြိုးစားရမှာ ဟုတ်တယ်မဟုတ်လား။ ရှေ့ကလူတွေ အော်တာ မှိန်းမနေနဲ့ဗျ။ သူတို့က တက်ပြီးသား။ တက်လို့ ခွခွအော်နေတာ။ ဘုန်းကြီး ထပ်ကာထပ်ကာပြောနေတာ သူတို့အတွက် မဟုတ်ဘူး။ နောက်က လူတွေအတွက် ဟောနေတာ။ မသိသေးတဲ့ လူတွေအတွက် ကျေးဇူးဆပ်နေတာ။ သူတို့က ဘာလို့အော်ပေးလဲ၊ နောက်ကလူတွေပါအောင်လို့ အော်ပေးနေတာ။ သူတို့ဖြေတာနဲ့ ဖြေစရာမလိုဘူးဆိုပြီးတော့ မှိန်းမနေနဲ့။ အချောင်သမား နိဗ္ဗာန်မရဘူး။ သဘောကျရဲ့လား။

ယောဂီတို့ သစ္စာတရားနာတာ ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

တချို့က မဖြေတတ်ဘူး။ ကိုယ့်ဟာကိုယ် ဘာကြောင့်တရားနာမှန်းကို မသိတာ။

ခင်ဗျားတို့ ဘာဖြစ်လို့ သစ္စာတရားနာတာလဲ?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

ကဲ ကဲ လူလည်တွေပါဆိုမှ။ ဟော ဝုန်းကနဲဖြေချလိုက်တာ။ တချို့က ကိုယ့်ဟာကိုယ် တရားနာလို့ သူများဆွယ်လို့သာ တရားနာတာ၊ ဘာလုပ်လို့ လုပ်ရမှန်းကိုမသိဘူး။ ကဲ သူက ထိုင်ပြီး ထပြန်လာတာ။ တရားနာတယ် အောက်မေ့တာ။

ထိုင်ပြီး ထပြန်တိုင်းသာ တရားနာတယ်ဆိုရင် ဖဲသမားတွေ တရားနာတာ ဖြစ်ကုန်မယ်နော်။ သတိလည်း ထားကြဦး။

ဒါဖြင့်ရင် မူလနှစ်ဖြာကြောင့် အခု ခန္ဓာ ဘယ်နှပါးရ?

"ငါးပါးရပါတယ်ဘုရား"

အဓိပ္ပာယ်က မူလဆိုတာ ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်။ နက်ဖြန်မေးမယ်။ တော်ပြီ မသွားတော့ဘူး၊ နက်ဖြန်မေးမယ်တဲ့။ လုပ်မနေနဲ့ဦး။ အများနဲ့မေးမှာ၊ တစ်ယောက်စီ ဘယ်သူမှ မမေးဘူး။

မူလဆိုတာ ဘာလဲ?

"ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်ပါဘုရား"

နှစ်ဖြာဆိုတာ ဘာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

အဲဒီတော့ မူလနှစ်ဖြာကြောင့် ခန္ဓာ ဘယ်နှပါးရ?

"ငါးပါးရပါတယ်ဘုရား"

ရှင်းပြီနော်။ သစ္စာထည့်ချင်တယ်။ ယောဂီတို့ နားမလည်မှာ တရားများသွားမှာစိုးလို့။

ဆိုရိုးဆိုလိုက်၊ နက်ဖြန်ကျတော့ ဒီလောက် မများတော့ဘူး။ ကနေ့တော့ ဒီလောက်နဲ့ တော်ကြဦးစို့။ ကျန်တဲ့သင်တန်း နက်ဖြန်မှ ဆက်နာ။ ကဲ သာဓုခေါ်။

( သာဓု သာဓု သာဓုပါဘုရား)

# တတိယနေ့ ဟောစဉ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ နန်းတော်ရှေ့ ဒေါနဘွားရပ် အောင်ရတနာဓမ္မဗိမာန်တော်ကြီး၌ ဟောကြားအပ်သော နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ပဋိစ္စသမုပ္ပါဒ် အခန်းနှင့် သစ္စသံယုတ်ပါဠိတော် ဓမ္မသင်္ဂဏီပါဠိတော် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကို အခြေခံ၍ ဟောကြားအပ်သော **"ဗုဒ္ဓဘာသာဒေါ်မျိုးနဲ့ သစ္စာလေးပါးအမှတ်(၃)"** တရားတော်။

ဤတရားတော်ကြီးကို မဟောကြားသေးမီ၊ မနာကြားကြသေးမီ တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို အာရုံပြုပြီးတော့ နမောတဿသုံးကြိမ်ဖြင့် ညီညာဖြဖြ ကန်တော့လိုက်ကြပါဦးစို့။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဟောသူရော နာသူပါ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို ဦးထိပ်မှာထားပြီး ဟောကြ နာကြမှာဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး ရေးသားသီကုံးတော်မူသော "မူလနှစ်ဖြာ လင်္ကာဆောင်ပုဒ်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲစလိုက်ကြရအောင်။

❄ **မူလနှစ်ဖြာ၊ သစ္စာနှစ်ခု**

**လေးခုအလွှာ၊ အင်္ဂါဆယ်နှစ်ပါး**

**တရားကိုယ်များနှင့်၊ သုံးပါးအစပ်**
**နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်**
**ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်**
**ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်**
**သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။**

အားလုံးပဲ လက်အုပ်ချီလေးတွေချထား။ မျှတသော ဣရိယာပုတ်ဖြင့် စိတ်ချမ်းသာသလိုထိုင်ပြီး ဟောကြားလတ့်သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

## ဗုဒ္ဓဘာသာရဲ့ ယုံကြည်ချက်

တို့အားလုံး တရားနာကြတဲ့ ယောဂီသူတော်ကောင်းတို့ ....။ ယောဂီတို့ဟာ ဘာသာတရားအရပြောရရင် ဘယ်ဘာသာဝင်တွေပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား"

အေး ... ဗုဒ္ဓဆိုတာ ဘာပါလိမ့်?

"ဘုရားပါ ဘုရား"

ဘာသာဆိုတာက ဘာပါလိမ့်?

"စကားပါဘုရား"

ဝင်ဆိုတာက ဘာပါလိမ့်?

"နားထောင်တာပါဘုရား"

ဟော– ဗုဒ္ဓဘာသာဝင်ဆိုတာ ဘယ်သူ့စကား နားထောင်ရတာပါလိမ့်?

"ဘုရားစကား နားထောင်ရတာပါဘုရား"

ကိုင်း– ဘုန်းကြီးတို့ ယောဂီတို့ ကိုးကွယ်တဲ့ မြတ်စွာဘုရားဘာသိပြီး ပွင့်ပါလိမ့်?

"သစ္စာလေးပါးပါ ဘုရား"

သူ့ရဲ့ ရွှေနှုတ်တော်က ဘာစကားပြောပါလိမ့်?

"သစ္စာစကားပြောပါတယ်ဘုရား"

အဲဒီသစ္စာစကားအတိုင်း လေးစားနာ:ထောင်ပါမယ်ဆိုတဲ့ ပုဂ္ဂိုလ်က ဘယ်ဘာသာဝင်ပါလိမ့်?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြောတယ်။ "ငါဘုရားရဲ့သာသနာ၊ ဘုရားရဲ့အဆုံးအမကို ခံယူပါမယ်ဘုရား။ တပည့်တော် တပည့်တော်မတို့ကို ဗုဒ္ဓဘာသာအဖြစ် မှတ်ယူတော်မူပါဘုရား" လို့ ဝင်ရောက်လာကြတဲ့၊ အမည်ခံကြတဲ့၊ ကျင့်သုံးကြတဲ့ ဗုဒ္ဓဘာသာ အမျိုးအစားဟာ နောင်အနာဂတ်ကာလမှာ ငါးမျိုးငါးစား ကွဲလိမ့်မယ်။

ဘယ်နှစ်မျိုးကွဲမှာလဲ?

"ငါးမျိုးငါးစား ကွဲမှာပါဘုရား"

ဘုန်းကြီးတို့ ပထမနေ့တုန်းက ယောဂီတို့ကို ကျေးဇူးဆပ်ခဲ့ပါလိမ့်မယ်။ ဗုဒ္ဓဘာသာရဲ့ မူဝါဒ၊ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာကို ပြောတယ်ဆိုတာကိုလည်း ဘုန်းကြီးရှင်းခဲ့လို့ အခု ယောဂီတို့ ဖြေလိုက်ပြီ။ ဘုရားစကားနာ:ထောင်တဲ့ ပုဂ္ဂိုလ်သည် ဗုဒ္ဓဘာသာဝင်ဖြစ်တယ်။ အဲဒီ ဗုဒ္ဓဘာသာဝင်မှာ ဘာဝါဒရှိသလဲလို့ တစ်ခါတစ်ဆင့် ထပ်မေးလို့ရှိရင် ဝိဘဇ္ဇဝါဒ။

ဗုဒ္ဓဘာသာမှာ ဘာဝါဒရှိသလဲ?

"ဝိဘဇ္ဇဝါဒပါဘုရား"

အေး- ဝိဘဇ္ဇဝါဒ။ တို့ လူငယ်တွေမှတ်ထားကြ။ ခရစ်ယာန်မှာကျတော့ အရာရာ ထာဝရက ဖန်ဆင်းတယ်။ သူတို့ကတော့ ဖန်ဆင်းရှင်ဝါဒကို အဓိကမထားဘူးလား၊ ထားသလား?

"ထားပါတယ် ဘုရား"

အစ္စလာမ်မှာဆိုလို့ရှိရင်လည်း အလ္လာက ဖန်ဆင်းတယ်။ ခိုဒါက ဖန်ဆင်းတယ်။ အေး – သူတို့ကောင်းတာပဲ လုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် သေခါနီးမှာ သူတို့ယုံကြည်ရတဲ့ ထာဝရယေရှုခရစ်၊ အလ္လာခိုဒါ စသည်ဖြင့် သူတို့ အမြတ်တနိုးကိုးကွယ်ခဲ့တဲ့ ဘုရားလို့ သမုတ်အပ်သော အဲဒီပုဂ္ဂိုလ်ကြီးတွေကို အာရုံပြုတမ်းတ မှန်းဆပြီးတော့ ယုံကြည်ချက်နဲ့သေရင် ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် ကောင်းကင်ဘုံနန်းမှာ တမန်အဖြစ်နဲ့ နေရတယ်လို့ သူတို့ဘာသာဝင် အသီးအသီး မယုံကြည်ဘူးလား၊ ယုံကြည်သလား ?

"ယုံကြည်ပါတယ်ဘုရား"

သူတို့က ဒီလို ယုံကြည်ကြတယ်။ တို့ ဗုဒ္ဓဘာသာကတော့ ဘုရားက ဒီလိုမဟောဘူး။ သူ့ကို ကြည်ညိုသည်ဖြစ်စေ၊ မကြည်ညိုသည်ဖြစ်စေ၊ သူ့ကို ကိုးကွယ်သည်ဖြစ်စေ၊ မကိုးကွယ်သည်ဖြစ်စေ၊ ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ယုံကြည်ချက်လို့ မှတ်ပါနော်။

## ကိုယ်လုပ်တာ ကိုယ်ခံရမယ်

အေး – ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ်၊ မကောင်းတဲ့ အပြစ်အနာအဆာသည် တို့ဘုရားကို ကြည်ညိုလိုက်ရုံနဲ့ တို့ဘုရားက မကောင်းမှုတွေကို ပယ်နုတ်ပြီး ကောင်းကျိုးတွေချည်း ဆောင်ပို့လိမ့်မယ်လို့၊ အကျိုးပေးအောင် ဖန်တီးလိမ့်မယ်လို့ တို့ဘုရား ပြောဖူးသလား ?

"မပြောဖူးပါဘူးဘုရား"

မပြောဖူးပါဘူး။ ကိုယ့်ကာယကံ ကိုယ့်ထံပြန်၊ ကိုယ့်ဝစီကံ ကိုယ့်ထံပြန်၊ ကိုယ့်မနောကံ ကိုယ့်ထံပြန်လို့ပဲ တို့ဘုရားက ဟောတယ်။

**အတ္တာဟိ အတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ၊**
**အတ္တနာဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။**

သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ ကောင်းကျိုးဆိုးကျိုးအရာ အားလုံးကို တစ်ဦးတစ်ယောက်သော သတ္တဝါက ဖန်တီးနေသည်မဟုတ်။ ကာယကံရှင်ကိုယ်တိုင်ကပင် ဆောင်ရွက်နေခြင်း ဖြစ်၏။

သဘောကျရဲ့လား ?

"သဘောကျပါတယ်ဘုရား"

ယောဂီတို့ ဒီစကားလေး မယုံရင် အခုလမ်းဘေးသွားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို နေရင်းထိုင်ရင်းကနေပြီးတော့မှ ထမိတိုတိုဝတ်ပြီး သွားဆဲကြည့်ပါလား။ ဟိုဘက်က တုန့်ပြန်မှုကလေးက ဘာလာမယ် ထင်တုန်း၊ဝိုင်းရိုက်မှာပေါ့။ ဟုတ်တယ် မဟုတ်လား။ မယုံရင်စမ်းကြည့်လိုက်လေ။

အဲဒီအချိန် တို့ဘုရား ဝင်သလား၊ မဝင်ဘူး။ သံဃာတွေရော ဝင်နိုင်သလား၊ မဝင်ဘူး။ ဘယ်သူမှ မဝင်ဘူး။ ကြမ်းတမ်းတဲ့ ဝစီကံ ပြောလိုက်တာက ကိုယ်ကိုယ်တိုင် ပြောလိုက်တာ။ ကိုယ်ကိုယ်တိုင် ပြောရင် ကိုယ်ကိုယ်တိုင် ခံလိုက်။ ဒါကြောင့် "ကိုယ့်ကာယကံ ကိုယ့်ထံပြန်၊ ကိုယ့်ဝစီကံ ကိုယ့်ထံပြန်၊ ကိုယ့်မနောကံ ကိုယ့်ထံပြန် တဲ့။

အဲဒီလို ကြမ်းတမ်းတဲ့ကံတွေ မဖြစ်အောင် မပြောခင်ကတည်းက ဉာဏ်နဲ့ထိန်း။

ဘာနဲ့ထိန်းရမှာလဲ ?

"ဉာဏ်နဲ့ထိန်းရမှာပါ ဘုရား"

ဒါကြောင့် တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကယ်တင်ရှင် မဟုတ်ဘူး။ တို့ ဗုဒ္ဓဘာသာဝင်တွေက အရေးကြုံရင် အချောင်သမားဝါဒနဲ့ ကယ်တော်မူပါဘုရား"

ဘုရားက ကောင်းကျိုးရဖို့ ဘယ်နှခါများ ဘယ်သူ့ကို ကယ်

တင်ခဲ့ဖူးသလဲ ?

"မကယ်ခဲ့ပါဘူးဘုရား"

ဆိုးကျိုးဖြစ်အောင် ဘယ်သူ့ကိုများ ဘယ်နှခါ ကျိန်ခဲ့သလဲ ?

"မကျိန်ခဲ့ပါဘုရား"

ကျိန်လည်း မကျိန်ခဲ့ဘူး၊ ကယ်လည်း မကယ်ခဲ့ဘူး၊ သဘော ကျရဲ့လား။

## အသေလွတ်ရာ လမ်းပြပါ

ဒါဖြင့်ရင် တို့က ဘာဖြစ်လို့ဘုရားကို ကိုးကွယ်နေရတာလဲ။ ကယ်တင်ခြင်းလည်း မရှိဘူး၊ လာဘ်လာဘပေါ်အောင်လည်း လုပ် မပေးနိုင်ဘူး။ အန္တရာယ်ကင်းအောင်လည်း လုပ်မပေးနိုင်တဲ့ သိဒ္ဓတ္ထ မင်းသားက တစ်ဆင့်တက်၊ သဗ္ဗညုသိမြင်တော်မူလာတဲ့ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားကို ဘာဖြစ်လို့ မိမိတို့ ဆွမ်းအိုး ကွမ်းအိုး စသည်ဖြင့် တစ်နေကုန် တစ်နေခန်း ပင်ပင်ပန်းပန်းရှာဖွေပြီးတော့မှ ရရှိလာတဲ့ အနာမာသဝတ္ထုတွေထဲကနေပြီးတော့ မြတ်မြတ်နိုးနိုး ဘာဖြစ်လို့ ကိုးကွယ်ဆည်းကပ်ကြတာလဲ။ ဘာဖြစ်လို့ ပူဇော်နေကြတာလဲလို့ မေးရင် တို့ဘုရား လောကအလယ်ပွင့်လာတာ လူတွေ အန္တရာယ် ကင်းဖို့၊ လာဘ်လာဘပေါ်ဖို့လား၊ အသေလွတ်ရာ ပို့ချင်လို့လား ?

"အသေလွတ်ရာ ပို့ချင်လို့ပါဘုရား"

အသေလွတ်ရာ ပို့ချင်တယ်ဆိုတာတောင် သူကိုယ်တိုင် ပို့နိုင် တာ မဟုတ်ဘူး။ ဒီလမ်းကြောင်းကသွားရင် မင်းတို့ အသေလွတ်ရာ ရောက်နိုင်တယ်ဟေ့လို့ လမ်းပြတာ။

အသေလွတ်ရာက တခြားလား၊ နိဗ္ဗာန်လား ?

"နိဗ္ဗာန်ပါဘုရား"

တို့ ဗုဒ္ဓဘာသာဝင်တွေ ဘုရားရှိခိုးတော့ မဂ်ဖိုလ်နိဗ္ဗာန် ရကြ တိုကိုနဲ့ ရပါစေဘုရားလို့ ဆုမတောင်းဘူးလား ?

"တောင်းပါတယ်ဘုရား"

ဘာဖြစ်လို့ တောင်းတာလဲ?

"လိုချင်လို့ပါဘုရား"

ဟုတ်တယ်လေ။ လိုချင်တာတော့ သိတာပေါ့။ ဘယ်က လွတ်ချင်လို့လဲ?

"အသေက လွတ်ချင်လို့ပါဘုရား"

ဘာဖြစ်လို့ အသေက လွတ်ချင်တာလဲ၊ သေရတာ စိတ်ညစ်လို့၊ အိုရတာ ဆင်းရဲလို့၊ နာရတာ ဆင်းရဲလို့။

ဒါကြောင့်မို့လို့ အိုနာသေတို့ရဲ့လွတ်ရာသည် ဘာလဲ?

"နိဗ္ဗာန်ပါဘုရား"

ဒါကြောင့် အသေလွတ်ချင်လို့ နိဗ္ဗာန်ကို တောင်းကြတာ။ မြတ်စွာဘုရားကလည်း ပြောတယ်။ "ဟော့... နိဗ္ဗာန်ရောက်ချင်ရင် ဒီလမ်း ဒီလမ်းက သွား။ ဤလမ်းသည် သုဂတိကို သွားတဲ့လမ်း။ ဤလမ်းသည် အပါယ်လေးဘုံဆင်းတဲ့လမ်း။ ဤလမ်းသည် သုဂတိမှ တဆင့် နိဗ္ဗာန်သွားတဲ့လမ်း။ မင်းတို့ ဒီလမ်းကိုသွားရင် အသေလွတ်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကို ရလိမ့်မယ်"လို့ မြတ်စွာဘုရားက အသေလွတ်ရာ လမ်းကြောင်းကို မပြဘူးလား ပြသလား?

"ပြပါတယ်ဘုရား"

အဲဒီလိုပြတတ်လို့ ဘုရားကို ကိုးကွယ်တာ၊ သဘောကျရဲ့လား။ အဲဒါမှ ထေရဝါဒစစ်စစ်တို့ရဲ့ အတွေးအခေါ်။ ဘုရားကို ရွှေချပေးရုံ လောက်၊ ဘုရားဆွမ်းတော်တင် ပန်းကပ်လောက်၊ ဘုရားရှေ့မှာဆု အရှည်ကြီးတောင်းဖို့လောက်ကတော့လေ ထေရဝါဒ ဗုဒ္ဓဘာသာသာဝင် စစ်စစ်မဖြစ်နိုင်သေးဘူးလို့ ဆိုးဖြတ်ပါ။

ဗုဒ္ဓဘာသာမဖြစ်ဘူး၊ လုံးလုံးမဖြစ်ဘူးလို့ ဘုန်းကြီးမပြော ဘူးနော်။ စစ်စစ်သာမဖြစ်သေးတာ။ ဒါကြောင့် ဗုဒ္ဓဘာသာစစ်စစ်ရဲ့ အတွေးအခေါ်ဟာ သန့်ရှင်းတယ်၊ ရိုးသားတယ်၊ ဖြူစင်တယ်၊ ဖြောင့်

မတ်တယ်၊ အကွေ့အကောက် ဘာမှမရှိဘူး၊ သဘောကျရဲ့လား။

ဘုရားနဲ့ ပတ်သက်လို့လည်းပဲ ဘာမှမျှော်လင့်ချက် မထားဘူး။ ဘုရားကို သူ ဘာကြောင့်ကိုးကွယ်သလဲ။ တို့မြတ်စွာဘုရားဟာ အသေလွတ်ရာ လမ်းကို ပြတတ်တယ်။ အခြားအခြားသော ထာဝရဘုရား၊ ခရစ်တော်ဘုရား၊ ဝိညာဉ်တော်ဘုရား၊ သားတော်ဘုရား၊ သုံးပါးပေါင်းတစ်ဆူ စသည်ဖြင့် အလ္လာခိုဒါစတဲ့ ဘုရားတွေ အသေလွတ်ရာလမ်းကို ပြသွားပါတယ်လို့ သူတို့ကျမ်းစာတွေမှာ ပါရဲ့လား?

"မပါပါဘုရား"

ဒါကြောင့်မို့လို့ ဘုရားဆိုပေမဲ့လည်း သူ့ဘုရား ငါ့ဘုရား၊ သူ့ဘာသာ ငါ့ဘာသာ အများကြီး မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အဲဒီထဲမှာ တို့ကိုးကွယ်နေတဲ့ မြတ်စွာဘုရားဟာ ဘယ်လမ်းကို ပြတတ်သလဲ?

"အသေလွတ်ရာလမ်းကိုပါ ဘုရား"

## ကိုးကွယ်ကာထား အကြောင်းများ

ဟော... အသေလွတ်ရာလမ်းဆိုတာ တခြားလား မဂ္ဂင်ရှစ်ပါးလား?

"မဂ္ဂင်ရှစ်ပါးပါဘုရား"

ဒါကြောင့် ဓမ္မစကြာမှာလေ။

**အဋ္ဌင်္ဂိကောမဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ** မဂ္ဂင်ဘယ်နှစ်ပါးလဲ?

"ရှစ်ပါးပါဘုရား"

အသေလွတ်ရာလမ်းကြောင်းက?

"မဂ္ဂင်ရှစ်ပါးပါဘုရား"

ဒါဖြင့် ဘုရားက မင်းတို့ အသေလွတ်ချင်ရင် ငါ့နားပူနားဆာ မတိုက်နဲ့။ အဲဒီလမ်းကိုသွား၊ အဲဒီလမ်းပေါ်ရောက်အောင်တက်၊ ကိုယ်တိုင်သွားမှ ကိုယ်တိုင်ရောက်မှ **"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"** အိမ်မှာလည်း မရွတ်ဘူးလား?

"ရွတ်ပါတယ်ဘုရား"

ရွတ်တော့ ရွတ်တယ် ဘာပြောမှန်းလည်း မသိဘူး။ ဒါကြောင့် မြတ်စွာဘုရားက သေသေချာချာ ပြောသားပဲ။ "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" မဂ္ဂဇင်ရှစ်ပါးလမ်းပေါ် သွားနိုင်တဲ့ ပုဂ္ဂိုလ်၊ ရောက်တဲ့ပုဂ္ဂိုလ်သည် အသေလွတ်ရာကိုရောက်မယ်။ ငါ့အားကိုးမနေနဲ့တဲ့။ ရှင်းရဲ့လား?

"ရှင်းပါတယ် ဘုရား"

အေး ဒါကြောင့်မို့လို့ ဘုရားဘာကြောင့် ကိုးကွယ်သလဲလို့ မေးရင် **"အသေလွတ်ရာ လမ်းကို ပြတတ်လို့ မြတ်စွာဘုရားအား ကိုးကွယ်ပါ၏။"** တရားတော်ကို ဘာကြောင့် ကိုးကွယ်သလဲလို့မေးရင် အသေလွတ်ရာ ပို့ဆောင်နိုင်လို့ တရားတော်ကို ကိုးကွယ်ပါ၏။

တို့ဒကာ ဒကာမတွေ တရားတွေနာကြတယ်၊ ခန္ဓာနဲ့ ဝိပဿနာ တရားတွေ ပွားများအားထုတ်ကြတယ်။ ကိုယ့်အိမ်မှာသော်လည်း ကောင်း၊ တရားစခန်းဝင်၍သော်လည်းကောင်း၊ နည်းစနစ်မှန်မှန်ကန် ကန် ဗုဒ္ဓအလိုတော်ကျ နည်းနာနိဿယယူပြီးတော့မှ စွမ်းနိုင်သမျှ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် အစရှိသည်ဖြင့် ကြိုးစားမယုတ်ပွားများ အားထုတ်ကြတယ်ဆိုတာ စဉ်းစားစမ်း။ ဘာဖြစ်လို့ ဒီလောက်ထိ ကြိုးစား အားထုတ်နေကြသလဲလို့ မေးရင် **"အသေလွတ်ရာ ပို့ဆောင် နိုင်လို့ တရားတော်ကို ကိုးကွယ်ပါ၏"** ဒီလိုမှ နားမလည်ရင် ကိုယ် ဘာကြောင့် ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုမှန်းတောင် မသိဘူး။

ခရစ်ယာန်၊ အစ္စလာမ်၊ ဂျိန်း၊ မဟာမေဒင်တွေ မသိတာ မပြောနဲ့။ ဗုဒ္ဓဘာသာအမည်ခံတဲ့ ပုဂ္ဂိုလ်တွေကိုက မသိပါဘူး။ သိ သယောင်ယောင်နဲ့ မသိတာအဆိုးဆုံးပဲ။ မေးရင်မသိဘူး။ "မသိဘူး

လား”လို့ မေးရင် “လူကို အထင်သေးတာလား”လို့။ ဟော... သိသယောင်ယောင်လုပ်တာ။ အဲဒီလူ ဘယ်တော့မှ အသိဉာဏ်မတိုးတော့ဘူးတဲ့၊ သဘောကျရဲ့လား။

အဲဒါကြောင့်မို့ အားလုံးသော တို့ ဒကာဒကာမတွေ တရားတော်ကို ဘာကြောင့် ကိုးကွယ်သလဲလို့မေးရင် အသေလွတ်ရာ ပို့ဆောင်နိုင်လို့ဟုတ်လား။

ဘုရားက ပြရုံပြတာ၊ ပြတတ်တာပဲရှိတာ။ ဘုရားက အသေလွတ်ရာကို ပြတတ်တယ်၊ တရားက အသေလွတ်ရာကို ပို့ဆောင်တယ်။ သဘောကျရဲ့လား။

ဒါဖြင့် သွေးမတော် သားမစပ် သံဃာတွေကို ဘာကြောင့်မို့လို့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ပံ့ပိုးပြီးတော့မှ လျှုဒါန်း ဆက်ကပ်ပူဇော်နေတာတုံးလို့ မေးရင် **အသေလွတ်ရာ တရားတော်ကို ဆောင်ထားနိုင်လို့ သံဃာကို ကိုးကွယ်ပါ၏။** ခရစ်ယာန်ကမေးမေး၊ အစ္စလာမ်ကမေးမေး၊ ဂျိန်ကမေးမေး၊ သားငယ်၊ သမီးငယ် တူငယ်သူမငယ်က မေးမေးဖြေတတ်ပါစေ။ သဘောကျရဲ့လား။

## ငါးမျိုးမှတ်ပါ ဗုဒ္ဓဘာသာ

တို့အားလုံး ဒကာဒကာမတွေက ဘယ်ဘာသာဝင်တွေလဲ?

“ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား”

ဗုဒ္ဓဘာသာဖြစ်ပြီးတော့ ငယ်ငယ်ကတည်းက ဆိုလာခဲ့တဲ့ ရတနာသုံးပါး၊ ဘာအဓိပ္ပာယ်နဲ့ဆိုမှန်း မသိတာလောက် ယောဂီတို့ကိုယ့်ဝမ်းထဲက ဘာသာရေးအားနည်းချက် ဘယ်လောက်ရှိနေပြီလဲ ဆိုတာ ကိုယ့်ဟာကိုယ် တိုင်းတာကြည့် သဘောကျရဲ့လား။

အေး တို့သားငယ်သမီးငယ်တွေ ဗုဒ္ဓဘာသာ သားငယ်သမီးငယ်တွေ။ အခြားအခြားသော ဘာသာခြားနဲ့ အိမ်ထောင်ကျသွားတာ

ဘာကြောင့်လဲ? ကိုယ့်ဘုရား တရား သံဃာ ရတနာသုံးပါးရဲ့ အကြောင်းကို ကိုယ်ကိုယ်တိုင် မသိလို့သာမှတ်။ ကိုယ့်ဗုဒ္ဓ ဓမ္မဒေသနာတော်တွေရဲ့ အနှစ်သာရကို ဘာမှ နားမလည်လို့။ အားလုံးသဘောကျရဲ့လား။

အခုကတော့ တို့သားငယ်သမီးငယ်တွေရဲ့ နှလုံးသားထဲကို ဘာသာ၊ အသိတံဆိပ် ခပ်နှိပ်ဖို့ အရေးမကြီးဘူးလား၊ ကြီးသလား?

"ကြီးပါတယ်ဘုရား"

အေး... လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ တဲ့။ ယနေ့ တို့ ဗုဒ္ဓဘာသာလူငယ်တွေဟာ ဘာသာအသိတရားတွေ တဖြည်းဖြည်းနဲ့ ခေါင်းပါးခေါင်းပါးလာပြီ။ အမိမရှိသေ၊ အဖမရှိသေ ဆရာမရှိသေ။ ဒီလိုသဘောတွေ ဖြစ်လာပြီ။ ဘုရားတောင်မှ ထိခြင်းငါးပါးနှင့်အညီ ဦးချရကောင်းမှန်း မသိဘူး

ကိုင်း အခြေအနေမဆိုးဘူးလား၊ ဆိုးသွားလား?

"ဆိုးသွားပါတယ်ဘုရား"

ဒါကြောင့် ဒီအခြေအနေကိုသိလို့ မြတ်စွာဘုရားက "ဟော့နောင် အနာဂတ်ကာလမှာ ဗုဒ္ဓဘာသာ ငါးမျိုးကွဲပြားလိမ့်မယ်"တဲ့။

ဘယ်နှစ်မျိုးလဲ

"ငါးမျိုးပါဘုရား"

အဲဒီ ဗုဒ္ဓဘာသာငါးမျိုးကို နာမည်တပ်ပြီး သေချာမှတ်။

တစ် - ကုလ ဗုဒ္ဓဘာသာ

နှစ် - လာဘ ဗုဒ္ဓဘာသာ

သုံး - ဘယဗုဒ္ဓဘာသာ

လေး - သဒ္ဓါမိက ဗုဒ္ဓဘာသာ

ငါး - ပညာမိက ဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာ ဘယ်နှစ်မျိုးလဲ?

"ငါးမျိုးပါဘုရား"

## မိရိုးဖလာ ကုလဗုဒ္ဓဘာသာ

ရှင်းတော့မယ်။ ကုလဗုဒ္ဓဘာသာက စရှင်းမယ်။ ကုလဗုဒ္ဓဘာသာဆိုတာ ဘာပြောတာတုံးဆိုရင် ရိုးရာဗုဒ္ဓဘာသာ။

ဘာ ဗုဒ္ဓဘာသာလဲ?

"ရိုးရာ ဗုဒ္ဓဘာသာပါဘုရား"

ရိုးရာဗုဒ္ဓဘာသာဟူသည် အမေအဖေက ဗုဒ္ဓဘာသာမို့ သားသမီးက ဗုဒ္ဓဘာသာဖြစ်လာရတာ။ အမေအဖေက ခရစ်ယာန်ဆိုရင် သားသမီးကလည်း ခရစ်ယာန်။ အမေအဖေက အစ္စလာမ်ဆိုရင် သားသမီးကလည်း အစ္စလာမ်ပဲ၊ ဟုတ်ရဲ့လား။

မိဘကဗုဒ္ဓဘာသာမို့လို့သာ သားသမီးက ဗုဒ္ဓဘာသာ ဖြစ်လာရတာ။ ဘုရား ဘာလို့ ပွင့်မှန်းလည်း မသိဘူး။ ဘုရား ဘာတရားဟောမှန်းလည်း မသိဘူး။ ကိုယ်ပြောတဲ့ ဗုဒ္ဓဘာသာဝင်ဆိုတာတောင်မှ ဘာပြောမှန်း မသိဘူး။ ကိုယ်ကိုးကွယ်နေတဲ့ မြတ်စွာဘုရားကို ဘာကြောင့် ကိုးကွယ်ရမှန်းလည်း မသိဘူး။ တရားတော်ကို ဘာကြောင့် ကိုးကွယ်ရမှန်းလည်း မသိဘူး။ သူကိုယ်တိုင် ဦးချနေတာနော်။

သူ ဘုရားကို ဦးချနေတာ ဘာရည်ရွယ်ချက်နဲ့ ဦးချနေမှန်းကို မသိဘူး။ ဘာကြောင့် ဒီလောက်ရိုရိုသေသေ အလေးပြုနေမှန်းကို မသိဘူး။ လုပ်တော့လုပ်တာပဲ၊ အသိပညာ ဘာမှ မပါဘူး။

ဒါကြောင့် ရှေးဆရာတော်ကြီးတစ်ပါးက စာစပ်တယ်။ **"လက်အုပ်ကာချီမိုးလို့၊ မိရိုးမို့ဖလာ"**၊ ဟော မိရိုးဖလာ ဗုဒ္ဓဘာသာ လက်အုပ်ကလေးတော့ ချီတတ်တယ်တဲ့၊ ဒါကြောင့် "လက်အုပ်ကာချီမိုးလို့၊ မိရိုးမို့ဖလာ"။

**အသိမျိုး ဉာဏ်က မပါ၊ ခံကြရှာ သီလ။**

ဟော...သီလတော့ ယူတယ်၊ ဒါနတော့ ပြုတယ်တဲ့။ သမထတော့ပွားတယ်တဲ့။ သူများခိုင်းလို့ လုပ်တယ်၊ ဒါပေမဲ့ ဉာဏ်မပါဘူး။

ဘာမပါဘူးတဲ့လဲ?

"ဉာဏ်မပါပါဘူးဘုရား"

ဉာဏ်မပါဘူးဆိုတာ သစ္စာမသိဘူးလို့ ပြောတာ။

ဘာမသိတာလဲ?

"သစ္စာမသိတာပါဘုရား"

သစ္စာဆိုတာ ဘေးဖယ်ထားဦး။ ကိုယ့်ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် ဘယ်လောက်ရှိမှန်းတောင် မသိဘူးတဲ့။

မသိတာ ဘယ်သူလဲဆိုတော့ အဝိဇ္ဇာ။

မသိတာ ဘယ်သူလဲ?

"အဝိဇ္ဇာပါဘုရား"

အဲဒီလို လက်အုပ်ကလေး ချီတတ်ရုံ၊ ဒါနကလေး ပြုတတ်ရုံ၊ တင်းတိမ်နေတဲ့ လူ့လောကမှာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ငါ့မှာ အသိပညာတွေ လိုနေပါသေးလားလို့ သူ့နှလုံးသားထဲမှာ တစ်ခါမှ မပေါ်ခဲ့ဖူးဘူး။ ဘုရားသွား ကျောင်းတက်ကလေးပဲ မှန်နေရင် ဟုတ်ပြီထင်တာ။ ကိုယ်ဆောက်တည်ထားတဲ့ သီလ၊ ဘာမှန်း မသိဘူး။ ဘုရားသွားကျောင်းတက် ပြန်တော့လည်း။

"လက်အုပ်ကာ ချီမိုးလို့၊ မိရိုးမို့ ဖလာ"

ဒါ ဘုန်းကြီးဟောတာ မဟုတ်ဘူးနော်၊ ရှေးဆရာတော်ကြီးတွေ စာစပ်ခဲ့တာ၊ မိရိုးဖလာ ဗုဒ္ဓဘာသာကို ကုလဗုဒ္ဓဘာသာတဲ့။ သူက အသိဉာဏ်ဘာမှမရှိဘူး။ မင်း ဘယ်ဘာသာဝင်လဲ မေးရင် "ကျွန်တော် ဗုဒ္ဓဘာသာပါဗျာ"လို့ ပြောစရာ မရှိမှာစိုးလို့ ပြောလိုက်ရတဲ့ ဆိုင်းဘုတ်တင် ဗုဒ္ဓဘာသာ။ ဂုဏ်တော် ဘာမှ နားမလည်ဘူး။

မှတ်ပုံတင်ထဲမှာ ဘာသာဆိုတာ မပါဘူးလား?

"ပါပါတယ် ဘုရား"

မရေးဘူးလား၊ ရေးသလား?

"ရေးပါတယ်ဘုရား"

ဗုဒ္ဓဘာသာလို့ ရေးစရာမရှိမှာစိုးလို့ ကပျာကယာ ကောက်ရေးလိုက်တာ။ ဗုဒ္ဓဘာသာ ဘာပြောမှန်းမသိဘူး။

ဒီလိုလူမျိုးတွေ တို့မြန်မာပြည်မှာ နည်းသလား?

"မနည်းပါဘူး ဘုရား"

ဟုတ်ပြီနော်။ မှတ်ပုံတင် ဗုဒ္ဓဘာသာ၊ ဆိုင်းဘုတ်တင် ဗုဒ္ဓဘာသာ၊ ဟိုလူ မျှော်ကိုးရသလိုလို၊ ဒီလူ့မျှော်ကိုးရသလိုလိုနဲ့ လုပ်နေတဲ့ စိတ်ကူးယဉ် ဗုဒ္ဓဘာသာ။ သဘောကျရဲ့လား။

## ပေးလိုက်တော့ လူ့ချမ်းသာ ရတာက ဒုက္ခသစ္စာ

အဲဒီ ဗုဒ္ဓဘာသာကို ကုလဗုဒ္ဓဘာသာ၊ အဆွေအမျိုးကြောင့် ဖြစ်လာတဲ့ မိရိုးဖလာ ဗုဒ္ဓဘာသာ။ ဒါကြောင့်မို့လို့

**အသိမျိုးဉာဏ်ကမပါ၊ ခံကြရှာ သီလ။**

**ဘုန်းကြီးက သူဌေးဂိုက်အလွယ်**

**ပေးလိုက်တယ်၊ ရရ မရရ။**

ဆုတော့ပေးလိုက်တာပဲ။ ဤကဲ့သို့ ရှိခိုးပူဇော် ဖူးမြော်ကန်တော့ရတဲ့ ကုသိုလ်ကံစေတနာကြောင့်၊ လှူဒါန်းရတဲ့ ဒါနကုသိုလ်ကံစေတနာတို့ကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ တန်ခိုးဉာဏ်ပညာကြီးခြင်း။ မရရှိသေးသော စည်းစိမ်ဥစ္စာတွေ ရရှိပါစေသတည်း။ ရရှိပြီးသော စည်းစိမ်ဥစ္စာတွေ အကြိတ်အခဲ အမြဲတည်ပါစေသတည်း။ ထိုမှတစ်ပါး လူမင်းစည်းစိမ် အကြိမ်ကြိမ်၊ နတ်မင်းစည်းစိမ်အကြိမ်ကြိမ်၊ ဗြဟ္မာမင်းစည်းစိမ်အကြိမ်ကြိမ် ရရှိသည်ဖြစ်၍ နိဗ္ဗာန်မရောက်မီကြားကာလ ဘဝအစ...

ဟာ... အရှည်ကြီးပေးမှာ၊ ပေးလိုက်တာ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ။ ဟင်...သူကတော့ ပေးလိုက်တာပဲ။ လူ့ချမ်းသာ။ ကိုယ်ရတော့ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါ ဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

သူပေးလိုက်တာက လူ့ချမ်းသာ၊ ကိုယ်ရလိုက်တာက ဒုက္ခသစ္စာ။

သူပေးတာက?

"လူ့ချမ်းသာပါဘုရား"

ကိုယ်ရတာက?

"ဒုက္ခသစ္စာပါဘုရား"

သူ့အပေးနဲ့ ကိုယ့်အရက ကိုက်သလား?

"မကိုက်ပါဘူး ဘုရား"

ပေးလိုက်တယ်၊ ရရ မရရ သူနဲ့ မဆိုင်ဘူးတဲ့။ သူ့ပါးစပ်က ထွက်ပြီးရောတဲ့။ အလွယ်ပေးလိုက်တာ။ ဒါကြောင့်မို့ သူ့ငွေကိုက် အလွယ်ပေးလိုက်တယ် ရရ မရရ"

## ဘီလူးဥပုသ် နဂါးဥပုသ်

ဟော–ဘုရားကျောင်းကန်သွားတဲ့နေ့နဲ့ အိမ်မှာနေတဲ့နေ့၊ ဘယ်နေ့ ဟင်းကောင်းချက်လဲ မှန်မှန်ပြော?

"ဥပုသ်စောင့်သွားတဲ့နေ့ပါဘုရား"

ဟာ ဒါပေါ့ ရှင်းရှင်းကလေးပဲ။ ဥပုသ်ကျောင်းကန်သွားတဲ့နေ့ တစ်ခါတည်း ဟင်းကောင်းချက်တာပဲ။ ဟို ကျောင်းရောက်တော့ ဘုန်းကြီး အကုန်ကပ်တာလား၊ ကိုယ်စားပြီး ပြန်တာလား။

"ကိုယ်စားပြီး ပြန်တာပါဘုရား"

အော် ဟုတ်ပြီ။ ချိုင့်ကြီးချိုင့်ငယ်မှ ပြိုင်မှ ပြိုင်ရဲ့လား?

"ပြိုင်ပါတယ်ဘုရား"

ဟာ–ပြိုင်တာပေါ့။ တော်ဘာဟင်းဆိုရင် ကျွန်မ ဘာဟင်း။ အမယ်ပြိုင်ကြတာ၊ ပြိုင်ကြတာ။ ပြိုင်ပြီးတော့ အမလေးဥပုသ်သည်

စားတဲ့ ထမင်းဝိုင်းတဲ့ သွားကြည့်၊ ဝေသာလီပြည် ဘီလူးဝင်စားတဲ့ အတိုင်းပဲ။ အရိုးတွေကိုပုံလို့။ ဒါကြောင့် "ဘီလူးသို့ အစားပို"၊ ဥပုသ်ကျောင်းကန်သွားပြီး အစားပြိုင်နေကြတာ ဘာဥပုသ်သည်တဲ့လဲ?

"ဘီလူးဥပုသ်သည်ပါ ဘုရား"

ဗိုက်လေးပြီး တစ်ရေးတစ်မော နားလိုက်ဦးမှ ခဏတဖြုတ်တော့ နားရဦးမယ်ဟော့။ အိပ်နိုင်မှ စားနိုင်တာ၊ စားနိုင်မှ အိပ်နိုင်တာဟာ။ ယောဂ အလုပ်လုပ်တာကို မပါတော့ဘူး။ သူက စားနိုင်မှ အိပ်နိုင်တယ်၊ အိပ်နိုင်မှ စားနိုင်တယ်တဲ့။ ဂုဏ်တော်ပွားမယ်၊ ဝိပဿနာရှုမယ်ဆိုတာ ခပ်နဲ့နဲ့ဖြစ်လာပြီ။

အိပ်လိုက်တာ ၁၂ နာရီလောက်က အိပ်လိုက်တာ။ ညနေ ၄ နာရီမှ နိုးတယ်။ အဲဒီဥပုသ်သည်ကျတော့ နဂါးဥပုသ်သည်တဲ့။

ဘာဥပုသ်သည်လဲ?

"နဂါးဥပုသ်သည်ပါ ဘုရား"

ဒါကြောင့်မို့

**"ဘီလူးသို့ အစားပို၊ နဂါးလိုပုံပြ**

**တရားဆို တစ်မှုန်မရပါကလား**

**နံလှတဲ့ နင့်ကို"**

ဟုတ်တာပေါ့၊ အိပ်ပြီးစား စားပြီးအိပ် တရားရစရာ အကြောင်းများ ရှိသေးရဲ့လား?

"မရှိပါဘူးဘုရား"

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်ပွားရကောင်းမှန်းမသိဘူး။ နှာသီးဖျား အာနာပါန ဝင်လေသိ ထွက်လေသိမှ တဆင့် ဖြစ်ပျက် မင်္ဂကိုက်တဲ့ အလုပ်ကလေး လုပ်ရကောင်းမှန်းမသိ။ ဒါကြောင့်

**"ဘီလူးသို့ အစားပို၊ နဂါးလိုပုံပြ**

**တရားဆို တစ်မှုန်မရပါကလား**

**နံ့လှတဲ့ နှင့်ကိုယ်။**

**အများဆို မှုမကွဲပါဘု**

**အတူတူပဲ သူလဲ ကိုယ့်လို့။**

အတူတူပဲတဲ့။ တစ်ယောက်ကြည့်တော့လည်း စားပြီးအိပ်၊ အိပ်ပြီးစား၊ နောက်တစ်ယောက်ကြည့်တော့လည်း စားပြီးအိပ်၊ အိပ်ပြီးစား၊ အတူတူပဲ၊ သူလဲကိုယ့်လို။

## ဥပုသ်သည့်လား အူပုပ်သည့်လား

ဟော– လာလိမ့်မယ်၊ အိပ်ရာက နိုးတဲ့အခါကျတော့လေ

**"စာကလေး ဥပုသ်ဆိုသည်**

**အထူးရှုပ်ပုံ၊ ခလေ့ဆန်းတွေနှင့်**

**နေ့အားမို့ စကားဆုံ၊ ပြောကြဖုံဖုံ"**

"ဒီကနေ့ ဥပုသ်နေ့၊ ဈေးချိုကလည်း ပိတ်တယ်တဲ့။ ကျောင်းကလည်း ပိတ်တယ်တဲ့။ အဲဒီတော့ အားတဲ့နေ့လေးမို့ ဆုံကြတာတဲ့၊ အမလေး၊ မတွေ့ရတာလည်း ကြာပြီ ကောင်မရယ်" ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ မပြောကြဘူးလား?

"ပြောကြပါတယ်ဘုရား"

အဲဒါကြောင့် "နေ့အားမို့ စကားဆုံ၊ ပြောကြဖုံဖုံ"

"သြော် ဟော့ ညည်း ကြားပြီးပြီလား" "ဘာတုံး" "တောင်ပိုင်းက ကောင်လေးဟယ်" "ဟဲ့...ဘာဖြစ်တုံးဟဲ့၊ ဘာဖြစ်တုံး" "ပြောချင်ပါဘူးအေ" မပြောချင် မပြောနဲ့ပေါ့၊ နဂိုတည်းက အဲဒါ ပြောချင်လို့ သူကစလာတာ။ ပြီးတော့ သူ့ဟာနဲ့သူ ပိတ်လိုက်သေးတာ "ပြောချင်ပါဘူးအေ"တဲ့။

"ပြောပါဆို" ဟိုဘက်ကလည်း မပြောချင်မှ အတင်းခိုင်းတော့တာ။ အဲဒါ သူက စောင့်တာ။ "ပြောပါအေ" "ဟိုဟာလေ တောင်ပိုင်းက ကောင်ကလေးအေ" "အေး–အဲဒါ ဘာဖြစ်တုံး" "မြောက်

ပိုင်းက ကောင်မလေးနဲ့” “အဲဒါ ဘာဖြစ်တုန်းအေ့” “ဝါတွင်းကြီး ထဲအေ အခုထက်ထိ မအပ်သေးဘူးတဲ့”။

အဲဒီစကား ဘာစကားလည်း မသိဘူး။ နောက်က ယောဂီတွေ ဖြေကြည့်။ အဲဒါ ဘာစကားလဲဟင်။ တစ်ခါတည်းပဲ တစ်ခါတည်း လင်စုံမယား စသည်အားဖြင့် သူများလင်နောက် လိုက်ပြေးတာ၊ သူများမယား ခိုးတာကို လျှောက်ပြီးတော့ ဘယ်မှာ လာပြောတာလဲ?

“ဥပုသ်ကျောင်းမှာပါ ဘုရား”

ဥပုသ်ကျောင်းမှာ အရှင်းတွေလား၊ အရှုပ်တွေလား?

“အရှုပ်တွေပါဘုရား”

ဒါကြောင့်မို့လို့ **“လောကီအစုတ်၊ လူတို့နှုတ်၊ မဟုတ်လည်း ပြော၊ ဟုတ်လည်းပြော”**တဲ့။ ကဲ-ဥပုသ်နေ့ကြီးမှာ ကိုယ့်ခန္ဓာဉာဏ် ရောက်ကြောင်း ပြောတာလား။ သူများအကြောင်း ပြောတာလား?

“သူများအကြောင်းပြောတာပါ ဘုရား”

သူများအတင်း နှက်ပြီးတော့မှ သီလ လုံပါတော့မလား။

**“ကျင့်သီလ ငါမလုံတယ်၊ ဆာရုံသာဆာခဲ့ရလေး”** ဒီဥပုသ်သည် ကတော့ အိမ်အပြန် ဗိုက်ဆာတာပဲ အဖတ်တင်တယ်။ အဲဒီတော့ သူများအတင်းနှက်ပြီးတော့မှ ပြန်သွားတဲ့ ဥပုသ်သည်ကိုလည်း ဥပုသ် သည်လို့ မခေါ်နဲ့။ အှုပုပ်သည်လို့ခေါ်။

ဘာတဲ့တုန်း?

“အှုပုပ်သည်ပါဘုရား”

တို့ မန္တလေးမှာ ဥပုသ်သည်နဲ့ အှုပုပ်သည် ဘယ်ဟာကများ သလဲ၊ မှန်မှန်ပြော?

“အှုပုပ်သည်က များပါတယ်ဘုရား”

ဒါ ဒကာကြီးတို့ ဖြေတာနော်။ ဘုန်းကြီးနဲ့မဆိုင်ဘူး။ စဉ်းစား။ “အဲဒီတော့ အိမ်ပြန်ရောက်တော့ ဘာအဖတ်တင်တုံး၊ ဗိုက်ဆာတာပဲ၊ အဖတ်တင်တယ်”

# ကိုယ်ဆောက်တည်တဲ့သီလ ကိုယ်သိမှကောင်း

ဟိုတုန်းက ဒကာကြီးနဲ့ ဒကာမကြီး။ ဘုရား ဒကာ ကျောင်း ဒကာတဲ့။ ဥပုသ်ကျောင်းသာသွားတာ၊ ဘာမှ နားမလည်ဘူး။ ကိုယ်စောင့်ထားတဲ့သီလ၊ ကိုယ်ဆောက်တည်ထားတဲ့သီလ၊ ဘာသီလမှန်း မသိဘူး။

အဲဒါ ကျောင်းအစ်မကြီးက ဥပုသ်နေ့ ဘုရားသွားကျောင်းသွား တက်မယ်ပေါ့လေ၊ ကျောင်းဘုန်းကြီးကို အသားဟင်းလေးနဲ့ ကပ်မယ် ဆိုပြီးတော့မှ ဈေးထဲက ငါးတန်းမှာ ငါးသွားဝယ်တာ၊ "ငါးတစ်ကောင် ဘယ်လောက်တုံး" ရှေးတုန်းကတော့ တစ်မတ်။ "ငါးတစ်ကောင် ပေး"ငါးကလည်း အကြီးကြီး။ "သူယူမယ်" ဆိုပြီးတော့ ဟိုငါးစိမ်း သည်က ပုံးထဲကထုတ်ပြီးတော့ သံပိုဿာလေးနဲ့ ထုပစ်တာ၊ သွေး သံရဲရဲနဲ့ ဖလပ် ဖလပ် ဖလပ်နဲ့ နေတာပေါ့။

"အမယ်လေးတော် မယူပါရစေနဲ့" "ဟင် တော်ယူမယ်ဆိုလို့ ကျွန်မက ထုတာ" "မယူပါရစေနဲ့တော်" "မယူရင်"၊ "ဘယ်လောက် လျော်ရမှာတုန်း" "တစ်မတ်" "ရော့ ရော့ ရော့ တစ်မတ်" မျက်စိ မျက်နှာပျက် အိမ်ပြန်လာတယ်။

ဟိုကျောင်းဒကာကြီးက အိမ်ပေါ်ကနေပြီးတော့ ကြည့်နေတာ။ "ရှင်မ ကျောင်းအစ်မကြီး ဘယ်လိုဖြစ်တာတုန်း၊ မျက်နှာလည်း မကောင်းပါလား"၊ "မေးမနေပါနဲ့တော်" ဩော် မင်း အဲဒီလို မလုပ်ပါနဲ့ကွာ၊ လင်နဲ့မယားဆိုတာ ပါရမီဖြည့်ဖက်ပါ၊ ပြောပါကွ မင်း ဘာဖြစ်လာတုန်း ပြော "အမလေးတော် သူတို့မို့လို့ အဒိန္နာဒါနကံ မကြောက်တာ"

သူများအသက်သတ်တာကို ကျောင်းအစ်မက ဘာပြောလဲ?

"အဒိန္နာဒါနကံပါ ဘုရား။"

"ဟာ ရှင်မ ဘယ်လိုဖြစ်တာလဲ ပြောစမ်း"

"အမလေး၊ ဘုန်းဘုန်းကပ်မလို့ ငါးသွားဝယ်တာတော်။ ကျွန်မကတော့ ငါးအသေမှတ်လို့ ဝယ်တာပေါ့။ အဲဒါ ကျွန်မရှေ့မှာတင် သူတို့က ငါးကို ပိဿာလေးနဲ့ ထုပစ်တာ"

"ဟ... ရှင်မ အဲဒီလို သူများအသက်သတ်တာ အဒိန္နာဒါနကံလို့ မင်းကပြောတယ်"

"ဟုတ်တယ်လေ တော်"

"အောင်မယ်လေးကွာ၊ ငါ့နှာမည် ပျက်ရချည်ရဲ့၊ ဘယ့်နှယ့်ကွာ ကျောင်းအစ်မလို့ပဲ၊ သူများအသက်သတ်တာ အဒိန္နာဒါနကံတဲ့။ မင်းသေသေချာချာ မှတ်ထား။ သူများအသက်သတ်တာ အဒိန္နာဒါနကံ မဟုတ်ဘူးကွ၊ ကာမေသုမိစ္ဆာစာရကံ"

အဲဒီမှာ အဒိန္နာကာမေသု၊ အဒိန္နာ ကာမေသုနဲ့ ငြင်းလိုက်ကြတာ၊ ငြင်းရင်းငြင်းရင်းနဲ့...

"ကိုင်း... မင်းနဲ့ငါနဲ့ ဒီလိုငြင်းလို့ မဖြစ်ဘူး။ သွားမယ် ကျောင်းဘုန်းကြီးဆီ အဆုံးဖြတ်ခိုင်းမယ်။

ဒါနဲ့ ကျောင်းဘုန်းကြီးဆီသွားကြတော့ ဘုန်းကြီးဆိုတာ သိတဲ့အတိုင်းပဲလေ။ လူမြင်ရင် လာပြီးလှူတာချည်းပဲ အောက်မေ့တာ။ မျက်နှာရိပ် မျက်နှာကဲလည်း သိပ်အကဲခတ်တတ်တာ မဟုတ်ဘူး။ အဲဒါနဲ့

"ကျောင်းဒကာနဲ့ ကျောင်းအစ်မ အစောကြီး ဘာလာလှူ"

"လှူတာ လုပ်မနေနဲ့ ကိုယ်တော် ပြဿနာဖြစ်နေလို့"

"ဟာ... ဘာပြဿနာတုံး၊ လာစမ်းပါဦး"

"ကိုယ်တော့ ဒကာမကြီးပေါ့ ကိုယ်တော်။ သူများအသက်သတ်တာကို တစ်ခါတည်း အဒိန္နာဒါနကံ လုပ်နေတယ် ကိုယ်တော်၊ ဘယ်လိုမှလည်း ပြောလို့ရမဘူး။ ကိုယ်တော်စဉ်းစားကြည့်ပါ။ သူများအသက်သတ်တာ ကာမေသုမိစ္ဆာစာရဥစ္စာ"

"ဟင်... ခင်ဗျားတို့ကလည်းဗျာ။ ကျုပ်ကျောင်းနာမည် ပျက်ရ

ချည်ရဲ့၊ ကျောင်းဒကာ ကျောင်းအစ်မ လုပ်နေပြီးတော့ တစ်ခါတည်းကို။ ပြော ဒကာမကြီး ဘယ်လိုဖြစ်တာတုန်း”

“မနက်ကပေါ့ ကိုယ်တော်၊ ကိုယ်တော့်ကို ကပ်ချင်လွန်းလို့ ငါးသွားဝယ်တာ”

“အင်း အဲဒါ ဘာဖြစ်တုံး”

“ငါးဝယ်တာ အသေမှတ်လို့ တပည့်တော်က ဝယ်တာဘုရား၊ အဲဒါ တပည့်တော်ဝယ်မှ ပုံးထဲကနေ နှိုက်ပြီးတော့မှ သံပိသာလေးကြီးနဲ့ ထုပစ်တာ”

“သေရောလား၊ ဒကာမကြီး”

“ချက်ချင်းတော့ ဘယ်သေမလဲဘုရား။ ငါးကလေးက သနားပါတယ်။ ဖလပ် ဖလပ် ဖလပ် ဖလပ်နဲ့ နေတာပဲဘုရား”

“မှတ်ထား ကျောင်းဒကာနဲ့ကျောင်းအစ်မ၊ အဲဒါလေး အဒိန္န လည်း မဟုတ်ဘူး၊ ကာမေသုလည်း မဟုတ်ဘူး၊ သံပိသာလေးနဲ့ထု တော့ ဖလပ်ဖလပ်နဲ့နေလို့ သမ္ဗပ္ဖလာပကံ”တဲ့ ဘုန်းကြီးက အဆုံး အဖြတ် ပေးလိုက်တာ။

ဘာကံတဲ့တုံး?

“သမ္ဗပ္ဖလာပကံပါ ဘုရား”

အဲဒါ ကုလ ဗုဒ္ဓဘာသာဝင် ကိုယ်ဆောက်တည်တဲ့ သီလ ဘာမှန်းမသိဘူး။

## ဆောက်တည်သီလ ထိန်းကြဖို့လို

ဒါနဲ့ ကျောင်းကပြန်လာ၊ မနက်ကျတော့ ဘုန်းကြီးကျောင်းသွား၊ ထမင်းတွေ ဟင်းတွေ ချိုင့်ထဲထည့်ယူသွားတယ်၊ ညနေပြန်လာတဲ့အခါ ကျတော့ ချိုင့်ထဲမှာ ထမင်းတွေ၊ ဟင်းတွေ ကျန်လာတာကိုးဗျ။ ဒါနဲ့ ညရောက်တော့ ဒကာကြီးကလည်း ဗိုက်ဆာ ဒကာမကြီးကလည်း ဗိုက်ဆာ။

ဒါနဲ့ ဥပုသ်နေ့ဆိုတော့ ဒကာမကြီးက သူ့အခန်းထဲသူအိပ်၊ ဒကာကြီးက ဘုရားကျောင်းဆောင်ရှေ့အိပ်။ ညကျတော့ ဗိုက်က တအားဆာလာတာ။ ဆာတော့ အပြင်က ဒကာကြီးက "အဟမ်း" အချက်ပေးတာ၊ ဒါနဲ့ အတွင်းထဲက ဒကာမကြီးကလည်း "အဟင်း" အိပ်သေးဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့လေ။

ဒါနဲ့ အပြင်က "အဟမ်း" အတွင်းက "အဟမ်း"နဲ့လုပ်တော့ အတွင်းထဲက ဒကာမကြီးက မိန်းမဉာဏ်ဆိုတော့ ဖြတ်ထိုးဉာဏ် ကောင်းတယ်။ အဖိုးကြီး တဟမ်းဟမ်းနဲ့၊ ဒါ တကယ်ချောင်းဆိုးတာ မဟုတ်ဘူး၊ လုပ်ချောင်းကြီးနေမှာ။ "ငါ အသာကလေး ငြိမ်နေမှပဲ" ဆိုပြီး ငြိမ်နေလိုက်တာ။

ကျောင်းဒကာကြီးက "အဟမ်း"လုပ်ပေမယ့် အတွင်းထဲက ဘာသံမှ မကြားရတော့ဘူး။ ဒါနဲ့ အဘွားကြီးအိပ်ပြီဆိုပြီး ဒကာကြီးက မီးဖိုချောင်ထဲဝင် ထမင်းအိုးလေးဖွင့်ကြည့်။ "ဟာ… ကော်တာပဲ၊ ကျန်သေးတယ်" ဟင်းအိုးလေးဖွင့်ကြည့်။ "ဟာ… ပွတာပဲ"ပန်းကန် လေးယူ၊ နည်းနည်းလေးခွဲထည့်၊ အကုန်ယူရင်လည်း မနက်ကျ အဘွားကြီးသိသွားမှာ။

ဒါနဲ့ ထမင်းလေးဟင်းလေးပုံပြီး ဘုရားကျောင်းဆောင်ရှေ့က သူ့ခြင် ထောင်ထဲဝင်ပြီးတော့မှ အသာကလေး ငုတ်တုတ်ကလေးစား၊ စားနေ တော့ အဘွားကြီးက "အဟမ်း"လုပ်ပေမဲ့ ပါးစပ်ထဲက ပြည့်နေတော့ မဟမ်းနိုင်ဘူး။

ဒီတော့ အဘွားကြီးက "ကေန္တ အဘိုးကြီးအိပ်ပြီ"ဆိုပြီး မီးဖို ချောင်ထဲဝင် ထမင်းအိုး၊ ဟင်းအိုး ဖွင့်ကြည့်တော့ "အမလေး တော်သေး တယ် မနက်က ချန်ခဲ့လို့" မနက်ကျရင် ငါကိုယ်တိုင်ပဲ ဆေးရမှာပဲ၊ မထူးဘူး၊ ပန်းကန်ထဲထည့်နေရင် အလုပ်ရှုပ်တယ်ပေါ့။ အဲဒါ ထမင်းအိုးထဲကို ဟင်းတွေမှောက်ထည့်ပြီးတော့ ထွက်လာတယ်။

ထွက်လာတော့ သူလည်း ခိုးသာစားရတာ၊ သံသယစိတ်နဲ့

မလုံဘူး။ ဒါနဲ့ "အင်း ငါစားနေတုန်း၊ အဘိုးကြီးများ နိုးလာရင် ဒုက္ခပဲ"ဆိုပြီး ထမင်းအိုးကလေး လက်တစ်ဖက်ကကိုင်ပြီး အဘိုးကြီး ခြင်ထောင်ကို အသာလေးမကြည့်လိုက်တော့ အဘိုးကြီး ငုတ်တုတ်ကလေး စားနေတာတွေ့ရော။

အဲဒီတော့ ဒကာကြီးက "ဟော့... နင်ဘာလာလုပ်တာတုံး" "တော် ထမင်းများလိုဦးမလားလို့ပါ"တဲ့။

အဲဒါ ကုလ ဗုဒ္ဓဘာသာ။ ကိုယ်ဆောက်တည်တဲ့ သီလထိန်းရ ကောင်းမှန်းလည်းမသိ။ အတင်းနှက်ပြန်လာတာ ဘာဗုဒ္ဓဘာသာလဲ?

"ကုလ ဗုဒ္ဓဘာသာပါ ဘုရား"

## ဆုတောင်းတတ်တာ တဏှာပါ

ကုလဗုဒ္ဓဘာသာဆိုတော့ ဘုရားဂုဏ်တော်ဘယ်လောက် ရှိမှန်းမသိ၊ တရားဂုဏ်တော် ဘယ်လောက်ရှိမှန်းမသိ၊ သံဃာ့ဂုဏ်တော် ဘယ်လောက်ရှိမှန်းမသိ။ အခု တရားပွဲထဲက ပုဂ္ဂိုလ်တွေ စစ်လိုက်ရင် ကောင်းမယ်။ ဂုဏ်တော်တွေ ဘယ်လောက်ရှိမှန်း သိအောင်ကြိုးစားပါ။ ကုလဗုဒ္ဓဘာသာ အဖြစ်က လွတ်စေချင်လို့ပါ။

ကုလဗုဒ္ဓဘာသာတွေ နှလုံးသားထဲမှာ သိသင့်သိအပ်တဲ့ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တွေ သူတို့ သိရဲ့လား?

"မသိပါဘုရား"

မသိတာ ဘယ်သူလဲ?

"အဝိဇ္ဇာပါဘုရား"

သူ့ရဲ့ဘဝ သက်တမ်းတစ်လျှောက်မှာ အဝိဇ္ဇာ အုပ်ချုပ်နေတာ။ ဒါပေမဲ့ သူ့ဟာလေးနဲ့သူတော့ ဒီသား ဒီသမီး ဒီဆွေဒီမျိုး ဒီကျောင်းကန် ဒီဘုရားအရိပ် ဒီဥပုသ်ကလေးနဲ့ ဘုရားသွား ကျောင်းတက်ကလေးနဲ့ ဝါတွင်းလပြည့် လကွယ် ရှစ်ရက်ဥပုသ်ကလေးနဲ့ အသွားမော့မော့၊ အပြန်ကြော့ကြော့နဲ့ သာယာနေကြတာ။

သာယာတာဟာ တခြားလား၊ တဏှာလား?

"တဏှာပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

ကိုယ့်အလုပ်ကလေးနဲ့ ကိုယ်သာယာတာက?

"တဏှာပါဘုရား"

ဟော ဒါဖြင့် သူ့ရဲ့ဘဝသက်တမ်း တစ်လျှောက်မှာ ဘုရားသွား ကျောင်းတက်သာ လုပ်နေတယ်၊ သူ့ဝမ်းထဲ ဘယ်သူနဲ့ ဘယ်သူ အုပ်ချုပ်နေတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

အတိတ်တုန်းကလည်း အဝိဇ္ဇာနဲ့တဏှာ အုပ်ချုပ်ခြင်း မခံခဲ့ရ ဘူးလား?

"ခံခဲ့ရပါတယ်ဘုရား"

အဝိဇ္ဇာနဲ့တဏှာ အုပ်ချုပ်မှုကို ခံပြီးတော့မှ သစ္စာမသိဘဲနဲ့ ကုသိုလ်တွေလုပ်"

သစ္စာမသိတာက?

"အဝိဇ္ဇာပါဘုရား"

ကုသိုလ်လုပ်ပြီး ဆုတောင်းတာက?

"တဏှာပါဘုရား"

အဲသလို ဆုတောင်းတော့ ခန္ဓာမရဘူးလား?

"ရပါတယ်ဘုရား"

ခန္ဓာဘယ်နပါးရလဲ?

"ငါးပါးပါဘုရား"

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါဘုရား"

## အဝိဇ္ဇာတဏှာပေါင်းတော့ ဆုတောင်းတွေက ရှည်လို့လာ

ပစ္စုပ္ပန်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်အလိုအရ ဘယ်အကွက်လဲ?

"နှစ်အကွက်ပါဘုရား"

နှစ်အကွက်က အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

သူသည် ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်တးရားကြည့်လိုက်တော့ ဘယ်သူနဲ့ ဘယ်သူလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

အဝိဇ္ဇာနဲ့ တဏှာကြောင့် အခု ခန္ဓာဘယ်နှပါးရ?

"ငါးပါးရပါတယ်ဘုရား"

ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာက ဘာဖြစ်ကြောင်းတရားလဲ?

"ခန္ဓာဖြစ်ကြောင်း တရားပါဘုရား"

ဒါကြောင့်မို့လို့ လက်ထဲမှာ မူလနှစ်ဖြာလို့ မပါဘူးလား?

"ပါပါတယ်ဘုရား"

မနေ့က သင်ခဲ့ပြီးပြီ။ မူလဆိုတာ ဘာပါလိမ့်?

"ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်ပါဘုရား"

နှစ်ဖြာဆိုတာ ဘယ်သူနဲ့ ဘယ်သူတုံး?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

မူလရဲ့ အဓိပ္ပာယ်ကသက်သက်၊ နှစ်ဖြာရဲ့အဓိပ္ပာယ်က သက်သက်နော်။ မူလဆိုတာ ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်၊ နှစ်ဖြာဆိုတာ အဝိဇ္ဇာနဲ့တဏှာ။ ပဋိစ္စမုပ္ပါဒ်စက်ဝိုင်းဘယ်နားမှာ ရှိတုံး?

"အလယ်မှာပါဘုရား"

အရပ်သုံးစကားနဲ့ပြောရင် ဘုရားရှေ့မှာ လျှာရှည်တာ။ ဒီလို ပြောမှ နားလည်တော့မှာ။ ဘုရားရှေ့မှာ ဘာလုပ်တာလဲ?

"လျှာရှည်တာပါဘုရား"

ဆုအရှည်ကြီး တောင်းနေတာကိုပြောတာ။ လူ့ဘဝရပါရစေ၊ နတ်ဘဝရပါရစေ၊ ဗြဟ္မာဘဝ ရပါရစေနဲ့ ကုသိုလ်လုပ်ပြီး ဆုတောင်း ရှည်နေတာလေ။ ဘယ်သူနဲ့ ဘယ်သူပေါင်းတောင်းတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

တောင်းခဲ့၊ မတောင်းခဲ့?

"တောင်းခဲ့ပါတယ်ဘုရား"

တောင်းခဲ့တော့ အခု ခန္ဓာ မရဘူးလား?

"ရပါတယ်ဘုရား"

ဒါဖြင့် အတိတ်တုန်းက ယောဂီတို့ဘုန်းကြီးတို့ ဝမ်းထဲမှာ ဘယ်သူနဲ့ ဘယ်သူ ကိန်းခဲ့တာတုံး?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

သေချာရဲ့လား?

"သေချာပါတယ်ဘုရား"

## နားက တရားနာ ဉာဏ်က ခန္ဓာလှည့်

သေချာပါတယ်လို့ ဘယ်သူက သက်သေခံနေတုံး?

"ခန္ဓာကပါဘုရား"

အခု ခန္ဓာ ဘယ်နှပါးရသလဲ?

"ငါးပါးပါဘုရား"

ငြင်းလို့ ရသေးလား?

"မရပါဘုရား"

ဘာရှိနေလို့လဲ?

"ခန္ဓာရှိနေလို့ပါဘုရား"

ခန္ဓာရှိနေတော့ မအိုချင်လည်း၊ အိုရပါတယ်၊ မနာချင်လည်း နာရပါတယ်၊ မသေချင်လည်း သေရပါတယ်။

ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။

ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

ဒါကြောင့် ဒုက္ခကို မြန်မာလိုရှင်းရှင်းပြောမယ်။ ဒုက္ခဆိုတာ ဆင်းရဲကျိုး။

ဒုက္ခဆိုတာ?

"ဆင်းရဲကျိုးပါဘုရား"

သစ္စာက အမှန်၊ ဒုက္ခဆိုတာက ဆင်းရဲကျိုး။ ပေါင်းလိုက်တော့?

"ဆင်းရဲကျိုး အမှန်ပါဘုရား"

အဲဒီဆင်းရဲကျိုးအမှန် ခန္ဓာကြီး အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

ဒါကြောင့် ယောဂီတို့ အိုရနာရသေရတာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

မအိုချင်လည်း အိုနေရ၊ မနာချင်လည်း နာနေရ၊ မသေချင်လည်း သေနေရပြီဆိုကတည်းက ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

အကြောင်းလား၊ အကျိုးလား?

"အကျိုးပါဘုရား"

ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါဘုရား။

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောတဲ့ တရားဟာ စာကြည့် ဟောတာလား။ ခန္ဓာကြည့် ဟောတာလား?

"ခန္ဓာကြည့်ဟောတာပါ ဘုရား"

ဟုတ်တယ်လေ ယောဂီတို့။ ဘုရားရှင်ကိုယ်တော်မြတ်ပွင့်တော် မူပြီးတော့ မိဂဒါဝုန်တောကို မကြွဘူးလား?

"ကြွပါတယ်ဘုရား"

ပဥ္စဝဂ္ဂီငါးဦး မတွေ့ဘူးလား?

"တွေ့ပါတယ်ဘုရား"

သစ္စာတရား မဟောဘူးလား?

"ဟောပါတယ်ဘုရား"

သစ္စာ ဘယ်မှာရှိ?

"ခန္ဓာမှာ ရှိပါတယ်ဘုရား"

ဟောမြတ်စွာဘုရားက ဘာကြည့်ဟောတာလဲ?

"ခန္ဓာကြည့်ဟောတာပါ ဘုရား"

အခု ဘုန်းကြီးတို့ကလည်း ဘာကြည့်ဟောရမှာလဲ?

"ခန္ဓာကြည့် ဟောရမှာပါဘုရား"

အခု တရားနာနေတာ ဘာတွေနဲ့လဲ?

"ခန္ဓာတွေနဲ့ပါ ဘုရား"

ဘုန်းကြီးက ခန္ဓာကြည့်ဟောရင် ယောဂီတို့ကလည်း ဘာကြည့် နာရမှာလဲ?

"ခန္ဓာကြည့်နာရမှာပါ ဘုရား"

အဲဒါမှ "အအိုလည်း ဒီထဲရှိတယ်၊ အနာလည်း ဒီထဲရှိတယ်၊ အသေလည်း ဒီထဲရှိတယ်၊ ဖြစ်တာပျက်တာလည်း ဒီခန္ဓာထဲရှိတယ်လို့ သိရမှာ။

ဘယ်ထဲရှိ ?

"ခန္ဓာထဲပါဘုရား"

သိလိုက်တာက

"ဉာဏ်ပါဘုရား"

ခန္ဓာပေါ် ဘာရောက်တာလဲ?

"ဉာဏ်ရောက်တာပါ ဘုရား"

ခန္ဓာဉာဏ်ရောက်၊ နားက တရားနာ ဉာဏ်က ခန္ဓာလှည့်ဆိုတာ ဒါပြောတာဗျ။ အားလုံးသဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

## ပယ်ရမည့်သမုဒယသစ္စာ မပွားကြပါနဲ့

ဒါဖြင့် ဘုန်းကြီးက တခြားဖြစ်စဉ်ပြောတာလား၊ ခန္ဓာဖြစ်စဉ် ပြောတာလား?

"ခန္ဓာဖြစ်စဉ် ပြောတာပါဘုရား"

ဒါကြောင့် အခုရထားတဲ့ ခန္ဓာချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဒါဖြင့် ဆင်းရဲကျိုးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

အကြောင်းလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

ဒါဖြင့် အကျိုးတရားဆိုတဲ့ ဒုက္ခသစ္စာအလိုလို ရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

မေးတော့မယ်။ အကျိုးက ဆင်းရဲကျိုးဆိုရင်၊ အကြောင်းက ဘာဖြစ်မလဲ?

"ဆင်းရဲကြောင်းပါဘုရား"

ဒါပေါ့၊ မြို့ကြီးသားတွေ ဉာဏ်လွှာပြီးသား။ အကျိုးက ဆင်းရဲကျိုးဆိုရင် အကြောင်းက ဆင်းရဲကြောင်းပေါ့။ ဆင်းရဲကြောင်းမို့လို့ သမုဒယတဲ့ဗျ။ စာလိုရေးတော့ သမုဒယ၊ မြန်မာလိုပြန်တော့ ဆင်းရဲကြောင်းတဲ့။

စာလိုရေးတော့?

"သမုဒယပါဘုရား"

မြန်မာလိုပြန်တော့?

"ဆင်းရဲကြောင်းပါဘုရား"

သစ္စာဆိုတာက အမှန်။ စာလိုက သစ္စာ၊ မြန်မာလိုက အမှန်။ ဒါဖြင့် မြန်မာလို တိုက်ရိုက်ပြန်ရင် ဆင်းရဲကြောင်းအမှန်။ သစ္စာဖွဲ့စမ်း၊ သမုဒယသစ္စာ။

မြန်မာလိုပြော?

"ဆင်းရဲကြောင်း အမှန်ပါဘုရား"

သစ္စာဖွဲ့?

"သမုဒယသစ္စာပါဘုရား"

ဒါဖြင့် တို့လုပ်နေကြ အလုပ်နဲ့ ဖြစ်စဉ်ကိုက်ပြောဆိုရင် ဘုရားရှေ့မှာဆုတောင်းရှည်နေတာ၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ငါးဖြာအာရုံ ကာမဂုဏ် ခံစားရပါစေဘုရားလို့ ဆုတောင်းနေတာ ဘာသစ္စာ ပွားနေတာလဲ?

"သမုဒယသစ္စာပါဘုရား"

ဘယ်သူ့ရှေ့ပွားတာလဲ?

"ဘုရားရှေ့ ပွားတာပါဘုရား"

ဘုရားက သမုဒယသစ္စာကို ပွားလို့ဟောတာလား၊ ပယ်လို့ဟောတာလား?

"ပယ်လို့ ဟောပါတယ်ဘုရား"

တို့က ဘာလုပ်ခဲ့တုံး?

"ပွားခဲ့ပါတယ်ဘုရား"

ဘုရားက?

"ပယ်ခိုင်းပါတယ်ဘုရား"

တို့က?

"ပွားပါတယ်ဘုရား"

ဘယ်ဘာသာဝင်တွေပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါဘုရား"

"ဘုန်းကြီး နားမလည်လို့ မေးဦးမယ်။ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာပြောတာလဲ?

"ဘုရားစကား၊ နားထောင်တာပါဘုရား"

ဘုရားက သမုဒယသစ္စာကို ဘယ်လိုဟောတာတုံး?

"ပယ်ခိုင်းတာပါဘုရား"

တို့က?

"ပွားပါတယ်ဘုရား"

ဘယ်ဘာသာဝင်တွေ ပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါဘုရား"

## ကန့်လန့်တိုက်တာ သစ္စာမသိလို့

ဘာပြောတာပါလိမ့် ဗုဒ္ဓဘာသာဝင်ဆိုတာ?

"ဘုရားစကား နားထောင်တာပါဘုရား"

ထပ်မေးရင် ရှက်လွန်းလို့၊ ထူးပါဘူး ဒကာကြီးရာ၊ ဒကာကြီး ဦးကြီးစိုးရဲ့ မထူးတော့ပါဘူး။ ဟင်...အားလုံးလည်း သိကုန်ပါပြီနော်။

ပြောတော့ ဘယ်ဘာသာဝင်တဲ့?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

ဘုရားက သမုဒယသစ္စာကို ဘာပြောတာတုံး?

"ပယ်ခိုင်းတာပါဘုရား"

တို့က ?

"ပွားပါတယ်ဘုရား"

ပွားတာတောင် ကွယ်ရာလား၊ ရှေ့တင်လား?

"ရှေ့တင်ပါဘုရား"

အမလေး တယ်သတ္တိကောင်းပါလား။ ကိုယ်ပြောစကား နားမထောင်။ ကောင်လေးနော်၊ ဒီကောင်လေးနဲ့ မပေါင်းနဲ့၊ ဒီကောင်က လမ်းသူ့ရဲ ဘိန်းစား သူခိုး အုတ်ကြားမြက်ပေါက် ကလေကဝ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ အုပ်ထေဖာထေ သူ့အပြစ် ငါ့မပြောဘူး။ ငါ့အပြစ် သူမပြောအောင်။

မင်းဒီကောင်နဲ့ မပေါင်းနဲ့။ ပေါင်းတာပဲကလေးက။ မင်း ဒီအရည်မသောက်နဲ့၊ သောက်။ ဒီဂစ်တာမတီးနဲ့၊ တီး။ ဒီအစုတ်အပြတ် မဝတ်နဲ့၊ ဝတ်။ မင်းကွာ အဖေတို့ အမေတို့ရှိတာတောင် ဒီလောက် ပြောနေရရင် မင်းတို့များ ကွယ်လွန်သွားရင် ဘယ့်နှယ်လုပ်မတုံးကွာ။

မိဘကဆုံးမတာ မိဘရှေ့တင် ဒါကြီးတွေသွားပေါင်း၊ ဒါကြီးတွေ စား၊ ဒါကြီးတွေ သောက်၊ ဟင် ပြောမရ ဆိုမရနဲ့ မိဘပြောစကား၊ နားမထောင်။ ဘာတုံးကွ မင်းက ဟင်၊ လူလေးက မတောက်တခေါက် နဲ့ ဘာလဲ မိဘကို ကန့်လန့်တိုက်တာလား"လို့ မပြောဘူးလား၊ ပြောလား?

"ပြောပါတယ် ဘုရား"

ဘာဖြစ်လို့ ပြောတာလဲ?

"ကောင်းစေချင်လို့ပါဘုရား"

"ဩော်...ကိုယ့်စကား နာမထောင်တဲ့ သားသမီး၊ မိဘက ဘယ်လိုပြောတုံး။ ဟိုနောက်က ဒကာမကြီးတွေ အိမ်မှာ ကလေးတွေ ရှိလား"?

"ရှိပါတယ်ဘုရား"

ရှိတော့ ကိုယ့်ပြောစကားကို နားမထောင်တဲ့ ကလေးတွေကို အမေတွေ အဖေတွေက ဘယ်လိုပြောတုံး?

"ကန့်လန့်တိုက်တာလားလို့ ပြောပါတယ်ဘုရား"

ကျယ်ကျယ်ပြော။ အမလေး ကစ်ခါကည်း သားသမီးရှိတဲ့မိဘတွေ၊ ဟင်း... သားသမီးမရှိတဲ့ ဘုန်းကြီးက ပြောနေရတာနော်။ သူတို့ မပြောဘူးတာ ကျနေတာပဲ။ ကိုယ့်ပြောစကား နားမထောင်တဲ့ ကလေးတွေကို ဘယ်လိုပြောတုန်း?

"ကန့်လန့်တိုက်တာလားလို့ ပြောပါတယ်ဘုရား"

ဘာဖြစ်လို့ပြောတာတုံး?

"စကားနားမထောင်လို့ပါ ဘုရား"

အခု မြတ်စွာဘုရားက သမုဒယသစ္စာကို ဘယ်လိုပြောတုံး

"ပယ်ခိုင်းပါတယ်ဘုရား"

တို့က?

"ပွားပါတယ်ဘုရား"

ဘာများ သွားလုပ်တာပါလိမ့်?

"ကန့်လန့်တိုက်တာပါဘုရား"

ဩော်...ဘုရားတောင်ကန့်လန့်တိုက်ရဲတယ်နော်၊ ဟာ–ဦးသုနန္ဒ တို့ လောက်တော့ ပျင်းတောင်ပျင်းသေးတယ်၊ သံဃာတွေလောက် တော့ ပျင်းတောင်ပျင်းသေးတယ်။ ဟင်း... ဘေးချင်းတောင် ယှဉ်တိုက် သွားဦးမယ်။

စဉ်းစားပါ၊ ဘာမသိရတဲ့ အဖြစ်တွေလဲ?

"သစ္စာမသိရတဲ့ အဖြစ်တွေပါဘုရား"

## ဆုတောင်းရှည်မျော အကုသိုလ်ရော

သစ္စာမသိတာက?

"အဝိဇ္ဇာပါဘုရား"

ကိုင်း... ရွှေချ ပန်းကပ် ဆွမ်းတော်တင် ဒါလေးလုပ်ပြီးတော့ ဘုံဘဝအကြိမ်ကြိမ် ဆုတောင်းနေတာက တဏှာ။

ဆုတောင်းနေတာက?

"တဏှာပါဘုရား"

သစ္စာသိကြောင်းလား၊ မသိကြောင်းလား?

"မသိကြောင်းပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

တောင်းတာက?

"တဏှာပါဘုရား"

ဘယ်သူ့ရှေ့မှာလဲ?

"ဘုရားရှေ့မှာပါဘုရား"

ဘာသစ္စာပွားတာလဲ?

"သမုဒယသစ္စာ ပွားတာပါဘုရား"

မြန်မာလိုပြန်စမ်း။ သမုဒယသစ္စာက?

"ဆင်းရဲကြောင်း အမှန်ပါဘုရား"

တို့က ကုသိုလ်ဆို စဉ်းစား သဏ္ဌာန်ကိုလှစ်၊ အနှစ်ကိုရှာ။ ပုံသဏ္ဌာန်ကတော့ ကြည်ညိုစရာကောင်းပါရဲ့။ သိကြားသာစုခေါ် လောက်ပါရဲ့။ လက်အုပ်ကလေးချီထား။ အတွင်းထဲက အဝိဇ္ဇာနဲ့တဏှာ၊ အဝိဇ္ဇာကို တရားကိုယ်ကောက်တော့ မောဟ။

အဝိဇ္ဇာကို တရားကိုယ်ကောက်တော့?

"မောဟပါဘုရား"

တဏှာကို တရားကိုယ်ကောက်တော လောဘ။

တဏှာကို တရားကိုယ်ကောက်တော့?

"လောဘပါဘုရား"

တို့ မြို့ကြီးသူ မြို့ကြီးသား လူလည်တွေ။ မောဟဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

လောဘကရော?

"အကုသိုလ်ပါဘုရား"

ဘုရားဆွမ်းတော်တင် ပန်းတော်ကပ်တာက ကုသိုလ်။

ဘုရားဆွမ်းတော်တင် ပန်းတော်ကပ်တာက ?

"ကုသိုလ်ပါဘုရား"

သစ္စာမသိတဲ့ အဝိဇ္ဇာ၊ ဘုံဘဝလိုချင်တဲ့ တဏှာက?

"အကုသိုလ်ပါဘုရား"

ဆွမ်းတော်တင်တာက?

"ကုသိုလ်ပါဘုရား"

အဝိဇ္ဇာနဲ့ ပါဖျာကော?

"အကုသိုလ်ပါဘုရား"

ဆုအရှည်ကြီး တောင်းမှ တောင်းဖူးရဲ့လား?

"တောင်းဖူးပါတယ်ဘုရား"

တော်ကြာ မတရားဟောတယ်ဖြစ်မှာစိုးလို့၊ တို့နဲ့ မဆိုင်ဘူး၊ တို့ ဒါတွေ မလုပ်ဘူးလို့များ ငြင်းချင်သေးလား?

"မငြင်းပါဘူးဘုရား"

မငြင်းနဲ့ ငုတ်တုတ်ကြီး ဒီမှာ ခန္ဓာကြီးက ငြင်းလို့ကို မရဘူး။ ခန္ဓာငုတ်တုတ်ကြီး။ ဘယ်သူငြင်းလို့ ရသေးလဲ?

"မရပါဘုရား"

ဘယ်သူမှ ငြင်းလို့မရဘူး။ လုပ်ခဲ့ မလုပ်ခဲ့?

"လုပ်ခဲ့ပါတယ်ဘုရား"

အတိတ်ဘဝက လုပ်တာ၊ အခုဘဝလုပ်တာ မဟုတ်ဘူးလား?

"အခုလုပ်ပါတယ်ဘုရား"

ဩော် ဟုတ်လား။ မလုပ်ဖဘားလို့ အောက်မေ့လို့ ဟောမိတာ။ ကိုင်း လုပ်တယ်ဆိုလည်း နားထောင်ပြီးသား ဖြစ်ရောပေါ့။ စဉ်းစားဗျ။ အဲဒီအခါကျတော့ ဆွမ်းတော်တင်တာက ကုသိုလ်၊ ဆုတောင်းရှည်တာက အကုသိုလ်။

ကုသိုလ်ထဲ ဘာရောတာလဲ?

"အကုသိုလ်ရောတာပါဘုရား"

ဘယ်သူ့ရှေ့ သွားရောတာလဲ?

"ဘုရားရှေ့ သွားရောတာပါဘုရား"

## ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍

ဟော လုပ်ရင်းကနေ ငါ့ကုသိုလ်ထဲ အကုသိုလ်ရောပါလားလို့ သိလိုက်ရဲ့လား?

"မသိလိုက်ပါဘူးဘုရား"

* **ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်**
**လူတော်အများ၊ စိတ်ကောင်းထားလည်း**
**ဤကား ကုသိုလ်၊ အကုသိုလ်နှင့်**
**ထိုထိုဘုံဘဝ၊ မသိရ**
**များလှ အပြစ်တွေ။**

ဘုရားသာ လောကအလယ်မှာ မပွင့်ရင် လူတွေ ဘယ်လောက် စိတ်ကောင်းရှိပြီးတော့မှ ဘုရားတည်နိုင်ပါတယ်။ ကျောင်းဆောက်ပါတယ်၊ ရွှေသင်္ကန်းချနိုင်ပါတယ်။ ဆွမ်းတော်တင်နိုင်ပါတယ်။

မြတ်မြတ်နိုးနိုး ရိုရိုသေသေ ဘာလုပ်နေလုပ်နေ၊ ဘုရားသာ လောကအလယ်မှာ မပွင့်ရင် ကိုယ်လုပ်တဲ့အလုပ်၊ ကုသိုလ်မှန်းလည်း

မသိဘူး။ အကုသိုလ်မှန်းလည်း မသိဘူး။

ကုသိုလ်ထဲ အကုသိုလ်ရောမှန်းလည်း?

"မသိပါဘူးဘုရား"

ဘယ်သူမပွင့်ရင်လဲ?

"ဘုရားမပွင့်ရင်ပါဘုရား"

ကိုယ့်အကြောင်းကို အကဲခတ်ပါတော့၊ တို့ဟာ စေတီပုထိုးရှေ့က ခြင်္သေ့ကြီးလို နေခဲ့ကြတာ။

စေတီပုထိုးတွေမှာ ခြင်္သေ့မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

"ဟော့… ခြင်္သေ့ မင်းနောက်က ချွန်ချွန်တက်တက်နဲ့ဟာ ဘာတုန်း" လို့ မေးကြည့်စမ်း။ ခြင်္သေ့က သိလား?

"မသိပါဘူးဘုရား"

ဘုရားနားနေပြီး ခြင်္သေ့ကြီး ဘာကွယ်နေတာလဲ၊ ဘုရားကွယ်နေတယ်။ တို့လည်း ဘုရားရှေ့မှာ ပြုံးစစကလေးနဲ့လုပ်၊ လက်အုပ်ကလေးချီပြီးတော့ ဘာကွယ်နေအောလဲ?

"ဘုရားကွယ်နေတာပါဘုရား"

ဘာဖြစ်လို့ ဘုရားကွယ်တဲ့စကား ပြောတာလဲ၊ ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားလို့ မသိဘူး။ မသိလို့ ကုသိုလ်ထဲ အကုသိုလ်ရောတာပေါ့ဗျ။ သိရင်ရောပါ့မလား?

"မရောပါဘူးဘုရား"

ဟာ…ဒါကြောင့်မို့လို့။ ဘုရားရှင်တော် မပွင့်ပေါ်လျှင် လူတော်အများ၊ စိတ်ကောင်း ဘယ်လောက်ထားထား ကုသိုလ်နဲ့ အကုသိုလ် ရောလို့ ရောမှန်းမသိဘူးတဲ့။

ကိုင်း…ဒီကနေ့ သိခွင့်မရဘူးလား?

"ရပါတယ်ဘုရား"

* **ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍**
**ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်**

**ဤကားကုသိုလ်၊ အကုသိုလ်နှင့်**
**ထိုထိုဘုံဘဝ၊ သိကြရ**
**များလှကျေးဇူးပေ။**

ယောဖော်ညွှန်ကြား မြတ်တရားကြောင့် အခုလို တရားနာရလို့သာ သိရတာ။ ဘယ်သူပွင့်ရတဲ့ ကျေးဇူးလဲ?

"ဘုရားပွင့်ရတဲ့ ကျေးဇူးပါဘုရား"

တို့ ဒကာဒကာမတွေအတွက် ဘုရားပွင့်ပြီလား?

"ပွင့်ပါတယ်ဘုရား"

ဒီအသံနဲ့ မရဘူးနော်။ သူတို့က ထမင်းစားပြီးမှ တရားနာတာ။ ဒီမှာ ဘာမှ မစားဘဲနဲ့ တရားဟောရတာ။ ယောဂီတို့ ဘုန်းကြီးတို့ အားဆေးတိုက်မှာလား၊ ဝမ်းနုတ်ဆေးတိုက်မှာလား?

"အားဆေးတိုက်မှာပါဘုရား"

ယောဂီတို့ကလေ အောက်ကနေ ဘိန်းစားလေသံနဲ့။ "အင့်... အင့်...အင်"နဲ့ ဖြေလိုက်တာ အဲဒါ ဘုန်းကြီးကို ဝမ်းနုတ်ဆေးတိုက်တာ။ မေးသမျှကို ဝုန်းခနဲဖြေလိုက်တာက အားဆေးတိုက်တာ။

မေးရဦးမယ်။ အားဆေးတိုက်မှာလား၊ ဝမ်းနုတ်ဆေးတိုက်မှာလား?

"အားဆေးတိုက်မှာပါ ဘုရား"

မနည်း မနည်း ရိုက်ရိုက်ခေါ်ရတယ်၊ ဘယ်နရက်တိုက်ကြမှာတုန်း"

"ခုနစ်ရက်ပါဘုရား"

## သစ္စာသိချိန် ဉာဏ်ဘုရားပွင့်ချိန်

ယောဂီတို့စဉ်းစား။ သစ္စာတရားဆိုတာက ဉာဏ်ထဲမှာ မြုံးနေမှရတာ။ သိပ်နက်နဲတာပြောပြီးရင် ဉာဏ်ထဲမှာကြည်သွားအောင်လို့ ရေပက်ဟောမှ ရတာ။ စဉ်တိုက် ဆက်တိုက် တရားချည်း ထည့်နေလို့

ကတော့ စူးစိုက်တဲ့ပုဂ္ဂိုလ်လောက်ပဲရမယ်။ ကျန်တဲ့ ပုဂ္ဂိုလ်က ပျင်းလာတာ။

"ဒီတရား တို့နဲ့ မဆိုင်ပါဘူးကွာ၊ ပျင်းစရာကြီးပဲ။ နားလည်း မလည်ပါဘူး"လုပ်ပစ်တာ။

သစ္စာတရားက အလွန်မတန်မှုပဲ နက်နဲတယ်။ အားလုံးနားလည်ဖို့အတွက် အရေးမကြီးဘူးလား၊ ကြီးသလား?

"ကြီးပါတယ်ဘုရား"

ယောဂီတို့အတွက် ဘုရားပွင့်ပြီလား?

"ပွင့်ပါတယ်ဘုရား"

အားလုံးဖြေပါ။ ဘယ်တုန်းက ပွင့်တာတုံး?

"အခုပါပဲဘုရား"

ဟုတ်တယ်၊ အခုမှ ပွင့်တာ။ အရင်ကတည်းက ပွင့်တာက သဏ္ဍာန်တော်ဘုရား။

အရင်ကပွင့်တာ ဘာဘုရားလဲ?

"သဏ္ဍာန်တော်ဘုရားပါ ဘုရား"

ကနေ့ညပွင့်တာက ဉာဏ်ဘုရား။

ကနေ့ည ပွင့်တာက?

"ဉာဏ်ဘုရားပါဘုရား"

အိမ်မှာ ဘုရားဆွမ်းတော် တင်ထားတာတွေ၊ ဘုရားပုံတော် တင်ပြီး ကိုးကွယ်တာ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ဦးခေါင်းတော် လက်တော် ခြေတော် ခန္ဓာကိုယ်အစိတ်အပိုင်း၊ ခေါင်းခါးခြေလက် အပြည့်အစုံ မြတ်စွာဘုရားလေ။ အိမ်မှာတင်ပြီး မကိုးကွယ်ဘူးလား?

"ကိုးကွယ်ပါတယ်ဘုရား"

ချွန်ချွန်တက်တက် စေတီပုထိုးတွေလည်း မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အဲဒါ သဏ္ဌာန်တော်ဘုရား"

ဘာတဲ့တုန်း?

"သဏ္ဌာန်တော်ဘုရားပါဘုရား"

သဏ္ဌာန်တော်ဘုရားကို ပူဇော်ရင် ကုသိုလ်ရမယ်။ တို့ပူဇော်ခဲ့တာ ဘယ်လောက်ကြာပြီလဲ?

"ကြာပါပြီဘုရား"

ငယ်ငယ်ကတည်းက သဏ္ဌာန်တော်ဘုရားရှေ့မှာ ဘာနဲ့ဘာရော လုပ်တာလဲ?

"ကုသိုလ်နဲ့ အကုသိုလ်ရောလုပ်ခဲ့တာပါဘုရား"

အဲဒီတော့ ကျောက်ဆင်းတုကိုယ်တော်ကြီးကလေ "ဟော့... မင်းတို့ဆွမ်း မင်းတို့ပြန်ယူသွား၊ ငါလက်မခံဘူးကွာ"လို့များ ပြောသလား?

"မပြောပါဘူးဘုရား"

ဘယ်ပြောနိုင်မလဲ၊ သဏ္ဌာန်တော်ဘုရားလေ။ သဘောကျတယ် နော်။ ကိုင်း...ယောဂီတို့ ဒီကနေ့ ကိုယ်လုပ်တဲ့အလုပ်ကို ဒါကုသိုလ်နဲ့ အကုသိုလ်ရောတာပဲ၊ ဒါ ဆင်းရဲကြောင်းပဲ၊ ဒါ သမုဒယသစ္စာ ပွားတာပဲလို့ သိလိုက်တာဟာ ဘာဘုရားပွင့်သွားတာလဲ?

"ဉာဏ်ဘုရား ပွင့်သွားတာပါ ဘုရား"

ဒါဖြင့်ရင် သေချာမှတ်။ သဏ္ဌာန်တော်ဘုရားကို ဆွမ်းတော်၊ ပန်းတော် ဆီမီးဖယောင်းတိုင်နဲ့ ပူဇော်ရင် ကုသိုလ်ရမယ်။

သဏ္ဌာန်တော်ဘုရားကို ပူဇော်ရင် ဘာရမလဲ?

"ကုသိုလ်ရမှာပါဘုရား"

ဉာဏ်ဘုရားဝမ်းထဲမှာ ပွင့်ရင် နိဗ္ဗာန်ရမယ်။

ဉာဏ်ဘုရား ဝမ်းထဲမှာ ပွင့်ရင်?

"နိဗ္ဗာန်ရမှာပါဘုရား"

ဒါဖြင့် ဉာဏ်ဘုရား ဘယ်အချိန်ပွင့်သလဲမေးရင် သစ္စာသိတဲ့ အချိန် ပွင့်တယ်။

ဟော...ဉာဏ်ဘုရား ဘယ်အချိန်ပွင့်သလဲ?

"သစ္စာသိတဲ့အချိန် ပွင့်ပါတယ်ဘုရား"

## ခန္ဓာရဲ့လမ်းစဉ်ဟာ အိုနာသေရှိရာ

ဒါဖြင့် ဆွမ်းတော်တင် ပန်းကပ်တာက ကုသိုလ်၊ ဆုတောင်းရှည် နေတာက အကုသိုလ်။

သစ္စာဖွဲ့ရင် ဘာသစ္စာလဲ?

"သမုဒယသစ္စာပါဘုရား"

သမုဒယသစ္စာဆိုတာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်း လား?

"ဆင်းရဲကြောင်းပါ ဘုရား"

ဘယ်တုန်းက လုပ်ခဲ့တာလဲ?

"အရင်တုန်းက လုပ်ခဲ့တာပါဘုရား"

လွန်လေပြီးသော အတိတ်ကာလလို့ မပါဘူးလား?

"ပါပါတယ်ဘုရား"

ဘာသစ္စာ ပွားခဲ့တာလဲ?

"သမုဒယသစ္စာ ပွားခဲ့တာပါဘုရား"

ဘယ်သူ့ရှေ့ပွားခဲ့တာလဲ?

"ဘုရားရှေ့ ပွားခဲ့တာပါဘုရား။"

အရပ်သုံးစကားနဲ့ပြောရင် ကုသိုလ်လုပ်ပြီး ဆုတောင်းရှည်တာ။ ကုသိုလ်ပြုပြီးတော့ ပါးစပ်က "ပွတ်တွတ်ပွတ်တွတ်"နဲ့ တစ်ခါတည်း ဆုတောင်းရှည်နေတာဟာ ဘာသစ္စာပွားနေတာလဲ?

"သမုဒယသစ္စာ ပွားနေတာပါဘုရား"

သြော်... ငါ့ သမုဒယသစ္စာ ဆင်းရဲကြောင်း ကြီးပွားနေတာပါ

လားလို့ သူ့ဟာနဲ့သူ သိရဲ့လား?

"မသိပါဘူးဘုရား"

သူများလုပ်လို့ ကိုယ်မသိတာလား၊ ကိုယ့်ဟာနဲ့ကိုယ် လုပ်ရက်နဲ့ မသိတာလား?

"ကိုယ့်ဟာနဲ့ကိုယ် လုပ်ရက်နဲ့ မသိတာပါဘုရား"

အမလေး ကြောက်စရာကောင်းလိုက်တာ။ စဉ်းစား။ ကဲ... နောက်တစ်ခါ ကုသိုလ်လုပ်ပြီးတော့မှ ဆုတောင်းရှည်နေရင် ဘာသစ္စာ ဖြစ်ပြီလဲ?

"သမုဒယသစ္စာဖြစ်တာပါဘုရား"

အဲဒါဆို ကိုယ့်ဟာကိုယ်လုပ်ရင်းနဲ့ ချက်ချင်းမသိဘူးလား၊ သိသွားလား?

"သိသွားပါတယ်ဘုရား"

တရားနာလိုက်လို့ အဲဒီလို သိသွားတဲ့အချိန်မှာ ဘာဘုရားပွင့် ဟာလဲ?

"ဉာဏ်ဘုရား ပွင့်တာပါဘုရား"

ဒါဖြင့် သဗ္ဗညုတ်တော်ဘုရားကို ဆီမီးပန်းတော်နဲ့ ပူဇော်ရင် ကုသိုလ်ရမယ်။ ကုသိုလ်ရဲ့ အကျိုးပေးသည် ခန္ဓာ။ ခန္ဓာရဲ့လမ်းစဉ်သည် အိုနာသေရှိရာ ပေါ့။

ခန္ဓာရရင် အိုနာသေ မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

ဒါဖြင့် အခု ရထားတဲ့ ခန္ဓာဟာ ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါဘုရား"

သုဂတိရတာ အကုသိုလ် သတ္တိလား၊ ကုသိုလ်ရဲ့ သတ္တိလား?

"ကုသိုလ်ရဲ့ သတ္တိပါဘုရား"

ကုသိုလ်ကြောင့်တော့ လူ့--- ခန္ဓာ မရဘူးလား?

"ရပါတယ်ဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

မြန်မာလိုပြော ဆင်းရဲကျိုးအမှန်။

အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းတရားက ဘာသစ္စာ?

"သမုဒယသစ္စာပါ ဘုရား"

ခေါင်းဆောင်တာက ဘယ်သူနဲ့ ဘယ်သူလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

ဘုရားကျောင်းဆောင်ရှေ့မှာ ဘာလုပ်နေတာလဲ၊ ဆုတောင်းရှည်နေတာ။ ရှင်းပြီလား?

"ရှင်းပါတယ်ဘုရား"

## သစ္စာသိမှ နိဗ္ဗာန်ရ

ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာဟာ ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

ဆွမ်းတော်တင် ပန်းကပ်တာက?

"ကုသိုလ်ပါဘုရား"

ကုသိုလ်ကြောင့် လူ့ခန္ဓာရတယ်။ အကုသိုလ်ကြောင့် အခုဘာသစ္စာ ရနေတာလဲ?

"သမုဒယသစ္စာပါဘုရား"

ကိုင်း တွဲရက်နေတာ ရှင်းပြီလား။

"ရှင်းပါတယ်ဘုရား"

– ဒီလိုမှ ဒီတရားမျိုး မနာဘူးရင်

"မသိပါဘူးဘုရား"

ပြောတော့ ဗုဒ္ဓဘာသာ။ ဘယ်လို ဗုဒ္ဓဘာသာမျိုးလဲ?

ကုလဗုဒ္ဓဘာသာ၊ မိရိုးဖလာ၊ ဖသာလဝါ ဗုဒ္ဓဘာသာတွေရဲ့ လုပ်နေတဲ့အလုပ်ကို ပေါ်လွင်အောင် သစ္စာနဲ့ ထောက်ပြောနေတာ ရှင်းပြီလား?

"ရှင်းပါပြီဘုရား"

ဒါကြောင့် အတိတ်က သမုဒယသစ္စာပွားခဲ့လို့ အခု ဘာသစ္စာရ?

"ဒုက္ခသစ္စာရတာပါ ဘုရား"

ဒီဘဝ ဒီသစ္စာ ဒီတရားမျိုး မနာဘူးရင် နောက်ထပ် ဘာသစ္စာတွေ ပြန်လုပ်ဦးမှာလဲ?

"သမုဒယသစ္စာပါ ဘုရား"

ဟော– အနာဂတ် ဘာသစ္စာ ပြန်ရတုံး?

"ဒုက္ခသစ္စာပါဘုရား"

တစ်သံသရာလုံး သစ္စာဘယ်နှပါးလှည့်တာလဲ?

"နှစ်ပါးလှည့်ပါတယ်ဘုရား"

ဘာသစ္စာနဲ့ ဘာသစ္စာလဲ?

"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား"

ဘယ်သူနဲ့ ဘယ်သူ့ကြောင့် လှည့်တာလဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

အဝိဇ္ဇာနဲ့ တဏှာက ဘာနှစ်ဖြာလဲ?

"မူလနှစ်ဖြာပါဘုရား"

မူလနှစ်ဖြာသစ္စာ ဘယ်နှပါးနဲ့ လည်ရတာလဲ?

"သမုဒယသစ္စာ ဒုက္ခသစ္စာ နှစ်ပါးပါဘုရား"

ဒါကြောင့် လက်ထဲမှာ ဘာပါသလဲ?

"မူလနှစ်ဖြာ၊ သစ္စာနှစ်ခုပါဘုရား"

မူလနဲ့သစ္စာ ဘယ်လိုဘယ်သွားတယ်၊ ဘယ်လိုဆက်စပ်တယ်၊ ဘယ်လို အကျိုးပြုတယ်ဆိုတာကို ပြောနေတာဗျာ။ ရှင်းပြီလား?

"ရှင်းပါပြီဘုရား"

ဒါဖြင့် အခုလို ငါတို့ဟာ "သြော်...ဒီသစ္စာကြောင့် ဒီသစ္စာရတာပဲလို့ သိရင် ဒီအချိန် ဉာဏ်ဘုရားပွင့်သွားတာ သဘောကျရဲ့လား"

သစ္စာသိတဲ့လူ နိဗ္ဗာန်မရဘူးလား?

"ရပါတယ်ဘုရား"

နိဗ္ဗာန်မှာ အိုနာသေရှိရဲ့လား?

"မရှိပါဘူးဘုရား"

ဒါကြောင့် ဉာဏ်ရဲ့အကျိုးပေးက အိုနာသေလွတ်ရာ။

ဉာဏ်ရဲ့အကျိုးပေးက?

"အိုနာသေ လွတ်ရာပါဘုရား"

ကုသိုလ်ရဲ့အကျိုးပေးက အိုနာသေရှိရာ။

ယောဂီတို့ ဒါနသီလပြုတာ၊ အိုနာသေ ရောက်ချင်လို့လား၊ အိုနာသေ လွတ်ချင်လို့လား?

"အိုနာသေ လွတ်ချင်လို့ပါဘုရား"

အိုနာသေလွတ်ချင်လို့ရှိရင် ဒါနပြုရင် ဘာသိအောင် လုပ်ရမယ်?

"သစ္စာသိအောင် လုပ်ရမှာပါဘုရား"

သစ္စာသိမှလုပ်။ သီလဆောက်တည်ရင်လည်း သစ္စာသိမှဆောက်တည်။ သမထဝိပဿနာပွားရင်လည်း သစ္စာသိမှပွား။

တို့ဘုရားက လောကအလယ်မှာ ပွင့်တာ သတ္တဝါတွေ ဘာသိဖို့ပါလိမ့်?

"သစ္စာသိဖို့ရာပါဘုရား"

သစ္စာသိမှ ဘယ်က လွတ်မှာလဲ။ အိုနာသေကလွတ်မှာ။

ဒါကြောင့်မို့လို့ အိုနာသေလွတ်ရာလမ်းကို ပြတတ်လို့ ဘယ်သူ့ကို ကိုးကွယ်တာလဲ?

"ဘုရားကို ကိုးကွယ်တာပါဘုရား"

အဲဒါမှ ကိုးကွယ်ရကျိုး မှန်တာဗျာ။ ရှင်းပြီလား"

"ရှင်းပါတယ်ဘုရား"

ရှင်းလည်းရှင်းတယ်။ နာရီလည်းစေ့ပြီ။ ကျန်တဲ့ သင်တန်းတရားနဲ့ အဲဒီ သာဓကတရားတွေ မနက်ဖြန်မှ ဆက်နာရအောင်။ ကဲ- တော်ကြဦးစို့ဗျာ။

(သာဓု သာဓု သာဓု ပါဘုရား)

# စတုတ္ထနေ့ဟောစဉ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ် တပ်မြေ တောင်ကွင်း ၄၁၇၊ ၁၉ လမ်းမြောက်ဘက် အောင်ရတနာ ဓမ္မဗိမာန်တော်ကြီးအပွင်း၌ ကျင်းပအပ်သော သစ္စာဓမ္မသဘင် ခုနစ်ရက် ညအထူးတရားပွဲကြီး၏ လေးရက်မြောက်သောည၊ ဆွေတော်မျိုးတော် ယောဂီသူတော်စင်အပေါင်းတို့အား ဘုန်းကြီးများ ကျေးဇူးဆပ် ဟောကြားမည့် တရားတော်ကတော့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ပဋိစ္စသမုပ္ပါဒ်အခန်းနှင့် သစ္စသံယုတ်ပါဠိတော် ဓမ္မသင်္ဂဏီပါဠိတော် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တို့ကို အခြေခံ၍ ဟောကြားအပ်သော "ဗုဒ္ဓဘာသာ ငါးမျိုးနှင့် သစ္စာလေးပါးအမှတ်(၄)" တရားတော်။

ထို တရားတော်ကြီးကို မဟောကြားသေးမီ မနာကြားကြသေးမီ တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို အာရုံပြုပြီးတော့မှ နမောတဿသုံးကြိမ်ရွတ်ဆိုပြီး ကန်တော့လိုက်ကြပါဦးစို့။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဟောသူရော နာသူပါ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို ဦးထိပ်မှာထားပြီး ဟောကြနာကြမှာ ဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး သိကုံး

တော်မူခဲ့သော မူလနှစ်ဖြာ လင်္ကာဆောင်ပုဒ်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲစလိုက်ကြရအောင်။

*** မူလနှစ်ဖြာ၊ သစ္စာနှစ်ခု။**
**လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး**
**တရားကိုယ်များနှင့်၊ သုံးပါးအစပ်**
**နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်**
**ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်**
**ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်**
**သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။**

ကိုင်း... အားလုံးပဲ လက်အုပ်ချီကလေးတွေချထား။ မျှတသော ဣရိယာပုတ်ဖြင့် စိတ်ချမ်းသာသလိုထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူမှတ်သားနိုင်ကြပါပြီ။

## သုဂတိသံသရာနဲ့ ဒုဂ္ဂတိသံသရာ

တို့အားလုံးသော ယောဂီအပေါင်း ဤခန္ဓပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး ပိုင်ပိုင်နိုင်နိုင် သိရှိနားလည် သဘောပေါက်မယ်ဆိုရင် တခြားက လွတ်မှာလား၊ သံသရာက လွတ်မှာလား?

"သံသရာက လွတ်မှာပါဘုရား"

ယောဂီတို့တို့ကို သံသရာဆိုတဲ့ အဓိပ္ပာယ်ပြောခဲ့ပြီးပြီ။ အိုနာသေ ထပ်ကာထပ်ကာ ဖြစ်နေတာသည် သံသရာ။

အိုရ နာရ သေရတယ်ဆိုတာလည်း ဘာရှိလို့ပါလိမ့်?

"ခန္ဓာရှိလို့ပါဘုရား"

ဒါဖြင့်ခန္ဓာရှိတော့ မအိုချင်မနာချင် မသေချင်လို့ကော ရမလား?

"မရပါဘုရား"

ကိုင်း... ကောင်းပြီ။ သံသရာဆိုတဲ့နေရာမှာ သံသရာနှစ်မျိုး

ရှိတယ်လို့ မှတ်ပါ။ အဲဒီနှစ်မျိုးက ဘာလဲဆိုရင် တစ်သုဂတိသံသရာ၊ နှစ် ဒုဂ္ဂတိသံသရာ။ ဖြေကြည့်ပါ။

"သုဂတိသံသရာနဲ့ ဒုဂ္ဂတိသံသရာပါဘုရား"

ဟော သုဂတိသံသရာဆိုတာက အခု ယောဂီတို့ ဘုန်းကြီးတို့ ရနေကဲ့ လူ့ဘဝ ဟုတ်ပြီနော်။ လူ့ဘဝပြီးတော့ ဒီ့ထက်မြင့်တဲ့ နတ်ဘဝ၊ ပြီးတော့ဗြဟ္မာဘဝ။

လူရယ် နတ်ရယ် ဗြဟ္မာရယ်ဆိုတာ ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါဘုရား"

ဟုတ်ပြီ။ အဲဒီလူနတ်ဗြဟ္မာမှာလည်း အိုနာသေမရှိဘူးလား?

"ရှိပါတယ်ဘုရား"

လူနတ်ဗြဟ္မာက သုဂတိ၊ အိုနာသေက သံသရာ။

လူနတ်ဗြဟ္မာက?

"သုဂတိပါဘုရား"

အိုနာသေက?

"သံသရာပါဘုရား"

ဒါဖြင့် သုဂတိနဲ့ သံရာနဲ့ပေါင်းလိုက်တော့ သုဂတိသံသရာ။ ကောင်းပြီ။ အိုရ နာရ သေရတာ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒုက္ခသစ္စာ၊ ဟုတ်ပြီ။ သုဂတိ သံသရာလည်း ဒုက္ခသစ္စာ။ ဒုဂ္ဂတိသံသရာဆိုတာက အပါယ်လေးဘုံကို ပြောတာ ဟုတ်ပြီနော်။ ယောဂီတို့ အပါယ်လေးဘုံဆိုတာ သိပြီ မဟုတ်လား?

"သိပါတယ်ဘုရား"

သိရင် ဆိုပြပါဦး?

"ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်"

ဟော မှတ်မိလိုက်တာ။ ဘုန်းကြီးဟောစရာလိုသေးလား?

"မလိုပါဘူးဘုရား"

## ဒါနအားသန်တဲ့ မလ္လိကာမိဖုရား

သုဂတိသံသရာကနေပြီးတော့ ယောဂီတို့ အပါယ်လေးဘုံများ ကျချင်သေးသလား?

"မကျချင်ပါဘူးဘုရား"

မကျချင်ရင် သစ္စာသိအောင်လုပ်၊ ဘာလုပ်ရမှာလဲ?

"သစ္စာသိအောင်လုပ်ရမှာပါဘုရား"

ဘာဖြစ်လို့ သစ္စာသိအောင် လုပ်လို့ပြောရတာလဲ။ "အရှင်ဘုရား တပည့်တော်တို့ နေ့တိုင်းဒါနတွေ လုပ်နေတယ်ဘုရား" စွမ်းနိုင်သလောက် နေ့တိုင်း ဆွမ်းတွေလောင်းတယ်ဘုရား။ သီလလည်းပဲ ငါးပါးသီလ ရှစ်ပါးသီလ စွမ်းနိုင်သလို ဆောက်တည်ထိန်းသိမ်းတယ်ဘုရား၊ သမထလည်း တပည့်တော်တို့ မေတ္တာတွေ ပို့နေတယ်၊ ပုတီးတွေ စိပ်နေတာပဲဘုရား။

တပည့်တော်တို့ ဒါနသီလ သမထတွေ လုပ်နေတာပဲဘုရား သစ္စာသိမှပဲ အပါယ်က လွတ်မှာတဲ့လားဘုရား။ ဒါန သီလ သမထ လုပ်ရင်ကော အပါယ်လေးပါးက မလွတ်တော့ဘူးလားဘုရား"လို့ မမေးသင့်ဘူးလား၊ မေးသင့်သလား?

"မေးသင့်ပါတယ်ဘုရား"

အဲဒီမေးခွန်းကို သာဓကပြလို့ ဖြေကြပါစို့။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး လက်ထက်တော်က မလ္လိကာမိဖုရားကြီးဆိုတာ ရှိတယ်။ ကောသလမင်းကြီးရဲ့ မိဖုရားခေါင်ကြီး အသဒိသဒါန ဘုရားတစ်ဆူမှ တစ်ခါလှူတဲ့ အလှူကြီးကို တိုင်းပြည်က တစ်ဖက်၊ သူတစ်ယောက်တည်းက တစ်ဖက်ပြိုင်လှူတာ၊ သူသာလျှင် ပထမရတယ်။ အလှူခံပုဂ္ဂိုလ်ဆိုတာက ဘုရားအမှူးရှိတဲ့ ရဟန္တာငါးရာ။

အလှူခံစင်ကြယ်ပါ့မလားလို့ သံသယရှိစရာ လိုသေးလား?

"မလိုပါဘူးဘုရား"

အလှူခံက အလွန်စင်ကြယ်တယ်။ မလ္လိကာမိဖုရားကလည်း သဒ္ဓါတရားကောင်းလိုက်တာ။ တစ်နေ့ကို ဘုရားကျောင်း သုံးခေါက်ရောက်တယ်။ နေ့တိုင်းပဲ၊ မနက်တစ်ကြိမ် နေ့တစ်ကြိမ် ညတစ်ကြိမ် စသည်အားဖြင့် မနက်ဆိုလည်း မနက်နဲ့တန်တဲ့ လှူဖွယ်၊ နေ့ဆိုလည်း နေ့နဲ့တန်တဲ့လှူဖွယ်၊ ညနေပိုင်းဆိုလည်း ညနေပိုင်းနဲ့တန်တဲ့ လှူဖွယ်ကလေးတွေ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လှူတယ်၊ တန်းတယ်၊ ပေးတယ်၊ ကမ်းတယ်၊ ကန်တော့တယ် ပူဇော်တယ်။

လောကီ ကိုယ်ပိုင်ဉာဏ်ရှိတဲ့ မလ္လိကာ၊လောကုတ္တရာကျတော့ သစ္စာအသိဉာဏ် မရှိရှာဘူးတဲ့ဗျာ။ သစ္စာတရားများ ဟောလိုက်ရင် ငိုက်ချင်လည်းငိုက်၊ ငေးချင်လည်းငေးနေတယ်။ စဉ်းစားပါ။ ပုဂ္ဂိုလ်တစ်ဦးနဲ့တစ်ဦးဟာ စရိုက်ချင်းမတူကြပါဘူး။

သစ္စာတရားဆိုတာ ပါရမီမျိုးစေ့ခတ်ခံရှိမှ ယောဂီတို့ နာခွင့် သိခွင့်ရတာ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

ဒါကြောင့်–

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လာဘိနော။**

**သမ္မသိတ္တာ ပဂ္ဂဏှိတုံ၊ အပ္ပပုညာအလာဘိနော။**

သာသနာဆိုတဲ့ ဘုရားအဆုံးအမ သစ္စာတရားတော်နဲ့ တွေ့ကြုံဖို့ဆိုတာ ကုသိုလ်ရှိန်စော် အာနုဘော်ရှိမှ ဘုန်းပါရမီရှိမှ သစ္စာတရားနဲ့တွေ့ရတာ။ ဘုန်းကံပါရမီ မပါလို့ရှိရင်တွေ့လည်း တွေ့လွဲပဲဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

တချို့ကတွေ့ပြီးတော့ လွဲတာကရှိသေးတာဗျ။ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အခုကြည့်စမ်း။ မလ္လိကာ မိဖုရားလေ။ ဘုရားနဲ့လည်း သူ

မတွေ့ဘူးလား?

“တွေ့ပါတယ်ဘုရား”

ဘုရားအမှူးရှိတဲ့ သံဃာတွေနဲ့လည်း သူမတွေ့ဘူးလား?

“တွေ့ပါတယ်ဘုရား”

ဘုရားရဲ့ တရားပွဲနဲ့လည်း သူမကြုံရဘူးလား?

“ကြုံရပါတယ်ဘုရား”

ဒါပေမဲ့ သူအားသန်တာက ဒါန။

သူ အားသန်တာက ဘာလဲ?

“ဒါနပါဘုရား”

## ဒါနရှင်ရဲ့နောင်တ အဝီစိကိုကျ

မလ္လိကာဟာ အရိယာလား၊ ပုထုဇဉ်လား?

“ပုထုဇဉ်ပါဘုရား”

တို့ ဒကာဒကာမတွေလည်း အရိယာတွေလား၊ ပုထုဇဉ်တွေလား?

“ပုထုဇဉ်တွေပါဘုရား”

ပုထုဇဉ်မှန်ရင် ယောဂီတို့ “မမှားသောရှေ့နေ၊ မသေသောဆေးသမား”မမှားဘူးဆိုတာ ဘယ်သူမှမရှိ။ ဘုန်းကြီးကအစ ယောဂီတို့အဆုံး မှားခဲ့ကြတယ်။ အမှားပြော အမှားနေ အမှားထိုင် အမှားအတွေး အခေါ် အမှားအကြံအစည်တွေနဲ့။ ယုတ်စွအဆုံး ကိုယ့်ရဲ့မိဘကို ကိုယ့်အလိုကလေး မပြည့်တာနဲ့ မျက်စောင်းထိုးလိုက်၊ ကွယ်ရာမှာ တောက်ခေါက်လိုက်၊ ကိုယ့်လက်ဝါးလေးဖြန့်လို့ ကိုယ့်လက်သီးနဲ့ ထိုးလိုက်။ ငယ်ငယ်တုန်းက အသိပညာ မကြွယ်ခင်က ဒီလို အနေအထားမျိုးတွေ ရှိခဲ့ မရှိခဲ့?

“ရှိခဲ့ပါတယ်ဘုရား”

ဘယ်သူငြင်းနိုင်သေးလဲ?

"မငြင်းနိုင်ပါဘူးဘုရား"

ငြင်းလို့လည်း မရဘူး။ ယယ်ယယ်က ကိုယ်ဒီအတိုင်း လာခဲ့တာပဲ။ အဲဒီအမှားတွေ လူတိုင်းမှာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အားလုံးကို မေးရဦးမယ်။ မိဘကိုများ လိမ်ဖူးရဲ့လား?

"လိမ်ဖူးပါတယ်ဘုရား"

လိမ်ဖူးတယ်။ လင်က မယားကို လိမ်လိုက်၊ မယားက လင်ကို လိမ်လိုက်။ မိဘက သားသမီးကို လိမ်လိုက်၊ သားသမီးက မိဘကို လိမ်လိုက်။ တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်၊ အလိမ်တွေချည်းပဲ၊ မုန့်ကြိုး လိမ်တွေချည်းပဲ။

ဟုတ်ကော ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

အဲ လိမ်နေတာပဲ။ လှည့်ပတ်ပြီးတော့ ကွေ့ဝိုက်ပြီးတော့မှ ဒီလမ်းဆို ဟိုလမ်းရောက်တာ ဟုတ်ရဲ့လား။ ကျူရှင်ဆိုရင် ပန်းခြံထဲ ရောက်ရင် ရောက်နေတာ။ ရတနာပုံဥယျာဉ်ထဲ ရောက်ချင်ရောက် နေတာ။

အဲဒါ မိဘက မေးတော့ "ဘယ်ကပြန်လာတာလဲ ကောင်မလေး" ဆို "ကျူရှင်က ကျောင်းက"။ စဉ်းစားပါ။ မလိမ်ဘူးတဲ့ သူရယ်လို့များ ရှိသလား?

"မရှိပါဘူးဘုရား"

ဒီအတိုင်းပဲ။ မလ္လိကာဟာလည်းပဲ လောကအလယ်မှာ လှုပ်ရှား ရုန်းကန်နေပြီးတော့မှ တစ်နေ့တော့ သူ့ရဲ့အမျိုးသားဖြစ်တဲ့ ခင်ပွန်းသည် ကောသလမင်းကြီးကို အမျိုးသမီးတွေရဲ့ လျှာဖျားလေးနဲ့ လိမ်မိတယ်။ အလှူရှင်ကြီးနော် ဒါနအလှူရှင်ကြီး။ ယောဂီတို့ အဲဒါ လိမ်မိတယ်။

မလ္လိကာမှာလည်း တခြားရှိတာလား၊ ခန္ဓာရှိတာလား?

"ခန္ဓာရှိတာပါဘုရား"

ယောဂီတို့မှာလည်း ဘာရှိသတုန်း?

"ခန္ဓာရှိပါတယ်ဘုရား"

မလ္လိကာမှာလည်း နေစဉ်ကာလတုံးက ကုသိုလ်ကံလေး မရှိဘူးလား?

"ရှိပါတယ်ဘုရား"

လိမ်ခဲ့ညာခဲ့ ကောက်ခဲ့ကျစ်ခဲ့ဖူးတဲ့ အကုသိုလ်ကံလည်း မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ယောဂီတို့ရော?

"ရှိပါတယ်ဘုရား"

ယောဂီတို့မှာ နေ့တိုင်းဆွမ်းလောင်း ဘာညာစသည်ဖြင့် ကုသိုလ်ကံလည်းရှိတယ်။ ပြောဆိုရိုက်ခဲ့ ပုတ်ခဲ့တဲ့ အကုသိုလ်ကံလည်း?

"ရှိပါတယ်ဘုရား"

ဒါဖြင့် မလ္လိကာလည်း ကုသိုလ် အကုသိုလ်တွဲနေသလို ယောဂီတို့လည်း?

"ကုသိုလ် အကုသိုလ်တွဲနေပါတယ်ဘုရား"

ကုသိုလ်နဲ့ အကုသိုလ်နေ့တိုင်း မတွဲဘူးလား တွဲသလား?

"တွဲပါတယ်ဘုရား"

မလ္လိကာလည်း ခန္ဓာရှိတော့ သေရမှာကိုးဗျ။ တိုတိုပြောရင် မလ္လိကာ သေခါနီးကျတော့ မရဏာသန္နဇော ငါးတန်လည်း ပြည့်သွားရော၊ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်တွေက ချုပ်၊ မနောဘဝင်အကြည်ပဲ ကျန်တော့တယ်။

အဲဒီအချိန်မှာ ဖျတ်ခနဲဆို ဘာသွားသတိရလိုက်လဲ ဆိုတော့ သူနေစဉ် ထိုင်စဉ် ပြောခဲ့စဉ်ကတုန်းက သူ့ရဲ့ လင်တော်မောင်ဖြစ်တဲ့ ကောသလမင်းကြီးကို လိမ်ခဲ့တဲ့ လိမ်ပြစ်ကလေးကို သွားပြီးတော့ သတိရတယ်။

"ဩော်...ငါ့ရှင် ဘုရင်ကြီးကို မတောင်းပန်လိုက်ရပါလား" လို့ နောင်ရတယ်၊ ကုက္ကုစ္စဖြစ်တယ်။

ဩော်...ဒါဟာ နောင်တ ကုက္ကုစ္စ အရှုခံတရားပါလားလို့ မလ္လိကာခများ သိသလား?

"မသိပါဘူးဘုရား"

ရှုရကောင်းမှန်းလည်း မသိဘူး၊ ရှုလည်း မရှုဘူးပေါ့ဗျာ။ မရှုတတ်တော့ အဲဒီနောင်တကြီးနဲ့လည်း သေရော။

ယောဂီတို့ နောင်တဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

အဲဒီအကုသိုလ်နဲ့ သေလည်းသေရော ဖတ်ကနဲဆို အဝီစိကျတယ်ဗျာ။

## ဒါနသီလနဲ့သာ တင်းတိမ်မနေပါနဲ့

အဝီစိကျရတယ်ဆိုတာ ယောဂီတို့ စဉ်းစားစမ်း၊ ကုသိုလ်ရဲ့သတ္တိလား၊ အကုသိုလ်ရဲ့သတ္တိလား?

"အကုသိုလ်ရဲ့ သတ္တိပါဘုရား"

လုပ်ထားတဲ့ အသဒိသဒါန။ ကျောင်းဆောက်ထားတယ်၊ တစ်နေ့ကို ဘုရားကျောင်းတော် သုံးခေါက်ရောက် တယ်။ ဘုရားနဲ့ လက်ပွန်းတတီးရှိတယ်။ သံဃာတော်တွေနဲ့ နွေးနွေးထွေးထွေး လက်ပွန်းတတီးရှိတယ်။

အဲဒီမလ္လိကာ သေတဲ့အခါကျတော့ အဲဒီအကုသိုလ်ကလေးနဲ့ ဖျတ်ကနဲလည်း သေလိုက်ရော ဘယ်ကျတုံး?

"အဝီစိကျပါတယ်ဘုရား"

လိမ်ခဲ့တာ အများကြီးလား။ တစ်ခါတည်းလား?

"တစ်ခါတည်းပါဘုရား"

အသဒိသဒါနနဲ့ ယှဉ်မယ်ဆိုလို့ရှိရင် ဒီအကုသိုလ်က ဘာမှ

မဟုတ်လောက်ဘူးနော်။ ဒါပေမဲ့ တကယ်တမ်း အကုသိုလ်လေးက ဆွဲချလိုက်တာ ဘယ်ကျသွားတုံး?

"အဝီစိကျသွားပါတယ်ဘုရား"

သူများလုပ်ထားတာ မဟုတ်ဘူး။ သူများပြောထားတာ မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် ပြောထားတာ၊ ကိုယ်ကိုယ်တိုင် လုပ်ထားတာ။

တချို့က ငါတို့ ဒါနတွေ လုပ်ထားတာ၊ ဘုရားတည်ပြီးပြီ ကျောင်းဆောက်ပြီးပြီ။ ဘာလိုသေးတုံး တဲ့။ "သေဖို့ပဲလိုတော့တယ်"လို့ ပြောလိုက်။

တချို့ဘာမှ နားမလည်ဘဲနဲ့ ပြောနေတာမရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အင်း...တချို့က ဘုရားသွားကျောင်းတက် သီလသတင်းကလေး လုံခြုံကလေးနဲ့ တင်းတိမ်နေကြတာလည်း မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

အေး...စဉ်းစားပါ။ သီလဆောက်တည်တယ်။ ကိုယ်ဘယ်လောက်ဆောက်တည်နိုင်လို့လဲ။ တိဿမထေရ်ကြည့်။ ကဿပဘုရားလက်ထက်က တိဿမထေရ်။ ကဿပဘုရားလက်ထက်ဆိုတာ အနှစ်နှစ်သောင်း အသက်ရှည်တယ်။

သက်တမ်း ဘယ်လောက်ရှည်သလဲ?

"အနှစ်နှစ်သောင်းပါဘုရား"

အနှစ်နှစ်သောင်းအသက်ရှည်တာ၊ ရဟန်းတော်တို့ ကျင့်သုံးအပ်တဲ့ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်တွေ ကျင့်သုံးလိုက်တာ တစ်ရက်တော့ ဘုရားဖူးသွားမယ်ဆိုပြီးတော့မှ လောင်းလှေကလေးနဲ့ ရေလယ်ကနေသွားတယ်။ လှေကလေးက လူးလည်းသွားရော ပိန်းရွက်ကလေးကို သွားဆွဲမိတယ်။

ပိန်းရွက်ကလေး ဆွဲမိတာနော်။ ပထဝီခဏန သိက္ခာပုဒ်အရ

ရဟန်းတော်များသည် စိမ်းစိုသော မြက်သစ်ပင်တွေကို ခုတ်မိမယ်၊ ချိုးမိမယ်၊ ချွေမိမယ်ဆိုရင် ပါစိတ်အာပတ်သင့်စေလို့ ဘုရားက ပညတ်တော်မူထားပြီးသား။ အဲဒီလို ပိန်းရွက်ကလေးကို ဖြတ်မိတဲ့ အခါကျတော့ သူ့မှာ ပါစိတ်အာပတ်သင့်သွားတယ်။

ဒါနဲ့ ဘုရားဆီရောက် ဘုရားဖူးပြီးပြန်လာ၊ တစ်ပါးတည်း တောထဲမှာ ဧကစာရီကျင့်တယ်။

မဟာတိဿရဟန်းမှာလည်း ရှိတာ ခန္ဓာဘယ်နှပါးလဲ?

"ငါးပါးပါဘုရား"

ယောဂီတို့မှာ ရှိတာလည်း ခန္ဓာဘယ်နှပါးလဲ?

"ငါးပါးပါဘုရား"

အချိန်တန်ရင်တော့ ဘာဖြစ်ရမှာလဲ?

"သေရမှာပါဘုရား"

သေရမှာပဲ။ အနှစ်နှစ်သောင်း အသက်ရှည်လည်း အချိန်တန် အနှစ်နှစ်သောင်းပြည့်ရင် ဘာဖြစ်မှာလဲ?

"သေရမှာပါဘုရား"

သေရမှာပါ။ သေရမှာမေ့ပြီး၊ တင်းတိမ်ရောင့်ရဲနေကြတာတွေ အများကြီး မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

## စိတ်ချနေရင် အသေကျန်သေးတယ်

ယောဂီတို့ ဘုန်းကြီးတို့ကို အသာထား။ အရှင် ဒေဝဒတ်ကို အားလုံး မမြင်ဘူးပေမဲ့ ကြားဖူးတယ်နော်။ အရှင်ဒေဝဒတ် ဈာန်ပျံ မိုးပျံ၊ ရှေ့ကမ္ဘာလေးဆယ် နောက်ကမ္ဘာလေးဆယ် ဣဒ္ဓိဝိဓ အဘိညာဉ် ရပြီးသား။ သူ့ရဲ့ခန္ဓာကိုယ်ကို အမျိုးမျိုးဖန်ဆင်းနိုင်တယ်။ မင်းသား ပုံလည်း ဖန်ဆင်းနိုင်တယ်၊ မြွေပုံလည်း ဖန်ဆင်းနိုင်တယ်၊ ဘီလူးပုံလည်း ဖန်ဆင်းနိုင်တယ်။

အဲဒီတန်ခိုးကို အားကိုးပြီးတော့မှ အဇာတသတ်မင်းသားလေးကို အမျိုးမျိုး မလှည့်ဘူးလား၊ လှည့်စားသလား?

"လှည့်စားပါတယ်ဘုရား"

အဲဒီလောက် တန်ခိုးအဘိညာဉ်ရတဲ့ အရှင်ဒေဝဒတ်၊ "ငါဘုရားဖြစ်ချင်တယ်"ဆိုတဲ့ ဒိဋ္ဌိအစွဲ ဝမ်းထဲဖတ်ကနဲလည်း ကိန်းရော။ အဲဒီမှာ တစ်ခါတည်းပဲ ဘုရားကို ကျောက်မောင်းဆင်ပြီးတော့မှ မထုဘူးလား၊ ထုသလား?

"ထုပါတယ်ဘုရား"

ဘုရားအပေါ် သေကြောင်း မကြံဘူးလား၊ ကြံသလား?

"ကြံပါတယ်ဘုရား"

ဘာသမားလဲ? သမထသမားကြီးဗျ။ ဒါကြောင့်မို့လို့ အရိယာတို့ရဲ့ သမာဓိမဟုတ်သော၊ အဓိသမာဓိမဖြစ်သေးသော ပုထုဇဉ်တို့ရဲ့ သမာဓိသည် ဘာမှ စိတ်မချရပါ။ သဘောကျပြီနော်။

"ကျပါပြီဘုရား"

အဲဒီကနေ ဘုရားအပေါ် အပြစ်အနာအဆာပြုတဲ့အတွက် ဈာန်တွေလည်း ခန်းခြောက်ပြီးတော့ အဲဒီဘဝကသေ မြေမျိုပြီးတော့ အဝီစိ ကျရတယ်။ သမထသမားကြီးနော် စဉ်းစား။

ဒါနရှင်ကြီးဖြစ်တဲ့ မလ္လိကာလည်း အဝီစိကျရတာပဲ။ သီလပိုင်ရှင်ကြီးဖြစ်တဲ့ တိဿရဟန်းလည်း၊ နဂါးကြီးဖြစ်ရတာပဲ။ သမထသမားကြီးဖြစ်တဲ့ အရှင်ဒေဝဒတ်ကြီးလည်းပဲ အဝီစိကျရတာပဲ။ ယောဂီတို့ လုပ်နေတဲ့ ဒါနလောက်၊ သီလကလေးလောက်၊ သမထကလေးလောက်ကတော့လေ ဟောဒီ မလ္လိကာတို့ တိဿတို့ အရှင်ဒေဝဒတ်တို့က ပျင်းတောင်ပျင်းသေးတယ်။ စကားထဲ ထည့်မပြောနဲ့။ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

မတင်းတိမ်ကောင်းတာတွေနဲ့ တင်းတိမ်နေကြတယ်။ တပည့်

တော်တို့ ဒါနတွေ လုပ်နေရတာဆိုပေမဲ့ မလွှဲကာကိုမီအောင် လုပ်နိုင်တဲ့ သူ ဘယ်နှယောက်ရှိလဲ?

"မရှိပါဘူးဘုရား"

ခုနစ်ရက် ရှစ်ရက်လောက်မှ တစ်ခါတက်တဲ့ သီလလောက် ကတော့ တိဿတို့က ပါးပါးလေးပဲ။ ဒီလောက်လေးကတော့ ပျင်း တောင်ပျင်းသေးတယ်။ အဲဒီစကားလောက်ကတော့ ထည့်ကို မတွက် ဘူး။

ဆိုလိုတဲ့ အဓိပ္ပာယ်က မတင်းတိမ်ကောင်းတာကို မတင်းတိမ် ပါနဲ့။ **"သီလလောက်ကွယ်၊ ထိန်းနိုင်တယ်၊ သမာဓိလောက်ကွယ် တည်နိုင်တယ်လို့ စိတ်ချ၍လည်းမနေနဲ့"** ဘာကျန်သေးသလဲ၊ အသေ ကျန်သေးတယ်။ ဟုတ်ပြီနော်။

**"ဆိတ်ငြိမ်ရာဝယ်၊ နေနိုင်တယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနဲ့"** သံဝေဂရလို့တောထွက်ပြီးတော့ တစ်ယောက် တည်း တောထဲမှာ ကေစာရီ ကျင့်နိုင်တယ်ဆိုရင်တောင်မှစိတ်ချ မနေနဲ့၊ ဘာကျန်သေးလဲ?

"အသေ ကျန်တာပါဘုရား"

ဟော နောက်ပြီးတော့ နံပါတ်ငါးက **"အနာဂါမ်ဝယ်၊ တည်ပြီ ကွယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနဲ့"** ဘာကျန် သေးလဲ၊ အသေကျန်သေးတယ်။

ဘုရားက သတ္တဝါတွေကို ဘယ်က လွှတ်စေချင်တာလဲ?

"အသေက လွှတ်စေချင်တာပါဘုရား"

ဘုရားရဲ့ ရည်ရွယ်ချက်က အသေကလွှတ်စေချင်တာ။ တို့က သေမည့် အလုပ်တွေချည်းပဲလုပ်၊ လုပ်ပြီးတော့ ကိုယ့်အလုပ်ကလေးနဲ့ ကိုယ် တင်းတိမ်ရောင့်ရဲနေကြတာ၊ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဟော... ဘာမသိရတဲ့အဖြစ်တွေလဲ။ သစ္စာမသိရတဲ့ အဖြစ်တွေ။

ဘာမသိရတဲ့အဖြစ်တွေလဲ?

"သစ္စာမသိရတဲ့ အဖြစ်တွေပါဘုရား"

အလွန်ကြောက်စရာမကောင်းဘူးလား?

"ကောင်းပါတယ်ဘုရား"

## အထပ်ထပ်ပြုလုပ်တာ အလွှာခေါ်သည်

ဒါကြောင့်မို့လို့ **"ပုန အာယန္တိ ဒုဂ္ဂတိံ"** ပုန–တစ်ဖန်၊ **ဒုဂ္ဂတိံ**– ဒုဂ္ဂတိသို့၊ **အာယန္တိ**– နေ့တိုင်း ကိုယ်လုပ်နေတဲ့ကံတွေက ဆွဲချလိမ့်ဦးမယ်။

နေ့တိုင်းသားပြော သမီးပြော၊ ဆွေပြောမျိုးပြော၊ အရောင်းပြော၊ အဝယ်ပြော၊ လူမှုရေးနိုင်ငံရေး စသည်အားဖြင့် ကိုယ်ပြောထားတဲ့ ကံတွေ နည်းရဲ့လား?

"မနည်းပါဘူးဘုရား"

မနည်းဘူး။ မနက်မိုးလင်းကတည်းကိုက စပြောရတဲ့ကံတွေ နည်းရဲ့လား?

"မနည်းပါဘူးဘုရား"

မနည်းပါဘူး။ စဉ်းစားပါ။ တို့မှာ ပြုခဲ့သမျှ ကုသိုလ်ကံနဲ့ အကုသိုလ်ကံတွေ အမျိုးမျိုး မရှိဘူးလား၊ ရှိနေလား?

"ရှိနေပါတယ်ဘုရား"

ရှိနေတယ်။ အဲဒီကံတွေက တို့ကို အကျိုးပေးမယ်ဆိုရင် ကောင်းကျိုးနဲ့ ဆိုးကျိုး ဘယ်ဟာက များမလဲ?

"ဆိုးကျိုးက များပါတယ်ဘုရား"

အဲဒီလို အလုပ်မျိုး လုပ်ခဲ့တာလည်း တစ်ရက်တည်းလား၊ နေ့တိုင်းလား။

"နေ့တိုင်းပါဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ပြုလုပ်ပြောဆိုနေလို့ အလ္လာတဲ့ဗျ။ ဒီမှာ စက်ဝိုင်းထဲမှာ သေချာကြည့်လိုက်။

ဒီမှာ အလ္လာလို့ မတွေ့ဘူးလား၊ တွေ့သလား?

"တွေ့ပါတယ်ဘုရား"

သံသရာမှာ ယောဂီတို့ ဘုန်းကြီးတို့လည်ရတာ အလ္လာဘယ်နှစ်ခုနဲ့လဲ?

"လေးခုနဲ့ပါဘုရား"

အဲဒီလေးခုအလ္လာက ဘာတွေလဲ၊ ဆိုစမ်းပါဦး?

အတိတ်အကြောင်းတစ်လ္လာ

ပစ္စုပ္ပန်အကျိုးတစ်လ္လာ

ပစ္စုပ္ပန်အကြောင်းတစ်လ္လာ

အနာဂတ်အကျိုးတစ်လ္လာ

ဟုတ်ပြီ။ အလ္လာဘယ်နှခုလဲ?

"လေးခုပါဘုရား"

အလ္လာဆိုတာ သေချာမှတ်၊ အကြိမ်ကြိမ် အဖန်ဖန်အထပ်ထပ်။

အလ္လာဆိုတာဘာလဲ?

"အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်ပါဘုရား"

## အလွန်အကျွံလုပ်က အဘိသင်္ခါရ

ကိုင်း– ယောဂီတို့ကို ကုသိုလ်နဲ့ ပြောကြည့်မယ်။ ယောဂီတို့ ဘုန်းကြီးတို့ အတိတ်တုန်းက ကုသိုလ်အလုပ်ဆိုတဲ့ အလုပ်တွေ မလုပ်ဘူးလား၊ လုပ်ခဲ့သလား?

"လုပ်ခဲ့ပါတယ်ဘုရား"

ဒါကြောင့် အလုပ်ဆိုတာ သင်္ခါရ။

ပဋိစ္စသမုပ္ပါဒ်အလိုအရ အလုပ်သည် ဘာလဲ?

"သင်္ခါရပါဘုရား"

သင်္ခါရဆိုတာပြုလုပ်တာကို ခေါ်ပါတယ်။ ယောဂီတို့ စာစော က ဆိုရိုးထဲမှာ ဆိုတယ်လေ။ ဆိုရိုးဆိုခိုင်းတာ အလကားမဟုတ်ဘူး။ မှတ်မိအောင်လို့။

ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့ နေ့တိုင်းအလုပ်တွေ၊ မလုပ် ဖူးလား၊ လုပ်သလား?

"လုပ်ပါတယ်ဘုရား"

ဟော–လုပ်တဲ့သင်္ခါရက ဘယ်နှမျိုးရှိသလဲမေးရင် သုံးမျိုး။

သင်္ခါရဘယ်နှမျိုးရှိသလဲ?

"သုံးမျိုးပါဘုရား"

သေချာနားထောင်။

တစ်– ပုညာဘိသင်္ခါရ၊

နှစ်– အပုညာဘိသင်္ခါရ၊

သုံး– အာနေဉ္ဇာဘိသင်္ခါရ။

ကဲ–မြန်မာလိုပြန်တော့မယ်။ ပုည–ဆိုတာက ကုသိုလ် အဘိ ဆိုတာက အလွန်အကျွံ၊ သင်္ခါရဆိုတာက ရမ်းလုပ်တာတဲ့ဗျ။ ပုညာဘိ သင်္ခါရဆိုတာ ကုသိုလ်ကို အလွန်အကျွံရမ်းလုပ်တာ။ စာသံပေသံနဲ့ ပြောရင် ကုသိုလ်ကို အလွန်အကျွံရမ်းလုပ်ခြင်း။ အရပ်ထဲပြောတော့ ကုသိုလ်ကို အလွန်အကျွံရမ်းလုပ်တာ။ ရှင်းပြီနော်။

"ရှင်းပါပြီဘုရား"

အပုညဆိုတာ အကုသိုလ်၊ အဘိကအလွန်အကျွံ၊ သင်္ခါရက ရမ်းလုပ်ခြင်း။ အပုညာဘိသင်္ခါရဆိုတာ အကုသိုလ်ကို အလွန်အကျွံ ရမ်းလုပ်ခြင်း။ ဟုတ်ပြီနော်။

ကောင်းပြီ။ ဒီဘက်က အာနေဉ္ဇာဘိ သင်္ခါရဆိုတာ ဗြဟ္မာပြည် ရောက်ကြောင်း သမထအလုပ်တွေကို အလွန်အကျွံရမ်းလုပ်ခြင်းတဲ့။

သင်္ခါရ ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါဘုရား"

အရပ်သုံးနားလည်တဲ့ စကားနဲ့ပြောရရင် ကုသိုလ်ရယ်၊ အကုသိုလ်ရယ်၊ သမထရယ်။ ဒါကျတော့ အတိုကောက်ပေါ့ဗျာ။

ပြန်ပြောကြည့်ရအောင်?

"ကုသိုလ်ရယ်၊ အကုသိုလ်ရယ်၊ သမထရယ်ပါဘုရား"

ဒီအလုပ်တွေ မလုပ်ခဲ့ဖူးလား၊ လုပ်ခဲ့သလား?

"လုပ်ခဲ့ပါတယ် ဘုရား"

## မသိလို့ပျော်တာ အဝိဇ္ဇာတဲ့ဗျာ

အတိတ်က ဘုန်းကြီးတို့ ယောဂီတို့ သစ္စာသိပြီးလုပ်ခဲ့တာလား၊ မသိဘဲ လုပ်ခဲ့တာလား?

"မသိဘဲ လုပ်ခဲ့တာပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

မသိဘဲ လုပ်ခဲ့တာလို့ ယောဂီတို့က တည့်တည့်ကြီး မရှေ့မဆိုင်း မစဉ်းစားတော့ဘဲနဲ့ တိုက်ရိုက်ကြီး ဖြေရတာလဲဆိုတော့။

အခုရှိနေတာ ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ဒီခန္ဓာ အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းတရားကို အနီးကပ်ဆုံး ကြည့်လိုက်တော့ ဘယ်သူလဲ?

"သင်္ခါရပါဘုရား"

သင်္ခါရ အထက်နား၊ အုပ်ချုပ်ထားတာက?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရပါဘုရား"

သင်္ခါရပစ္စယာ?

"ဝိညာဏံပါဘုရား"

အလိုလို ရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါဘုရား"

အကြောင်းတရားကို ကြည့်လိုက်တော့ ဘယ်သူနဲ့ ဘယ်သူလဲ?

"အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား"

သစ္စာလေးပါး အမှန်တရား မသိတာက?

"အဝိဇ္ဇာပါဘုရား"

ရမ်းလုပ်မှန်းလုပ် အကန်းလုပ် လုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရာပါဘုရား"

ယောဂီတို့ ဘုန်းကြီးတို့ အတိတ်တုန်းက ခန္ဓာဘယ်နှစ်ပါးရလဲ?

"ငါးပါးပါဘုရား"

အခုကော ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

အတိတ်တုန်းက ခန္ဓာရတော့ မအိုချင်လည်း?

"အိုရပါတယ်ဘုရား"

မနာချင်လည်း?

"နာရပါတယ်ဘုရား"

မသေချင်လည်း

"သေရပါတယ်ဘုရား"

သူများသေခဲ့တာလား၊ ကိုယ်တိုင်သေခဲ့တာလား?

"ကိုယ်တိုင် သေခဲ့တာပါဘုရား"

ဖြစ်လည်း ဖြစ်ခဲ့တယ်၊ ပျက်လည်းပျက်ခဲ့တယ်။ သောက

ဒုက္ခအမျိုးမျိုးနဲ့လည်း ကြုံခဲ့ရတယ်။

ကိုယ်တိုင်မကြုံဘူးလား၊ ကြုံခဲ့ရလား?

"ကြုံခဲ့ရပါတယ်ဘုရား"

ကြုံခဲ့ရတာမှန်သမျှ ဘဝသုခတွေလား၊ ဘဝဒုက္ခတွေလား?

"ဘဝဒုက္ခတွေပါဘုရား"

သူများလား၊ ကိုယ်တိုင်လား?

"ကိုယ်တိုင်ပါဘုရား"

ဘယ်ခန္ဓာရရ ဒီဒုက္ခမျိုးလည်း ရမှာပါလားလို့ အတိတ်က သိခဲ့ရဲ့လား?

"မသိခဲ့ပါဘူးဘုရား"

မကြုံလို့ မသိတာလား။ ကြုံရက်နဲ့ မသိတာလား?

"ကြုံရက်နဲ့ မသိတာပါဘုရား"

မသိအောင် ဖုံးထားတာက?

"အဝိဇ္ဇာပါဘုရား"

ဟော-မသိဘူး။ ဟုတ်ရဲ့လား။ ကိုယ်တိုင် ဒုက္ခရောက်နေပြီနော်။ ပျိုရာက အို၊ အိုရာကနာ။ ဒီကြားထဲမှာ မဖြစ်ချင်တာတွေဖြစ်ရ၊ ဖြစ်ချင်တာတွေ မဖြစ်ရ။ ဟင်...ဒီကြားထဲမှာ သားသောက သမီးသောက၊ စီးပွားသောက အရောင်းအဝယ်သောက။ သားပူ သမီးပူ၊ ဆွေပူ မျိုးပူ၊ အရပ်ပူရွာပူလေးမှ အားလုံးသော ဒကာ ဒကာမတွေ ကင်းကြရဲ့လား?

"မကင်းကြပါဘူး ဘုရား"

သူများတွေ့တာလား၊ ကိုယ်တိုင်တွေ့တာလား

"ကိုယ်တိုင်တွေ့တာပါ ဘုရား"

ဒါပေမဲ့ ရောက်လေရာဘဝမှာ မသာယာဘူးလား?

"သာယာပါတယ်ဘုရား"

မပျော်ဘူးလား?

"ပျော်ပါတယ်ဘုရား"

ပျော်တာ သာယာတာ ဘယ်သူလဲ?

"တဏှာပါဘုရား"

သိပျော်လား၊ မသိပျော်လား?

"မသိပျော်ပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

ပျော်နေတာက?

"တဏှာပါဘုရား"

## ဂုဏ်မက်သာယာ ထိုတဏှာ

အင်း...ဒါကြောင့်မို့လို့

**ဝိုးဝိုးဝင်းဝင်း၊ ဝတ်ဆင်ခြင်းကား**

**နန္ဒင်းသရုံမှုသာတည်း။**

တဲ့။ ခန္ဓာကိုယ်မှာ ပိုးဖဲကတ္တီပါ စိန်တွေခြယ်၊ ကျောက်တွေခြယ်၊ အမျိုးမျိုး ဘယ်လောက်ပဲ ဆင်နေ ဆင်နေ။ မသေခင်ကလေး ဝတ်ရတာ။ ဟုတ်ရဲ့လား၊ နန္ဒင်းသရုံမှုသာတည်းတဲ့။ ပြင်တိုင်းဆင်တိုင်း ပြင်လို့ဆင်လို့ လှတာလောက်ကတော့လေ သေပြီး မသာလည်း လိမ်းပေး လှတာပဲ။

အေး ရန်ကုန်မှာ အဲဒါတွေရှိတယ်။ ဟာ–သေပြီလို့ဆိုရင် အမလေး အခြောက်တွေခေါ်ပြီးတော့၊ အပြင်ခိုင်းတာတဲ့ဗျ။ မသာပြင်တဲ့ အခြောက်က သပ်သပ်ရှိသေးတယ်။ ပဝါပါးလေး လွှားပြီးထားတာ မျက်နှာက ဆေးဆိုးပန်းရိုက်ပေါ့ဗျာ။

တို့ဒကာ ဒကာမတွေ မျက်နှာလိုမျိုးပေါ့။ ဒါကြောင့်မို့ တချို့ များကြည့်ပါလား။ ဟာ–ပရိမီနာ၊ အာချီ၊ လိုင်နာ ကွန်တော့တွေကိုလေ အလွန်အကျွံလုပ်ပြီးတော့ ပေါင်းတင်ပြီးတော့ မျက်နှာက ဖြူဖပ်ဖြူရော်

ဖြစ်နေတာ။ "ဟယ်…နှင် မျက်နှာကြီးက ဖြူဖပ်ဖြူရော်နဲ့ မသာမျက်နှာကြီး ကျနေတာပဲ" တချို့အရပ်ထဲ ပြောတာရှိတယ် နော်။

အင်း ပြင်တာပြင်တာ ပြင်ရုံလောက်နဲ့ လှတာကတော့ မသာလည်းပဲ လှပါတယ်။ စနိုးတို့ ဂက်မေးရှင်းတို့ သုံးရုံလောက်ကလေး မွှေးကြိုင်နေတာကတော့ ခွေးဖျန်းလည်း ဒီခွေးမွှေးမှာပါပဲ။ ဖျန်းကြည့်လိုက်လေ။

အေး ဒါကြောင့်

**ဝိုးဝိုးဝင်းဝင်း၊ ဝတ်ဆင်ခြင်းကား**

**နန္ဒင်း သရုံမျှသာတည်း။**

**နာမည်သတင်း၊ ကျော်စောခြင်းကား**

**ဆီးနှင်း ကျရုံမျှသာတည်း။**

တဲ့။ နာမည်သတင်း ကျော်စောတယ်ဆိုတာက ဆီးနှင်းကျရုံလောက်ပါပဲ။ မနက်ပိုင်း နေလေးလည်းထွက်ရော၊ အဲဒီဆီးနှင်းတွေ ပျောက်သွားတာပါပဲ။ အကြာကြီးလား၊ ခဏလေးလား?

"ခဏလေးပါဘုရား"

အဲဒီခဏလေးကို တစ်ခဏတာကို ထာဝရထင်ပြီးတော့မှ မောက်မာ နေကြတာတွေ၊ သာယာနေကြတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အဲဒီဂုဏ်ကြီးချင်လို့ ဟန်ဆောင်နေရတဲ့ ဟန်ဆောင်မှုတွေ၊ ဂုဏ်ကြီးချင်တဲ့ အတွက်ကြောင့်မို့လို့ လိုက်နေရတဲ့ မတော်လောဘမှုတွေ နည်းရဲ့လား?

"မနည်းပါဘူးဘုရား"

ကြောက်စရာ ကောင်းလိုက်တာ။ အဲဒီဂုဏ်ကြီးချင်လို့ ဂုဏ်နောက်ကို လိုက်ရတဲ့ အပူတွေ။ ပကာသနမက်လို့ ပကာသနကြောင့် ပူရတဲ့ အပူတွေ နည်းရဲ့လား?

"မနည်းပါဘူးဘုရား"

အဲဒီအပူတွေကို ဘာမဟုတ်တဲ့ ဂုဏ်ကလေးက လွှမ်းမိုးပစ်လိုက်ပြီ။ ဒါတွေဟာ ဒုက္ခတွေပါလားလို့ သိရဲ့လား?

"မသိပါဘူးဘုရား"

မသိအောင် ဖုံးထားတာက?

"အဝိဇ္ဇာပါဘုရား"

ဂုဏ်မက်သာယာနေတာက?

"တဏှာပါဘုရား"

## စီးပွားတက်ချင်လို့ ကိုးကွယ်တာ လာဘဗုဒ္ဓဘာသာ

ကိုင်း ကုသိုလ်ဘက်လှည့်ကြဦးစို့။

ယောဂီတို့ ဘုန်းကြီးတို့ အတိတ်က ကုသိုလ်ကောင်းမှုတွေ မလုပ်ဖူးလား၊ လုပ်ခဲ့သလား?

"လုပ်ခဲ့ပါတယ်ဘုရား"

လုပ်တာပေါ့ ကုသိုလ်လုပ်လို့ အခုခန္ဓာ ဘယ်နှပါးရလဲ?

"ငါးပါးပါဘုရား"

ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါဘုရား"

သုဂတိ ခန္ဓာရတာ။ ဟော...ကုသိုလ်ကြောင့်တော့ လူ့ခန္ဓာ မရဘူးလား?

"ရပါတယ်ဘုရား"

သစ္စာသိခဲ့ရဲ့လား?

"မသိခဲ့ပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

သစ္စာမသိတော့ အခုလို လူ့ရတဲ့အတွက် ဘုံဘဝရပါစေလို့

ဆုမတောင်းဘူးလား?

“တောင်းပါတယ်ဘုရား”

မလိုချင်လို့လား၊ လိုချင်လို့လား?

“လိုချင်လို့ပါ ဘုရား”

လိုချင်တာက ဘယ်သူလဲ?

“တဏှာပါဘုရား”

ကုသိုလ်ကောင်းမှုလုပ်တော့ ဝမ်းထဲမှာ ဘယ်သူနဲ့ ဘယ်သူ ကိန်းတာလဲ?

“အဝိဇ္ဇာနဲ့ တဏှာပါဘုရား”

ကိန်းတယ် မကိန်းဘူးဆိုတာ ကိုယ်လုပ်တာ ကိုယ့်ဟာကိုယ် အကဲခတ်။ သဘောကျရဲ့လား?

“ကျပါတယ်ဘုရား”

စာမကြည့်နဲ့၊ ကိုယ့်ဖြစ်စဉ်ကိုက်အောင် ဟောနေတာ။ ကိုယ့်ဟာကိုယ် ကုသိုလ်ကောင်းမှုပြုပြီးတော့မှ ဟိုဘုံ ဒီဘဝရပါရစေ၊ ပစ္စုပ္ပန်လည်း စီးပွားရေး တက်ပါရစေ၊ လာဘ်လာဘ ပေါပါရစေ လုပ်နေတာတွေ မရှိဘူးလား၊ ရှိသလား?

“ရှိပါတယ်ဘုရား”

အဲဒီလို ဗုဒ္ဓဘာသာမျိုးကို မြတ်စွာဘုရားက လာဘဗုဒ္ဓဘာသာ တဲ့။ မနေ့က ဟောလိုက်တာ ဗုဒ္ဓဘာသာ ဘယ်နှမျိုးလဲ?

“ငါးမျိုးပါ ဘုရား”

မနေ့က ဟောလိုက်တာက ကုလဗုဒ္ဓဘာသာ၊ ဒီကနေ့ တစ်လုံး တိုးလိုက်ပြီ၊ လာဘ ဗုဒ္ဓဘာသာ။

ဘာ ဗုဒ္ဓဘာသာလဲ?

“လာဘ ဗုဒ္ဓဘာသာပါ ဘုရား”

လာဘဆိုတာ လာဘ်လာဘလိုချင်တာ။ ဒီဘဝ စီးပွားရေးလေး တက်မလားဆိုပြီးတော့မှ ဘုရားကိုးကွယ်တာတောင်မှ ရွေးကိုးကွယ်

တယ်။ "ဩော်...ငါ အသေလွတ်ရာလမ်းကို ပြတတ်လို့ ဘုရားကိုးကွယ်ပါ၏" ဆိုတဲ့ ဗုဒ္ဓဘာသာက တစ်သောင်းမှာ တစ်ယောက်ရှိဖို့ ခဲယဉ်းတယ်။

ဘယ်လို ဗုဒ္ဓဘာသာမျိုးတွေများသလဲ။ ဟေး...ဒါ လာဘမုနိအဲဒီဘုရားကို ကိုးကွယ်ရင် လာဘ်ပေါ်သတဲ့။ အမလေး...ငါ့ကိုမင်းတို့ ကိုးကွယ်ရင် လာဘ်ပေါ်မယ်လို့ ရှင်တုန်းကလည်း မပြောခဲ့ဘူး။ ပရိနိဗ္ဗာန်စံခါနီးလည်း မပြောခဲ့ဘူး။ ပိဋကသုံးပုံလိုက်လေ့လာကြည့်။ ဘုရားကို နာမည်မဖျက်နဲ့ ရှင်းရှင်းပြောတာ။

လာဘမုနိဖန်ပေါင်းချောင်ကို ကိုးကွယ်လို့ လာဘ်ပေါ်မယ်ဆိုရင် တို့ဘုရားကို မကိုးကွယ်တဲ့ ခရစ်ယာန်တွေ၊ အစ္စလာမ်တွေ ဘာဖြစ်လို့ စီးပွားရေး ဖြစ်နေရတာလဲ။ စဉ်းစား၊ စဉ်းစား၊ အိမ်ပေါ်မှာတင် ရုပ်ယှက်ခတ်နေတာပဲ။ ဆင်ခံတွေရော၊ မြင်းခံတွေရော။ ဘယ် အဓိပ္ပါယ်နဲ့ လုပ်ထားတာလဲ။

ဂိုဏ်းဆရာတွေရဲ့ အလိမ်၊ အကုန်ခံနေရတာ။ ဘာသာရေးစားဖား အလိမ်တွေ အကုန်လုံး မိနေတာ။

ဘုန်းကြီးပြောတာ သဘာဝကျရဲ့လား?

"ကျပါတယ်ဘုရား"

## ဗေဒင်ယုံလျှင် ပုဏ္ဏားဝင်

ဘုရားကိုးကွယ်မှ လာဘ်ပေါ်မယ်ဆိုရင် ဘုရားမကိုးကွယ်တဲ့ ခရစ်ယာန်တွေ ဘာလို့ လာဘ်ရွှင်နေတာလဲ။ အဓိကစီးပွားရေးဖြစ်နေတယ်ဆိုတာ ဘုရားကြောင့် မဟုတ်ဘူး။ ယောဂီတို့ရဲ့ ကံဉာဏ်ဝီရိယသတ္တိ။

ဘာရဲ့သတ္တိလဲ?

"ကံ ဉာဏ်ဝီရိယရဲ့ သတ္တိပါဘုရား"

အရောင်းအဝယ်လေး တစ်ခုလုပ်မယ်၊ အိမ်ဝင်းခြံဝင်းလေး

ဝယ်မယ်ဆိုရင်တောင်မှ၊ အိမ်ဝင်းခြံဝင်းလေး ထုတ်မယ်ဆိုရင်တောင်မှ ဟဲ့ နေ့လေး၊ ဘာလေးတွက်ကြပါဦးဟဲ့။ ဒီနေ့ ဘာနေ့တုံး။

ဘာနေ့ရွေးတာလဲ?

"ရက်ရာဇာပါဘုရား"

အိမ်တိုင်ထူတာက အစ ဘယ်နေ့ထူတာလဲ?

"ရက်ရာဇာပါ ဘုရား"

တို့ နန်းရှေ့က အိမ်တွေ ရက်ရာဇာ မရွေးဘဲ အိမ်တိုင်ထူတဲ့ အိမ် ဘယ်နှအိမ်ရှိလဲ?

"မရှိပါဘူးဘုရား"

ကိုင်း အိမ်တိုင်း ရက်ရာဇာ ရွေးတယ်ပေါ့?

"ရွေးပါဘုရား"

အိမ်တိုင်း နေ့ကောင်းရက်မြတ် မရွေးဘူးလား?

"ရွေးပါတယ်ဘုရား"

အိမ်တိုင်း ချမ်းသာသလား?

"မချမ်းသာပါဘူးဘုရား"

ဒါဖြင့် ခင်ဗျားတို့ အိမ်တိုင်းရွေးတဲ့ ရက်ရာဇာ ဆင်းရဲတဲ့သူတွေကို ဘာလို့ မျက်နှာသာမပေးတာလဲ စဉ်းစားပါ။

ဆင်းရဲရတာ ရက်ရာဇာနဲ့ ဆိုင်သလား?

"မဆိုင်ပါဘူး ဘုရား"

ချမ်းသာရတာ ရက်ရာဇာနဲ့ ဆိုင်သလား?

"မဆိုင်ပါဘူးဘုရား"

ရက်ရာဇာဆိုတာ သက်မဲ့ အရာဝတ္ထု၊ ပုဏ္ဏား အယူဝါဒ။

တို့ ဒကာ ဒကာမတွေက ဘယ်ဘာသာဝင်တွေတုံး?

"ဗုဒ္ဓဘာသာဝင်ပါ ဘုရား"

ယူထားတဲ့ အယူက?

"ပုဏ္ဏား အယူပါဘုရား"

ရဲရဲသာဖြေလိုက်။ နောက်ကို နာမည်ပြောင်းလိုက်။ ကျွန်တော် ကျွန်မတို့က ဗုဒ္ဓဘာသာ မဟုတ်ပါဘူး၊ နာမည်ခံပါ။ တကယ်တမ်း ရင်ထဲ အသည်းထဲ စွဲနေတာက ပုဏ္ဏားဘာသာပါလို့ ပြောင်းလိုက်၊ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

ဟာ–ရက်ရာဇာတဲ့၊ ပြဿဒါးတဲ့။ ခရီးထွက်မယ်ဆို အမလေး ဒီနေ့ မထွက်နဲ့ ပြဿဒါးတဲ့။ တော်ကြာ သူပုန်သူကန် ဓားပြတွေနဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲတဲ့။

ဟိုက ဓားပြကလည်း သူ့အောက်က လက်အောက်ငယ်သား တွေကို ပြောတယ်။ သူပုန်ခေါင်းဆောင်ကြီးက "ဟေ့ကောင်တွေ မင်းတို့ ပြဿဒါးနေ့ ထွက်မတိုက်နဲ့၊ ရဲတွေ စစ်တပ်တွေနဲ့ တွေ့လိမ့်မယ်။ ရက်ရာဇာနေ့တိုက်၊ ဒါမှ မင်းတို့ အန္တရာယ်ကင်းမှာ"တဲ့။

ဒီက ခရီးထွက်တဲ့ လူကလည်း ဘယ်နေ့ ထွက်တုံး?

"ရက်ရာဇာနေ့ပါ ဘုရား"

ဟိုက တိုက်မည့်လူကလည်း?

"ရက်ရာဇာနေ့ပါဘုရား"

တွေ့တာပဲ၊ အဲဒီမှာ တွေ့တာပဲ။ စဉ်းစားနော်၊ ခင်ဗျားတို့ ရက်ရာဇာပြဿဒါးဆိုတာ သက်ရှိလား၊ သက်မဲ့လား?

"သက်မဲ့ပါဘုရား"

သက်မဲ့ဆိုတာတောင်မှသတ်မှတ်ချက် နာမပညတ်တွေ။ စာလို တော့ ကာလပညတ်လို့ ခေါ်တယ်။ မယုံကြည်သင့်တာကို သွားပြီး ယုံကြည်နေတာ။ လာဘ်လာဘ လိုချင်တာကိုးဗျ။ ဟုတ်ကော ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

## ဘုရားကျောင်းဆောင်ပေါ်က ဘိုးတော်မယ်တော်များ

အေး–ဘုရားကိုးကွယ်တော့လည်း လာဘမုနိမှ၊ ပန်းပေါင်းချောင်လေးမှ၊ ဆင်ခံဘုရားမှ မြင်းခံဘုရားမှ လုပ်နေကြတာတွေက ဘာသာရေးအသိပညာ အသိအခံဓာတ် အားနည်းနေတဲ့ ပုဂ္ဂိုလ်၊ လောကအရပ်စကားနဲ့ပြောရင် ကိုယ်ခံအားကျဆင်းနေတဲ့ ပုဂ္ဂိုလ်၊ ကိုယ်ခံအားနည်းနေတဲ့ ပုဂ္ဂိုလ်သည် ရောဂါပေါင်းစုံ ဝင်နိုင်တယ်။

ဘာသာရေးအသိ အခြေခံသဘောတရား အားနည်းနေတဲ့ယောဂီတို့ ဘုန်းကြီးတို့ နှလုံးသားထဲမှာ အခြားအခြားသော လိမ်မည့်ညာမည့်အယူအဆအမျိုးမျိုး ဝင်ရောက်နိုင်တယ်လို့ ဆုံးဖြတ်ပါ၊ အားလုံးသဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

အခု တို့ ဒီလိုဖြစ်နေရတာ ဘာကြောင့်လဲ၊ ဘာသာရေးအသိအခြေခံအားနည်းလို့။ အခုလို ပဋိစ္စသမုပ္ပါဒ်ကို ခန္ဓာဉာဏ်ရောက်သဘာဝဖြစ်စဉ်ကိုက် နားလည်အောင် မသိသေးလို့။

ဘုရားကိုးကွယ်ရင်လည်းပဲ လာဘ်လိုချင်ပြီး ကိုးကွယ်တယ်။ ကိုကြီးကျော် ကိုးကွယ်ကာ၊ မနဲ့လေးကိုးကွယ်တာရော စဉ်းစားနော်။ ဟို ဘိုးဘိုးပြောင်တို့၊ ဘိုးဘိုးလှောင်တို့ ဘိုးဘိုးအောင်တို့ ဒူးထောင်ပေါင်ကားနဲ့ အိမ်ပေါ်တင်ထားတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ပြီးတော့ မြန်မာဖြစ်နဲ့တင် အားမရတော့ဘူး။ နိုင်ငံခြားကလာတဲ့ ဗိုက်ပူနံကားနဲ့ ဘယ်သူလဲ?

"ဥတည်ပွားပါဘုရား"

ခင်ဗျားတို့ ဘုရားကျောင်းဆောင်တွေမှာလိုက်ကြည့်။ ဗုဒ္ဓဘာသာဘုရားကျောင်းဆောင်တဲ့၊ ရုပ်ယှက်ခတ်နေတာပဲ။ တရုတ်တွေရောဟိုမုတ်ဆိတ်မွေးကြီးနဲ့ ဘာဘာဆိုလားပဲ?

"စိုင်းဘာဘာပါ ဘုရား"

ဟို ခရားကြီး ကိုင်ထားက မဟိန္ဒရာ၊ လက်ဆယ်ဖက်ခြောက်ဖက်နဲ့က လက်ချိမ်း။ အိမ်ပေါ်မှာ ရှုပ်နေတာပဲ။ အမျိုးဆက်ကလည်းကောင်းသလား မမေးနဲ့၊ လာဘ်လာဘပေါ်အောင်လို့တဲ့အမျိုးဆက်တာ။ အမလေး ဘယ်သူနဲ့ဘယ်သူ တွဲတယ်မှတ်တုန်း၊ ဥတည်ပွားနဲ့ လက်ချိမ်း တွဲပေးထားတယ်။ ကွမ်ရင်နဲ့ စိုင်းဘာဘာတဲ့။

ကဲလုပ်ပုံ။ လူတွေလည်း အကုန်လုံး ပေါကြောင်ကြောင်တွေဖြစ်လို့။ သူတို့အိမ်တွေက ဘုရားကျောင်းဆောင်တွေပေါ်မှာ လိုက်ကြည့်။ စဉ်းစား၊ စဉ်းစား။ လာဘဗုဒ္ဓဘာသာတွေ ဘာမသိဘဲ ရမ်းလုပ်နေတာလဲ?

"သစ္စာမသိဘဲ ရမ်းလုပ်နေတာပါ ဘုရား"

## လာဘ်လိုချင်သူ ပေါ်တော်မူကိုးကွယ်

သစ္စာမသိဘဲရမ်းလုပ်နေတာ။ သစ်သီးလေး လှူလိုက်၊ ပန်းသီးလေးလှူလိုက်။ မလှူဘူးလား၊ လှူသလား?

"လှူပါတယ်ဘုရား"

လှူတာ တခြားလား၊ ကုသိုလ်လား?

"ကုသိုလ်ပါဘုရား"

ကိုင်း လှူတာကတော့ကုသိုလ်ပဲ။ သစ္စာ အသိဉာဏ် သူတို့မှာပါရဲ့လား?

"မပါပါဘုရား"

လာဘ်လာဘလိုချင်တာ တခြားလား၊ တဏှာလား?

"တဏှာပါဘုရား"

ဟော ငါတို့လုပ်နေတာ မဟုတ်သေးပါလားလို့ သိရဲ့လား?

"မသိပါဘူးဘုရား"

မသိတာက?

"အဝိဇ္ဇာပါ ဘုရား"

လာဘ်လိုချင်တာက?

"တဏှာပါ ဘုရား"

ဘုရားရှေ့ ကိုးကွယ် ဆွမ်းတော်တင်တာက သင်္ခါရ။ ဘာသင်္ခါရ လဲဆိုတော့ ပုညာဘိသင်္ခါရ။

အဝိဇ္ဇာ ပစ္စယာ?

"သင်္ခါရာ ပါဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

အောက်ဆွဲကြည့်လိုက်စမ်း။ ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

သမုဒယသစ္စာဆိုတာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်း လား?

"ဆင်းရဲကြောင်းပါ ဘုရား"

ကိုးကွယ်ထားတာက ဘာဖြစ်ချင်လို့လဲ?

"နိဗ္ဗာန်ရချင်လို့ပါ ဘုရား"

တကယ်လုပ်နေတဲ့ သစ္စာနဲ့ ကြည့်လိုက်တော့?

"ဆင်းရဲကြောင်းပါ ဘုရား"

ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါ ဘုရား"

မင်းတို့ လုပ်နေတာ ဆင်းရဲကြောင်းတွေလို့ ဘယ်သူက ပြောသွားခဲ့တာလဲ?

"မြတ်စွာဘုရားပါဘုရား"

ဘုရားလေ ဘုရား၊ မမေ့ကောင်းဘူးလေ။ ဒီတရားက ဘုရား ဟောခဲ့တာ။ ဦးသုနန္ဒနဲ့ သွားမတွက်နဲ့။ ဘယ်သူ စဟောခဲ့တာလဲ?

"ဘုရား စဟောခဲ့တာပါဘုရား"

ဘုရားကို ယုံရဲ့လား?

"ယုံပါတယ်ဘုရား"

မင်းတို့ သစ္စာမသိဘဲနဲ့ ရမ်းလုပ်နေတာဟာ ဆင်းရဲကြောင်းတွေ ကွလို့ ဘယ်သူက ပြောတာလဲ?

"ဘုရားက ပြောတာပါဘုရား"

တို့ အတွေးအခေါ်နဲ့တို့ကတော့ ဘယ်လို ထင်နေတာလဲ?

"ချမ်းသာကြောင်းလို့ ထင်နေတာပါ ဘုရား"

ပစ္စုပ္ပန် စီးပွားရေးတက်မယ်၊ လာဘ်လာဘတိုးမယ်၊ ရာထူး တက်မယ်၊ အာဏာရှိမယ်လို့ တို့ထင်ထားတာနဲ့ ဘုရားဟောတာ တက်တက်စင်အောင် မလွဲဘူးလား?

"လွဲပါတယ်ဘုရား"

လွဲပြီ လွဲပြီ။ စဉ်းစားပါ၊ သစ္စာမသိရင် သိပ်ကြောက်စရာ မကောင်းလား၊ ကောင်းလား?

"ကောင်းပါတယ် ဘုရား"

လာဘ်လာဘ ဘယ်လောက်လိုချင်လဲဆို ဟိုပေါကြောင် ကြောင် စာအုပ်တွေဖတ်၊ အဲဒီအထဲမှာ ဘယ်ဘုရားက ဘာဖြစ်တော့မလို။

ပေါ်တော်မူတဲ့။ မပေါ်ခင်ကတည်းက မြေကြီးထဲမြှုပ်ထားတာ ကြီးကို။ အောက်ကနေပြီးတော့ ပဲပိုးတီတွေ၊ အဲဒါမျိုးလေးတွေချစိုက်။ အပေါ်ကနေပြီးတော့ သစ်သားဆင်းတုတော်ကြီးထည့် မြေဖို့ထား။ အချိန်တန်တော့ ပဲမျိုးအပင်တွေက ပေါက်လာတော့ တဖြည်းဖြည်းနဲ့ ကြွလာပြီး ဘုရားက ပေါ်လာတာ။ အဲဒါ ပေါ်တော်မူတဲ့။

အဲဒါ လာဘ်လာဘကို အဓိကထားပြီး ကိုးကွယ်တဲ့ လာဘ ဗုဒ္ဓဘာသာတွေ ထိတာပဲ။ လာဘ ဗုဒ္ဓဘာသာတွေ အမျိုးမျိုးကြံဖန်ပြီး တော့ လုပ်နေတာတွေ မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

ကြည့်ဦး။ ဘုရားနားမှာ အကြံအဖန်သမားက မြွေကို ဖမ်းပြီး တော့ အစွယ်အဆိပ်ကိုနုတ်။ ပြီးတဲ့အခါမှ ဘိန်းကျွေးထားတာ။ ဒီနေရာလေးမှာ ဘိန်းလေးချပေးထားတာ။ ဒီမြွေက အချိန်တန် ဒီနားလေးလာတော့တာပဲ။ ဘိန်းအနံ့လေး သုတ်ထားရင် ဒီနားလေးလာတော့တာပဲ။

ဘုရားဖူးလာတဲ့လူတွေက မြွေကိုမြင်တော့ "မြွေက ဘုရားလာဖူးတယ်" ပြောရင်းနဲ့ ဘာဖြစ်သွားတုံး?

"မြွေဘုရားပါဘုရား"

တို့ဘုရားက မြွေမဟုတ်ဘူး၊ လူကဖြစ်တဲ့ဘုရား။ "မြွေဘုရား၊ မြွေဘုရား"နဲ့ တို့ဘုရားကို နာမည်မဖျက်ပါနဲ့။ တို့ဘုရားဟာ လူကဖြစ်တာပါ၊ မြွေကဖြစ်တာ မဟုတ်ဘူး၊ ဖားကဖြစ်တာ မဟုတ်ဘူး။ သဘောကျရဲ့လား။

တော်ကြာ ခင်ဗျားတို့က မြွေဘုရားပြောတော့ နိုင်ငံခြားသားက "ဟယ်…ဒါဖြင့်ရင် ခင်ဗျားတို့ဘုရားက မြွေပေါ့"လုပ်နေဦးမယ်။ ပြီးတော့ ဖားဘုရားတဲ့။ တို့ဘုရား ဖားမဟုတ်ဘူး၊ စဉ်းစားပါ။ လာဘ်လာဘလိုချင်ရင် ဂိုဏ်းဆရာတွေနဲ့ ဘာသာရေး စားဖားကြီးတွေ အကြံအဖန် လုပ်ထားတာပါ။

အဲဒါနဲ့ ရွှေတွေ ကုန်ခဲ့ပေါင်းလည်း များခဲ့ပြီ။ ငွေတွေကုန်ခဲ့ပေါင်း လည်း များခဲ့ပြီ။ သဒ္ဓါရူး၊ သဒ္ဓါပေါ သဒ္ဓါနှမ်းတွေနဲ့ လုပ်ခဲ့ပေါင်းလည်း များခဲ့ပြီ။

ဒီလိုမှ ဟောမပေးရင် ယနေ့လူငယ်တွေ အသိဉာဏ် မကြွယ်ရင် နောက်နောင် ဒီထက်ဆိုးသွားမှာပေါ့။ အားလုံးသဘောကျရဲ့လား။

ဘုရားကို မကြည်ညိုစေချင်တာလား၊ အတုအယောင်တွေဖယ် ရှားပေးတာလား?

"အတုအယောင်တွေ ဖယ်ရှားပေးတာပါဘုရား"

ယောဂီတို့ ပြတ်ပြတ်ဟောတာနဲ့ ချော့ဟောတာ ဘယ်ဟာကြိုက်လဲ?

"ပြတ်ပြတ်ဟောတာ ကြိုက်ပါတယ်ဘုရား"

ယောဂီတို့ဆန္ဒအတိုင်းပဲ။ ပြီးတော့မှ ကွယ်ရာကျတော့မှ "တရားကတော့ ကောင်းပါတယ်အေ"လို့ မျက်နှာငေါ့ငေါ့ပြီးတော့ ပြောကြတော့မှာ။ စဉ်းစားပါ။

အဲဒီလာဘ်လိုချင်ပြီး ကိုးကွယ်တာ ဘာဗုဒ္ဓဘာသာလဲ?

"လာဘ ဗုဒ္ဓဘာသာပါဘုရား"

## စီးပွားမဖြစ်ပါ ချင်းတက်ယတြာ

ဘုန်းကြီး ပခုက္ကူဘက်သွားပြီး တရားဟောတော့ ကြားခဲ့တာလေးရှိသေးတယ်။ အဲဒီမှာ ဘယ်စာအုပ်ထဲက ဖတ်ပြီး ဘယ်လိုအရူးထထားသလဲမသိဘူး။ ဟို အရောင်းအဝယ်လုပ်နေတဲ့ ကလေးမလေးတွေ သွားခါနီးပြီဆိုလို့ရှိရင် အလုပ်ကို ရှုပ်နေတာပဲ။ "ဟဲ့...သွားကြမယ်" ဆို တော်တော်နဲ့ မသွားနိုင်ဘူး။ ဘာလုပ်နေတာမှတ်တုန်း။ ချက်ပေါ်မှာ ချင်းတင်ရသတဲ့။

ချက်ပေါ်မှာ ချင်း(ဂျင်း)တင်တော့ ဘာဖြစ်တုန်းဆိုတော့ ချက်ချင်း ကြီးပွားအောင်လို့တဲ့။ ချက်ပေါ်မှာ ချင်း(ဂျင်း)တင်၊ ဖယောင်းတိုင်သုံးတိုင်ထွန်းတဲ့။ အမလေး လန့်စရာကောင်းလိုက်တာ။ မီးထွန်းပြီးတော့ အသက်ခုနစ်ချက်အောင့်ပြီးတော့ လာဘ်လာဘပေါတဲ့ ဂါထာကို ရွတ်တဲ့။ စီးပွားရေး ချက်ချင်းဖြစ်မယ်တဲ့။

ဒါကြောင့်မို့လို့ လတ်တလောမှာ ကက်ကင်းခတ်နဲ့ ချက်ချင်း အကျိုးပေးချင်ရင် ချက်ပေါ်မှာ ချင်းတင်ပါ။ အမလေးကြာရင် ကိုယ်တောင် ဂိုဏ်းဆရာဖြစ်တော့မလို ကျနေတာပဲ။

အဲဒါ နေ့ချင်းညချင်းကြီးပွားချင်ရင် လာသမျှဩဇ္ဇသည်ကို နေ့လည်လာတဲ့ ဧည့်သည်လည်းချင်းနဲ့ဧည့်ခံ၊ ညလာတဲ့ဧည့်သည်ကိုလည်း ချင်းနဲ့ဧည့်ခံ။ အဲဒါနေ့ချင်းညချင်း စီးပွားတက်သတဲ့၊ အဲဒါ ချင်းတွေနဲ့ဧည့်ခံတဲ့ အိမ်တွေရောက်လို့ရှိရင်လေ အကဲခတ်ကြည့်။

နေ့လည်းချင်းသုတ်နဲ့ ညှော့ခံတယ်၊ ညလည်းချင်းသုတ်နဲ့ ညှော့ခံတယ် ဆိုတော့ အဲဒီအိမ်နှစ်ခါလောက်သွားရင် အူပြတ်မယ်သာမှတ်ထား။

စဉ်းစားနော်။ အဲဒီအယူတွေနဲ့ ပေါကြောင်ကြောင်လုပ်နေတာ တွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဪ– ဒါဘုရားကို သက်သက်နာမည်ဖျက်နေတာပဲ၊ ဘာသာ ရေး ရိုက်စားလုပ်နေတာပဲ လို့ သိလိုက်ရဲ့လား?

"မသိပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

အဲဒီအလုပ်တွေနဲ့ သာယာနေတာက?

"တဏှာပါဘုရား"

အဲဒီအလုပ်တွေနဲ့ အချိန်ကုန်နေတာက?

"သင်္ခါရပါဘုရား"

ဟော အဝိဇ္ဇာပစ္စယာ?

"သင်္ခါရပါဘုရား"

ဘာသစ္စာပွားနေတာလဲ?

"သမုဒယသစ္စာ ပွားနေတာပါ ဘုရား"

သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

## ကံဉာဏ်ဝီရိယရှိလျှင် စီးပွားဖြစ်မည်ပင်

ဒီကနေ့ မွေးနေ့မို့လို့ သက်သတ်လွတ်စားဦးမယ်တဲ့။ မွေးနေ့ မဟုတ်တဲ့နေ့ အကောင်လိုက် မျိုမယ်ပေါ့။ စဉ်းစား။ အဲဒီသက်သတ် လွတ် ဆိုတာကလည်း ဗုဒ္ဓဝါဒမဟုတ်ဘူး။ အရှင်ဒေဝဒတ်ဝါဒ။

ယောဂီတို့ ဘုရားတပည့်လား၊ အရှင်ဒေဝဒတ် တပည့်လား?

"ဘုရားတပည့်တွေပါ ဘုရား"

ပြောတော့ ဘုရားတပည့်၊ ကြိုက်တော့ အရှင်ဒေဝဒတ်အကျင့်။ စဉ်းစား။ တို့ဗုဒ္ဓကလေ လေးဆယ့်ငါးဝါလုံး ငါဘယ်နေ့ သက်သတ်လွတ်စားမယ်လို့ မပြောဘူး။ သာသနာဖျက်မည့် အယူဝါဒတစ်ခု လွှမ်းမိုးနေတာကိုတော့ ဖြေရှင်းပေးရမှာက သာသနာတော်တွင်း က ရဟန်းသံဃာတွေရဲ့တာဝန်။ ကိုယ့်တာဝန် ကိုယ်ထမ်းတာ၊ ကြိုက်တာ မကြိုက်တာ ယောဂီတို့ရဲ့ အလုပ်။

အကြည်ညိုခံဟောရမှာလား။ အမြင်မှန်ရအောင် ဟောရမှာလား?

"အမြင်မှန်ရအောင် ဟောရမှာပါဘုရား"

တရားက နည်းနည်းမြင့်လာပြီနော်။ ဉာဏ်နားမပါရင် ဒီတရား တွေ နာလို့မရပါဘူး။ တို့ ယောဂီ ဒကာဒကာမတွေ အလိမ်ခံရမှာစိုးလို့ အလိမ်တွေ အကုန်လုံး ဖော်ပြောနေတာ။

အဲဒီတော့ ကွယ်ရာကျတော့ ဘုန်းဘုန်းပြောတာ နောက်ကျနေ ပြီ။ အိမ်တိုင်းစေ့ အလိမ်ခံနေရပါသည်။

ဟုတ်ကော ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

စဉ်းစားပါ။ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက အလိမ်ခံနေ ရတာ ဒီနေ့တိုင်အောင်ပဲ။ စီးပွားရေး တစ်ခုဖြစ်တယ်ဆိုတာ ကံဉာဏ် ဝီရိယ။

ယောဂီတို့ အတိတ်က ကုသိုလ်ကံလည်း မပါဘူးလား?

"ပါပါတယ်ဘုရား"

ပစ္စုပ္ပန် ကံဉာဏ်ဝီရိယလည်း မပါဘူးလား?

"ပါပါတယ်ဘုရား"

ဒါတွေ ပေါင်းစပ်ပြီးတော့မှ စီးပွားရေးဖြစ်နေတာ။ တရုတ်ကြီး ပဲဖြစ်ဖြစ်၊ ကုလားကြီးပဲဖြစ်ဖြစ်။ ဂျိန်း မဟာမေဒင် ခရစ်ယာန် သူတို့ကို စိစစ်ကြည့်လိုက်။

သူတို့ နေ့တိုင်း စီးပွားရှာနေတာ ကံဘယ်နှမျိုးနဲ့လဲ?

"သုံးမျိုးပါဘုရား"

သူတို့မှာ ဉာဏ်မရှိဘူးလား?

"ရှိပါတယ်ဘုရား"

သူတို့ရဲ့ ဝီရိယအားတွေက တို့မြန်မာတောင် တချို့လိုက်မမီဘူးဗျ။ မီရဲ့လား?

"မမီပါဘုရား"

ဒါဖြင့် သူတို့မှာ ဘာလဲ?

"ကံဉာဏ် ဝီရိယပါဘုရား"

သူတို့ကော ငြင်းလို့ရသလား?

"မရပါဘုရား"

ယောဂီတို့ကော ငြင်းလို့ရသလား?

"မရပါဘုရား"

## လိုချင်ရင် အလိမ်ခံရဖို့သာပြင်

သူတို့မှားတာက တစ်မျိုး၊ ယောဂီတို့မှားတာက တစ်မျိုး၊ သူတို့မှားတာက ခရစ်ယာန်ကျတော့ ထာဝရက ဖန်ဆင်းလို့၊ အစ္စလာမ်ကျတော့ အလ္လာကြီးက ဖန်ဆင်းလို့။ သူတို့က ထာဝရနဲ့ အလ္လာလောက်ပဲ ပြောစရာရှိတာ။ တို့ ဗုဒ္ဓဘာသာကျတော့ ပြောစရာတွေ အဖေခေါ်စရာတွေ အများကြီး။ ဟိုလူ့အဖေခေါ်လိုက် ဒီလူ့ အဖေခေါ်လိုက်နဲ့။

မိုးကုတ်က အဖေကို ဘဘလို့ ခေါ်တာဗျ။ ဟိုလူ့မြင်လည်းအဘ၊ ဒီလူ့မြင်လည်းအဘ။ အဲ သူ အဘခေါ်တော့ အိမ်က အမေ ဒုက္ခရောက်ရော။

အဘဆိုတာ သေခါနီးကို ပြောတာ။ ဟုတ်တယ်လေ။ အဘခေါ်ခံရတဲ့ ပုဂ္ဂိုလ်က ငယ်ငယ်လေးလား၊ ကြီးမှလား?

"ကြီးမှပါ ဘုရား"

အဲဒါ အဘအခေါ်ခံရလို့ကတော့ မြူးမနေနဲ့၊ သေခါနီးလို့ ပြောတာဗျ။ နော် ဒကာကြီး ဦးမြဝင်း။ အဲဒါ ဟိုလူ့လည်း အဘ ခေါ်၊ ဒီလူ့လည်း အဘခေါ်နဲ့ စဉ်းစားပါ။

ဒါ သစ္စာသိလို့လား၊ မသိလို့လား?

"မသိလို့ပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

ရမ်းလုပ်နေတာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာ ပစ္စယာ

"သင်္ခါရပါ ဘုရား"

အကျိုးတရားလား၊ အကြောင်းတရားတွေလား?

"အကြောင်းတရားတွေပါဘုရား"

ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

ဘယ်သူနဲ့ ဘယ်သူကိန်းပြီးတော့ လုပ်နေတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

ဒါကြောင့် မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ။ လေးခုလုံး မပြောရသေးဘူး။ တစ်လွှာပဲ ပြောရသေးတယ်။

အင်္ဂါ ဘယ်နှစ်ပါးလဲ?

"ဆယ့်နှစ်ပါးပါဘုရား"

ဆယ့်နှစ်ပါး၊ နှစ်ပါးပဲ ပြောရသေးတယ်။

ပဋိစ္စသမုပ္ပါဒ် အလိုအရ ဘယ်အကွက်ကို ဟောနေတာလဲ?

"တစ်အကွက်ကို ဟောနေတာပါ ဘုရား"

ယောဂီတို့ ဒါက အခုလုပ်တာလား။ အတိတ်က လုပ်ခဲ့တာ လား?

"အတိတ်က လုပ်ခဲ့တာပါ ဘုရား"

အတိတ်ဆိုတာ မနေ့ကဟာ အတိတ်ပဲ။ ကနေ့နဲ့စာရင် မနေ့က?

"အတိတ်ပါဘုရား"

ဒီလနဲ့စာရင် ပြီးခဲ့တဲ့လက?

"အတိတ်ပါဘုရား"

အင်္ဂလိပ်လို အခုတစ်လပိုင်း။ ဆယ့်နှစ်လပိုင်းတုန်းက ဘာလဲ?

"အတိတ်ပါဘုရား"

နှစ်ထောင့်သုံးနဲ့ စာလို့ရှိရင် နှစ်ထောင့်တစ်က?

"အတိတ်ပါဘုရား"

နှစ်ထောင့်တစ်က?

"အတိတ်ပါဘုရား"

ဟိုဘက်ဘဝမှ အတိတ်လို့ သွားပြီးတော့မှ မကောက်နဲ့ဦး။ ယနေ့နဲ့စာလို့ရှိရင် မနေ့ကအတိတ်၊ မနက်ဖြန်ကအနာဂတ်၊ အားလုံး သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

အေး အဲဒါတွေ မသိဘဲနဲ့ သူများပါးစပ်ဖျား လမ်းဆုံးပြီးတော့များ အကိုးအကွယ်မှားတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အကိုးကွယ်မှားတာက မှားချင်လို့ မှားတာလား၊ လာဘ်လာဘ လိုချင်လို့ မှားတာလား?

"လာဘ်လာဘလိုချင်လို့ပါ ဘုရား"

လိုချင်တာ ဘာလဲ?

"တဏှာပါဘုရား"

တဏှာကို တရားကိုယ်ကောက်တော့?

"လောဘပါဘုရား"

ဒါကြောင့်မို့လို့ လောဘကြီးရင် လိုချင်တယ်၊ လိုချင်ရင် အလိမ်ခံရမယ်။ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

လောကို ဘာနဲ့ လောလဲ?

"လနဲ့ လောပါတယ်ဘုရား"

လိုချင်တာကို ဘာနဲ့လိုလဲ?

"လနဲ့လိုပါတယ်ဘုရား"

တစ်ခါတည်းပဲ လောဘကြီးလို့ လိုချင်လွန်းအားကြီးရင် အလိမ်ခံရမယ်။ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

သူများဖြစ်စဉ်လား၊ ကိုယ့်ဖြစ်စဉ်လား?

"ကိုယ့်ဖြစ်စဉ်ပါ ဘုရား"

တစ်ရက်တည်း အလိမ်ခံရတာ၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

## ကိုယ့်အားကိုယ်ကိုး စီးပွားတိုး

အဲဒီပုံကြီးတွေ အိမ်ပေါ်တင်ပြီးတော့၊ ဟုတ်သလိုလို ရသလိုလိုနဲ့။ လာဘ်ပေါ်တယ်။ လာဘ်ရွှင်တယ်ဆိုပြီးတော့ အသက်တစ်ထောင်တွေရော၊ ထောင့်ငါးရာတွေရော၊ ခုနစ်ရာ့ငါးဆယ်တွေရော၊ ခြောက်ရာ့အစိတ်တွေရော။ အိမ်ပေါ်မှာ ခေါင်းမြီးခြုံကြီးတွေနဲ့လေ။

လိမ်စားနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပုံကြီးတွေကို အိမ်ပေါ်မှာ တင်ထားတာလေ။ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဘာဖြစ်လို့ ဒီလောက်တောင် အလိမ်ခံနေရတာလဲ?

"မသိလို့ပါ ဘုရား"

မဟုတ်ဘူး။ လိုချင်လွန်းလို့

ဘာဖြစ်လို့ အလိမ်ခံရတာလဲ?

"လိုချင်လွန်းလို့ပါ ဘုရား"

ကိုယ့်ခွန် ကိုယ့်အားကို အားမကိုးချင်ဘူး၊ အချောင်ရမလား ဆိုပြီးတော့မှ သူများကို အားကိုးချင်တယ်။

ဒါကြောင့်မို့လို့ ဗုဒ္ဓဝါဒသည် ကိုယ်ပိုင်ဉာဏ်သုံးရမည့် ဝါဒ။ လောကီလောကုတ္တရာနှစ်လီသော အကျိုးစီးပွားတက်ချင်ရင်

**အတ္တာဟိ အတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ။**

**အတ္တနာဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။**

မင်းတို့ လောကီလောကုတ္တရာ နှစ်လီသော စီးပွားတက်ချင်ရင် ကိုယ့်ကိုယ်ကို အားကိုးပါလို့ ဘယ်သူကပြောသွားတာလဲ?

"ဘုရားက ပြောသွားတာပါ ဘုရား"

အခုတော့ ကိုယ့်ကိုယ်ကို အားကိုးမယ် စိတ်မကူးဘူး။ ဟို ဘိုးတော်က ဘယ်လိုကောင်းသတဲ့၊ ဒီဘိုးတော်က ဘယ်လိုတဲ့၊ ဒီ ဘွားတော်က ဘယ်လိုတဲ့၊ ဟိုဘရသေ့က ဘယ်လိုတဲ့။ ဟိုဘဘုန်းက ဘယ်လိုတဲ့ဆိုတော့ အလုပ်တွေ ရှုပ်ကုန်ပြီ။

အဲဒါကို ယနေ့ ပွင့်ပွင့်လင်းလင်း မပြောရင် ပါနေ့သားငယ် သမီးငယ်တွေရဲ့ နှလုံးသားမှာ ကိုယ့်အားကိုယ်ကိုးချင်တဲ့ ကိုယ်ပိုင် ကံဉာဏ်ဝီရိယတွေကို စွန့်ပစ်ကုန်တော့မယ်။ သူများကို အားကိုးချင်ပဲ့ ဝါဒတွေ ခေတ်စားလာလိမ့်မယ်။

အဲဒါတွေ ခေတ်စားလာရင် တို့ဟာ ဒီထက်မက ဆင်းရဲတွင်း နစ်ရုံပဲ ရှိလိမ့်မယ်လို့ ဆုံးဖြတ်ပါ။ အားလုံးသဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

## ကြာကြာစံချင်လို့ ကြံကြဖန်ကြပုံ

အဲဒါ ဘယ်လို ဗုဒ္ဓဘာသာတွေ ဖြစ်နေတာလဲ?

"လာဘ ဗုဒ္ဓဘာသာပါဘုရား"

တစ်ရက်တည်း လုပ်တာလား၊ နေ့တိုင်းလား?
"နေ့တိုင်းပါ ဘုရား"
တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?
"အကြိမ်ကြိမ်ပါဘုရား"
ဒါကြောင့်မို့ အကြိမ်ကြိမ် ဖန်ဖန် အထပ်ထပ်မို့လို့ဘာတဲ့လဲ?
"အလွှာပါဘုရား"
ဘယ်တုန်းက လုပ်ခဲ့တာလဲ?
"အတိတ်ကပါ ဘုရား"
လုပ်သမျှတွေက အကျိုးလား၊ အကြောင်းလား?
"အကြောင်းပါဘုရား"
ဒါကြောင့် ဘာအလွှာလဲ၊ အတိတ်အကြောင်းတစ်လွှာ။
ရှင်းကော ရှင်းရဲ့လား?
"ရှင်းပါတယ်ဘုရား"
အိမ်ပေါ်တင်ပြီးမှ ကိုးကွယ်တာလည်း တစ်ရက်တည်းမဟုတ်ဘူး။ နေ့တိုင်း အကြိမ်ကြိမ် ဟုတ်ရဲ့လား။
အမလေး မွေးနေမှာ ကြာကြာစံရအောင်လို့တဲ့၊ ဘာလှူလဲ?
"ကြာဖံဟင်းပါဘုရား"
အခုရထားတာ ခန္ဓာ ဘယ်နှပါးလဲ?
"ငါးပါးပါဘုရား"
ဘာသစ္စာလဲ?
"ဒုက္ခသစ္စာပါဘုရား"
ပဋိစ္စ သမုပ္ပါဒ်အလိုအရ ဘယ်အကွက်လဲ?
"နှစ်အကွက်ပါ ဘုရား"
အတိတ်လား၊ ပစ္စုပ္ပန်လား?
"ပစ္စုပ္ပန်ပါဘုရား"
ပစ္စုပ္ပန်ဆိုတာက အခု ရနေတာက ခန္ဓာ ဘယ်နှပါးလဲ?

"ငါးပါးပါဘုရား"

အကြောင်းလား၊ အကျိုးလား?

"အကျိုးပါဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

မြန်မာလိုပြောလိုက်စမ်း၊ ဆင်းရဲကျိုးအမှန်"

"ဆင်းရဲကျိုး အမှန်ပါဘုရား"

ဒါဖြင့် အခုရနေတာ ဆင်းရဲကျိုးပေါ့?

"မှန်ပါဘုရား"

မွေးနေ့မှာ ကြာဆံလှူပြီးတော့မှ ကြာကြာစံချင်တယ်ဆိုတာ ဘယ်ထဲ ကြာကြာစံချင်တာလဲ?

"ဆင်းရဲတဲ့ အထဲမှာပါဘုရား"

ဘုရား လောကအလယ်မှာ ပွင့်တော်မူတာ သတ္တဝါတွေ ဆင်းရဲတဲ့ လက်က လွတ်အောင်လို့။ ယောဂီတို့က?

"ကြာကြာစံချင်တာပါ ဘုရား"

ဘုရားက?

"လွတ်အောင်လို့ပါဘုရား"

ယောဂီတို့က?

"ကြာကြာနေချင်တာပါ ဘုရား"

အမယ် ကြာကြာစံရအောင်လို့ ကြာဆံလှူတာတဲ့။ အကြံအစည် ကောင်းအောင်လို့ ဘာလှူတာလဲ?

"ကြံလှူတာပါဘုရား"

ကိုယ်စားတော့လေ အလုပ္ပျက်မှာစိုးလို့ အခွံကလေးခွာ၊ တော်ရုံ တန်ရုံလေး လှီးပြီးတော့မှ ဝါးချွန်လေးတွေနဲ့ ဟိုစိုက်ဒီစိုက်နဲ့ ကြံ ပန်းခိုင်ကလေး။ အလုပ္ပျက်မှာစိုးလို့ နှုတ်ခမ်းနီ မစွန်းရအောင်လို့။

ကိုယ်စားတော့ ကြံပန်းခိုင်နဲ့စားတာ၊ ဘုရားလှူတော့ ဘယ်လို

လျှုလဲ?

"အချောင်းလိုက် လျှုတာပါဘုရား"

ပဋ္ဌါးပါးစုံရင် ပိုပြီးတော့မှ အကျိုးအာနိသင်ထက်အောင်လို့ ဆိုပြီး အမြစ်ပါ ပါလိုက်သေးတယ်။ နောက်တစ်ခါကျရင် "အရှင်ဘုရား အရှင်ဘုရား ဘာသာခွဲစားပါဘုရား" ဆိုပြီး ကြံလှူရင်း ဓားပါထည့်ပေးလိုက်။

ဘာဗုဒ္ဓဘာသာလဲ?

"လောဘဗုဒ္ဓဘာသာပါဘုရား၊"

လောဘ ဗုဒ္ဓဘာသာ၊ ဘာသစ္စာ ပွားနေတာလဲ"?

"သမုဒယသစ္စာ ပွားနေတာပါဘုရား"

## ထောပတ်သီးအစိမ်းတင်ပြီး ထောချင်သူများ

သမုဒယသစ္စာ ပွားနေတာ။ ဘာသစ္စာလိုချင်လို့တုံး?

"ဒုက္ခသစ္စာ လိုချင်နေလို့ပါဘုရား"

ဩော်–သမုဒယသစ္စာပွားရင် ဒုက္ခသစ္စာရမှာပါလားလို့ အတိတ်က သိခဲ့ရဲ့လား။

"မသိခဲ့ပါဘူးဘုရား"

မသိတာက?

"အဝိဇ္ဇာပါ ဘုရား"

ပြုလုပ်တာက.

"သင်္ခါရပါဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား၊"

အကြိမ်ကြိမ်မို့လို့ ဘာတဲ့လဲ?

"အလွှာပါဘုရား"

လုပ်သမျှအကျိုးလား အကြောင်းလား?

"အကြောင်းပါဘုရား"

ဘယ်တုန်းက လုပ်ခဲ့တာလဲ?

"အတိတ်တုန်းကပါဘုရား။"

နောက်ကိုရော ဘယ်လိုစိတ်ကူးတုံး။ ဘာသစ္စာပွားတာလဲ?

"သမုဒယသစ္စာ ပွားတာပါဘုရား"

ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

ထောအောင်လို့တဲ့။ အံမယ် သူတို့ မသိတာကျလို့ ငြိမ်နေတာ။ လုပ်ပါ လုပ်ပါ သူတို့မန်းရွှေမြို့သူ နန်းတော်ရှေ့သားတွေ အလွန်လည်တယ်။ ပြောစမ်း?

"ထောပတ်သီးပါ ဘုရား"

ထောပတ်သီး၊ အေး... ဟုတ်တယ်။ အမှည့်လှူတာလား၊ အစိမ်း လှူတာလား?

"အစိမ်းလှူတာပါ ဘုရား"

ကျယ်ကျယ်ဖြေ၊ အမှည့်လှူတာလား၊ အစိမ်းလှူတာလား?

"အစိမ်းလှူတာပါ ဘုရား"

မှည့်တော့ ဘာလုပ်?

"စားတာပါဘုရား"

ဒါဖြင့် ဘုရား ဘာလုပ်ခိုင်းတာတုန်း။ မှည့်အောင်လို့ အရှင်ဘုရားဒါလေး မှည့်အောင် စောင့်ရှောက်လိုက်ပါဘုရား။ ကလေးတွေနဲ့မို့ လို့ပါ။ ကလေးတွေက မျက်စောင်းထိုးတော့ "ကောင်လေးနော်ဘုရားတင်ထားတာ ဟင်း" ဆိုတော့ ဟိုက ဘုရားနဲ့ခြောက်တော့ လန့်နေတာ။ ကလေးက မကပ်ရဲဘူး။ ဘုရားကို ကင်းစောင့်ခိုင်းသလိုဖြစ်နေတာ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

ဟော့...တို့ဒီနေ့ခေတ် လူငယ် မောင်မယ်တွေ မှတ်ထားကွ။

အဲဒီ အယူဝါဒတွေ လုပ်နေတာ ကလေးတွေလား၊ လူကြီးတွေလား?

"လူကြီးတွေပါ ဘုရား"

အဲဒီလူကြီးတွေကို မေးကြည့်။ ခင်ဗျားတို့ ဘာဖြစ်လို့ အဲဒါတွေ လုပ်နေတာတုံးလို့။ မေးတော့ သိဘူးဘုရား၊ ရှေးလူကြီး၊ မှတ်ထား၊ ရှေးလူကြီးနဲ့ အရှူး ဖမ်းလို့မရဘူးနော်။ ဒီပေါကြောင်ကြောင် အလုပ်တွေနဲ့ လူငယ်တွေရဲ့သွေး နားထင်ရောက်ကုန်ကြပြီ။ တချို့ဘာမှ နားမလည်ဘူး။ ကလေးတွေကလည်း ဒါလေးတွေ လျှောက်လျှောက် လုပ်နေတာပဲ။ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

မှည့်တဲ့အခါတော့ ခွဲစားရင် ဒီအတိုင်းစားတာလား၊ ဘာလေး ပါသေးတုံး?

"သကြားပါဘုရား"

သြော်...နို့ဆီတို့သကြားတို့နဲ့ ကိုယ်စားတော့ အကျအနခေါက်ပြီးမှ စားတာ။ ဘုရားကျတော့?

"အစိမ်းလိုက် တင်တာပါဘုရား"

သြော်...နောက်ကိုလေ ဖွန်းကလေးတို့ ဓားကလေးတို့ သကြားလေးတို့ နို့ဆီကလေးတို့ ပန်းကန်နဲ့ အကုန်ထည့် "ရော့ ကိုယ်တော်ကြီး မှည့်ရင် ကိုယ့်ဘာသာကိုယ် ဖောက်စားလို့"ပြော။ လုပ်ပုံကိုက ကိုင်း ကြည့်စမ်း။ အဲဒီအလုပ်တွေနဲ့ အချိန်ကုန်တာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဘာသစ္စာပွားနေတာလဲ?

"သမုဒယသစ္စာ ပွားနေတာပါဘုရား"

ဘာဗုဒ္ဓဘာသာလဲ?

"လာဘ ဗုဒ္ဓဘာသာပါ ဘုရား"

တို့ ယောဂီတွေ ဒီအထဲမှာ မပါဘူး မဟုတ်လား?

"မပါပါဘူး ဘုရား"

မပါဘူး မဟုတ်လားဆိုတော့ မပါပါဘူးဘုရားဆိုရင် ပြီးပြီပေါ့။ ခပ်တည်တည်နေပေါ့။ "မပါပါဘူးဘုရား ဟဲ့ဟဲ့ဟဲ့" ဆိုတာ ဘာလုပ်တာတုံး။ အဲဒါ အဲဒါ ပြောတာပေါ့ လူကြီးရှက်တော့ ရယ်သတဲ့။

အဲဒါ နေ့တိုင်း ဘာသစ္စာ ပွားနေတာလဲ?

"သမုဒယသစ္စာ ပွားနေတာပါဘုရား"

သူများပွားတာလား၊ ကိုယ်တိုင်ပွားတာလား?

"ကိုယ်တိုင်ပွားတာပါ ဘုရား"

## အယူမှားပြင်ပေးမည့် ပဋိစ္စသမုပ္ပါဒ်သင်တန်း

မှတ်သာထား၊ ဟောဒီဘုန်းကြီးရဲ့ ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားနာပြီးတော့မှ အယူမပျောက်လို့ကတော့လေ ဒီတစ်သက် အယူပျောက်စရာအကြောင်း မရှိတော့ဘူး။ ပဋိစ္စသမုပ္ပါဒ် သင်တန်းဟောပေးတယ်ဆိုတာ လူတွေ အယူမှားနေတာကို မှန်အောင်ပြင်နေတာ။

ပဋိစ္စသမုပ္ပါဒ် သင်တန်းတက်ပြီးတော့မှ ဟာ...သူများပြောသမျှ သူများပါးစပ်ဖျား လမ်းဆုံးပြီးတော့မှ ယောင်ချာချာ လုပ်နေဦးမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သင်တန်း မကျေတဲ့ပုဂ္ဂိုလ်။သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

အေး...တစ်ခါတည်းပဲ ပေါက်ပေါက်ရောက်ရောက်ရှိအောင် လို့တဲ့၊ ဘုရားကို ပေါက်ပေါက်ဆုပ် မလှူဘူးလား၊ လှူသလား?

"လှူပါတယ်ဘုရား"

ပေါက်ပေါက် ကိုယ်ရော စားသလား?

"မစားပါဘူးဘုရား"

ဟင် ပေါက်ပေါက်ဆိုတာ ဘယ်သူ့ကျွေးတာတုံး?

"ငါးကျွေးတာပါဘုရား"

ဪ…ငါးကျွေးတဲ့ ပေါက်ပေါက်ကို ကိုယ်တောင်မစားဘူး၊ ဘုရားကိုလှူတယ်၊ လှူတာကလည်း ရိုရိုသေသေလှူတာလား၊ ထိ ရောက်အောင်လို့တဲ့၊ ပေါက်ပေါက်ကလေး လက်နဲ့ဆုပ်ပြီးတော့ ဘုရားမျက်နှာကို "အင့်ဟယ်၊ အင့်ဟယ်"နဲ့ လုပ်နေတာ၊ အဲဒါ ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

ဘာ ဗုဒ္ဓဘာသာလဲ?

"လာဘဗုဒ္ဓဘာသာပါဘုရား"

ဘာသစ္စာ ပွားနေတာလဲ?

"သမုဒယသစ္စာ ပွားနေတာပါဘုရား"

နောက်တစ်ခု ရှိသေးတယ်။ သတိထား၊ ဘာတဲ့လဲ "ကလေးမရှိ၊ ခွေးရှိသည်"တဲ့ ရေးထားတာ၊ ဘာတဲ့လဲ?

"ကလေးမရှိ၊ ခွေးရှိသည်ပါဘုရား"

ပြန်ပြောပါ။ သတိ ကလေးမရှိ၊ ခွေးရှိသည်။

"သတိ၊ ကလေးမရှိ၊ ခွေးရှိသည်ပါဘုရား"

အိမ်ထဲနေတာ ဘယ်သူတွေလဲ?

"လူတွေပါဘုရား"

ဟင်?

"တပည့်တော်တို့ပါဘုရား"

ခုန စာသားကလေး ပြန်ဆိုစမ်း၊ သတိ ကလေးမရှိ ခွေးရှိသည် ဆိုတော့ ကိုယ့်ကို ဘာဖြစ်အောင် လုပ်လိုက်တာလဲ?

"ခွေးဖြစ်အောင် လုပ်လိုက်တာပါ ဘုရား"

အဲဒါကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ အိမ်ရှေ့ကပ်ထားတယ်။ စဉ်းစား နော်။ ဒါ ဘုန်းကြီး ထွင်ဟောတာလား။ အရပ်ဖြစ်စဉ်လား?

"အရပ်ဖြစ်စဉ်ပါ ဘုရား"

ဒေသနာနဲ့ စဉ်လိုက်မယ်ဆိုရင် ဘာသစ္စာ ပွားနေတာလဲ?

"သမုဒယသစ္စာ ပွားနေကြတာပါ ဘုရား"

ကိုင်း...ဒီနေ့ဟောတာ အများကြီးလား၊ တစ်ကွက်တည်းလား?

"တစ်ကွက်တည်းပါဘုရား"

နှစ်ကွက်ကူးရင် မိုးလင်းမယ်နော်။ အဲဒီတော့ မိုးမလင်းရအောင် မနက်ဖြန်ကျတော့မှ ဟောဒီအကွက်ကို မှားခဲ့တဲ့အကွက် ဒုက္ခရောက်ရပုံနဲ့ ဟောဒီမှာ ဆက်မမှားရအောင်၊ ပစ္စုပ္ပန်ရဲ့ အမှားလေးတွေကို ရှောင်ရှားနိုင်ဖို့အတွက် မနက်ဖြန်ကျန်တဲ့သင်တန်းကို မနက်ဖြန်ရဲ့ ဖြစ်စဉ်ကိုက်ဆက်နာ။ ကိုင်း...ကနေ့ နာရီစေ့ပြီ တော်ကြဦးစို့ဗျာ။

**သာဓု သာဓု သာဓုပါ ဘုရား။**

# ပဌမနေ့ ဟောစဉ်

မန္တလေးမြို့၊ နန်းတော်ရှေ့ ဒေါနဘွားရပ်၊ အောင်ရတနာဓမ္မဗိမာန်တော်ကြီးမှာ ငါးရက်မြောက်သောညအဖြစ် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ပဋိစ္စသမုပ္ပါဒ် အခန်းနှင့် သစ္စသံယုတ်ပါဠိတော် ဓမ္မစကြာ ပါဠိတော် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တို့ကို အခြေခံ၍ ဟောကြားအပ်သော ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးအမှတ်(၅) တရားတော်။

တရားတော်ပိုင်ရှင်ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်ကို အာရုံပြုပြီးတော့ နမောတဿ သုံးကြိမ်ဖြင့် ညီညာဖြဖြကန်တော့ လိုက်ကြပါဦးစို့။

**နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။**

ဟောသူရော၊ နာသူပါ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏၊ ဉာဏ်တော်ကို ဦးထိပ်မှာထားပြီး၊ ဟောကြနာကြမှာ ဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး ရေးသားသီကုံးတော်မူခဲ့သော မူလနှစ်ဖြာလင်္ကာဆောင်ပုဒ်ကို ရွတ်ဖတ်ပူဇော်ပြီး တရားပွဲစလိုက်ကြရအောင်။

"မူလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလှာ၊ အင်္ဂါဆယ့်နှစ်ပါး
တရားကိုယ်များနှင့်၊ သုံးပါးအစပ်

နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အားလုံး လက်အုပ်ချီကလေးတွေချထား၊ မျှတသော ဣရိယာပုတ်ဖြင့် စိတ်ချမ်းသာသလိုထိုင်ပြီး ဟောကြားလတ္တံ့သော၊ တရားဓမ္မများကို အာရုံတစ်ပါး၊ စိတ်မသွားဘဲ ဆက်လက်နာယူမှတ်သားနိုင်ကြပါပြီ။

## ဘုရားပွင့်မှ သိခွင့်ရသည်

တို့အားလုံး ယောဂီအပေါင်းသူတော်ကောင်းတို့၊ ဟောဒီပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာတရားဆိုတာ ဘယ်သူပွင့်မှ သိခွင့်ရတာပါလိမ့်?

"ဘုရားပွင့်မှပါ ဘုရား"

အေး ဘုရားပွင့်မှပဲ သိခွင့်ရတယ်။ သတ္တဝါတွေ သံသရာလည်တာကတော့ ဘုရားမပွင့်ခင်ကလည်း သံသရာလည်တာပဲ၊ အခုလိုဘုရားပွင့်တဲ့ ခေတ်ကာလက သတ္တဝါတွေလည်း အိုနာသေသံသရာမလည်ဘူးလား၊ လည်သလား?

"လည်ပါတယ် ဘုရား"

လည်တယ်။ ဒါပေမဲ့ ကိုယ် သံသရာ လည်ရပုံ၊ ဆိုးဝါးပုံ၊ ယုတ်မာပုံ၊ ဆင်းရဲပုံ၊ အနှိပ်စက်ခံရပုံကိုတော့၊ ဪ... ငါတို့သံသရာလည်ရင် ဒီလိုဒီလို အနှိပ်စက်ခံရတာပါလားဆိုတဲ့၊ တရားအသိဉာဏ်ကတော့ ဘယ်သူပွင့်မှ သိမှာပါလိမ့်?

"ဘုရားပွင့်မှ သိမှာပါဘုရား"

ဒါဖြင့် ကိုယ့်ရဲ့သံသရာလည်ပုံကိုမှ ပိုင်ပိုင်နိုင်နိုင် သိခွင့်မရဘူးဆိုရင်၊ သူ့ဝမ်းထဲမှာ ဉာဏ်ဘုရားမပွင့်သေးဘူးလို့ ဆုံးဖြတ်ပါ။ ဘာဘုရားမပွင့်သေးတာလဲ?

"ဉာဏ်ဘုရား မပွင့်သေးတာပါဘုရား"

အခု တရားနာနေတာကိုက ခန္ဓာဘယ်နှပါးလဲ?

"ငါးပါးပါ ဘုရား"

ဟော ခန္ဓာငါးပါးရထားတဲ့သူဆိုတော့ ရထားတဲ့ခန္ဓာငါးပါးက အကြောင်းလား၊ အကျိုးလား?

"အကျိုးတရားပါ ဘုရား"

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါ ဘုရား"

ပစ္စုပ္ပန်ဆိုတာ အခုနော်။ ပစ္စုပ္ပန်ဆိုတာ ဘာလဲ?

"အခုပါ ဘုရား"

ဟော ပဋိစ္စသမုပ္ပါဒ်အလိုအရ ဘယ်အကွက်လဲ?

"နှစ်အကွက်ပါ ဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

အလိုလိုရသလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

ယောဂီတို့ ဘုန်းကြီးတို့လုပ်ခဲ့တာက အင်္ဂါနဲ့ကြည့်ရင်၊ ဘယ်သူနဲ့ ဘယ်သူလဲ။ သစ္စာလေးပါး အမှန်အတိုင်းမသိတာက?

"အဝိဇ္ဇာပါ ဘုရား"

ဘဝရကြောင်း အလုပ်တွေလုပ်ခဲ့တာက?

"သင်္ခါရပါ ဘုရား"

## လိုချင်လို့ ရှာလျှင် အကုသိုလ်ပင်

အတိတ်က ယောဂီတို့ ဘုန်းကြီးတို့ ကုသိုလ်ဆိုတဲ့ အလုပ်ကို လည်း မလုပ်ဘူးလား?

"လုပ်ပါတယ် ဘုရား"

လုပ်တယ်။ ပုညာဘိသင်္ခါရ။

အကုသိုလ်ဆိုတဲ့ သားရေးသမီးရေး၊ စီးပွားရေးအလုပ်တွေကို လည်း မလုပ်ဘူးလား?

"လုပ်ပါတယ် ဘုရား"

လုပ်တယ်။ အပုညာဘိသင်္ခါရ။

ဩော်... သားရေးသမီးရေး၊ စီးပွားရေးအကုသိုလ်တွေလို့ အရှင်ဘုရားတို့က ပြောရက်လိုက်တာ။ တပည့်တော်တို့က ကိုယ့်အရေးနဲ့ ကိုယ်ပါဘုရား။ ကိုယ့်အိတ်ထဲကနေပြီးတော့ အရင်းအနှီးစိုက်ထုတ် လုပ်တာ၊ ဘယ်သူ့ဆီကမှ ချေးတာ၊ ငှားတာလည်း မရှိဘူးဘုရား။ မလွယ်လို့ ချေးမိငှားမိရင်တောင်မှ မှန်မှန်ကန်ကန် ပြန်ဆပ်တယ် ဘုရား။

ဘယ်သူ့သားသမီးမှလည်း တပည့်တော်တို့ စော်ကားတာ မဟုတ်ဘူး။ အရက်လည်း မသောက်ဘူး။ လမ်းဘေးထွက်ဆဲတာလည်း မဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း စော်ကားမော်ကား လုပ်နေတာ မဟုတ်ဘူး ဘုရား။

တပည့်တော်တို့ ကိုယ့်စိတ်ကောင်းကလေးနဲ့ကိုယ် အေးအေး ဆေးဆေး ကိုယ့်အရောင်းအဝယ်လေးနဲ့ ကိုယ်နေတာ ဘာအကုသိုလ် လဲဘုရား။ မေးမယ်ဆို မေးစရာမရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

ရှိတယ်။ အရက်မသောက်ဘူး၊ ဖဲမရိုက်ဘူး၊ မလိမ်ဘူး။ သူများ မစော်ကားဘူး။ သူများအသက် မသတ်ဘူး။ သီလမလုံဘူးလား။ သီလကတော့ လုံပါတယ်။ ဒါပေမဲ့ မေးရဦးမယ်။

စီးပွားရှာတာ ဘယ်ပုံစံနဲ့ပဲရှာရှာ၊ မလိုချင်လို့ ရှာတာလား၊ လိုချင်လို့ ရှာတာလား?

"လိုချင်လို့ ရှာတာပါဘုရား"

အဲဒါငြင်းလို့မရဘူး။ ကောင်းရောင်းကောင်းဝယ်နည်းနဲ့ပဲ ရှာရှာ၊

ဘယ်လိုရှာရှာ။ ဘာဖြစ်လို့ရှာတာလဲ? လိုချင်လို့။

လိုချင်တာ ဘယ်သူလဲ?

"တဏှာပါ ဘုရား"

တဏှာ တရားကိုယ်ကောက်တော့?

"လောဘပါ ဘုရား"

ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါ ဘုရား"

## ထိုင်နေရင်းပင် အကုသိုလ်ဝင်

အဲဒီတော့ စီးပွားရှာတိုင်း၊ အဆင်ပြေသလား?

"မပြေပါ ဘုရား"

မပြေတဲ့အခါကျတော့ စိတ်ညစ်တယ်ကွာ၊ ဒီနေ့သွားရလာရတာ ဟန်မကျလိုက်တာကွာ၊ နဖူးကချွေးခြေမကျ လှုပင်ပန်းတာပဲ၊ အဖတ်တင်တယ်။ စိတ်ညစ်လိုက်တာ။

ကျေနပ်တဲ့အသံလား၊ မကျေနပ်တဲ့အသံလား?

"မကျေနပ်တဲ့ အသံပါဘုရား"

မကျေနပ်တာက ဘယ်သူလဲ?

"ဒေါသပါ ဘုရား"

ဖြစ်မှုဖြစ်ဖူးရဲ့လား?

"ဖြစ်ဖူးပါတယ် ဘုရား"

ဒေါသက အကုသိုလ်လား၊ ကုသိုလ်လား?

"အကုသိုလ်ပါ ဘုရား"

သူများဖြစ်တာလား၊ ကိုယ်တိုင်ဖြစ်တာလား?

"ကိုယ်တိုင် ဖြစ်တာပါဘုရား"

ကိုယ်တိုင်ဖြစ်တာ။ ဩော်... ဒါဟာ ဒေါသပါလား၊ လောဘပါ လား။ ဒါ ဣဿာမစ္ဆရိယပါလား၊ ဒါ မကောင်းတဲ့စိတ်ပါလားလို့၊

သူပေါ်လာတဲ့ အချိန်သိလိုက်ရဲ့လား?

“မသိလိုက်ပါ ဘုရား”

ဒါဟာ အကုသိုလ်တွေပါလားလို့၊ သိလိုက်ရဲ့လား?

“မသိလိုက်ပါ ဘုရား”

မသိတာက?

“အဝိဇ္ဇာပါ ဘုရား”

အဝိဇ္ဇာကို တရားကိုယ်ကောက်တော့ မောဟ။ မောဟဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား?

“အကုသိုလ်ပါ ဘုရား”

နောက်က ဒကာဒကာမတွေ ဖြစ်မှဖြစ်ဖူးရဲ့လား?

“ဖြစ်ဖူးပါတယ် ဘုရား”

တစ်ရက်တည်းလာ၊ နေ့တိုင်းလား?

“နေ့တိုင်းပါ ဘုရား”

ဒီကြားထဲ “ဈေးသွားချင်တာက နာမ်၊ ဈေးသွားတဲ့ဟန်ကရုပ်၊ သူမဟုတ် ငါမဟုတ်၊ ဈေးသွားတာ နာမ်နဲ့ရုပ်”လို့ အသိဉာဏ်ကပ်ပြီး ဈေးသွားတာလား၊ ငါသွားမယ်ဆိုပြီး သွားတာလား?

“ငါသွားမယ်ဆိုပြီး၊ သွားတာပါဘုရား”

သူလည်း အယူမှန်လား၊ အယူမှားလား?

“အယူမှားပါ ဘုရား”

အယူမှားတာက ဒိဋ္ဌိ။ အယူမှားတာက?

“ဒိဋ္ဌိကပါ ဘုရား”

ကုသိုလ်လား၊ အကုသိုလ်လား?

“အကုသိုလ်ပါ ဘုရား”

တစ်ရက်တည်း ဖြစ်တာလား နေ့တိုင်းလား?

“နေ့တိုင်းပါ ဘုရား”

ပြောလိုက်ပါလား၊ ငါ့ ဘာအကုသိုလ်ရှိလို့တုံးလို့။ ပြောလေ

ပြောကြပါဦး။ ကိုယ့်ဟာကိုယ် တစ်နေကုန်တစ်နေခန်း ဈေးထဲစတိုးဆိုင်ထိုင်ပြီး၊ ရွှေဆိုင်ထိုင်ပြီး အကုသိုလ်ဖြစ်နေတာကို မသိဘူး။

## အကုသိုလ်နဲ့နေ အကုသိုလ်နဲ့သေမှု

ဘုရားတော့ လောကအလယ် မပွင့်ဘူးလား?

"ပွင့်ပါတယ် ဘုရာ"

**ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍**

**ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်**

**ဤကားကုသိုလ်၊ အကုသိုလ်နှင့်**

**ထိုထိုဘုံဘဝ၊ သိကြရ**

**များလှကျေးဇူးပေ။**

လောကမှာမြတ်စွာဘုရား ပွင့်လာတာဟာ ကိုယ်ရဲ့နေ့စဉ်ဖြစ်စဉ် အကုသိုလ်၊ ကုသိုလ်သိဖို့ရာအတွက် ပွင့်တာ၊ နေရင်းထိုင်ရင်း၊ သွားရင်းလာရင်း၊ စားရင်းသောက်ရင်း၊ အိမ်မှာနေရင်း အကုသိုလ်ဖြစ်တာဖြစ်မှန်းမသိဆိုတော့ ဝမ်းထဲမှာ ဘာဘုရားမပွင့်တာလဲ?

"ဉာဏ်ဘုရား မပွင့်တာပါဘုရား"

နိမ်ပြောတာလား၊ အဖြစ်မှန်လား?

"အဖြစ်မှန်ပါ ဘုရား"

သူများမသိတာလား၊ ကိုယ်တိုင်မသိတာလား?

"ကိုယ်တိုင် မသိတာပါဘုရား"

ဘာ ဘုရားမပွင့်တာလဲ?

"ဉာဏ်ဘုရား မပွင့်တာပါဘုရား"

ဒါ အကုသိုလ်မှန်းမသိရင်၊ သူ့ကို ပယ်နိုင်မလား?

"မပယ်နိုင်ပါ ဘုရား"

တစ်နေကုန် အကုသိုလ်ပုဂ္ဂိုလ်ဟာ နေတုန်းကတစ်နေကုန် အကုသိုလ်နဲ့နေရင် သေတော့ ဘာနဲ့သေမှာလဲ?

"အကုသိုလ်နဲ့ သေမှာပါဘုရား"

ဘုရားရှေ့ရောက်တော့ အပါယ်လေးပါးက ရောက်ပါရစေလား၊ လွတ်ပါရစေလား?

"လွတ်ပါရစေပါ ဘုရား"

စဉ်းစား ကို့ဒကာ၊ ဒကာမတွေထင်တာက ငါ သတ်ဟဲ့၊ ဖြတ်ဟဲ့၊ ဆဲဟဲ့၊ ဆိုဟဲ့၊ အရက်သောက်ဟဲ့၊ ဖဲရိုက် ဒီလိုနေမှ၊ ကောက်ဟဲ့၊ ကျစ်ဟဲ့၊ လိမ်ဟဲ့၊ ညာဟဲ့ဒီလိုနေမှ အကုသိုလ်လို့ ထင်တယ်။

အားလုံး သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါ သူများဖြစ်စဉ်လား၊ ခန္ဓာဖြစ်စဉ်လား?

"ခန္ဓာဖြစ်စဉ်ပါ ဘုရား"

အဲဒီလို မဝေဖန်နိုင်ခဲ့လို့ အတိတ်တုန်းက ဝေဖန်ခဲ့ရကောင်းမှန်း သိရဲ့လား။

"မသိခဲ့ပါ ဘုရား"

မသိတာက?

"အဝိဇ္ဇာပါ ဘုရား"

တစ်နေ့ကုန်သားရေးသမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်ကုန်တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အကျိုးတရားလား၊ အကြောင်းတရားလား?

"အကျိုးတရားပါ ဘုရား"

ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါ ဘုရား"

သားရေးသမီးရေး၊ စီးပွားရေးလုပ်တာက တစ်ရက်တည်းလား၊

နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါ ဘုရား"

အကြိမ်ကြိမ် အဖန်ဖန်အထပ်ထပ်လုပ်ခဲ့လို့ ဘာတဲ့လဲ?

"အလ္လာပါ ဘုရား"

လုပ်သမျှ အကျိုးလား၊ အကြောင်းလား?

"အကြောင်းပါ ဘုရား"

အခုလား၊ အတိတ်ကလား?

"အတိတ်ကပါ ဘုရား"

ဒါကြောင့် ဘာအလ္လာလဲ?

"အတိတ်အကြောင်းတစ်လ္လာပါ ဘုရား။ အတိတ်အကြောင်းတစ်လ္လာဆိုတော့၊ အခုပစ္စုပ္ပန်မှာရထားတာ ခန္ဓာဘယ်နှပါးလဲ?

"ငါးပါးပါ ဘုရား"

အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါ ဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

မွေးတုန်းကလည်း ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

အခု အိုလာတော့လည်း ဘာစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

## ဘုန်းကြီးပြောတာထက် ခန္ဓာပြောတာယုံ

တရားနာတာ မကောင်းတဲ့အလုပ်လား၊ ကောင်းတဲ့အလုပ်လား?

"ကောင်းတဲ့ အလုပ်ပါဘုရား"

ဒီအချိန်ဟာ မကောင်းတဲ့အချိန်လား၊ ကောင်းတဲ့အချိန်လား?

"ကောင်းတဲ့ အချိန်ပါဘုရား"

ကောင်းတဲ့ အချိန်မတော်မှ ခန္ဓာကြီးက "ကိုခန္ဓာရယ် တောင်းပန်ပါတယ်။ တစ်နာရီနဲ့ ဆယ်မိနစ်လောက်ကလေး တရားနာမှာပါ။ ကိုခန္ဓာရဲ့ တောင်းပန်ပါတယ်။ မနာပါနဲ့၊ မကျင်ပါနဲ့၊ မကိုက်ပါနဲ့၊ မခဲပါနဲ့။ တရားပွဲပြီးလို့ရှိရင်လေ၊ အမလေး... ပေါ့ဆိမ့်ကလေး တိုက်ပါ့မယ်၊ ပလာတာလေးကျွေးပါ့မယ်။ အိကြာကွေးညှပ်ပေးပါ့မယ်။ အိမ်ကျရင် ထမင်းကောင်းကောင်းကျွေးပါဦးမယ်။ ပြောလို့ရသလား?

"မရပါဘုရား"

သူက အမြဲတန်း နာပြ၊ ကျင်ပြ၊ ထုံပြ၊ ဖောက်ပြန်ပျက်စီးဖို့ အတွက် မပြဘူးလား၊ ပြသလား?

"ပြပါတယ် ဘုရား"

မနေ့ကလည်း?

"ပြပါတယ် ဘုရား"

ကနေ့လည်း?

"ပြပါတယ် ဘုရား"

မနက်ဖြန်လည်း?

"ပြပါတယ် ဘုရား"

ပြီးခဲ့တဲ့ လကလည်း?

"ပြပါတယ် ဘုရား"

ဟို- ပြီးခဲ့တဲ့ နှစ်ကလည်း?

"ပြပါတယ် ဘုရား"

မွေးကတည်းက ဖောက်ပြန်လိုက်တာ ဒီကနေ့အထိဖောက်ပြန်တုန်း မသေသေးရင်လည်း?

"ဖောက်ပြန်ပြမှာပါ ဘုရား"

တစ်ရက်တည်းလား နေ့တိုင်းလား"

"နေ့တိုင်းပါ ဘုရား"

နာတာ၊ ကျင်တာ၊ ထုံတာ၊ ကိုက်တာ၊ ခဲတာ ပေါ်တာသည် ဓမ္မာရုံမှာလား၊ ခန္ဓာထဲမှာလား?

"ခန္ဓာထဲမှာပါ ဘုရား"

သူဖောက်ပြန်တိုင်း ဖောက်ပြန်တိုင်း၊ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ် ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။

ခန္ဓာကြီးက ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

တစ်ရက်တည်းပြသလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

တစ်ရက်တည်း ယားတာလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

တစ်ရက်တည်း ပူတာလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

နာလိုက်၊ ကျင်လိုက်၊ ထုံလိုက်၊ ကိုက်လိုက်၊ ခဲလိုက်၊ အောင့်လိုက် ကြည့်စမ်းပါဦး။ အိမ်မှာနေတုန်း နာတယ်၊ ကျင်တယ်၊ ဈေးထဲရောက်တော့ရော။

"ဒီအတိုင်းပါ ဘုရား"

တရားပွဲရောက်တော့ရော

"ဒီအတိုင်းပါ ဘုရား"

ဟာ... ဒါဖြင့် သူကဘယ်ရောက်ရောက် သူ့အလုပ်ကတော့ ဆက်မှာပဲ။ သူ့အလုပ်ကတော့ နာတယ်၊ ကျင်တယ်၊ ထုံတယ်၊ ကိုက်တယ် ဖောက်ပြန်မှုတွေ မပြဘူးလား?

"ပြပါတယ် ဘုရား"

တစ်ရက်တည်းလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါ ဘုရား"

ကျွန်တော် အကြိမ်ကြိမ်ပြပါတယ်၊ ဆင်းရဲချည်းပါပဲလို့၊ ဘယ်သူကပြောသလဲ?

"ခန္ဓာကိုယ်က ပြောနေပါတယ်ဘုရား"

အခု တရားနာနေတော့ ခန္ဓာဘယ်နှပါးလဲ"

"ငါးပါးပါ ဘုရား"

နာမှု၊ ထိုင်မှု၊ ယားမှု၊ အောင့်မှု ပေါ်မှပေါ်ရဲ့လား?

"ပေါ်ပါတယ် ဘုရား"

ဘုန်းကြီးပြောတာ မယုံနဲ့၊ ခန္ဓာပြောတာယုံ။

ဘယ်သူပြောတာယုံရမလဲ?

"ခန္ဓာပြောတာ ယုံရမှာပါ ဘုရား"

မင်းတို့ ခန္ဓာဒီလိုပြောတတ်တယ်ဟော့လို့ ဘုရားကလက်ညှိုးထိုးပြတာကို မိုးကုတ်ဆရာတော် ဘုရားကြီးကတစ်ဆင့်ခံပြီးတော့ ဘုန်းကြီးက ကျေးဇူးပြန်ဆပ်တာပါ။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

## ဆင်းရဲကြောင်းအကြိမ်ကြိမ်မို့ ဆင်းရဲကျိုးလည်းအကြိမ်ကြိမ်

ကဲ... ဖောက်ပြန်ပျက်စီးတာက ဘုန်းကြီးပါးစပ်ထဲကလား ခန္ဓာထဲကလား?

"ခန္ဓာထဲကပါ ဘုရား"

အဲဒီတော့ ခန္ဓာထဲမှာဖောက်ပြန်တဲ့ တရားပါလား၊ ဖောက်ပြန်တာ ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

ဟုတ်ပြီ။ ဖောက်ပြန်တိုင်း၊ ဖောက်ပြန်တိုင်း ဘာသစ္စာ?

“ဒုက္ခသစ္စာပါ ဘုရား”

ဒုက္ခသစ္စာလို့ သိလိုက်တာဟာ တခြားလား၊ ဉာဏ်လား?

“ဉာဏ်ပါ ဘုရား”

ဒါဖြင့် ခန္ဓာပေါ်ဘာရောက်တာလဲ?

“ဉာဏ်ရောက်တာပါ ဘုရား”

ယောဒီ ယောဂီတွေကို ကျေးဇူးဆပ်တာ ဘယ်ပေါ်ဉာဏ်ရောက်စေချင်လို့လဲ?

“ခန္ဓာပေါ် ဉာဏ်ရောက်စေချင်လို့ပါ ဘုရား”

အားလုံးသဘောကျရဲ့လား။ ဒါဖြင့် အခုလိုဆင်းရဲကျိုး ခန္ဓာကြီးရတာ အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

“အကြောင်းတရားကြောင့်ပါ ဘုရား”

အကြောင်းတရားလုပ်ခဲ့တုံးက ဘာလဲ? အတိတ်အကြောင်းတစ်လှာ။

ဆင်းရဲကျိုးပြလိုက်တာလည်း တစ်ရက်တည်းလား၊ နေ့တိုင်းလား?

“နေ့တိုင်းပါ ဘုရား”

တစ်ရက်တည်းပြပေါ့၊ တစ်ကြိမ်တည်းပြပေါ့၊ တစ်ခါတည်းပြပေါ့။ နာရင်လည်း တစ်ခါတည်းပေါ့။ ဘာဖြစ်လို့ မနက်ဖြန်ထိနာရတာလဲ၊ ပြီးခဲ့တဲ့လက နာရင်တော်ပြီပေါ့။ ဒီလ ဘာလို့ကျင်ရတာတုံး၊ ကိုက်ရတာတုံး၊ ယားရတာတုံး၊ တစ်ရက်တည်း နာကျင်ကိုက်ခဲပါလား။

ဒီအကြိမ်ကြိမ် ဘာဖြစ်လို့ပြရတာလဲလို့၊ မဝေဖန်သင့်ဘူးလား၊ ဝေဖန်သင့်သလား?

“ဝေဖန်သင့်ပါတယ် ဘုရား”

စဉ်းစားကြည့် အတိတ်တုံးက ဆင်းရဲကြောင်းလုပ်ခဲ့တာ တစ်ရက်တည်းလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါ ဘုရား"

အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်မို့လို့ ဘာတဲ့လဲ?

"အလွှာပါ ဘုရား"

ဒါကြောင့် အတိတ်ကဆင်းရဲကြောင်းတွေ အကြိမ်ကြိမ်လုပ်ခဲ့လို့ အခုဘဝမှာ ဆင်းရဲကျိုးတွေ အကြိမ်ကြိမ်မရဘူးလား။ ရသလား?

"ရပါတယ် ဘုရား"

မွေးကတည်းက ဒုက္ခသစ္စာ၊ မသေမချင်း?

"ဒုက္ခသစ္စာပါ ဘုရား"

## သံသရာချိန်ခွင်လျှာ အောက်စိုက်နေပါတယ်

စဉ်းစား။ ဘယ်တော့ဒုက္ခလက်က လွတ်မလဲ?

"မလွတ်ပါဘူး ဘုရား"

သေလည်းမလွတ်ဘူး။ ဒီပုံစံအတိုင်းဆို သေလည်းမလွတ်ဘူး။ ဘာဖြစ်လို့လဲ? လူ့ခန္ဓာချုပ်သွားရင် အပါယ်လေးပါး၊ ခန္ဓာကလာဦးမယ်လေ။ ဒီပုံစံအတိုင်းကတော့ လာမှာပဲ စဉ်းစားပါ။ တစ်နေကုန်ကိုယ်လုပ်ထားတာ။

ကဲ... ယောဂီတို့ ရှင်းရှင်းလေးပြောမယ်။ ဆွမ်းတော်တင် ပန်းကပ်၊ ကုသိုလ်ပြုတဲ့အချိန်နဲ့ သားရေးသမီးရေး၊ စီးပွားရေး၊ အကုသိုလ်လုပ်တဲ့အချိန်၊ ဘယ်အချိန်က များတုံး?

"အကုသိုလ်လုပ်တဲ့အချိန်က များပါတယ်ဘုရား"

ရိုးရိုးလေးဖြေပါ။ ဘယ်သူမှ ရိုက်မစစ်ရဘူးနော်၊ ဘယ်ကများတုံး?

"အကုသိုလ်က များပါတယ်ဘုရာ "

ဟော ကုသိုလ်လုပ်တာက?

“နည်းပါတယ် ဘုရား”

အကုသိုလ်လုပ်တာက?

“များပါတယ် ဘုရား”

ဟုတ်တယ်လေ။ အကုသိုလ်ကများလို့ ချိန်ခွင်ထဲထည့်ချိန်လို့ ပြောတာ။ ဘယ်ဘက်က လေးမယ်ထင်တုံး?

“အကုသိုလ်ဘက်က လေး မှာပါဘုရား”

ချိန်ခွင်မှာ ဘာပါတုံး?

“လျှာပါပါတယ် ဘုရား။

လျှာက ပေါ့တဲ့ဘက်ပြမလား၊ လေးတဲ့ဘက်က ပြမလား?

“လေးတဲ့ဘက်က ပြမှာပါ ဘုရား”

ပြပြီနော်။ အပေါ်ထောင်ပြမှာလား အောက်စိုက်ပြမှာလား?

“အောက်စိုက်ပြမှာပါ ဘုရား”

သတိထား၊ သတိထား။ တို့ဒကာ၊ ဒကာမတွေနေပုံနဲ့ သံသရာ ချိန်ခွင်လျှာက အောက်စိုက်နေပြီ။ ဘာဖြစ်လို့အကျိုးမပေးသေးတာလဲ၊ မသေသေးလို့။ မသေသေးလို့။ တားလို့ရရင် တားထားစေချင်တယ်။ ဘာကြောင့်လဲ ကံဖျက်တဲ့အလုပ်၊ မလုပ်ရသေးလို့။ ကံကြွေးတွေတော့ လုပ်ပြီးပြီး။ ကံဖျက်တဲ့အလုပ်ကို မလုပ်ရသေးဘူးဗျ။

သဘောကျရဲ့လား?

“ကျပါတယ် ဘုရား”

ကံဖျက်တဲ့အလုပ်ဆိုတာ တခြားလား၊ ဝိပဿနာအလုပ်လား?

“ဝိပဿနာ အလုပ်ပါဘုရား”

သြော်... ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က “မင်းတို့ ဝိပဿနာရှုကြဟေ့၊ ဝိပဿနာရှုကြဟေ့” ဘာဖြစ်လို့ ဒီလောက်တောင် တိုက်တွန်းတာလဲ မေးတော့၊ ယောဂီတို့ ဘုန်းကြီးတို့ရဲ့ တစ်နေကုန် နေပုံ ကိုယ့်ဟာကိုယ်အကဲခတ်ကြည့်။

ကုသိုလ်နဲ့ အကုသိုလ်ဘယ်ဟာက များလဲ?

"အကုသိုလ်က များပါတယ်ဘုရား"

လုပ်လိုက်တဲ့ကုသိုလ်ကလည်း သစ္စာသိလုပ်ခဲ့တာလား၊ သစ္စာမသိဘဲလုပ်ခဲ့တာလား?

"သစ္စာမသိဘဲ လုပ်ခဲ့တာပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါ ဘုရား"

ပြုလုပ်ခဲ့တာက?

"သင်္ခါရပါ ဘုရား"

အောက်ဆွဲကြည့်၊ ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

ဘာအလွှာလုပ်ခဲ့တာလဲ?

"အတိတ်အကြောင်းအလွှာပါ ဘုရား"

ဒါကြောင့် အခု ခန္ဓာဘယ်နှပါးရလဲ?

"ငါးပါးပါ ဘုရား"

ဘာအလွှာလဲ?

"ပစ္စုပ္ပန်အကျိုး အလွှာပါဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

တော်သေးတယ်။ အတိတ်က ကုသိုလ်လုပ်ခဲ့ပြီးတော့ အဲဒီကုသိုလ်က အကျိုးပေးလိုက်လို့၊ သုဂတိခန္ဓာ၊ သုဂတိဒုက္ခသစ္စာ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

ကိုင်း– ဒီဘဝလုပ်ထားတာက ယောဂီတို့ စောစောကဖြေပြီး ပြီလေ။ ဒီဘဝ လုပ်ထားတာက ကုသိုလ်နဲ့အကုသိုလ် ဘယ်ဟာက များလဲ?

"အကုသိုလ်က များပါတယ်ဘုရား"

ကိုင်း... ဒီဘက်လုပ်ထားတာ၊ အကုသိုလ်ကများတယ်တဲ့။ ဒါဘုန်းကြီးပြောတာမဟုတ်ဘူး။ ကိုယ်တိုင်ဖြေတာ။ ဟုတ်တယ် မဟုတ်လား။

## အကုသိုလ်အပြည့်နဲ့ စိတ်ကောင်းရှိသတဲ့လား

အတိတ်က ကုသိုလ်ကအကျိုးပေးတော့ သုဂတိခန္ဓာ၊ ဒီဘဝမှာ လုပ်ထားတာက ကုသိုလ်နဲ့ အကုသိုလ်ဘယ်ဟာက များလဲ?

"အကုသိုလ်က များပါတယ်ဘုရား"

မနေ့က မလ္လိကာကိုကို သာဓကဆောက်ပြပြီးပြီ။ ကိသာရဟန်း တို့ အရှင်ဒေဝဒတ်တို့ကို သာဓကထောက်ပြပြီးပြီ။ ရိုးမယ်မဖွဲ့နဲ့နော်။ မိုးကြိုးပစ် ထန်းလက်နဲ့မကာနဲ့၊ မရဘူး။

ဒါနရှင်ကြီးဖြစ်တဲ့ မလ္လိကာ၊ အဝီစိကျသွားရတယ်။ အနှစ်နှစ် သောင်း၊ သီလထိန်းခဲ့တဲ့ ကိသာရဟန်း၊ ရေကပတ္တနဂါးမင်းကြီး ဖြစ်ခဲ့ရပြီဗျ။ ဟင်... တကယ့်ကိုပဲ ဈာန်ပျံ၊ မိုးပျံရှေ့ကမ္ဘာလေးဆယ် နောက်ကမ္ဘာလေးဆယ်မြင်နိုင်တဲ့ အရှင်ဒေဝဒတ်တို့ အဝီစိကျခဲ့ရတယ်။ ယောဂီတို့လောက်ကတော့ ထည့်မပြောနဲ့တော့။

အားလုံး သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

တပည့်တော်တို့ ကျောင်းတွေဆောက်၊ ဘုရားတွေတည်တယ်။ မပြောပါနဲ့၊ ဆိုနေမှမပြောပါနဲ့တော့။ ဆွမ်းလောင်းထားတာ ထည့်မပြော နဲ့။ တချို့က ဘာမှနားမလည်ဘူး။ ဒီတရားတွေ ဘာနာစရာလိုသေး လဲတဲ့။

ဟာ... မနာရင် ဒီတိုင်းသိမလား?

"မသိပါဘူး ဘုရား"

မနာရင် ကိုယ့်ဖြစ်စဉ်ကိုယ် မသိတော့ဘူး။ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

တချို့က ဒါနားမလည်ဘူး။ ဒီတရားတွေ ဘာနာစရာလိုသေးလဲတဲ့။ စိတ်ကောင်းရှိပြီးရော၊ သီလဆောက်တည်ပြီးရော၊ ဒါနလုပ်ပြီးရော၊ သမထပွားပြီးရော။

ကြက်ကလေး၊ ငှက်ကလေး ရေထဲချတော့၊ ဘာသံထွက်လဲ?

"ပီးရော၊ ပီးရော ပီးရော လို့ထွက်ပါတယ် ဘုရား"

လူစင်စစ်က ဘာသံထွက်တာလဲ?

"တိရိစ္ဆာန်သံ ထွက်တာပါဘုရား"

စဉ်းစား စဉ်းစား။ ရပ်ထဲ၊ ရွာထဲမှာ ဒီတရားမနာဘူးတော့၊ တို့ စိတ်ကောင်းရှိပြီးရောတဲ့။ နေပါဦး စိတ်ကောင်းတဲ့။ ဘယ်ဟာကို စိတ်ကောင်းလို့ ခေါ်တာလဲ။ စဉ်းစားစမ်း။ သားသမီးချစ်တာ လောဘစိတ်။ သားသမီးမကျေနပ်လို့ပြောတာ ဒေါသစိတ်၊ ဒီကြားထဲ ဘာမှမသိတာက မောဟစိတ်၊ ငါမဟုတ်တာကို ငါလို့စွဲတာက ဒိဋ္ဌိစိတ်။

ကုသိုလ်တွေလား၊ အကုသိုလ်တွေလား?

"အကုသိုလ်တွေပါ ဘုရား"

အဲဒီတော့ အကုသိုလ်နဲ့ စိတ်နဲ့တွဲလိုက်တော့ အကုသိုလ်စိတ်။ ဘယ်ဟာလဲစိတ်ကောင်း။ အဲဒီ အကုသိုလ်စိတ်ဆိုတာ ကောင်းသလား?

"မကောင်းပါဘူး ဘုရား"

ဒါဖြင့် စိတ်ကောင်းရှိပြီးရောဆိုတာ ဘယ်ဟာကိုပြောတာလဲ။ စိတ်ကောင်းရှိပြီးရောဆိုတာ စဉ်းစား၊ စဉ်းစား။ ဒီတရားမျိုးမနာရင် သိကိုမသိဘူး။ စိတ်သာချ။ ပါးစပ်က သူများစိတ်ကောင်း၊ နှလုံးကောင်း လျှောက်ပြောနေတာ၊ အလကားဘာမှလည်း မဟုတ်ဘူး။ အသိဉာဏ်မပါဘဲနဲ့ ရမ်းပြောနေတယ်ဆိုတာ မသေချာဘူးလား?

"သေချာပါတယ် ဘုရား"

အခု ဝေဖန်ပြတာ စာကြည့်ဝေဖန်ပြတာလား၊ ခန္ဓာရှိညှိပြ

တာလား?

"ခန္ဓာရှိ ညှိပြတာပါ ဘုရား"

သူများဖြစ်စဉ်လား၊ ခန္ဓာဖြစ်စဉ်လား?

"ခန္ဓာဖြစ်စဉ်ပါ ဘုရား"

## ခန္ဓာအတွက် နေ့တိုင်းရှာ ပစ္စုပ္ပန်အကြောင်းတစ်လှှာ

သားခင်၊ သမီးခင်၊ ဆွေခင်၊ မျိုးခင်နဲ့လုပ်နေတဲ့ အလုပ်တွေက တစ်ရက်တည်းလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

လုပ်သမျှ အလုပ်တွေက အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

တစ်ရက်တည်းလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

နေ့တိုင်းလုပ်နေလို့ တခြားလား၊ အလှှာလား?

"အလှှာပါ ဘုရား"

အလှှာဆိုတာက အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်။

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါ ဘုရား"

ပစ္စုပ္ပန်နေကြ ထိုင်ကြ၊ ပြောကြ ဆိုကြ၊ ရောင်းကြ ဝယ်ကြ ပြုမူနေတာမှန်သမျှ အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

ဒီမှာ တုတ်ထောက်ပြထားတယ်၊ ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

ဟော... သမုဒယသစ္စာဆိုတာ မြန်မာလိုပြန်လိုက်တော့ ဆင်းရဲကြောင်းအမှန်။ ဒါ ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်ရောကိုက်ရဲ့လား?

"ကိုက်ပါတယ် ဘုရား"

ဒါကြောင့် နေ့တိုင်းနေ့တိုင်း သားရေး သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်ပြီးတော့ နေ့တိုင်းလှုပ်ရှား ရုန်းကန်နေတဲ့ အကြိမ်ကြိမ် ပြောဆိုရောင်းဝယ်နေတာကို ပစ္စုပ္ပန်အကြောင်း တစ်လွှာတဲ့။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

နေ့တိုင်း ဆွမ်းတော်တင်၊ နေ့တိုင်း ပန်းကပ်တာ နေ့တိုင်း ကိုယ်လုပ်ခဲ့တာ သစ္စာမှန်းမသိဘဲကိုးဗျ။

အဲဒီတော့ အတိတ်ကလည်းပဲ၊ ယောဂီတို့ အဲဒီလိုသစ္စာမသိဘဲနဲ့ အတိတ်အကြောင်း တစ်လွှာလုပ်ခဲ့လို့ ပစ္စုပ္ပန်အကျိုး တစ်လွှာ မရဘူးလား?

"ရပါတယ် ဘုရား"

အခု ပစ္စုပ္ပန်ကျတော့လည်း ပြန်ကြည့်လိုက်စမ်းပါဦး။ လုပ်ပြီဆိုကတည်းက စီးပွားရှာတာ၊ ဘယ်သူ့အတွက်လဲ။ သူ့အတွက် သူဆိုတာ ဘယ်သူတုံး၊ ခန္ဓာ။

သူဆိုတာ ဘယ်သူတုံး?

"ခန္ဓာပါ ဘုရား"

## စီးပွားရှာတာ ကမ္မပါ

ခန္ဓာလို့မသိရင် ငါ့အတွက်။ ဟော... ခန္ဓာလို့မသိတဲ့အခါ ဘယ်သူ့အတွက်လဲ ငါ့အတွက်။ ငါ့အတွက် ရှာရတာပေါ့။

ဟာ... ငါတစ်ယောက်တည်းအတွက်ဆို တော်ပြီလေ၊ လုံလောက်ပြီ။ အခုဆိုရင် ဒါဦးကြီးစိုးတို့ သင်္ကန်းဝတ်ပြီးတော့ ဒုလ္လဘ ဝတ်ပြီးတော့မှ တရားအားထုတ်၊ မရဘူးလား ရလား?

"ရပါတယ် ဘုရား"

ဘုန်းကြီးပြော မပြောနဲ့။ ငါ့မယားအတွက်ရှိသေးတယ်။ မလာဘူးလား?

"လာပါတယ် ဘုရား"

ငါပြီးတော့ ငါ့သား၊ ငါ့မယား၊ ဟုတ်ကောဟုတ်ရဲ့လား။ ငါ့ဇနီး၊ ငါ့ခင်ပွန်း၊ ဒါတွေတွယ်တာကူနိပြီး။ မလာဘူးလား၊ လာသလား?

"လာပါတယ် ဘုရား"

အဲဒီကနေပြီးတော့မှ တိုက်တစ်လုံးကနေပြီးတော့မှ နှစ်လုံး။ နှစ်လုံးကနေသုံးလုံး။ လက်စွပ်တစ်ကွင်းကနေ နှစ်ကွင်း၊ နှစ်ကွင်းကနေ သုံးကွင်း။ "တဏှာပင်လယ်၊ ချဲ့တိုင်းကျယ်၊ ဘယ်တော့တော်ပြီရယ်လို့များ ရှိရဲ့လား"။ ဘယ်တော့မှ မရှိဘူး။ ရလေလိုလေအိုတဏ္ဍေ ဘယ်သူရဲ့သတ္တိတုန်း၊ တဏှာရဲ့သတ္တိ။

ဘယ်သူ့ရဲ့ သတ္တိလဲ?

"တဏှာရဲ့ သတ္တိပါဘုရား"

အဲဒီတဏှာကနေ မရှာရမနေနိုင်၊ စွဲလမ်းတာက ဥပါဒါန်။ နောက်က ယောဂီတွေဖြေပေး။

စွဲလမ်းတာက?

"ဥပါဒါန်ပါ ဘုရား"

မရမနေရှာဖွေချင်တာက တဏှာ။ စွဲလမ်းတာက?

"ဥပါဒါန်ပါ ဘုရား"

စီးပွားရှာတော့ ကံဘယ်နှစ်မျိုးနဲ့ရှာလဲ၊ သုံးမျိုး။

ကာယကံလည်း မပါဘူးလား?

"ပါပါတယ် ဘုရား"

ဝစီကံလည်း?

"ပါပါတယ် ဘုရား"

မနောကံလည်း?

"ပါပါတယ် ဘုရား"

ဟော... ကာယကမ္မ၊ ဝစီကမ္မ၊ မနောကမ္မ။

စီးပွားရှာတာ အတိတ်ဘဝအတွက်လား၊ အခုဘဝအတွက်လား?

"အခုဘဝအတွက်ပါ ဘုရား"

ဘဝအတွက်၊ ဘဝမှာပြည့်ပြည့်စုံစုံဖြစ်ဖို့အတွက် ကံတွေနဲ့ မြောက်ပြီးတော့ စီးပွားမရှာဘူးလား?

"ရှာပါတယ် ဘုရား"

ဒါဖြင့် စီးပွားရှာတာက ကမ္မ၊ ဒီဘဝလေးအတွက်မို့ ဘဝ။ စီးပွားရှာတာ ကမ္မ။ ဘဝအတွက် ဘဝသာယာဖို့ ဘဝမှာပြည့်စုံဖို့အတွက် မရှာဘူးလား၊ ရှာသလား?

"ရှာပါတယ် ဘုရား"

ပေါင်းလိုက်တော့ ဘာဘဝလဲ?

"ကမ္မဘဝပါ ဘုရား"

ကောင်းပြီ။ ကုသိုလ်လုပ်ကြဦးစို့။ ဘုရားရှေ့မှာ ကုသိုလ်လုပ် ကြဦးစို့။

လက်ရှိခန္ဓာ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

## တိရိစ္ဆာန်ရှိခိုးနေတဲ့ ငြိုဟ်ပြေနံပြေ

ဩော်... ဘယ်ဘဝ၊ ဘယ်ခန္ဓာရရ ဆင်းရဲကျိုးရမှာပါလားလို့ မသိ၊ မသိတော့ ကုသိုလ်ကောင်းမှုပြုပြီးတော့ ဆုမတောင်းဘူးလား?

"တောင်းပါတယ် ဘုရား"

မလိုချင်လို့လား၊ လိုချင်လို့လား?

"လိုချင်လို့ပါ ဘုရား"

လိုချင်တာက?

"တဏှာပါ ဘုရား"

မရမနေနိုင် စွဲလမ်းတာက?

"ဥပါဒါန်ပါ ဘုရား"

မပြည့်ပြည့်အောင်ဆိုပြီးတော့ မနေ့တုန်းက အများကြီးပြောခဲ့သလို အမျိုးမျိုးမလုပ်ဘူးလား။ လုပ်သလား?

"လုပ်ပါတယ် ဘုရား"

ဥပါဒါန်ရဲ့ သတ္တိတွေ။ ဘာရဲ့ သတ္တိလဲ?

"ဥပါဒါန်ရဲ့ သတ္တိတွေပါ ဘုရား"

**အမလေး… တစ်ခါတည်း ဘုရားတောင်မှ ရွေးလိုက်သေးတယ်။ ဟင် တနင်္ဂနွေသမီးကလည်း၊ တနင်္ဂနွေဘုရားမှတဲ့၊ ဟုတ်ရဲ့လား။ ဘေးက တနင်္လာဘုရားနဲ့ စနေဘုရားရှိတယ်တောင် မထင်ဘူး၊ ဟင်… တနင်္ဂနွေဘုရားရှေ့ ဇွတ်ကနဲ ထိုင်လိုက်တာပဲ။**

တို့ဘုရားက ခုနစ်ရက်မွေးတာလား၊ တစ်ရက်တည်း မွေးတာလား?

"တစ်ရက်တည်း မွေးတာပါဘုရား"

ခုနစ်ရက်လုံးလုံး မွေးရရင်လည်း၊ မယ်တော်မာယာသေရချည်ရဲ့ဗျာ။ တို့ဘုရား ဘယ်နစ်ရက်မွေးတာလဲ?

"တစ်ရက်တည်းပါ ဘုရား"

တို့ဘုရား ဘာနေ့သားလဲ?

"သောကြာသားပါ ဘုရား"

တနင်္ဂနွေဘုရား၊ တနင်္လာဘုရားဆိုတာ ဂိုဏ်းဆရာတွေထွင်ထားတာ၊ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဂုဏ်တော်ပေါ် ဉာဏ်မရောက်ဘူး။ တစ်ခါတည်းနဲ့ အဲဒီဂြိုဟ်စား၊ နံစားတွေနဲ့ ဂြိုဟ်ပြေနံပြေတွေနဲ့ လျှောက်လုပ်ပြီးတော့မှ ဘာသာရေးထဲမှာ အကုန်ရောနှောလာတဲ့အခါကျတော့ ဂြိုဟ်ပြေနံပြေတွေရဲ့ သင်္ကေတကိုသွားကြည့်စမ်း၊ ဘုရားကို အပေါ်ကပြယုဂ်ကလေးပဲထားတာ။

ဂြိုဟ်ပြေ၊ နံပြေဆိုတာ အောက်ကလိုက်ကြည့်လိုက်၊ တိရစ္ဆာန်ပုံတွေချည်းပဲ။

တနင်္ဂနွေဆို ဘာကောင်လဲ?

"ဂဠုန်ပါ ဘုရား"

တနင်္လာဆိုတော့ ဘာလဲ?

"ကျားပါ ဘုရား"

အင်္ဂါဆိုတော့?

"ခြင်္သေ့ပါ ဘုရား"

လူကိုတစ်ခုမှ မပါဘူး၊ ပါသေးလား?

"မပါပါဘူး ဘုရား"

ဗုဒ္ဓဟူးဆိုတော့?

"ဆင်ပါ ဘုရား"

ကြာသပတေးဆိုတော့?

"ကြွက်ပါ ဘုရား"

သောကြာက?

"ပူးပါ ဘုရား"

စနေဆိုတော့?

"နဂါးပါ ဘုရား"

ဟော... ပလ္လင်ပေါ်က ဘုန်းကြီးတောင် ပူးဖြစ်ရမလိုဖြစ်နေပြီ။ ဘုန်းကြီးက သောကြာသားကိုးဗျ၊ စဉ်စားနော်"

ဒါဖြင့် တို့ဒကာ ဒကာမတွေ ဂြိုဟ်ပြေနံပြေကိုးကွယ်နေတာ ဘာတွေ ကိုးကွယ်နေတာလဲ?

"တိရစ္ဆာန်တွေပါ ဘုရား"

ဘုန်းကြီးမေးမယ်နော်၊ တနင်္ဂနွေဆိုတာ ဘာတုံး?

"ဂဠုန်ပါ ဘုရား"

တနင်္လာကရော?

"ကျားပါ ဘုရား"

အင်္ဂါကရော?

"ခြင်္သေ့ပါ ဘုရား"

အခုထက်ထိ ဘုရားဆိုတာ မပါသေးဘူးနော်။ မပါသေးဘူး။

ဗုဒ္ဓဟူးကရော?

"ဆင်ပါ ဘုရား"

ကြာသပတေးကရော?

"ကြွက်ပါ ဘုရား"

သောကြာကရော?

"ပူးပါ ဘုရား"

စနေကရော?

"နဂါးပါ ဘုရား"

တစ်ပတ်ပြည့်သွားပြီ။ ဘုရားကို မပါလိုက်ဘူး။ အဲဒါမှတ်ထား။ ဂြိုဟ်ပြေနံ့ပြေ ဘာပြေတာလဲစဉ်းစား။ ဘုရားကို ဘန်းပြပြီးတော့မှ တိရစ္ဆာန်တွေကို ထိုင်ပြီး ရှိခိုးခိုင်းနေတာ။

## ကြောက်လို့ကိုးကွယ်တာ ဘယဗုဒ္ဓဘာသာ

ပြီးတော့ အန္တရာယ်ကင်းအောင်လို့ဆိုပြီး လုပ်နေကြတာ ဘယဗုဒ္ဓဘာသာ။ လာပြီ ဘာဗုဒ္ဓဘာသာလဲ?

"ဘယဗုဒ္ဓဘာသာပါ ဘုရား"

ဘယဗုဒ္ဓဘာသာဆိုတာ ဘေးကိုကြောက်လို့ ကိုးကွယ်တာ။ ဟော... တက်လာပြီ တစ်လုံး။ ဘာတဲ့လဲ? ဘေးကိုကြောက်လို့ ကိုးကွယ်တာ။

ဘုရားရယ်လို့ မဟုတ်တော့ဘူး။ သူက အန္တရာယ်ကင်းဖို့ ဘေးရှင်းဖို့၊ အသက်ရှည်ဖို့၊ ကျန်းမာဖို့၊ ဒီလိုအတွေးအခေါ် အယူအဆတွေနဲ့ ဘုရားကိုးကွယ်နေတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

ယောဂီတို့ကို အသက်ရှည်အောင်လုပ်ပေးဖို့ နေနေသာသာ၊ ကျန်းမာအောင်လုပ်ပေးဖို့ နေနေသာသာ။ ဘုရားရှင်ကိုယ်တိုင် မကျန်းမာတဲ့အခါ ဆရာဇီဝကက ဆေးကုပေးရတာမို့လား။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ယောဂီတို့က အသက်ရှည်ချင်တယ်တဲ့။ ပြောပါ မြတ်စွာဘုရားသက်တော် ဘယ်လောက်နေသွားတာလဲ?

"ရှစ်ဆယ်ပါ ဘုရား"

သူဟာနဲ့သူလည်း ပရိနိဗ္ဗာန်စံရတာပဲ။ သူများပြောတာမယုံပါနဲ့။ သဘာဝကျအောင် ခေတ်အမြင်ခေတ်အတွေးအခေါ်လေးနဲ့ ယူဆကြစမ်းပါ။ နေရာတကာ လေ့နံ့ဓားထစ်၊ မလုပ်ကြပါနဲ့။ ဝေဖန်သင့်တာ ဝေဖန်ပါ။ စိစစ်သင့်တာစိစစ်ပါ။

တို့ဘုရားကို ရောင်းစားနေတာကို ရောင်းစားနေမှန်းသိကြပါ။ ကိုယ်ကိုးကွယ်တဲ့ဘုရားကို ဘာဖြစ်လို့ နာမည်ဖျက်ချင်ရတာလဲ?။ ဒီဘုရားကို ကိုးကွယ်မှအသက်ရှည်မယ်ဆို ဒီဘုရားမကိုးကွယ်တဲ့ ခရစ်ယာန်တွေ အစ္စလာမ်တွေ အသက်ရှစ်ဆယ်တစ်ရာကျော်ကြီးတွေ ဘယ့်နှယ်ဘာလုပ် အသက်ရှည်နေရတာလဲ။

မေးမည်ဆို မေးစရာအကြောင်းမရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

အဲဒီကျတော့ ပါးစပ်ဟောင်းလောင်းနဲ့ပြန်ခဲ့။ သူများ အနှိမ်ခံလိုက်။ စဉ်းစား သူများနှိမ်တာမဟုတ်ဘူး ကိုယ့်ကိုက နှိမ်ပါနှိမ်ပါနဲ့ ပြောနေတဲ့ အဓိပ္ပာယ်မရောက်ဘူးလား ရောက်သလား?

"ရောက်နေပါတယ် ဘုရား"

စဉ်းစားပါ။ အမလေး၊ အန္တရာယ်ကင်းအောင်လို့တဲ့။ ဟိုမြန်မာပြည်က ပုဂ္ဂိုလ်တွေ နိုင်ငံခြားသွားတဲ့အခါကျတော့ အိမ်ထောင့်မှာ

မြတ်စွာဘုရား ရုပ်တော်မူပုံကလေးတွေချိတ်ထားတာ။ အဲဒါ ဘာလုပ် တာတုံးဆိုတော့ အန္တရာယ်ကင်းအောင်လို့တဲ့ ဘုရားကို အန္တရာယ် ကင်းအောင်ဆိုပြီး၊ အစောင့်ချထားတာ။

အိန္ဒိယကလာတဲ့ ဗောဓိညောင်တောင်ဖက်ကိုင်းကို ဒက္ခိဏသာ ခါတဲ့။ ပါဠိလိုသုံးတော့ ဒက္ခိဏ၊ မြန်မာလိုပြန်တော့ တောင်ဖက်။ အဲဒီက ပါလာတဲ့အသားလေးနဲ့ ထုထားတဲ့ရုပ်ထုတော်ပုံတော်ကို ဒက္ခိဏသာခါတဲ့။ အဲဒါလေး အိမ်ပေါ်တင်ကိုးကွယ်ရင် မီးကွင်းတယ် တဲ့ တို့ဘုရားများ မီးသတ်ဗိုလ်မှတ်လို့လား။

စဉ်းစား။ ကိုယ့်ဘုရားကို ဘယ်လိုနှိမ်လိုက်သလဲ၊ ဘယ်လိုချိုး လိုက်သလဲ နားမလည်ဘူး၊ အလိမ်ခံနေကြရတာ။

## ဘုရားကိုပင် နတ်နဲ့ယှဉ်ကိုးကွယ်ကြ

ခင်ဗျားတို့ အိမ်တွေမှာ ဟိုထောင့်ဒီထောင့်၊ အနီထောင့်ကြီး တွေနဲ့၊ ကိုးကွယ်ထားတာ ဘာတွေတုံး။ မဖြေနဲ့၊ မဖြေနဲ့။ ကိုင်လိမ့်မယ်၊ ကိုင်လိမ့်မယ်။ ကိုင်ခြင်းကိုင် ဟို ခင်ဦးကဒကာမကြီး ပြောသလိုသာ ပြောလိုက်။

ခင်ဦးက တရားစခန်းမှာ ဘုန်းကြီးကဒါတွေကို အယူဝါဒမှန် အောင်လို့ ဟောတဲ့အခါကျတော့ မဖြေရင်လည်း ဘုန်းကြီးက အော် နေတာဆိုတော့ လိုက်ပြီးတော့ ဖြေရတာပေါ့။ ဒါနဲ့ အဖွားကြီး နှစ်ယောက်ကလေ တစ်ခါတည်း တရားပွဲကအပြန်ကျတော့ ညောင် ပင်အိုကြီးကလည်း အဲဒီအနားမှာရှိတယ်။ ဘယ်ခေတ်က ညောင်ပင် အိုကြီးမှန်းမသိဘူး။

အဲဒီမှာ ဘယ်သူကလက်ဆော့ပြီးတော့ စင်ကလေးရိုက်ထား တယ်မသိဘူး။ အဲဒီမှာ စင်ကလေးကလည်းရိုက်ထား၊ ပန်းအိုးကလေး ကလည်း တင်ထား။ ဟိုဟိုဒီဒီကလည်း ငှက်စာလိုလို ဘာလိုလိုနဲ့ လာတင်ထား။

အဲဒါနဲ့ ဘုန်းကြီးတို့ကလည်းပဲ တရားဟောပြီးတော့ မြို့ထဲသွားစရာရှိတာနဲ့ ကပ္ပိယကာရက နှစ်ယောက်ကိုခေါ်ပြီးတော့မှ သွားတော့ အဲဒီညောင်ပင်နားလည်းရောက်ရော၊ အမယ်– ယောဂီ တဘက်နဲ့၊ ယောဂီထမီနဲ့၊ အင်္ကျီအဖြူကလေးနဲ့ ဒကာမကြီးနှစ်ယောက်။ ဇွန့်ကနဲဆိုသူတို့ကဝင်ထိုင်လိုက်တယ်။

ယောဂီအဖွားကြီးတွေ ဘာလုပ်မလဲနားထောင်စမ်းဆိုတော့၊ အဖွားကြီးနှစ်ယောက်ကလေ တစ်ခါတည်း လက်ကလည်း တုန်သေးတာ၊ သူတို့က "အမယ်လေး... အရှင်ကြီးတို့ အရှင်လေးတို့" အရှင်တွေရော၊ အသေတွေရော ရှုပ်ယှက်ခတ်နေတာပဲ။ သူ့ဟာက "အရှင်လေးတို့ အရှင်ကြီးတို့ ခွင့်လွှတ်ပါ၊ အမိုက်အမဲကလေးမို့"တဲ့ ဘာလေးမို့တဲ့လဲ?

"အမိုက်အမဲလေးမို့ပါ ဘုရား"

သူတို့ အသက်ကြည့်တော့ ရှစ်ဆယ်။ အခုချိန်အထိ အမိုက်အမဲလေးဆိုတော့ ဘယ်တော့လိမ္မာမှာလဲ၊ မလိမ္မာတော့ဘူး။

"အမိုက်အမဲလေးမို့ ခွင့်လွှတ်ပါ။ သူ့တရားပွဲသွားနာမိလို့ သူဟောသမျှ မကောင်းတတ်လို့ ဖြေရတာပါ။ စိတ်ထဲကပါလို့ မဟုတ်ပါဘူး။ ကိုင်ခြင်းကိုင် အဲဒီကိုယ်တော်ကြီးသွားကိုင်ပါ"တဲ့။

အဲဒီကျတော့ ဘုန်းကြီးကလည်း နောက်ကနေ ယပ်တောင်ကလေးထိုင်ခတ်ပြီး။ ဟောဒီမယ်ဖျို့၊ ကျုပ်ကလည်း အကိုင်ခံချင်လို့ကို ဟောတာဗျ"လို့ ပြောလိုက်တယ်။ အဲဒီကျတော့ အဖွားကြီးနှစ်ယောက် ကသောကမျောနဲ့ ပြေးလိုက်တာ။

စိတ်သာချ၊ ကိုင်ခြင်းကိုင်၊ ကျုပ်ကိုကိုင်ပါစေနော်၊ အကိုင်ခံချင်လို့ကို ဟောနေတာ ဆယ့်သုံးနှစ်ရှိပြီ။ ဘယ်သူမှလည်း လာမကိုင်ဘူး။ အဲဒီအိမ်ထောင့်မှာ အနီကလေးနဲ့ကိုးကွယ်ထားတာ ဘာတုံး၊ အိမ်တွင်း မင်းမဟာဂီရိ။

ဟော့... တို့ နှစ်ဆယ်ရာစုကလေးတွေ လူငယ်တွေ၊ မင်းတို့

မှတ်ထားကွ။ လူကြီးတွေ အရှုံးထထားတာ ငါအကုန်ဖော်ပြောမှာ။

ဟင်… အိမ်တွင်းဘာလဲ?

"မင်း မဟာဂီရိပါဘုရား"

အေး… အိမ်တွင်းမင်းမဟာဂီရိ။ သူ့ကို ကိုးကွယ်ရင် ဘာဖြစ်သတဲ့လဲ?

"မီးကွင်းပါတယ် ဘုရား"

သူ့ကို ကိုးကွယ်ရင် မီးကွင်းသတဲ့။ ဒက္ခိဏသာခါ ကိုးကွယ်ရင်ကော?

"မီးကွင်းပါတယ် ဘုရား"

ဟို အိမ်ထောင့်က မင်းမဟာဂီရိ၊ ပန်းပဲမောင်တင့်တယ်။ သုံးပန်လှရဲ့အစ်ကို၊ ဖိုကျင်ထိုး၊ အသတ်ခံရတဲ့ သေချင်းဆိုးနဲ့သေတဲ့ ကောင်ကြီး၊ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

အဲဒီကောင်ကြီး ကိုးကွယ်တော့ရော ဘာဖြစ်သတဲ့လဲ?

"မီးကွင်းပါတယ် ဘုရား"

မီးကွင်းတယ်။ တို့ဘုရား ဟို… ဒက္ခိဏသာခါကိုးကွယ်တော့ကော?

"မီးကွင်းပါတယ် ဘုရား"

တို့ဘုရားကို ဘာနဲ့ယှဉ်ပြီး ကိုးကွယ်နေသလဲ။ စဉ်းစား။

## ဟုံဟုံဆိုတဲ့စကား မြန်မြန်သွား

အဲဒီဖိုကျင်ထိုးသတ်ပြီးသေတဲ့ ကောင်ကြီးကိုပဲ၊ ပြောလိုက်သေးတယ်။ အစိမ်းသေတဲ့။ ဒါကြောင့် ဆရာတော် ဦးဉာဏိသရပြောတာ၊ အဲဒါ အစိမ်းသေ မဟုတ်ဘူးတဲ့၊ အကျက်သေတဲ့။ ဟုတ်တယ်လေ ဒီလောက်မီးဖုတ်ခံရတာ ဘာသေဖြစ်မလဲ?

"အကျက်သေ ဖြစ်မှာပါဘုရား"

အဲဒါတွေ အိမ်ပေါ်တင်ကိုးကွယ်ထားတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

မှတ်ထား၊ သီလဗ္ဗတပရာမာသဒိဋ္ဌိ။ ဘာဒိဋ္ဌိလဲ?

"သီလဗ္ဗတပရာမာသဒိဋ္ဌိပါ ဘုရား"

ဘေးကင်းအောင်ဆိုပြီး လုပ်နေကြတာ။ ပြီးတော့ "ဟေတုပစ္စယော၊ တနင်္ဂနွေထောင့်ကစောင့်၊ အဲ... လုပ်လာပြီ၊ အာရမ္မဏပစ္စယော၊ တနင်္လာထောင့်ကစောင့်။ သူက နှစ်ဆယ့်လေးပစ္စည်းကို လက်ညှိုးနဲ့ လှည့်သေးတာ။ ဘယ်အချိန်ဟုန်းဆိုတော့ အိပ်ခါနီး၊ ဘယ်နှပတ်လဲ တော့ မပြောတတ်ဘူး။

မလှည့်ဘူးလား၊ လှည့်သလား?

"လှည့်ပါတယ် ဘုရား"

လူငယ်တွေ မှတ်ထားကွ၊ အတုအယောင်မဟုတ်တာ သာသနာ ဖျက်မည့် အလုပ်တွေ ဘုန်းကြီးရှင်းပြနေတာ။

အဲဒါကို သူတို့က ပြောသေးတာ၊ ဘာချတာတဲ့လဲ?

"စည်းချတာပါ ဘုရား"

အဲဒီလောက်တင် အားရသလားမေးတော့ မဟုတ်သေးဘူး။ "ကြောင်း တစ်ရာ့ရှစ်ကွက်၊ ဗုဒ္ဓစက်"ဆို အကုန်တတ်တယ်။ ဘာ အခုမှ မတတ်ချင်ယောင်ဆောင်မနေနဲ့၊ အားလုံးတတ်တယ်။ ဆို ဘာအခုမှ အမလေး... အာစေးမနေနဲ့၊ ဆိုသာဆို၊ မထူးတော့ဘူး။

ကြောင်း... တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်
တစ်ဆယ့်လေးချက် ဓမ္မစက်
ကစ်ဆယ့်ရှစ်ချက် သံဃာ့စက်
လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓါစက်
မြင့်မိုရ်တောင်ဦးမကကျူးလျက် မိဘစက်
ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်။

နောက်ဆုံးတန်းသွားဆို။ ဩော်ဝင်း... ဒူဝေ၊ ဒူဝေသွားဟုံဟုံ။ သွားဟုံဟုံတဲ့၊ ဟုံဟုံဆိုတာ မြန်မြန်သွားလို့ပြောတာ၊ သွားတော့တဲ့။ ဘုရားလည်း သွားတော့၊ တရားလည်း သွားတော့။ သံဃာလည်းသွားတော့။ ဆရာမိဘလည်း သွားတော့။ ဘာလုပ်မလို့တုံးဆိုတော့ ဘိုးတော်တွေ လာတော့မှာ အိမ်ပေါ်မှာ ဘိုးတော်တွေရော၊ အန်းကုန်းတွေရော ဥတည်ပွားတွေရော ရှုပ်ယှက်ကိုခတ်နေတာပဲ။

မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

ဒူးထောင်ပေါင်ကား တွေ ရှုပ်ယှက်ခတ်နေတာ။ အသေထွက်ရော၊ အရှင်ထွက်ရော ရှုပ်ယှက်ခတ်နေတာ။ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

## ဂါထာမြင်ရင် ဘုရားဟောချည်းမထင်နဲ့

အိမ်ပေါ်မှာတင်ထားတယ်၊ အရှင်ထွက်တဲ့လေ။ အရှင်ထွက်ဆိုတာ ဘာတုံး?

"ဘိုးဘိုးအောင်ပါ ဘုရား"

ဘယ့်နှယ့် ဘိုးဘိုးအောင်ရမှာတုံး။ အရှင်ထွက်ဆိုတာ ဒုလ္လဘာ။ အရှင်ထွက်ဆိုတာ ဘာတုံး?

"ဒုလ္လဘာပါ ဘုရား"

ဟုတ်တယ်လေ။ ကဲ...နွေရာသီ သကြံန်တွင်း သင်္ကန်းကလေး ဝတ်မယ်ဆို သွားဝတ်လိုက်တာဘာတုံး။ ဒုလ္လဘာလေ ဟုတ်တယ်၊ မဟုတ်လား။ ခုနစ်ရက်စခန်း၊ ဆယ်ရက်စခန်း သင်္ကန်းကလေးသွားဝတ်တာ ဘာတဲ့တုံး?

"ဒုလ္လဘာပါ ဘုရား"

အမြဲတမ်းဝတ်တာလား၊ တစ်ခါတလေလား?

"တစ်ခါတလေပါ ဘုရား"

တစ်ခါတလေ သက်န်းဝတ်တဲ့လူကို ဘယ်လိုခေါ်တာလဲ?

“ဒုလ္လဘပါ ဘုရား”

ဒုလ္လဘ လူထွက်တော့ ဘယ်လိုထွက်တာတုန်း။ အဲဒီ ဒုလ္လဘကြီးက အသေထွက်လာတာလား၊ အရှင်ထွက်လာတာလား?

“အရှင်ထွက်လာတာပါ ဘုရား”

ဒါကြောင့် အရှင်ထွက်ဆိုတာ ဒုလ္လဘကိုပြောတာ။

အသေထွက်ဆိုတာ သိလား?

“မသိပါ ဘုရား”

အသေထွက်ဆိုတာ ဘုန်းကြီးပျံ၊ အသေထွက်ဆိုတာက?

“ဘုန်းကြီးပျံပါ ဘုရား”

စဉ်းစား။ ဘာမှမသိဘဲနဲ့။ အိမ်ပေါ်တင်၊ အသေထွက်တွေရော အရှင်ထွက်ရော။

ခန္ဓာရှိရင် ဘုရားတောင်မှ အချိန်တန်ဘာဖြစ်ရတာလဲ?

“သေရတာပါ ဘုရား”

အဲဒါကို ဘိုးဘိုးအောင်က မသေတာလိုလို၊ ဘိုးမင်းခေါင်က မသေတာလိုလို၊ ဘရသေ့ကြီးကပဲ မသေတာလိုလို၊ ဘဘုန်းကြီးကပဲ ထွက်သွားတာလိုလို၊ စဉ်းစား၊ ဘုရားက ခန္ဓာရှိရင် သေမယ်လို့ ပြောရက်သားနဲ့၊ အရှင်ထွက်ဆိုတာ ဘာလဲ? သဿတဒိဋ္ဌိဗျ။

ဘာ ဒိဋ္ဌိတုံး?

“သဿတဒိဋ္ဌိပါ ဘုရား”

ခင်ဗျားတို့ အိမ်တွေပေါ်မှာ ရှုပ်နေတာလေ။ အသက်တစ်ထောင်တွေရော၊ ခြောက်ရာ့ငါးဆယ်တွေရော၊ ခုနစ်ရာ့ငါးဆယ်တွေရော၊ ထောင့်လေးရာတွေရော။ အိမ်ပေါ်မှာ ခေါင်းမြီးခြုံကြီးတွေနဲ့လေ။

စီးပွားရေး၊ စားဖားကြီးတွေက အဲဒီလိုဒိဋ္ဌိကြီးတွေနဲ့ တို့ဘုရားနဲ့ကို ဗန်းကလေးထဲထည့်ပြီးတော့ ပလက်ဖောင်းဘေးမှာ ယှဉ်ရက်ကလေးရောင်းနေတာ သာသနာအတွက် ဝမ်းနည်းလို့မဆုံးပါဘူး။

ဘုရားရဲ့ နောက်ကနေပြီးတော့မှ စားဖားကြီးတွေက တစ်ခါတည်း ဂါထာတွေ ဦးခံပြီးတော့ ဦးတွေဩောင်းတွေနဲ့။ ဦး ဩောင်း ဆိုတာ သာသနာဖျက်။

ဦး ဩောင်းဆိုတာ ဘာတုံး?

"သာသနာဖျက်ပါ ဘုရား"

အန္တရာယ်ကင်းမှာလိုလိုပဲ ။ အမလေး... ဘေးရှင်းရအောင်လို့၊ ဘေးကင်းလာဘ်ပွင့်တဲ့၊ လုပ်ထားတာဗျာ ရှုပ်ယှက်ခတ်နေတာပဲ ။

တို့ ဒကာ၊ ဒကာမတွေကလည်း၊ ဂါထာလေးမြင်၊ ဘုရားဟောချည်း မထင်ဘူးလား။ ထင်သလား?

"ထင်ပါတယ် ဘုရား"

အဲဒါတွေနဲ့ပဲ ဘုရားကျောင်းဆောင်ပေါ်မှာ ကြည်ညိုသယောင်ယောင်၊ ကုသိုလ်လိုလို၊ ဘာလိုလို အပိုအလုပ်တွေနဲ့ အိမ်မှာရှုပ်ယှက်ခတ်နေတာတွေ မရှိဘူးလား၊ ရှိသလား"

"ရှိပါတယ် ဘုရား"

## ကိုးကွယ်ယူမှား ဒုဂ္ဂတိသွား

မကြိုက်မှန်းလည်း သိပါတယ်။ ဒီတရားကို မကြိုက်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ပြောပါရစေ၊ တရားကို မကြိုက်တာ ဘုန်းကြီးကို မကြည်ညိုရင်၊ ကြည်ညိုလည်း ဆွမ်းတစ်နပ်ပဲ၊ မကြည်ညိုလည်း ဆွမ်းတစ်နပ်ပဲ ။

မန္တလေးက မကြည်ညို၊ မိုးကုတ်ပြန်ဟောမှာပေါ့။ ရှင်းရှင်းလေးပဲဗျာ။ မိုးကုတ်က မကြည်ညိုရင် သွားဟောမယ်လေ၊ ကျောက်မဲ၊ လားရှိုး၊ သီပေါ၊ နမ့်ခမ်းဟောမှာပေါ့။ ဟောစရာတွေ အများကြီး။

ဘာဖြစ်လို့ ဟောပေးနေရတာတုံးဆိုတော့၊ အပါယ်ကျမှာ စိုးလို့။ ဘုန်းကြီးကို မကြည်ညိုရင်နေပါ။ အပါယ်လေးပါးက လွတ်မြောက်ရင် ဘုန်းကြီးကျေနပ်ပါပြီ။

ကိုးကွယ်မှုတွေ မှန်နေလို့လား၊ မှားနေလို့လား?

"မှားနေလို့ပါ ဘုရား"

ပြင်နေတာဗျာ၊ ယောဂီတို့ဆီက ဘာမျှော်လင့်ချက်ကိုမှ တောင့်တထားတာမရှိဘူး။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဟောဒီ အယူမှားကြီးတွေနဲ့ အကိုးကွယ်မှားသွားလို့ရှိရင် ဒီဒိဋ္ဌိတွေနဲ့ သေရင် သုဂတိလား၊ ဒုဂ္ဂတိလား?

"ဒုဂ္ဂတိပါ ဘုရား"

အဲဒီတော့ ကိုးကွယ်မှားရတာ တခြားကြောင့်လား၊ ကြောက်လို့လား?

"ကြောက်လို့ပါ ဘုရား"

ကြောက်တာက ဘယ၊ အကိုးအကွယ်မှားတာက ဘာသာတရား။ ဘာဘာသာလဲ။ ဘယ ဗုဒ္ဓဘာသာ။

ဘာကြောက်လို့ ကိုးကွယ်တာလဲ?

"ဘေးကြောက်လို့ ကိုးကွယ်တာပါ ဘုရား"

သြော်... ဘေးကြောက်လို့ ကိုးကွယ်ထားတာ။ ယောဂီတို့ ဘုန်းကြီးတို့ကိုအသာထား။ ဟိုအရင်တုန်းက မြန်မာစကားတောင် ကောင်းကောင်းမတတ်ရှာတဲ့ တရုတ်မကြီးလည်း ကိုးကွယ်တတ်တာပဲဗျ။ အဲဒီတရုတ်မကြီး တစ်ခါတုန်းက အရောင်းအဝယ်သွားရင်း ထားဝယ်ကနေပြီးတော့မှ ရန်ကုန်ဘက်ကို သင်္ဘောနဲ့လာတာ။ သူက သူဌေးဆိုတော့ စပါယ်ရှယ်ခန်းမှာနေတာပေါ့။ ဒါနဲ့ လေပြင်းမုန်တိုင်း တိုက်တဲ့အခါကျတော့ သူက သင်္ဘောအောက်ထပ်ကို ဆင်းလာတာ။

ဆင်းလာတော့ အောက်ရောက်တဲ့အခါကျတော့ အောက်ကလူတွေ သူ့ကိုစကားမပြောနိုင်ဘူး။ ဟို့လူ့ခေါ်လည်းမရ။ ဒီလူ့ခေါ်လည်း မရ။ သူ့ကိုကယ်မည့်၊ ယူမည့်သူမရှိဘူး။ ဣတိပိသော သောတောပိတိ တစ်ခါတည်း ဟို... နမောတဿကို မပီတော့ဘူး။ "ပွတ်တွတ်

ပွတ်တွတ်”နဲ့ ရွတ်နေကြတာ။

တရုတ်မကြီးက စဉ်းစားတယ်။ သြော် ဒီလိုရွတ်ရင် ဒီလေတွေ လှိုင်းတွေ ငြိမ်သွားမှာပဲ။ ဒီအန္တရာယ်ကတော့ လွတ်လောက်တယ်။ ငါလည်း ရွတ်ချင်တယ်။ ဒါပေမဲ့ ငါကလည်း သူတို့လိုမရွတ်တတ်ဘူး။ ဒါနဲ့ သူ့အခန်းသူ ပြန်တက်သွားပြီး၊ တရုတ်မကြီးဆိုတော့ သိတဲ့အတိုင်း စကတ်ကလေး ဝတ်ထားတာဗျ။ စကတ်ကလေးကိုမ ပြီးတော့လေ အော်လိုက်တယ်။ “ဝလည်း စူတို့လိုပါပဲ၊ ဝလည်း စူတို့လိုပါပဲ”တဲ့။

**ဘာပြောတာလဲဆိုတော့ ငါလည်းသူတို့လို ရွတ်တယ်ပေါ့။ အခုကလည်း၊ ဟိုအိမ်တက်ကြည့်လိုက်တော့လည်း အရုပ်တွေရှုပ်နေတာပဲ။ ဒီအိမ်တက်ကြည့်လိုက်တော့လည်း၊ အရုပ်တွေရှုပ်နေတာပဲ။ ဝလည်းသူတို့လိုပဲ။ သူတို့လည်း ဝတို့လိုပဲ။**

စဉ်းစား၊ ဘာမှမသိဘဲ ရမ်းကိုးကွယ်ထားတာ မရှိဘူးလား၊ ရှိသလား?

“ရှိပါတယ် ဘုရား”

## ဉာဏ်မပါရင် အလိမ်ခံရမှာပဲ

ဒါကြောင့် ဘုရားပြောတဲ့စကား “ဓာတံ သရဏာတောဘယံ”တဲ့။ သရဏာတော၊ အကိုးကွယ်မှားခြင်းကြောင့်၊ ဘယံဘေးသည်။ ဓာတံ ဖြစ်၏ တဲ့။

တို့ဒကာ၊ ဒကာမတွေဘေးသင့်နေတာ ဘာကြောင့်လဲမေးတော့၊ အကိုးအကွယ်မှားနေကြလို့။ ဖြစ်ချင်တာတွေ မဖြစ်၊ စိတ်ချမ်းသာစရာ တွေ မချမ်းသာရဖြစ်နေတာဟာ ဘာမှားနေလို့လဲ? အကိုးအကွယ် မှားနေလို့ ရှင်းပြီလား?

“ရှင်းပါပြီ ဘုရား”

အဲဒီတော့ လာဘ်လာဘလိုချင်ပြီးကိုးကွယ်၊ ဘေးကြောက်ပြီး ကိုးကွယ်နေတဲ့ ဒိဋ္ဌိကိုတော့ ဣဿရနိမ္မာနဒိဋ္ဌိတဲ့။

ဘာဒိဋ္ဌိလဲ?

"ကြိယရနိမ္မာနဒိဋ္ဌိပါ ဘုရား"

အရာရာတိုင်းမှာ အခုလောကမှာ ဖြစ်နေကြတာ အလိုလိုလား၊ အကြောင်းအကျိုးလား?

"အကြောင်းအကျိုးပါ ဘုရား"

အဲဒါကို ယောဂီတို့ စီးပွားရေးကျရတာ၊ ဟိုဘိုးတော်ကြောင့်လိုလို၊ ဒီဘွားတော်ကြောင့်လိုလို။ သူများကြောင့်တွေချည်းပဲ။

သူများဆိုတာက ယောဂီတို့ရေ၊ ကြိယရ။

သူများဆိုတာက ဘာလဲ?

"ကြိယရပါ ဘုရား"

သူတို့ကြောင့် ငါတို့စီးပွားဖြစ်တယ်။ သူတို့ကြောင့်ဆိုတာ ကြိယရ၊ ငါတို့စီးပွားဖြစ်တယ်လို့ ယူတာက နိမ္မာန၊ တကယ်စီးပွားဖြစ်တာက ကံဉာဏ်ဝီရိယ။

ဘိုးတော်၊ ဘွားတော်တွေနဲ့ ဆိုင်သလား?

"မဆိုင်ပါဘူး ဘုရား"

မဟိန္ဒရာတို့နဲ့ရော ဆိုင်သလား?

"မဆိုင်ပါဘူး ဘုရား"

ကွပ်ရင်၊ ဥတည်ဘွားနဲ့ရော ဆိုင်သလား?

"မဆိုင်ပါဘူး ဘုရား"

လုပ်နေကြပုံ၊ စဉ်းစား၊ ဟာ... အရှင်ဘုရား၊ နာလန်မထူ၊ ကံတ လူတဲ့၊ လုပ်ပြီ ဘုရားနာမည်ဖျက်တော့မှာ၊ သူတို့ နာလန်မထူ?

"ကံတလူပါ ဘုရား"

ကံတလူကမြေကြီး ယူလာပြီးတော့မှ ဒီမှာတတ်သိ၊ ပညာရှင်တွေနဲ့ ပေါင်းစပ်ပြီးမှ စေတီပုံလေးသော်လည်းကောင်း၊ ဘုရားပုံသော်လည်းကောင်း၊ ပန်းကန်ထဲသော်လည်းကောင်း ထည့်ပြီး ကိုးကွယ်ထားရင် နာလန်ထူလာလိမ့်မယ်။ နာလန်ထူလာအောင် ကံတလူကိုသွား၊

ပြောတာ မရှိဘူးလား။ ရှိသလား?

"ရှိပါတယ် ဘုရား"

ဒါဖြင့် ကံတလူကမြေကြီးယူပြီးတော့ အိမ်ပေါ်တင်ကိုးကွယ်ရုံနဲ့ ချမ်းသာမယ်ဆိုရင် ကံတလူဘေးကသွားလေသမျှ ဘုရားဖူးတွေကို တောင်းနေတဲ့ သူတောင်းစားတွေ၊ အိပ်တော့လည်း ကံတလူမြေပေါ်၊ စားတော့လည်း ကံတလူမြေပေါ်နေတော့လည်း ကံတလူမြေပေါ်၊ ငြိမ်သွားပြီဗျ၊ ငြိမ်သွားပြီ။

စဉ်းစား၊ စဉ်းစားလိမ်သမျှ အကုန်လုံးခံနေရတာ။ ဘာလဲ မင်းတို့ ရတဲ့ဘွဲ့တွေ၊ မင်းတို့တတ်တဲ့ ပညာတွေက ဘယ်မှာသွားသုံးမှာလဲ။ ကိုယ်ပိုင်ဉာဏ်မရှိကြဘူး။ သူများ၊ လိမ်သမျှခံနေရတာ ဘာပညာရေးလဲ စဉ်းစား။

အမေ အဖေငွေကုန်ကြေးကျခံတယ်၊ တိုင်းပြည်က ငွေကုန်ကြေးကျခံပြီးတော့၊ သင်ပေးထားတာ အဲဒီကိုယ်ပိုင်ဉာဏ်အတွက် သင်ပေးထားတာ။ သူများအလိမ်ခံရဖို့ မဟုတ်ဘူး။ အခုဟာ အရာရာတိုင်း ဘာသာရေးမှာလည်း အလိမ်ခံနေတယ် သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

အလိမ်ခံရပြီဟော့ဆိုရင်၊ အဲဒီဘွဲ့ရတွေ ခပ်များများရယ်၊ သူတို့ပဲ ဂိုက်ကြီးလုပ်တာလေ။ ငါတို့စာတတ်တယ်။ ငါတို့ဘွဲ့ရထားတယ်။ ပြီးတော့ အလိမ်ခံလိုက်၊ ရတဲ့ဘွဲ့တွေ မြောင်းထဲတောင်ပစ်ဖို့ကောင်းနေပြီ။ ရွှေတချောင်းကြီးကျယ်သေးတယ်နော်၊ သွားပစ်လိုက်ဦး ရသေးတယ်။

## အလိမ်ခံရသူတွေ များလှပေ

ဘယ်ကိုယ်ပိုင်ဉာဏ်မှ မရှိတာဗျာ။ ကဲ ဒီသက်မဲ့အရာဝတ္ထု မြေကြီးရွှေသီးမယ်ဆိုတာ အလကားနေရင်း သီးတာမဟုတ်ဘူး။ ကိုယ်ကထွန်ယက်စိုက်ပျိုးမှ ရွှေသီးတာဗျ ဟုတ်ရဲ့လား။ သူ့ချည်း

နေကြည့်ပါလား။ အဲဒီမြေကြီး ဘာလုပ်ပေးနိုင်မှာလဲ။ ဘာမှလုပ်မပေးနိုင်ဘူး။ ယောဂီတို့ရေ သူလုပ်ပေးနိုင်တာကတော့ ဘာတစ်ခုထဲရှိတုံးဆိုရင် သေတဲ့လူကို မြှုပ်စရာ၊ ဒါပဲရှိတာ။ အားလုံးသဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

အေး... ဒါကြောင့်မို့လို့ မြေကြီးဆိုတာ သက်ရှိလား၊ သက်မဲ့လား?

"သက်မဲ့ပါ ဘုရား"

သက်ရှိ အချင်းချင်းတောင်မှ တစ်ဦးတစ်ယောက်ရဲ့ ကံကြမ္မာကို တစ်ဦးတစ်ယောက်က ပြုပြင်ဖန်တီးပေးလို့ မရဘူးတဲ့။ ဝေသာလီပြည် ကပ်ကြီးသုံးပါးဆိုက်လို့ မြတ်စွာဘုရားရောက်တဲ့အခါကျတော့ ရဟန်းသံဃာတို့ မည်သည် ဒကာ ဒကာမတွေကို မှီပြီးတော့မှ အလှူခံဘုဉ်းပေးရတာ၊ ဒကာ ဒကာမတွေ ကပ်ဆိုက်ရင်၊ ဒီသံဃာတွေ လည်းကပ်ဆိုက်တာပေါ့။ ဒါ ထုံးစံပဲနော်၊ ဒကာ ဒကာမတွေ၊ စီးပွားရေးကျရင်၊ ဒီသံဃာတွေ သာသနာပြုလို့ လွယ်မလား?

"မလွယ်ပါ ဘုရား"

ဒီဒကာ၊ ဒကာမတွေရဲ့ ပစ္စည်းလေးပါးကိုမှီပြီးတော့ သာသနာပြုရတာဗျ။ ဟိုမှာကပ်ဆိုက်တဲ့ အခါကျတော့ ဘုရားအမှူးရှိတဲ့ သံဃာတွေ ဆွမ်းခံကြွ၊ ဆန်ကြမ်းတွေရ။ ဘုရားသည်းခံပြီးတော့ ဘုဉ်းပေးတော်မူရှာတယ်။

ဒါကိုမြင်တဲ့ သံဃာတော်တွေက ဘုရားကိုသနားလွန်းလို့ဆိုပြီးတော့၊ ဆန်ကြမ်းတွေကို ဆုံထဲထည့်ထုထောင်းနေတာ၊ တဒိန်းဒိန်းတဒိုင်းဒိုင်းနဲ့၊ ဘုရားက သိတယ်ကြားတယ်။

"ဟဲ့... အာနန္ဒာ တိုက်ထဲမှာ ဒိန်းဒိန်းဒိုင်းဒိုင်းနဲ့ ဘာတွေလုပ်နေကြတာတုံး။ ကျောင်းတိုက်ကြီးတစ်ခုလုံး ဆူညံနေတာပဲ"

"မှန်လှပါဘုရား ဆန်တွေက ကြမ်းလွန်းလို့ ဘုဉ်းပေးတဲ့နေရာမှာ

ရှောရှောရှူရှူ နူးနူးညံ့ညံ့ကလေးဘုဉ်းပေးရအောင်လို့ သံဃာတွေ ထုထောင်းပေးနေတာပါ ဘုရား"

"မလုပ်စေနဲ့ အာနန္ဒာ ငါဘုရားမှာလည်း၊ ဝိပါကဝဋ်ကြွေးသင့် လာလို့ ဟောဒီဆန်ကြမ်းကို ဘုဉ်းပေးရတာ တန်ခိုးတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော် အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန့်ဖြန့်ကျိုးမျှ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။ တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာမောဂ္ဂလာန် ဘေးနားမှာရှိနေတယ်။ လာဘ် လာဘ ရွှင်ပါတယ်ဆိုတဲ့ ရှင်သီဝလိဘေးနားမှာ ရှိနေတယ်။ ပညာအရာ ဧတဒဂ်ရတဲ့ အရှင်သာရိပုတ္တရာ ဘေးမှာ ရှိတယ်။ အသီတိရှစ်ကျိပ် ရှိတယ်။

ကိုင်း... အဘိညာဉ်ခြောက်ပါး တန်ခိုးအမျိုးမျိုးရတဲ့၊ ဘိက္ခုတွေ အများကြီး ဘုရားနားမှာ ဝန်းရံနေတယ်။ ဘယ်သူတစ်ယောက်ကများ တန်ခိုးတော်နဲ့ ကြမ်းတမ်းသော စပါးမှနူးညံ့သောစပါး ဖြစ်စေသတည်း လို့ လုပ်သလဲ?

"မလုပ်ပါ ဘုရား"

ဘာဖြစ်လို့ မလုပ်တာလဲ၊ လုပ်လို့မရလို့ဗျ။ ရှင်းပြီလား ဘုရားနဲ့ ရဟန္တာတွေက လုပ်လို့မရပါဘူးဆိုတာကို အခုခေတ်က လုပ်ပေးနိုင်တယ်ဆိုတာ စဉ်းစား ဘာလုပ်နေတာလဲ?

"လိမ်နေတာပါ ဘုရား"

လိမ်သူ အများကြီးလား၊ နည်းနည်းလေးလား?

"အများကြီးပါ ဘုရား"

အလိမ်ခံရတဲ့ သူရော?

"အများကြီးပါ ဘုရား"

လိမ်တဲ့သူနဲ့ အလိမ်ခံရတဲ့သူ၊ ဘယ်ဟာကများတုံး?

"အလိမ်ခံရတဲ့သူက များပါတယ် ဘုရား"

ဩော်... ပြောမိတဲ့ ဘုန်းကြီးကကို မှားတာနော်။ အလိမ်ခံရတဲ့ သူတွေက အများကြီးသဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

## အမြင်မှားတော့ အကိုးကွယ်မှားတယ်

ဟာ... ဘိုးတော်ယောင်ယောင်၊ ဘွားတော်ယောင်ယောင်နဲ့၊ အမယ်လေး... ဘာဖြစ်တယ်တဲ့၊ ညာဖြစ်တယ်တဲ့။ ရွှေပွား၊ ငွေပွား၊ ရွှေတိုး၊ ငွေတိုးတဲ့။ စဉ်းစားစမ်းပါဦး အရမ်းယုံတော့တာပဲ ။

ဒါကြောင့်မို့လို့ နယ်တွေများဆို အဲဒီဘိုးတော်တစ်ယောက်ရောက် ပြီဆို စက်ဘီးဆိုင်က ဘောသီးတွေကုန်ဖို့သာပြင်၊ ဘောသီးတွေ၊ အကုန်လိုက်ကောက်တယ်။ ပြီးတဲ့အခါကျတော့ ဂုက်သွား၊ ငှက်ပျော သီးကြားထဲလျှောက်ထိုး၊ ဟိုထိုးဒီထိုးလျှောက်လုပ်။ စဉ်းစား၊ ဒါတွေဟာ တခြားလား၊ လိမ်နေတာလား?

"လိမ်နေတာပါ ဘုရား"

လိမ်နေတာပါ။ နတ်ကနားပွဲဆိုတာလည်း ဒီအတိုင်းပဲ ၊ လိမ်နေ တာပဲ။ စမ်းသပ်ချင်ရင် တို့လူငယ်တွေမှတ်ထား။ ဇလုံအောက်ကနေ ကိုကြီးကျော်လို့ ရေး၊ ကန်တော့ပွဲထိုးထားရော။ မနဲ့လေးလို့ရေး၊ ကန်တော့ပွဲထိုးထားရော၊ မမြင်စေနဲ့ပေါ့။ အောက်ကနေပြီးတော့မှ မှောက်ထား။

"ဆိုင်ရာအရှင်ကြီးတို့ အသေကြီးတို့၊ အရှင်လေးတို့ မင်းကြီး တို့ မင်းလေးတို့ဆိုင်ရာပွဲ ကောက်တော်မူပါ။ ကောက်ခိုင်း၊ မှားလို့က တော့ အသတ်လို့ပြော၊ ကိုယ့်ဆိုင်ရာပွဲ ကိုယ်ကောက်လို့ပြော။ ဆိုင် ရာပွဲကောက်နော်၊ ကိုကြီးကျော်က မနဲ့လေးသွားမကောက်နဲ့။ ဟင်း ဇလုံဖင်မှာရေးထားတာ ဘယ်လိုလုပ် သူမြင်မလဲဗျ။

အဲဒီတော့ လိမ်သလား၊ ညာသလား သိချင်ရင်ဟော့၊ တို့လူငယ် တွေ။ မလုပ်ရဲဘူး မဟုတ်လား၊ မလုပ်နဲ့ ကိုင်လိမ့်မယ်။ တကယ်က

တို့မြန်မာပြည်ပါ။ အမျှဝေရင်ကျွတ်ကုန်ပြီပေါ့။ မကျွတ်တာက နော် ကတတ်၊ နတ်ကတော်က မကျွတ်တာ။

အဲဒီလို အကိုးကွယ်မှားနေတာ ဘာဗုဒ္ဓဘာသာလဲ? ဘယဗုဒ္ဓဘာသာ။

ဘာဗုဒ္ဓဘာသာလဲ?

"ဘယဗုဒ္ဓဘာသာပါ ဘုရား"

လာဘ်လာဘလိုချင်ပြီး ကနားပေးတာက လာဘဗုဒ္ဓဘာသာ။ ဘေးကြောက်ပြီး အကိုးကွယ်မှားတာက ဘယဗုဒ္ဓဘာသာ။ ဘာမှမသိဘဲ ရမ်းကိုးကွယ်တာက ကုလဗုဒ္ဓဘာသာ။

ဘယ်နှမျိုး ရှိပြီလဲ?

"သုံးမျိုးပါ ဘုရား"

အဲဒီတော့ ကုလလာဘဘယတွေရဲ့ လုပ်ဆောင်ချက်တွေက အမြင်မှန်တွေလား။ အမြင်မှားတွေလား?

"အမြင်မှားတွေပါ ဘုရား"

အမြင်မှားတွေနဲ့ ကိုးကွယ်မှားနေကြတာ ချမ်းသာကြောင်းလား ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

ဘာသစ္စာတွေလဲ?

"သမုဒယသစ္စာတွေပါ ဘုရား"

ဟော... သမုဒယက ဆင်းရဲကြောင်း၊ သစ္စာကအမှန်။ ပေါင်းလိုက်တော့ ဆင်းရဲကြောင်းအမှန်။

ကိုးကွယ်တာကလည်း၊ တစ်ရက်တည်းလား နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါ ဘုရား"

ဒါကြောင့်မို့ ဘာအလွှာလဲ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ။

ယောဂီတို့ပြုလုပ်ရင်၊ အနာဂတ်မှာ ဘာအလွှာရမလဲ? အနာဂတ် အကျိုးတစ်လွှာ၊ အနာဂတ်ဆိုတာက နောက်၊ ရမှာကအကျိုး၊ ဘာသစ္စာလဲ ဒုက္ခသစ္စာ။

ဟော ဒုက္ခရောက်မှာက တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါ ဘုရား"

အကြိမ်ကြိမ် အဖန်ဖန်အထပ်ထပ်မို့လို့ ဘာတဲ့လဲ?

"အလွှာပါ ဘုရား"

နောက်ခန္ဓာရတော့ ခန္ဓာအစဇာတိ၊ ဇာတိရရင်၊ မအိုချင်လည်း?

"အိုရမှာပါ ဘုရား"

အိုရတာက ဇရာ၊ သေရတာက မရဏ၊ စဉ်းစားကြည့်စမ်း။ ဟင်... တို့ ကိုးကွယ်ပုံ တို့လုပ်နေပုံဟာ ကုလလာဘာဘယ မကြည် နိုင်တဲ့အပြင် အိမ်ပေါ်ကိုရောက်နေပြီ။

## အယူမှားမပျောက်သမျှ ကိုးကွယ်ရကျိုးမနပ်

ဒါကြောင့်မို့လို့ ကုလလာဘာဘယသုံးမျိုးကို မြတ်စွာဘုရား၊ ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ စဏ္ဍာလသုတ်တော်အတိုင်း ဟောရရင် အောက်တန်းစားဗုဒ္ဓဘာသာတဲ့ဗျ။ ဒါ တည့်တည့်ဟောလိုက်တာ၊ ကြိုက်ပါ့မလား?

"ကြိုက်ပါတယ် ဘုရား"

ကြိုက်ကြိုက် မကြိုက်ကြိုက်ပြောတော့မှာ၊ ဟိုလူမ,ပါ။ ဒီလူ မ,ပါ။ ဟိုလူ ပသ,ပါတယ်။ ဒီလူပသ,ပါတယ်။ လက်ညှိုးခွက်ထိုးခွက် လှန် လုပ်နေတာကို မြတ်စွာဘုရားက သူတောင်းစား ဗုဒ္ဓဘာသာတဲ့။

ဘာ ဗုဒ္ဓဘာသာတဲ့လဲ?

"သူတောင်းစား ဗုဒ္ဓဘာသာပါဘုရား။

ဘယ်သူက ဟောတာလဲ?

"ဘုရားက ဟောတာပါဘုရား"

ဘုရားဟောတာကို ဘုန်းကြီးကပြန်ပြောပြတာနော်။ တော်ကြာ ဦးသုနန္ဒပါးစပ်ဖျား လို့လမ်းမဆုံးနဲ့။ ဘုရားဟောတဲ့တရားကို ဘုန်းကြီး က ကျေးဇူးဆပ်တာဗျ။

**အဲဒီလို ခန္ဓာကိုယ်မှာအသိ၊ ဘာသာရေးအသိ ဓာတ်ခံအားတွေ နည်းနေလွန်းလို့ ဟိုမှာလိမ်စားတဲ့ပုဂ္ဂိုလ်က လိမ့်လို့ကောင်းနေတာပေါ့။ သူတို့ဟာသူတို့ လိမ်တာကတော့ သူတို့အပြစ်နဲ့သူတို့ သွားပါစေတော့။ ကိုယ်အကိုးကွယ်မှားလို့ ကိုယ့်မှာက တကယ့်နိဗ္ဗာန်ရောက်နိုင်တဲ့ အခွင့်အရေးတွေ ရှိပါလျက်ကယ်နဲ့ ယောဂီတို့ အဲဒီလိုဘိုးတော်တွေ ဘွားတော်တွေ၊ ကိုးကွယ်မိတဲ့ ဣဿရနိမ္မာနဒိဋ္ဌိ၊ နတ်တွေကနားတွေ သုံးဆယ့်ခုနစ်မင်း၊ ကိုးကွယ်မိတဲ့ သီလဗ္ဗတပရာမာသဒိဋ္ဌိ၊ကိုယ့်ရဲ့ ကံဉာဏ်ဝီရိယလို့ဆိုတဲ့ အကြောင်းတရားနဲ့၊ အဝိဇ္ဇာသင်္ခါရလို့ဆိုတဲ့၊ အကြောင်းတရားတွေ ပယ်မိတဲ့ အဟေတုဒိဋ္ဌိ။**

ယောဂီတို့မှာ ဘုရားလည်းကိုးကွယ်ရသေး၊ တရားလည်း ကိုးကွယ်ရသေး၊ ဆွမ်းဦးကွမ်းဦးကိုလည်း လောင်းလှူရသေး သာသနာ တော်ကိုလည်း သက်န်းဆွမ်းကျောင်းဆေး၊ ပစ္စည်းလေးပါးနဲ့လည်း လှူဒါန်းပူဇော်ဆက်ကပ်ရသေးတယ်။ သွေးမတော်သားမစပ် ရှိသေနေရ သေးတယ်။ ကိုယ့်သားလောက် အရွယ်လည်းပြားပြားဝပ် ဦးချကန်တော့ ရသေးတယ်။

ဘာအတွက်ဒါတွေလုပ်နေတာလဲ၊ ဘာအတွက်သာသနာကို ချီးမြှောက်နေတာလဲ ။ ဘာအတွက်ကျောင်းဆောက်နေတာလဲ၊ စဉ်းစား ပါ၊ ဝေဖန်ပါ၊ သုံးသပ်ပါ။

နိဗ္ဗာန်ဝေးသေးတယ်။ ခဏထားဦး။ ဟောဒီအယူမှန် မရသေး သမျှ၊ အယူမှား၊ မပျောက်သေးသမျှ ကာလပတ်လုံး၊ သာသနာကို ကိုးကွယ်ရကျိုး၊ မနပ်သေးဘူးလို့ မှတ်ပါ။ အေး... ဒါကြောင့်မို့လို့ တို့ဒကာ၊ဒကာမတွေရဲ့ မေတ္တာ၊ တို့ဒကာ၊ ဒကာမတွေရဲ့ စေတနာကို ကျေးဇူးဆပ်သောအားဖြင့် မှားနေတဲ့ အယူများကို မှန်ပါစေတော့လို့

ကျေးဇူးတုန့်ပြန်တာပါ။ တို့ကိုရန်သူလိုပြောနေတယ်လို့ မမြင်စေချင်ဘူးဗျာ သဘောကျရဲ့လား?

"မှန်ပါ ဘုရား"

## ဒိဋ္ဌိမခံမှ နိဗ္ဗာန်ရမည်

သုတ္တန္တပိဋက၊ ဝိမာနပေတဝတ္ထုမှာ ဂူထခါဒက ပေတဝတ္ထုတဲ့၊ အဲဒီဝတ္ထုထဲမှာ နတ်ဝင်သည့် နတ်ကတော်သေတဲ့ အခါကျတော့၊ မစင်စားပြိတ္တာမကြီး ဖြစ်တယ်တဲ့။

နတ်ကတော်နောက်ကို လိုက်ပြီးတော့ လက်အုပ်တချီချီနဲ့ ကိုးကွယ်ယုံကြည်နေတဲ့သူတွေ သေတော့ အန်ဖတ်စားပြိတ္တာဖြစ်တယ်တဲ့။

တို့ဒကာ၊ ဒကာမတွေ မေးရဦးမယ်။ မစင်စားပြိတ္တာဖြစ်ချင်လား။ အန်ဖတ်စား ပြိတ္တာဖြစ်ချင်သလား?

"ဘယ်ပြိတ္တာမှ မဖြစ်ချင်ပါဘူး ဘုရား"

ဘယ်ပြိတ္တာမှ မဖြစ်ချင်ရင်ဘာလုပ်ရမလဲ?

"သစ္စာသိအောင် လုပ်ရမှာပါဘုရား"

အရမ်းလုပ်လို့ မရဘူးနော်၊ သစ္စာကလည်း သူခံရင်မသိဘူးနော်။ သူခံရင်သူ့ကို အရင်ရှင်းပစ်၊ ပြီးတော့ ခန္ဓာဉာဏ်ရောက် အလုပ်လုပ်။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါဆိုရင် အပါယ်တံခါးပိတ်မယ်။ အပါယ်လေးပါးရဲ့ လွတ်ရာငြိမ်းရာ ချုပ်ရာသည်တခြားလား နိဗ္ဗာန်လား?

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်မရောက်အောင် ကန့်ကွက်တာလည်းဒိဋ္ဌိ၊ အပါယ်လေးဘုံဆွဲချတာလည်း ဒိဋ္ဌိ။ အဲဒီဒိဋ္ဌိတွေဖြစ်ရတာ အကြောင်းအကျိုးနားလည်လို့လား၊ မလည်လို့လား?

"နားမလည်လို့ပါ ဘုရား"

ဒါကြောင့် အကြောင်းသည်ပဋိစ္စ၊ အကျိုးသည်သမုပ္ပါဒ်။ အကြောင်း အကျိုးနားမလည်လို့ သစ္စာဘယ်နှပါးနဲ့ လှည့်ရတာလဲ?

"နှစ်ပါးနဲ့ပါ ဘုရား"

ဘာသစ္စာနဲ့ ဘာသစ္စာ?

"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား"

ဒါဖြင့် သမုဒယသစ္စာက ဆင်းရဲကြောင်းအမှန်၊ ဒုက္ခသစ္စာက ဆင်းရဲကျိုးအမှန်။

ဆင်းရဲလက်ကနေ လွတ်ရတယ်လို့ ရှိရဲ့လား?

"မရှိပါ ဘုရား"

ဘယ်သူနဲ့ ဘယ်သူကြောင့်လဲ၊ အဝိဇ္ဇာနဲ့ တဏှာကြောင့်၊ ဒါကြောင့် "မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး"တဲ့။ အဲဒီပဋိစ္စသမုပ္ပါဒ်နာပါလျက်၊ ပဋိစ္စသမုပ္ပါဒ်သင်တန်းနာပါလျက် အယူဝါဒအမှန်ရောက်အောင်၊ မမြင်နိုင်သေးရင်၊ တို့အစွဲနဲ့ တို့ ဒုက္ခရောက်မှာပဲလို့သာ ဆုံးဖြတ်ပါ။

ခြောက်ပေါတာလား၊ ဖြစ်စဉ်ကိုက်လား?

"ဖြစ်စဉ်ကိုက်ပါ ဘုရား"

အဲဒီပဋိပစ္စသမုပ္ပါဒ်သင်တန်းဆိုတာ ယောဂီတို့နိဗ္ဗာန်သွားလမ်းပြမြေပုံ၊ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်၊ ဒါတွေ အရင်ရှင်းမှရောက်မယ်။ ရှင်းပြီနော်၊ သဘောကျပြီနော်။ ဒါဖြင့် ဗုဒ္ဓဘာသာဝါးမျိုးထဲက ဘယ်နှမျိုးပြီးသွားပြီလဲ?

"သုံးမျိုးပြီးသွားပါပြီ ဘုရား"

ဘာတွေလဲ၊ ကုလ–ဘယ–လာဘ။ ဒီသုံးမျိုးက သံသရာပြတ်ကြောင်း လုပ်တာလား၊ သံသရာလည်ကြောင်း လုပ်တာလား?

"သံသရာလည်ကြောင်း လုပ်တာပါဘုရား"

ဒါဖြင့် သံသရာပြတ်ကြောင်း တကယ်ဖြစ်ချင်တယ်ဆိုရင်၊ အဆင့်မြင့် ဗုဒ္ဓဘာသာဖြစ်ချင်တယ်ဆိုရင် ကျန်တဲ့သဒ္ဓါမိက ဗုဒ္ဓဘာသာ၊ ပညာမိက ဗုဒ္ဓဘာသာ။

ဘယ်နှမျိုးကျန်သေးလဲ ?

"နှစ်မျိုးကျန်ပါသေးတယ် ဘုရား"

အဲဒီကျန်တဲ့ နှစ်မျိုးကို မနက်ဖြန်မှဆက်ပြီး နာကြရအောင်၊ ကိုင်း၊ ယနေ့တော့ နာရီစေ့ပြီ တော်ကြစို့ဗျာ၊

(သာဓု သာဓု သာဓုပါဘုရား)

## ဆင္ဆမနေ့ ဟောစဉ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့ဒေါနဘွားရပ် အောင်ရတနာဓမ္မဗိမာန်တော်ကြီးအတွင်း၌ ကျင်းပပြုလုပ်အပ်သော သစ္စာဓမ္မသဘင် ခုနစ်ညအထူးတရားပွဲကြီး၏။ ခြောက်ရက်မြောက်သော ညအဖြစ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ပဋိစ္စသမုပ္ပါဒ်အခန်းနှင့် သစ္စသံယုတ်ပါဠိတော် ဓမ္မသင်္ဂဏီပါဠိတော် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တို့ကို အခြေခံ၍ဟောကြားအပ်သော ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါး အမှတ်ခြောက်တရားတော်။

ဤတရားတော်ကြီးကို မဟောကြားသေးမီ၊ မနာကြားကြသေးမီ၊ တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို အာရုံပြုပြီးတော့ **နမောတဿ** သုံးကြိမ်ဖြင့် ညီညာဖြဖြကန်တော့လိုက်ကြပါဦးစို့။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဟောသူရော၊ နာသူပါကျေးဇူးတော်အရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဉာဏ်တော်ကို ဦးထိပ်မှာထားပြီး၊ ဟောကြ၊ နာကြမှာဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး၊ ရေးသား သီကုံးတော်မူခဲ့သော မူလနှစ်ဖြာလင်္ကာဆောင်ပုဒ်ကို ညီညာ

ဖြဖြရွှတ်ဖတ်ပူဇော်ပြီး တရားပွဲစလိုက်ကြရအောင်။

**မူလနှစ်ဖြာ၊ သစ္စာနှစ်ခု**
**လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး၊**
**တရားကိုယ်များနှင့်၊ သုံးပါးအစပ်**
**နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်**
**ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်**
**ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်**
**သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။**

အားလုံးပဲ လက်အုပ်ချီကလေးတွေချထား၊ မျှတသောဣရိယာပုတ်ဖြင့် စိတ်ချမ်းသာသလိုထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး၊ စိတ်မသွားဘဲဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

## အထက်တန်းစား ဗုဒ္ဓဘာသာ

တို့အားလုံး ယောဂီအပေါင်းသူတော်ကောင်းတို့၊ အားလုံးသောပရိသတ်တို့ဟာ ဘယ်ဘာသာဝင်တွေပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား"

အေး… ဒါဖြင့် အားလုံးသော၊ ဒကာ ဒကာမတွေသင်ထားတဲ့ ဗုဒ္ဓဘာသာအားလုံး ဘယ်နှမျိုးရှိတာပါလိမ့်?

"ငါးမျိုးရှိပါတယ် ဘုရား"

အဲဒီ ဗုဒ္ဓဘာသာငါးမျိုးက ဘာတွေလဲ?

"ကုလဗုဒ္ဓဘာသာ
လာဘဗုဒ္ဓဘာသာ
ဘယ ဗုဒ္ဓဘာသာ
သဒ္ဓါဓိက ဗုဒ္ဓဘာသာ
ပညာဓိက ဗုဒ္ဓဘာသာပါဘုရား။

အဲဒီ ဗုဒ္ဓဘာသာဝါးမျိုးမှာ ကုလ၊ လာဘ၊ ဘယဆိုတဲ့ဗုဒ္ဓဘာသာသုံးမျိုးကို မြတ်စွာဘုရားက ခုဒ္ဒကနိကာယ်ဝင် ဓမ္မပဒပါဠိတော် စဏ္ဍာလသုတ်တော်မှာ အောက်တန်းစား ဗုဒ္ဓဘာသာတဲ့။ စဏ္ဍာလကို မြန်မာလိုပြန်တော့ သူတောင်းစား။

ဘာဖြစ်လို့သူ့ကို သူတောင်းစားလို့ ပြောတာလဲလို့မေးရင် ဟိုလူပေါ်လာလည်းပဲ လက်ဖြန့်၊ ဒီလူပေါ်လာလည်းပဲ လက်ဖြန့် "မပါ စပါ"စသည်အားဖြင့် ဟိုလူလာလည်း အဖေခေါ်လိုက်၊ ဒီလူလာလည်း အဖေခေါ်လိုက်နဲ့ နာနာသတ္တဥလ္လောနကဆောင်နေတာ။

စာလို့သုံးတော့ နာနာသတ္ထဥလ္လောနက မြန်မာလိုပြန်တော့ နာနာဆိုတာက အသီးအသီး၊ သတ္ထဆိုတာက ဆရာ။ ဥလ္လောနကဆိုတာက အရှူး။ ဟို ဆရာကြီးပေါ်လာလည်း စွမ်းတယ်ဆိုလိုက်သွားတာပဲ။ ဒီဆရာပေါ်လာလည်း စွမ်းတယ်ဆို လိုက်သွားတာပဲ။ ဟိုဘိုးတော်က စွမ်းသတဲ့၊ ဒီဘုရသော့က စွမ်းသတဲ့၊ အေး… အဲဒီလိုပေါ်လာသမျှ ပုဂ္ဂိုလ်တွေ သူများပါးစပ်ဖျား၊ လမ်းဆုံးပြီးတော့၊ စွမ်းတယ်၊ စွမ်းတယ်"ဆိုပြီးတော့မှ ကိုယ်ပိုင်ဉာဏ်နဲ့ မဝေဖန်ဘူး၊ မစိစစ်ဘူး။ မသုံးသပ်ဘူး၊ မဆုံးဖြတ်ဘူး။

သူများပါးစပ်လမ်းဆုံးပြီးတော့၊ တောင်စဉ်ရေမရ လျှောက်ပြီးတော့ အငန်းမရလိုက်သွားနေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

အေး… အဲဒါကို ဥလ္လောနက တဲ့။ အငန်းမရ ပျာယာခတ်ပြီးတော့ လျှောက်သွားနေတာ ဘာတဲ့လဲ ဥလ္လောနက။ မြန်မာလိုပြန်တော့ အရူးတဲ့ဗျ။

မြန်မာလိုပြန်တော့ ဘာတဲ့လဲ?

"အရူးပါ ဘုရား"

ဟို ဆရာပေါ်လာလည်း ပျာယာ ပျာယာ၊ ဒီဆရာပေါ်လာလည်း၊ ပျာယာ ပျာယာ၊ အေး… အဲဒီလို ပေါ်တော်မူတွေလာတိုင်း ပျာယာ

ပြာယာ ဖြစ်နေရတာဟာ နာနာသတ္တ ဥလ္လောနကဘေးသင့်တာတဲ့ဗျ။

ဘာသင့်တာတဲ့လဲ?

"ဘေးသင့်တာပါ ဘုရား"

ဒါ ဘုန်းကြီးက ဟောတာလား၊ ဘုရားက ဟောတာလား?

"ဘုရားဟောတာပါ ဘုရား"

အေး... ဒါကြောင့် တို့အားလုံးသော အမိအဖ၊ ညီအစ်ကို မောင်နှမ၊ ဆွေတော်မျိုးတော်အားလုံးတို့ကို ဘုန်းကြီးက ကျေးဇူးဆပ်ပါမယ်။ အဲဒီလို အရှုးဘေးသင့်တဲ့သဘောတရားမှ ကင်းလွတ်ကြပါစေတော့ဆိုပြီးတော့မှ။

ဗုဒ္ဓဘာသာ ဘယ်နှမျိုးဟော နေတာပါလိမ့်?

"ငါးမျိုးဟောနေတာပါ ဘုရား"

ဟောပြီးသွားတာ ဘယ်နှမျိုးလဲ?

"သုံးမျိုးပါ ဘုရား"

အဲဒီသုံးမျိုးကို ရှောင်စေချင်လို့ ဟောပေးနေတယ်လို့ မှတ်နော်။

## ဆုတောင်းတာတွေ ရပ်ပါလေ

ကောင်းပြီ၊ ဒီကနေ့ ဟောရမှာက သဒ္ဓါဓိက ဗုဒ္ဓဘာသာနဲ့ ပညာဓိက ဗုဒ္ဓဘာသာ၊ ဘယ်နှမျိုးပါလိမ့်?

"နှစ်မျိုးပါ ဘုရား"

သဒ္ဓါဓိကဗုဒ္ဓဘာသာဆိုတာက သဒ္ဓါတရားကို အရင်းခံတယ်။ သဒ္ဓါတရားဆိုတာက ယုံကြည်ချက်။

သဒ္ဓါတရားဆိုတာ ဘာတဲ့လဲ?

"ယုံကြည်ချက်ပါ ဘုရား"

ယုံကြည်ချက်ဆိုတဲ့နေရာမှာ နှစ်မျိုးရှိတယ်။ တစ်--ရတနာမြတ်သုံးပါး၌ ယုံကြည်မှု။

တစ်က ဘာတဲ့လဲ?

"ရတနာမြတ်သုံးပါး၌ ယုံကြည်မှုပါဘုရား"

ရတနာမြတ်သုံးပါးဆိုတာ အားလုံးသိပြီးသား။ ဘုရား၊တရား သံဃာ။ ကောင်းပြီ အဲဒီရတနာသုံးပါးကို ယုံကြည်တဲ့နေရာမှာလည်း မှန်မှန်ကန်ကန် ယုံကြည်တဲ့ သမ္မာသဒ္ဓါရှိသလို၊ မှားမှားယွင်းယွင်းယုံကြည်တဲ့ မိစ္ဆာသဒ္ဓါလည်း ရှိတယ်လို့မှတ်ပါနော်။

"မှန်လှပါ ဘုရား"

သမ္မာသဒ္ဓါဆိုတဲ့ မှန်မှန်ကန်ကန် ယုံကြည်ချက်ဆိုတာ တို့မြတ်စွာဘုရား ဘာသိပွင့်တာလဲ?

"သစ္စာသိ ပွင့်တာပါဘုရား"

အေး... သစ္စာသိတော်မူတဲ့ မြတ်စွာဘုရား။ သူသိသလို တစ်ပါး ဝေနေယျသတ္တဝါတွေကိုလည်း မသိစေချင်ဘူးလား?

"သိစေချင်ပါတယ် ဘုရား"

ကိုင်း– မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ မေတ္တာ၊ ကရုဏာတော်နဲ့ ဟောကြားတော်မူအပ်တဲ့ သစ္စာလေးချက် သဘောနက်ကို ပိုင်ပိုင်နိုင်နိုင်သိတော်မူသွားကြတဲ့၊ အရိယာသူတော်စင်ကြီးတွေက နိဗ္ဗာန်မဝင်စံကြဘူးလား၊ ဝင်စံကြသလား?

"ဝင်စံကြပါတယ် ဘုရား"

ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ နေရာဟာ အိုနာသေရှိရဲ့လား?

"မရှိပါဘူး ဘုရား"

အိုရ၊ နာရ၊ သေရတဲ့သဘောတရားတို့မှ ချုပ်ရာငြိမ်းရာသိမ်းရာသည် တခြားလား၊ နိဗ္ဗာန်လား?

"နိဗ္ဗာန်ပါ ဘုရား"

ဒါဖြင့် မြတ်စွာဘုရားသည် ဘယ်လွတ်ရာကို ပြတတ်သလဲ?

"အိုနာသေ လွတ်ရာကို ပြတတ်တာပါဘုရား"

ဟော... နောက်ဆုံးစကားပြောရရင် အသေလွတ်ရာကိုပြတတ်တယ်။ ယောဂီတို့ ဘုရားကို ဘာကြောင့် ကိုးကွယ်ရသလဲလို့မေးရင်

"အသေလွတ်ရာကို ပြတတ်လို့ မြတ်စွာဘုရားအားကိုးကွယ်ပါ၏" ဆိုတဲ့ ယုံကြည်ချက်သည် မှန်သောယုံကြည်ချက်။

တရားတော်ကို ဘာကြောင့်ကိုးကွယ်ရသလဲ၊ တရားတော်ကို ဘာကြောင့် ယုံကြည်သလဲလို့မေးရင်၊ အဲဒီတရားကို ကြိုးစားမယုတ်ပွားများအားထုတ်လိုက်လို့ တရားလမ်းကြောင်းအတိုင်း မဂ္ဂင်လမ်းအတိုင်းသာ လျှောက်သွားရင် ယောဂီတို့တခြားရောက်မှာလား၊ နိဗ္ဗာန်ရောက်မှာလား?

"နိဗ္ဗာန်ရောက်မှာပါ ဘုရား"

နိဗ္ဗာန်မှာ ဘာတွေလွတ်တာပါလိမ့်?

"အိုနာသေ လွတ်တာပါဘုရား"

အေး... အဲဒီအသေလွတ်ရာကို ပို့ဆောင်တာပုဂ္ဂိုလ်ကပို့တာလား၊ တရားကပို့တာလား?

"တရားက ပို့တာပါဘုရား"

ဘုရားကပို့တာလား၊ တရားကပို့တာလား?

"တရားကပို့တာပါ ဘုရား"

ဒါဖြင့် ဘုရားရှေ့မှာဆုတောင်းလေးတွေ ရပ်ကြပါတော့။ မဂ်ဖိုလ်နိဗ္ဗာန်ရက်တိုတိုနဲ့ ရပါရစေလို့ သွားတောင်းရအောင် ဘုရားက ဘယ်သူတစ်ယောက်ကိုများ နိဗ္ဗာန်ပို့တယ်လို့များ ကြားဖူးသလား?

"မကြားဘူးပါ ဘုရား"

ပို့သာပို့နိုင်ရင်လေ၊ ယောဂီတို့ကိုအသာထား၊ သူ့သားဖြစ်တဲ့ အရှင်ရာဟုလာ အရင်ပို့မှာပေါ့။ မပို့နိုင်လို့မှ ရာဟုလောဝါဒသုတ္တန်ဆိုပြီးတော့မှ ကိုင်း–ရာဟုလာ ကျင့်ရမည်သုတ်၊ ရာဟုလာကိုဆုံးမတဲ့တရားဆိုပြီးတော့မှ သုတ္တန်ကြီးတစ်ခု ပေါ်ခဲ့တယ်လို့ မှတ်ပါနော်။

ဒါဖြင့် မြတ်စွာဘုရားက နိဗ္ဗာန်ကိုပို့နိုင်ရဲ့လား?

"မပို့နိုင်ပါဘူး ဘုရား"

ဒါဖြင့် မသေရာကို ပို့နိုင်တာက ဘယ်သူတုံး?

"တရားပါ ဘုရား"

အဲဒီတရားကို ပြပေးတာက ဘုရား။

ပြပေးတာက?

"ဘုရားပါ ဘုရား"

ပို့နိုင်တာက?

"တရားပါ ဘုရား"

ဟော... ဒါကြောင့်မို့လို့ မသေရာနိဗ္ဗာန်ကို ပို့ဆောင်နိုင်လို့ ဘယ်သူ့ကို ယုံကြည်နေတာလဲ?

"တရားကို ယုံကြည်နေတာပါ ဘုရား"

ဘယ်သူ့ ကိုးကွယ်တာလဲ?

"တရားကို ကိုးကွယ်တာပါ ဘုရား"

## သမ္မာသဒ္ဓါနဲ့ မိစ္ဆာသဒ္ဓါ

သမ္မာသဒ္ဓါကို ထုတ်ပြောနေပါတယ်။ အဲဒီတရားတွေမကွယ်မပျောက်သေးတာ ဘယ်သူ့ရဲ့ကျေးဇူးပါလဲ?

"သံဃာရဲ့ ကျေးဇူးပါဘုရား"

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်တဲ့ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်၊ သုတ်ဝိနည်း အဘိဓမ္မာဒီတရားတွေဟာ ဘယ်သူဆောင်ထားတာလဲ?

"သံဃာတော်တွေ ဆောင်ထားတာပါ ဘုရား"

ဒါဖြင့် ပိဋကသုံးပုံကို စောင့်ရှောက်တာ ဘယ်သူတွေလဲ?

"သံဃာတော်တွေပါ ဘုရား"

ယုံကြည်တဲ့နေရာမှာလည်း လာဘ်လာဘပေါ်တယ်။ အန္တရာယ်ကင်းတယ်ဆိုပြီးတော့မှ ကိုးကွယ်ယုံကြည်နေတာဟာလည်း၊ မိစ္ဆာသဒ္ဓါ၊ လာဘ်လာဘပေါ်တယ်ဆိုတဲ့ လာဘဗုဒ္ဓဘာသာရဲ့ ယုံကြည်ချက်၊ အန္တရာယ်ကင်းတယ်၊ အန္တရာယ်ကင်းအောင်ဆိုပြီးတော့ ဘယဗုဒ္ဓ

ဘာသာတွေရဲ့ယုံကြည်ချက်။ ဗုဒ္ဓရဲ့ဂုဏ်တော်ကို ဘာမှနားမလည်ဘဲနဲ့ သူများဦးတိုက်လို့သာ ဦးတိုက်ရတဲ့ ကုလဗုဒ္ဓဘာသာတွေရဲ့ ယုံကြည်ချက်။

အဲဒီယုံကြည်မှုသည် သမ္မာသဒ္ဓါလား၊ မိစ္ဆာသဒ္ဓါလား?

"မိစ္ဆာသဒ္ဓါပါ ဘုရား"

ဒါဖြင့် မိစ္ဆာသဒ္ဓါတို့ရဲ့ သဘာဝအတိုင်း လုပ်တဲ့အလုပ်ကလည်း မှန်မှန်ကန်ကန်လုပ်မှာလား၊ ရမ်းလုပ်မှာလား?

"ရမ်းလုပ်မှာပါ ဘုရား"

ဒါကြောင့်မို့လို့ ရမ်းလုပ်တာကို မိစ္ဆာပဋိပဒါတဲ့။ ပဋိပဒါဆိုက် အကျင့်၊ မိစ္ဆာဆိုတာ မှားမှားယွင်းယွင်း။

အကျင့်ကလည်း မှားယွင်းလာပြီ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

မိစ္ဆာသက်ပ္ပ မှားယွင်းတဲ့အတွေးအခေါ် အကြံအစည်ရှိပြီဆိုရင်၊ မိစ္ဆာသက်ပ္ပ အတွေးအခေါ်အကြံအစည်မှားရင် အလုပ်အကိုင်လည်း ဘာဖြစ်လာတာလဲ?

"မှားလာပါတယ် ဘုရား"

မှားတော့တာပဲ၊ အပြောအဆိုလည်း ဘာဖြစ်တာလဲ?

"မှားပါတယ် ဘုရား"

ဒါကြောင့်

**ယောစဝဿသတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ**

ဟောဒီ ခန္ဓာကိုယ်ထဲက ခန္ဓာပင်ကိုသဘောတရားကို ပညာနဲ့မှ အမှန်အတိုင်းမသိ၊ သစ္စာမှမမြင်သေးရင်၊ ဟောဒီယောဂီတို့ ဘုန်းကြီးတို့ အတွေးအခေါ်အကြံအစည်တွေဟာ မှန်နေမှာလား မှားနေမှာလား?

"မှားနေမှာပါ ဘုရား"

ဒါကြောင့်၊

**အသာရေ သာရမတိနော၊ သာရေ စ သာရဒဿိနော။**
**တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။**

**မိစ္ဆာသင်္ကပ္ပဂေါစရာ**–မှားယွင်းတဲ့ အတွေးအခေါ် အကြံအစည် တွေ ရှိ၍နေကြကုန်သော၊ **ယေနရာ**–အကြင်လူရော နတ်ပါ၊ သတ္တဝါ အားလုံးတို့သည်။ **အသာရေ**–အနှစ်သာရမရှိကြတဲ့ ကုလလာဘ ဘယသုံးတွေတို့၌၊ သာရမတိနော၊ အနှစ်သာရရှိတယ်လို့ မှတ်ထင်ကြ လေကုန်၏။

**သာရေ စ**–အနှစ်သာရဖြစ်တဲ့ သစ္စာတရား၌၊ **အသာရဒဿိနော**– သူများအကြောင်းချည်း ပြောနေတာပဲ၊ ဘာတွေမှန်းလည်းမသိဘူးလို့၊ သူများကို စောင်းဟောနေတာပဲလို့ မှတ်ထင်ကြလေကုန်၏။

စောင်းဟောတာမဟုတ်ဘူး၊ ဟောတာက တည့်တည့်ကိုဟော နေတာ။ အနှစ်သာရရှိတဲ့ သစ္စာတရားကျတော့ အနှစ်သာရလို့ မထင်တော့ဘူး၊ အနှစ်သာရမရှိတဲ့ ကုလလာဘဘယနောက်ကျတော့ တရုန်းရုန်းနဲ့လိုက်နေတယ်။

အဲဒါ အတွေးအခေါ်မှန်တာလား၊ မှားတာလား?

"မှားတာပါ ဘုရား"

မှန်ကန်သော ယုံကြည်ချက်လား၊ မှားယွင်းသော ယုံကြည်ချက် လား?

"မှားယွင်းသော ယုံကြည်ချက်ပါဘုရား"

ဘာသဒ္ဓါလဲ မိစ္ဆာသဒ္ဓါ၊ သမ္မာသဒ္ဓါကတော့ ဒီလိုမဟုတ်ဘူး။ အသေလွတ်ရာလမ်းကို ပြတတ်လို့၊ အသေလွတ်တဲ့ နေရာကိုပို့ဆောင် နိုင်လို့၊ အသေလွတ်တဲ့ တရားကိုဆောင်ထားနိုင်လို့ ရတနာသုံးပါးကို ကိုးကွယ်ပါ၏။ ဆိုတဲ့ သမ္မာသဒ္ဓါ။

ဟော ဘာသဒ္ဓါလဲ?

"သမ္မာသဒ္ဓါပါ ဘုရား"

အဲဒါက သမ္မာသဒ္ဓါ၊ သူကအနှစ်နဲ့အကာကို ခွဲခြားသိတယ်၊

သဘောကျရဲ့လား"

"ကျပါတယ် ဘုရား"

## သုဂတိဘဝကျေးဇူးပြုတာ ပုညာဘိသင်္ခါရပါ

ဒါဖြင့် အနှစ်နဲ့အကာဆိုတဲ့ ဒီနေရာမှာခွဲကြည့်လိုက်လို့ရှိရင် ကုလ လာဘ ဘယ ဆိုတာက အကာ၊ သဒ္ဓါနဲ့ပညာ မှန်မှန်ကန်ကန်က အနှစ် ဟုတ်ပြီနော်။

ကုလ လာဘ ဘယ ဆိုတာက?

"အကာပါ ဘုရား"

သဒ္ဓါနဲ့ ပညာက?

"အနှစ်ပါ ဘုရား"

ဒါကြောင့်မို့လို့ အကာထဲမှာ အနှစ်ရှာဖို့၊ သဘောကျရဲ့လား။

**သာရဉ္စသာရတော ဉတွာ၊ အသာရဉ္စ အသာရတော။**

**တေသာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပ ဂေါစရာ။**

**ယေတ**–အကြင်ပုဂ္ဂိုလ်သည်ကား၊ **သမ္မာသင်္ကပ္ပဂေါစရာ**–မှန်ကန်တဲ့ အတွေးအခေါ်အကြံအစည် ရှိနေကြကုန်သော **ယေနရာ**–အကြင် လူရောနတ်ပါ၊ သတ္တဝါအပေါင်းတို့သည်။ **သာရဉ္စ**–တကယ့် အနှစ်သာရရှိတဲ့ သစ္စာတရား၌၊ **သာရဒဿိနော** အနှစ်သာရရှိတယ်လို့၊ ဉတွာ၊ သိ၍။

အနှစ်သာရရှိတဲ့ သစ္စာကို အနှစ်သာရရှိတယ်လို့ နားလည်တယ်။ သဘောပေါက်တယ် လက်ခံတယ်။

**အသာရဉ္စ**– အနှစ်သာရမရှိတဲ့ ကုလ လာဘ ဘယ သုံးတွေ အပေါ်၌ **အသာရမတိနော**–အနှစ်သာရမရှိဘူးရယ်လို့ **ဉတွာ**–သိ၍။

အနှစ်သာရမရှိတာကို မရှိဘူးလို့သိတယ်။ အနှစ်သာရရှိတာကို ရှိတယ်လို့ သိတယ်။ မှားတာကို မှားတယ်လို့သိတယ်။ မှန်တာကို မှန်တယ်လို့ သိတယ်၊ သိတဲ့အပြင်၊ အမှားလမ်းကိုရှောင်၊ အမှန်လမ်းကို

ဆောင်ထားတာသည် သမ္မာသဒ္ဓါ။

ဘာ သဒ္ဓါလဲ?

"သမ္မာသဒ္ဓါပါ ဘုရား"

ဘုန်းကြီးတို့ တရားဟောတာ တရားနာနေတာ ခန္ဓာဘယ်နပါး နဲ့လဲ?

"ငါးပါးနဲ့ပါ ဘုရား"

အဲဒီ ခန္ဓာငါးပါးအလိုလိုရတာလား။ အကြောင်းတရားကြောင့် လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

ဟော... အကြောင်းတရားကိုကြည့်တော့ ဘယ်သူနဲ့ဘယ်သူ လဲ၊ အဝိဇ္ဇာနဲ့ သင်္ခါရ။

ဘယ်သူနဲ့ ဘယ်သူတုံး?

"အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား"

သင်္ခါရဆိုတာ တခြားလား၊ အလုပ်လား?

"အလုပ်ပါ ဘုရား"

ဒါဖြင့် သင်္ခါရဆိုတာ ယောဂီတို့ရေ၊ တရားကိုယ်ကောက်တော့ **စေတနာ၊ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊** စေတနာကို ဘုရားက ကံလို့ဟောတယ်။

စေတနာကို ဘာလို့ဟောလဲ?

"ကံလို့ ဟောပါတယ်ဘုရား"

**ကမ္မံ သတ္တေ ဝိဘဇတိ**တဲ့၊ အတိတ်က ကံတွေလုပ်ခဲ့လို့ ကံက နေ ကျေးဇူးပြုလိုက်တာ။

အခု ခန္ဓာဘယ်နပါးရလဲ?

"ငါးပါးရပါတယ် ဘုရား"

ရတဲ့ ခန္ဓာ ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါ ဘုရား"

ဟော... သုဂတိခန္ဓာရတာသည် အကုသိုလ်ရဲ့ သတ္တိလား၊ ကုသိုလ်ရဲ့ သတ္တိလား?

"ကုသိုလ်ရဲ့ သတ္တိပါဘုရား"

ကုသိုလ်ဆိုရင် မနေ့ကဟောပြီးပြီ၊ ဘာသင်္ခါရလဲ?

"ပုညာဘိသင်္ခါရပါ ဘုရား"

အတိတ်က ယောဂီတို့ဘုန်းကြီးတို့ ကုသိုလ်တွေ မလုပ်ဘူးလား၊ လုပ်ခဲ့လား?

"လုပ်ခဲ့ပါတယ် ဘုရား"

လုပ်ခဲ့ပါတယ်လို့ ဘယ်သူကသက်သေပြနေတာလဲ?

"ခန္ဓာကသက်သေပြနေပါတယ် ဘုရား"

ပြနေတဲ့ ခန္ဓာကလည်း ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါ ဘုရား"

ဒါ ဘယ်သူက အကျိုးကျေးဇူးပြုလိုက်တာလဲ။

ဘယ်သူကလဲ?

"ကုသိုလ်ကပါ ဘုရား"

ကုသိုလ်ဆိုတာ သင်္ခါရနဲ့ပြောရင် ပုညာဘိသင်္ခါရ။

ဘာသင်္ခါရလဲ?

"ပုညာဘိသင်္ခါရပါ ဘုရား"

## အပ်ချုပ်သမားတဏှာ စပ်ပေးမှာ

အဲဒီပုညာဘိသင်္ခါရကုသိုလ်က ကျေးဇူးပြုလိုက်တော့ ကိုယ်လုပ်တဲ့ ကုသိုလ်ကိုသေခါနီးမှာ ပြန်သတိရတယ်။ ပါဠိလိုကတော့ ဓာဂါနုဿတိ။ ဓာဂဆိုတာက လှူဒါန်းစွန့်ကြဲပေးကမ်းခဲ့တဲ့ ကုသိုလ်ကောင်းမှုကို၊ အနုဿတိ။ ပြန်လည်သတိရတာ။ လှူဒါန်းတာက ဓာဂ၊ ပြန်သတိရတာက အနုဿတိ၊ ပေါင်းလိုက်တော့ ဓာဂါနုဿတိ။

အနုဿတိ ဆယ်ပါးရှိတယ်။ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊

သံဃာနုဿတိစသဖြင့် အဲဒီဆယ်ပါးထဲမှာပါတဲ့ စာဂါနုဿတိ။ အဲဒီ စာဂါနုဿတိနဲ့ ကိုယ်လုပ်တဲ့ကုသိုလ်လေးကို ပြန်လည်သတိရပြီးတော့ ကျောင်းဆောက်တာကို "အမယ်လေး... ငါကျောင်းကြီးဆောက်ခဲ့တယ်" ကျောင်းကြီးပြီးသွားတဲ့အခါ မပျော်ဘူးလား?

"ပျော်ပါတယ် ဘုရား"

ကိုယ်ဆောက်ထားတဲ့ ကျောင်းကြီးကို ကြည့်ပြီးတော့ မသာယာဘူးလား?

"သာယာပါတယ် ဘုရား"

ဟော... သာယာတာက တဏှာ။

သာယာတာက?

"တဏှာပါ ဘုရား"

အဲဒီတဏှာကနေ သေခါနီးတဲ့အခါကျတော့ သားရေးသမီးရေး စီးပွားရေးကို သတိမရဘူး။ ကိုယ်လုပ်ထားခဲ့တဲ့ ကုသိုလ်ကို သတိရတယ်။ သာယာတယ်။ အဲဒီအချိန်မှာ ဘေးကပုဂ္ဂိုလ်တွေကလည်းပဲ၊ နာမကျန်းဖြစ်တဲ့ အခါကျတော့လာတယ်။ လာတော့ မျက်လုံးလေး ကလယ်ကလယ်ဖြစ်နေပြီ။ မျက်ဖြူဆိုက်နေပြီ။ အခြေအနေက သိပ်မကောင်းတော့ဘူး။

အဲဒီပုံစံတွေ့ပြီဆို "မင်း ဘာအားငယ်စရာလိုသလဲကွာ၊ မင်းမှာ ကုသိုလ်ကံတွေ အများကြီးရှိတာပဲ၊ မင်းရဲ့ကံကမင်းကို လိုက်ပြီးတော့ ကျေးဇူးပြုမှာပေါ့၊ ထောက်ပံ့မှာပေါ့လို့ ပြောတဲ့လူကပြော၊ နားထောင်တဲ့ ပုဂ္ဂိုလ်ကလည်း နားထောင်ပြီးတော့။ "ဟုတ်တယ် ငါ ဘုရားလည်း တည်ခဲ့တာပဲ၊ ကျောင်းလည်းဆောက်ခဲ့တာပဲ၊ ဘာအားငယ်စရာလို သလဲ"ဆိုပြီးတော့ ကိုယ့်ကုသိုလ်ကို မသာယာဘူးလား?

"သာယာပါတယ် ဘုရား"

သာယာတာ ဘယ်သူတုန်း တဏှာ။

သာယာတာ?

"တဏှာပါ ဘုရား"

တဏှာကို ဘုရားကပါဠိတော်မှာ သိဗ္ဗိနီတဲ့၊ တဏှာသိဗ္ဗိနီ- တဏှာသည် အပ်ချုပ်သမားနဲ့တူ၏။

တဏှာဟာ ဘာနဲ့တူသလဲ?

"အပ်ချုပ်သမားနဲ့ တူပါတယ်ဘုရား"

အပ်ချုပ်သမားက ဘာလုပ်တာလဲ?

"စက်ချုပ်တာပါ ဘုရား"

ဟုတ်တယ်လေ၊ စပ်ပေးတယ်လေ၊ အစကောင်းဝယ်သွား၊ ဟိုကျတော့၊ ကော်လံနေရာ လက်နေရာ၊ ခါးနေရာအကုန်လုံး ဖြတ်တောက်ပြီးတော့ ပြန်စပ်ဟုတ်လား။ အစုတ်လေးလည်းစပ် အကောင်းလေးလည်း စပ်၊ စပ်တာဘယ်သူ့ အလုပ်လဲ?

"အပ်ချုပ်သမားရဲ့ အလုပ်ပါဘုရား"

အဲဒီလို စပ်တတ်လို့ တဏှာဟာအပ်ချုပ်သမားနဲ့တူတယ်။ တဏှာဟာ သူ့အလုပ်သူလုပ်တယ်။ စပ်ပေးတော့မယ်။

အတိတ်က ပြုလုပ်ခဲ့တဲ့ သင်္ခါရဟာ အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

ကုသိုလ်သာ လုပ်ခဲ့တာသစ္စာသိ လုပ်ခဲ့တာလား၊ မသိဘဲလုပ်ခဲ့တာလား?

"မသိဘဲလုပ်ခဲ့တာပါ ဘုရား"

မသိတာက?

"အဝိဇ္ဇာပါ ဘုရား"

ပြုလုပ်တာက?

"သင်္ခါရပါ ဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရပါ ဘုရား"

သေခါနီးကျတော့ အဲဒီကုသိုလ်ကို သတိမရဘူးလား?

"သတိရပါတယ် ဘုရား"

သတိရပြီး သာယာတာ ဘယ်သူလဲ?

"တဏှာပါ ဘုရား"

အကုသိုလ် သားရေးသမီးရေး၊ စီးပွားရေးကို သတိရတာလား၊ ကုသိုလ်ကို သတိရတာလား?

"ကုသိုလ်ကို သတိရတာပါ ဘုရား"

သတိရပြီး သာယာတာဘယ်သူလဲ?

"တဏှာပါ ဘုရား"

တဏှာက သူ့အလုပ်သူ လုပ်တော့မယ်။ သူဘာလုပ်တတ်သလဲ?

"စပ်တတ်ပါတယ် ဘုရား"

ဒီမှာ စက်ဝိုင်းမှာ တုတ်ထောက်ထားတာ အစပ်လို့မပါဘူးလား?

"ပါပါတယ် ဘုရား"

အဲဒီအစပ်ဆိုတဲ့ နေရာမှာ တဏှာကိုထည့်လိုက်၊ ဟုတ်ရဲ့လား"

## သစ္စာမသိလျှင် ဆင်းရဲကြောင်းအလုပ်ပင်

အဲဒီတဏှာက အတိတ်ကလုပ်ခဲ့တဲ့ ကုသိုလ်ကိုသတိရတယ်။ သတိရပြီး သာယာတော့ သာယာတာက တဏှာ၊ တဏှာရဲ့အလုပ်က စပ်မယ်။ သူဘာနဲ့စပ်မလဲလို့မေးတော့ သင်္ခါရပစ္စယာဝိညာဏံ။

ခန္ဓာ ဘယ်နှပါးလဲ?

"ငါးပါးပါ ဘုရား"

ဒီခန္ဓာက အလိုလိုရတာလား၊ စပ်လို့ရတာလား?

"စပ်လို့ရတာပါ ဘုရား"

ဘယ်သူက စပ်ပေးတာလဲ?

"တဏှာက စပ်ပေးတာပါဘုရား"

အနီးဆုံး ဘယ်သူနဲ့ စပ်ပေးတာလဲ?

"ဝိညာဏ်နဲ့ပါ ဘုရား"

ရထားတဲ့ ခန္ဓာကို ထောက်ကြည့်ဘာသင်္ခါရနဲ့ စပ်ခဲ့တာလဲ ပုညာဘိသင်္ခါရ။

သင်္ခါရက ဘယ်နှမျိုးရှိတာလဲ?

"သုံးမျိုးပါ ဘုရား"

မှတ်မိတယ်နော် ပြောကြည့်စမ်း ဘာတွေလဲ?

"ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္ဇာဘိသင်္ခါရပါ ဘုရား"

မှတ်ထားယောဂီတို့ရေ၊ ပုညာဘိသင်္ခါရက ကုသိုလ်နဲ့စပ်လိုက်တော့၊ သုဂတိခန္ဓာ။ အပုညာဘိသင်္ခါရ အကုသိုလ်နဲ့စပ်ခဲ့ရင် ဒုဂ္ဂတိခန္ဓာ။ အာနေဥ္ဇာဘိသင်္ခါရ သမထကံနဲ့သာ စပ်ခဲ့ရင် ဗြဟ္မာခန္ဓာ။ ဟော ကုသိုလ်နဲ့လည်း စပ်နိုင်တယ်။ အကုသိုလ်နဲ့လည်းစပ်နိုင်တယ်။ သမထနဲ့လည်းစပ်နိုင်တယ်။ ကုသိုလ်နဲ့စပ်တော့ သုဂတိခန္ဓာ၊ အကုသိုလ်နဲ့စပ်တော့ ဒုဂ္ဂတိခန္ဓာ၊ သမထနဲ့စပ်တော့ ဗြဟ္မာခန္ဓာ။

ဘယ်နှမျိုးစပ်နိုင်သလဲ?

"သုံးမျိုးစပ်နိုင်ပါတယ် ဘုရား"

အခု တို့ရထားတဲ့ ကိုယ်ခန္ဓာနဲ့ ကိုယ့်ဟာကိုယ်ချိန်ပြီးတော့မှ စပ်ကြည့်စမ်း။ တို့က ဘယ်သင်္ခါရနဲ့စပ်ခဲ့တာလဲ?

"ပုညာဘိသင်္ခါရနဲ့ပါ ဘုရား"

ကံနဲ့ပြောရင် ဘာကံနဲ့စပ်ခဲ့တာလဲ?

"ကုသိုလ်ကံနဲ့ စပ်ခဲ့တာပါဘုရား"

တို့လုပ်တဲ့ ကုသိုလ်က သစ္စာသိတဲ့ကုသိုလ်လား၊ သစ္စာမသိတဲ့ ကုသိုလ်လား?

"သစ္စာမသိတဲ့ ကုသိုလ်ပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါ ဘုရား"

ပြုလုပ်တာက?

"သင်္ခါရပါ ဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရာပါ ဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

သစ္စာမသိတဲ့ ကုသိုလ်ဆိုတာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

မြန်မာလိုပြော?

"ဆင်းရဲကြောင်းအမှန်ပါ ဘုရား"

ဟုတ်ပြီ။ ဒါကြောင့်မို့လို့ နေ့တိုင်းနေ့တိုင်းတက်ခဲ့တဲ့ သင်တန်းကျေးဇူးတွေက သိပ်ကျေးဇူးများတယ်နော်။

ဩော်… သစ္စာမသိတဲ့ ကုသိုလ်၊ ဘုရားတည်တည် ကျောင်းဆောက်ဆောက်၊ သားကြီးရှင်ပြု၊ သမီးလေးနားသ၊ ဘာလုပ်နေလုပ်နေ၊ သစ္စာမသိတဲ့အလုပ်မှန်သမျှ ဆင်းရဲကြောင်းအလုပ်။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဆွမ်းတစ်ဇွန်းလောင်းလို့ သစ္စာမသိဘဲနဲ့ ဘုံဘဝဆုတောင်းပြီး၊ လောင်းလှူနေတဲ့ ဆွမ်းလောင်းမှုကလည်း ဆင်းရဲကြောင်းအလုပ်။

ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

ဒါ သစ္စာတရားမကွယ်သေးလို့ ဟောရဲတာ၊ ဟောဒီသစ္စာ

တရားသာကွယ်သွားရင်၊ ကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ်ကို ဆင်းရဲကြောင်းလို့ ပြောရင် လက်ခံမလား?

"လက်မခံပါဘူး ဘုရား"

သစ္စာမကွယ်သေးတာတောင် လက်မခံတာ၊ သစ္စာများကွယ်သွားလို့ကတော့ တောက်လျှောက်ပဲ၊ ဒါ ဘယ်သူမှလက်မခံဘူး။ အားလုံး သဘောကျတယ်နော်။

သစ္စာမသိတာက?

"အဝိဇ္ဇာပါ ဘုရား"

ကုသိုလ်ပြုလုပ်တာက?

"သင်္ခါရပါ ဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရပါ ဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

အတိတ်က လုပ်ခဲ့မလုပ်ခဲ့?

"လုပ်ခဲ့ပါတယ် ဘုရား"

လုပ်ခဲ့ပါတယ်လို့ ဘယ်သူကသက်သေပြနေတာလဲ?

"ခန္ဓာက သက်သေပြနေတာပါဘုရား"

## ကိုယ့်အကြောင်းကိုယ်မသိ သနားပါဘိ

ရတဲ့ခန္ဓာက အကြောင်းလား၊ အကျိုးလား?

"အကျိုးပါ ဘုရား"

အလိုလိုရတာလား။ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

ဒါဖြင့် အကြောင်းနဲ့အကျိုးဟာ အလိုလိုရတာလား၊ စပ်လို့ရတာလား?

"စပ်လို့ရတာပါ ဘုရား"

ဒါကြောင့်မို့လို့ သင်္ခါရနဲ့ဝိညာဏ် တစ်စပ်

အကြောင်းနဲ့အကျိုး တစ်စပ်

သမုဒယနဲ့ ဒုက္ခတစ်စပ်။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါဖြင့် သစ္စာနဲ့လည်းစပ်၊ အကြောင်းအကျိုးနဲ့လည်းစပ်၊ သင်္ခါရနဲ့ ဝိညာဏ်နဲ့လည်းစပ်၊ စပ်ပြီးပြီလား?

"ပြီးပါပြီ ဘုရား"

ဘာဖြစ်လို့ စပ်ပြီးပြီလို့ ဖြေတာလဲ?

"ခန္ဓာရထားလို့ပါ ဘုရား"

ဒီမှာ ရနေပြီ၊ ရနေပြီ ငုတ်တုတ်ကြီး၊ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

ဘယ်သူရှောင်လို့ ရသေးတုံး?

"ရှောင်လို့မရပါ ဘုရား"

ဒါဖြင့် ဒီအစပ်က စပ်ပြီးပြီပေါ့?

"စပ်ပြီးပါပြီ ဘုရား"

သေချာတယ်ပေါ့?

"သေချာပါတယ် ဘုရား"

သေချာပါတယ်လို့ ဘယ်သူက သက်သေပြတာလဲ?

"ခန္ဓာကသက်သေပြတာပါ ဘုရား"

ကိုင်း... ဘယ်သူမှငြင်းလို့ မရတော့ဘူးဗျာ။ ဒါကြောင့်မို့လို့ သင်္ခါရနဲ့ ဝိညာဏ်က ကေန်စပ်၊ ဘာစပ်လဲ?

"ကေန်အစပ်ပါ ဘုရား"

ဘာဖြစ်လို့ ကေန်အစပ်လို့ပြောရတာတုံးလို့ မေးတော့ သေချာ ပေါက်စပ်ခဲ့လို့၊ ယုံရဲ့လား?

"ယုံပါတယ် ဘုရား"

သေချာရဲ့လား?

"သေချာပါတယ် ဘုရား"

အမှန်အကန် ယုံကြည်ရဲ့လား?

"ယုံကြည်ပါတယ် ဘုရား"

ရမ်းယုံတာလား၊ သိပြီးမှ ယုံတာလား?

"သိပြီးမှ ယုံတာပါဘုရား"

ယုံကြည်တာက သဒ္ဓါ၊ သိတာက ပညာ။

ယုံကြည်တာက?

"သဒ္ဓါပါ ဘုရား"

သိတာက?

"ပညာပါ ဘုရား"

သဒ္ဓါဓိက ဗုဒ္ဓဘာသာနဲ့ ပညာဓိက ဗုဒ္ဓဘာသာဖြစ်အောင် ကျေးဇူးဆပ်နေတာပါ။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါဖြင့် ယောဂီတို့ ကိုယ့်အကြောင်းကိုယ် သိပြီလား?

"သိပါပြီ ဘုရား"

ဝမ်းမြောက်ပါဘိ၊ ဟုတ်တယ်လေ၊ ကိုယ့်အကြောင်းကိုယ်သိ၊ ဝမ်းမြောက်ပါဘိ၊ ကိုယ့်အကြောင်းကိုယ်မသိ၊ သနားပါဘိ။

အံ့မယ်၊ ဒါဖြင့် ယောဂီတို့ကို သနားတဲ့အထဲထည့်ရမှာလား၊ ဝမ်းမြောက်တဲ့အထဲထည့်ရမှာလား?

"ဝမ်းမြောက်တဲ့အထဲ ထည့်ရမှာပါဘုရား"

တယ်ဟုတ်ပါလား။ ဟင်... တို့ နန်းရှေ့က ဒကာ၊ ဒကာမတွေ တော်တော်ကျေးဇူးများသွားပြီဗျ။

## ကံကစပ်တယ် ဉာဏ်ကဖြတ်တယ်

အလွန်ကျေးဇူးများသွားပြီဗျ။ ဒါ ဘုရားပွင့်လို့ ဝမ်းမြောက်ခွင့်ရတာနော်။

ဒါကြောင့် အခုရထားတာ ခန္ဓာဘယ်နှပါးလဲ?

"ငါးပါးပါ ဘုရား"

အတိတ်က မစပ်ဘဲရတာလား၊ စပ်လို့ရတာလား?

"စပ်လို့ရတာပါ ဘုရား"

ဒါဖြင့် သတ္တဝါတွေ သံသရာလည်ရတာ အင်္ဂါဘယ်နှပါးနဲ့ လည်ရတာလဲ?

"ဆယ့်နှစ်ပါးနဲ့ လည်ရတာပါဘုရား"

အဲဒီအင်္ဂါ ဆယ့်နှစ်ပါးနဲ့ သံသရာလည်ရတာ။ ယည်ချင်လို့ လည်တာလား၊ စပ်လို့လည်တာလား?

"စပ်လို့ လည်တာပါဘုရား"

အစပ်ဘယ်နှပါးလဲ?

"သုံးပါးပါ ဘုရား"

ဘာတွေလဲပြော ကြည့်စမ်း?

**"သင်္ခါရနဲ့ ဝိဉာဏ်တစ်စပ်**

**အကြောင်းနဲ့ အကျိုးတစ်စပ်**

**သမုဒယနဲ့ ဒုက္ခတစ်စပ်ပါ ဘုရား"**

ဟော အစပ်ဘယ်နှပါးလဲ?

"သုံးပါးပါ ဘုရား"

အခုပြောတာ နံပါတ်တစ်အစပ်နော်၊ ဘယ်အစပ်နဲ့ဘယ် အစပ်လဲ?

"သင်္ခါရနဲ့ ဝိညာဏ်တစ်စပ်ပါ ဘုရား"

သေချာပြီလား?

"သေချာပါပြီ ဘုရား"

သေချာပေါက် စပ်ခဲ့လို့ကေန်အစပ်။

ဒါဖြင့် သေခါနီးဖြစ်စဉ်ပြောပါဘုရားဆိုရင် သေခါနီးမှာကိုယ် လုပ်ထားတဲ့ ကုသိုလ်ကို သတိရသာယာပြီးသေခဲ့လို့ ငါများသေရင် ငါ့သမီးလေး တစ်ယောက်တည်းနော်။ ငါများ သေရင်နော်၊ ဩော်… အမေတစ်ခု သမီးတစ်ခုဘဝနဲ့များ နေရမလားဟဲ့။ ဟင်– အမေကြီး ကလည်း ငါများသေရင် အဖေတစ်ခု သမီးတစ်ခုဘဝနဲ့ လောကမှာ မျက်နှာငယ်နေမလားဆိုပြီးတော့မှ ကြောင့်ကြတောင့်တပြီးတော့များ သတိရပြီးတော့မှ သားသမီးနဲ့ ပစ္စည်းဥစ္စာ ငါးဖြာအာရုံ၊ ကာမဂုဏ် ကို သာယာပြီးတော့သေရင် စပ်လိုက်မှာကတော့ ဒုဂ္ဂတိ။

စပ်လိုက်မှာကတော့?

"ဒုဂ္ဂတိပါ ဘုရား"

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဘုရားဂုဏ်တော်ကို အာရုံပြုသတိရပြီးတော့ သေရင်စပ်လိုက် မှာကတော့ ဗြဟ္မာခန္ဓာ။ ဘာခန္ဓာလဲ?

"ဗြဟ္မာခန္ဓာပါ ဘုရား"

ဒါဖြင့် စပ်လေသမျှ သုခတွေလား၊ ဒုက္ခတွေလား?

"ဒုက္ခတွေပါ ဘုရား"

ဗြဟ္မာခန္ဓာရတော့လည်း?

"ဒုက္ခသစ္စာပါ ဘုရား"

ဒါဖြင့် ဘယ်ဒုက္ခနဲ့ စပ်တာကြိုက်လဲ?

"ဘယ်ဒုက္ခနဲ့မှ မကြိုက်ပါဘုရား"

ဒါဖြင့် တစ်သံသရာလုံး တို့အိုနာသေလိုက်ရတာ ဖြတ်လို့လား၊ စပ်လို့လား?

"စပ်လို့ပါ ဘုရား"

မှတ်ထား၊ ကံအလုပ်သည် စပ်တဲ့အလုပ်၊ ဉာဏ်အလုပ်သည် ဖြတ်တဲ့အလုပ်။

ကံအလုပ်သည်?

"စပ်တဲ့အလုပ်ပါ ဘုရား"

ဉာဏ်အလုပ်သည်?

"ဖြတ်တဲ့အလုပ်ပါ ဘုရား"

ကံကောင်းချင်လား၊ ဉာဏ်ကောင်းချင်လား?

"ဉာဏ်ကောင်းချင်ပါတယ် ဘုရား"

ထိထိုးဖူးသလား?

"ထိုးဖူးပါတယ် ဘုရား"

တစ်သောင်းဆုနဲ့ သိန်းသုံးဆယ် ဘယ်ဆု ပေါက်ချင်လဲ?

"သိန်းသုံးဆယ်ပေါက်ချင်ပါတယ် ဘုရား"

ဒါဖြင့် ကံကောင်းချင်သလား၊ ကံဆိုးချင်သလား?

"ကံကောင်းချင်ပါတယ် ဘုရား"

ဟဲ... ဟဲ၊ မိပြီ၊ ဟင်... တစ်ခါတည်း။ ခုနကတော့ ကံကောင်းချင်သလား၊ ဉာဏ်ကောင်းချင်သလား?

"ဉာဏ်ကောင်းချင်ပါတယ် ဘုရား"

ဟင်... စဉ်းစား၊ အတိတ်က ကံကောင်းကြိုက်ခဲ့လို့။ ကံကောင်းတာက ကုသိုလ်၊ ကြိုက်တာက တဏှာ၊ ရတာက ဒုက္ခ၊ အဲဒါ ဘာကောင်းကြိုက်ခဲ့လို့တုံး?

"ကံကောင်းကြိုက်ခဲ့တာပါ ဘုရား"

ကံကောင်းကြိုက်ခဲ့တော့ အခု ဘာရထားသလဲ?

"ခန္ဓာရထားပါတယ် ဘုရား"

ခန္ဓာ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

မြန်မာလိုပြော၊ ဆင်းရဲကျိုးအမှန်။

ဘာကောင်းကြိုက်ခဲ့တာလဲ?

"ကံကောင်းကြိုက်ခဲ့တာပါ ဘုရား"

အခုကော အခုကောလို့?

"ဉာဏ်ကောင်းကြိုက်ပါပြီ ဘုရား"

ဉာဏ်ကောင်းချင်လွန်းလို့၊ အခုတရားပွဲကို ရောက်နေတာ။

ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

ကံကောင်းချင်တဲ့သူ ဂြိုဟ်ပြေနံပြေရှေ့ပြေးမှာပေါ့၊ ဟုတ်တယ် မဟုတ်လား။

## အစပ်ကြိုက်သူ အပူနဲ့တွေ့မြဲ

အခု တို့ဒကာ ဒကာမတွေ၊ နာတာ အခြားတရားလား၊ သစ္စာ တရားလား?

"သစ္စာတရားပါ ဘုရား"

ဘာကောင်းကြိုက်လို့လဲ?

"ဉာဏ်ကောင်းကြိုက်လို့ပါ ဘုရား"

မှတ်သားထား၊ တရားဆိုတဲ့နေရာမှာလည်း ဉာဏ်တရား၊ ကံတရား၊ နှစ်မျိုးရှိတယ်။ တဏှာကြိုက်တရား၊ ဉာဏ်ကြိုက်တရား။

ဒါနသီလ သမထဘုံစဉ်စံဆိုတာက တဏှာကြိုက်တရား။ သစ္စာတရားဆိုတာက ဉာဏ်ကြိုက်တရား။

ဒါဖြင့် တို့ တစ်သံသရာလုံးကြိုက်ခဲ့တာက ဉာဏ်ကြိုက်တရား လား၊ တဏှာကြိုက်တရားလား?

"တဏှာကြိုက် တရားပါဘုရား"

ယခုဘဝ ဘယ်လိုစိတ်ကူးလဲ?

"ဉာဏ်ကြိုက်တရားပါ ဘုရား"

အတင်းဖြစ်ညှစ်ပြီး ဖြေရတာလား?

"မဟုတ်ပါဘူး ဘုရား"

ဩော်... အလိုက်သင့်လေး ဖြေရတာ။ သွားပါပြီ အလုံက်

ကလေးတဲ့။ တစ်သက်လုံးက တဏှာကြိုက်လုပ်ခဲ့လို့ အခုဒုက္ခတွေ မရဘူးလား၊ ရလား?

"ရပါတယ် ဘုရား"

ရတဲ့ ခန္ဓာငါးပါး ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

မြေးမြစ်ခန္ဓာလည်း ဒုက္ခခန္ဓာ၊ အဲဒါကို အမှန်မသိ၊ ဒုက္ခမှန်းမသိတော့ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေ ငါ့မျိုးဆိုပြီးတော့မှ မခင်ဘူးလား၊ ခင်သလား?

"ခင်ပါတယ် ဘုရား"

ခင်တာက တဏှာ၊ အမေ့မျက်လုံးကလေးနဲ့ သမီးကလေးခန္ဓာကြည့်ပြီးတော့၊ "ငါ့သမီးလေး ကြီးလေချောလေ၊ ကြီးလေ ချောလေပဲ အမေတူလေး ဟဲ့"ကိုင်း ဒီလိုလာတာ။ အမေက "ငါ့သမီးလေး အရွယ်ရောက်လာပြီ" မခင်ဘူးလား၊ ခင်သလား?

"ခင်ပါတယ် ဘုရား"

အမေ့ဝမ်းထဲက တဏှာနဲ့ သမီးရဲ့ခန္ဓာနဲ့ ဘာဖြစ်ပြီတုံး?

"စပ်ပါတယ် ဘုရား"

စပ်မှစပ်ဖူးရဲ့လား?

"စပ်ဖူးပါတယ် ဘုရား"

သေချာပေါက် စပ်ဖူးရဲ့လား?

"စပ်ဖူးပါတယ် ဘုရား"

တစ်နေ့တစ်နေ့ကို ဘယ်နှကြိမ်လောက်စပ်လဲ?

"အများကြီး စပ်ပါတယ်ဘုရား"

သြော်... အစပ်ကြိုက်တွေပေါ့၊ ဘာကြိုက်တွေတုံး?

"အစပ်ကြိုက်တွေပါ ဘုရား"

ကျယ်ကျယ်ပြော၊ အမယ်သူတို့မစပ်တာကျနေတာပဲ။ ကိုယ့်သမီးကိုယ် မချစ်ဘူးလား၊ ချစ်သလား?

"ချစ်ပါတယ် ဘုရား"

မခင်ဘူးလား၊ ခင်သလား?

"ခင်ပါတယ် ဘုရား"

ဘာလုပ်နေတာလဲ?

"စပ်နေတာပါ ဘုရား"

တစ်ရက်တည်း စပ်တာလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါ ဘုရား"

ဒီလောက်စပ်တာ ဘာအမျိုးလဲ?

"ငရုတ်သီးမျိုးပါ ဘုရား"

နောင်ချိုဖက်တို့၊ အင်းလေးဖက်တို့ဆိုရင် ငရုတ်သီးကို ငရုတ်သီးလို့ မပြောဘူး။ စပ်သီးတဲ့ ဓနုလို "အမှောင် ဖာဟင်းချက်သလဲ၊ စပ်သီးနဲ့ချက်တာလား" ခနေသံက ဟော့ကောင်လေးလို့ပြောတာကို "အမှောင်"တဲ့ ငရုတ်သီးကို စပ်သီးတဲ့။

ယောဂီတို့လည်း တစ်နေ့တစ်နေ့ သားနဲ့များစပ်ရဲလား?

"စပ်ပါတယ် ဘုရား"

သမီးနဲ့ကော?

"စပ်ပါတယ် ဘုရား"

ခင်ပွန်းနဲ့ကော?

"စပ်ပါတယ် ဘုရား"

ပစ္စည်းဥစ္စာတွေနဲ့ကော?

"စပ်ပါတယ် ဘုရား"

တစ်နေ့တစ်နေ့ စပ်လိုက်ရတာ၊ စပ်အားလွန်းကြီးတော့လည်း သမီးကြောင့်ပူ၊ မြေးကြောင့်ပူ၊ ပစ္စည်းဥစ္စာကြောင့်ပူ။

ဘာဖြစ်လို့ ပူရတာလဲ?

"စပ်လို့ပါ ဘုရား"

အစပ်ကြိုက်တော့?

"ပူရပါတယ် ဘုရား"

အဝင်ပူအထွက်ပူ၊ ဟုတ်ရောဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

ဟုတ်တယ်လေ၊ ခင်ဗျားတို့ အဝင်ပူအထွက်ပူ၊ နေလည်းပူ၊ သေလည်းပူ၊ ဒီသားသမီးအတွက် ပူပင်သောကရောက်ပြီးတော့သေ။ ဒါကြောင့်မို့လို့ နေလည်းပူ၊ သေလည်းပူလို့ပြောတာ။

ဘာမျိုးတွေလဲ?

"အစပ်မျိုးတွေပါ ဘုရား"

ဘာအမျိုးလဲ?

"ငရုတ်သီးမျိုးပါ ဘုရား"

ကုလားအော်လား၊ မြန်မာအော်တွေလား?

"မြန်မာအော်တွေပါ ဘုရား"

အရပ်ထဲကျတော့ အော်ပြီလေ။ "အမလေး... ငါ့သမီးလေး၊ အမယ်လေး ဖြစ်ရချည်ရဲ့" ဟောလာပြီ၊ ကုလားအော်က "အာဟာ ဂျာရိပုတ္တော ကုမာရော ကုမာရော"လို့ ကုလားလိုအော်လိမ့်မယ်။ ခင်ဗျားတို့က မြန်မာအော်အော်မှာ။

အဲဒီတော့ စဉ်းစား၊ တစ်နေ့တစ်နေ့ သားနဲ့သမီးနဲ့၊ ခင်တဲ့မင်တဲ့၊ အခါကျတော့ သနပ်ခါးလေးလိမ်းပေးရ၊ စာရွက်စာတန်းကလေး ပြင်ဆင်ပေးရ၊ လွယ်အိတ်ကလေး ကျောပိုးပေးရ၊ တစ်ခါတည်းလက်ဆွဲ ပြီးတော့ ကျူရှင်ပို့ရ ဟိုပို့ရ၊ ဒီပို့ရ၊ အဲဒါ ဘာလုပ်နေတာလဲ?

"စပ်နေတာပါ ဘုရား"

စပ်နေတာ။ ဒီကလေး မျောက်ကလေးကျနေတာပဲ။ ဆော့ ဆော့လွန်းအားကြီးတယ်။ မွေးတော့ ကိုယ်ကမွေးတာ။ ဒီကလေး မျောက်ကျနေတာပဲ ဆိုတော့ ကိုယ်က ဘာဖြစ်သွားတာလဲ?

"မျောက်ဖြစ်သွားတာပါ ဘုရား"

ငါခေါက်လိုက်လို့ "ဒိုင်း"ဆို ချလိုက်တာပဲ။ ဘာနဲ့စပ်တာလဲ?

ဒေါသ။

ဘာနဲ့စပ်တာလဲ?

"ဒေါသနဲ့စပ်တာပါ ဘုရား"

ဟော... မကျေနပ်တော့ ဒေါသနဲ့စပ်၊ စပ်ဖူးရဲ့လား?

"စပ်ဖူးပါတယ် ဘုရား"

ဒီထဲက ဟာတွေကကိုယ်နဲ့ဘာမှမဆိုင်ဘူး ထင်မှာစိုးလို့။ သူ့ဟာနဲ့သူ လက်ကမြင်းထားတာ အောက်မေ့မှာစိုးလို့၊ 'အလှရေး ထားတာ ထင်မှာစိုးလို့။

တစ်ရက်တည်း စပ်တာလား၊ နေ့တိုင်းစပ်တာလား?

"နေ့တိုင်းစပ်တာပါ ဘုရား"

## အလွန်အကဲပူတာ စပ်ခြင်းပါ

ခင်မင်တော့ ဘာနဲ့စပ်တုန်း။ တဏှာနဲ့စပ်၊ တဏှာဥပါဒါန်ကံ။ ခင်တာက တဏှာ၊ ခင်လွန်းမက ခင်ပြီးစွဲလမ်းတာက ဥပါဒါန်။

စွဲလမ်းလွန်းတော့ ဟိုတစ်ခါတည်းပဲ ကျောင်းသွားရတာကအစ သူ့လက်သူ့ခြေပါရဲ့ သားနဲ့ မနေနိုင်ဘူး။ ဒီကနေသွားပြီးတော့မှ အထုပ်ကြီး၊ အထုပ်ငယ်နဲ့ ဖျာကြီးခင်းပြီးတော့ ခွံ့ခွံ့နေရတယ်။

ဘာမြောက်နေတာလဲ၊ ဒီမှာကံမြောက်နေပြီ။

ဘာမြောက်နေတာလဲ?

"ကံမြောက်နေတာပါ ဘုရား"

ခင်တာက?

"တဏှာပါ ဘုရား"

စွဲလမ်းတာက?

"ဥပါဒါန်ပါ ဘုရား"

ကျောင်းရှေ့ရောက်သွားတာက?

"ကံပါ ဘုရား"

သွားပြီ။ ကျောင်းရှေ့ကိုရောက်သွားပြီ။ အဲဒီတော့ ရိုးရိုးလား မေးတော့ မဟုတ်ဘူး။ ဂုဏ်တု ဂုဏ်ပြိုင်နဲ့။ ဟိုမှာ- မပြည့်စုံရှာတဲ့ ကလေးတွေကငေး။ စဉ်းစား။ကလေးတွေကို ဖျက်စီးတာလူကြီးတွေ။ လူကြီးတွေ ဖျက်ဆီးတာ။ မြန်မာပြည်ဖွားတိုင်းရင်းသား အချင်းချင်း ဟိုမှာကြည့်စမ်း စိတ်ဓာတ်တွေကို ကျလို့။

လူညွန့်တုံးစေတဲ့ အတွေးအခေါ်ကို လူကြီးတွေက အရင်စလုပ် ပေးတာ။ ကလေးတွေနဲ့ မဆိုင်ဘူး။ လူကြီးတွေ စဉ်းစားချိန်တန်ပါပြီ။ ကျောင်းဆရာ၊ ဆရာမတွေလည်း ဒါတွေခွင့်မပြုပါနဲ့တော့၊ တပည့် တွေကို ကိုယ့်သားငယ်၊ သမီးငယ်၊ ကိုယ့်ရင်ကဖွားတဲ့ သားသမီးလို တန်ဖိုးထားလိုက်ပါ။

ကလေးတွေကကြာတော့ လူညွန့်တုံးလာပြီ။ အပြိုင်အဆိုင် တွေက များလာခဲ့ပြီ။ ကလေးတွေရဲ့နှလုံးသားထဲမှာ ပညာရေးက အဓိက မဟုတ်တော့ဘူး၊ ပြိုင်ဆိုင်ရေးက အဓိက" ငါတို့အမေက ဘာနဲ့ကျွေးနိုင်တာ။ ငါတို့အဖေက ဘာကြီးနဲ့လာတာ" ဒါတွေပဲ ရှိတော့တယ်။ ကလေးရဲ့အတွေးအခေါ်မှာ ကိုယ့်ခွန်ကိုယ့်အားနဲ့ ကိုယ့်လက်နဲ့ကိုယ် ထမင်းစားတတ်ဖို့ မပါတော့ဘူး။ အမေပေးလိုက် တဲ့လက်ဟာ ဒီကလေးအတွက်အပဲ့ပဲ၊ ဘာမှသုံးမရတော့ဘူး။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

တချို့က ထင်လိမ့်မယ်။ ဒီဘုန်းကြီး သူ့သားသမီးမရှိတိုင်း ရမ်းပြောတယ်လို့ ထင်ဦးမယ်။ မထင်နဲ့ ဒီဘုန်းကြီးလည်း သားသမီး တွေအများကြီး၊ ဟယ်... တောထွက်ကြီးထင်ပါရဲ့လို့ တချို့ကအောက် မေ့မှာ။

ဟုတ်တယ်လေ တရားစခန်းတစ်ခုဆို မွေးလိုက်ရတဲ့တပည့် သားသမီးတွေကလေ သုံးရာ လေးရာ ငါးရာအထိရှိတယ်။ တရားစခန်း တစ်ခါလာရင်လေ သူတို့မစားရမှာ သူတို့မနေရမှာ သူတို့ကောင်း

ကောင်းမနေရမှာ ရေလုံလုံလောက်လောက်မချိုးရမှာ ပူရတာက ဟောဒီဘုန်းကြီး။

ဒီယောဂီတွေ အများကြီး လေးငါးရာ မွေးထားတော့လည်းပဲ၊ သူတို့အတွက် မပူရဘူးလား?

"ပူရပါတယ် ဘုရား"

အေး... ဒါကြောင့်မို့လို့ပြောတာ ကိုယ်ချင်းစာကြည့်ပါ။ သားသမီးချင်း ကိုယ်ချင်းစာပြီးတော့မှ လွှန်လွှန်ကဲကဲမလုပ်ပါနဲ့။

လွန်လွန်ကဲကဲလုပ်နေတာ တခြားလား၊ စပ်နေတာလား?

"စပ်နေတာပါ ဘုရား"

ကျေနပ်တော့ တဏှာလောဘနဲ့စပ်တာ၊ မကျေနပ်လို့ ခေါက်လိုက်ရမလား၊ ငါခေါက်လိုက်လို့ "ဒင်"ကနဲ ခေါက်ချလိုက်တာက ဒေါသနဲ့စပ်တာ။

စပ်ဖူးရဲ့လား?

"စပ်ဖူးပါတယ် ဘုရား"

ဪ... ငါတို့မှာ လောဘဒေါသနဲ့ စပ်နေတာပါလားလို့ သိရဲ့လား?

"မသိပါဘူး ဘုရား"

မသိတော့?

"အဝိဇ္ဇာပါ ဘုရား"

ပြုလုပ်တာက?

"သင်္ခါရပါ ဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရပါ ဘုရား"

ကုသိုလ်နဲ့စပ်တာရယ်၊ အကုသိုလ်နဲ့စပ်တာရယ်။ ဘယ်ဟာက များတုံး?

"အကုသိုလ်နဲ့စပ်တာများပါတယ်ဘုရား"၊ ပဋိစ္စသမုပ္ပါဒ်အလို

အရ နှစ်အကွက်နဲ့ ဘယ်အကွက်စပ်တာလဲ?

"သုံးအကွက်နဲ့ စပ်နေတာပါဘုရား"

ဟောဒီမှာ သုံးအကွက်တဲ့ဗျ၊ သဘောကျရဲ့လား။

နှစ်အကွက်နဲ့ ဘယ်အကွက်စပ်တာလဲ?

"သုံးအကွက်ပါ ဘုရား"

နှစ်အကွက်က ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

အကြောင်းလား၊ အကျိုးလား?

"အကျိုးပါ ဘုရား"

ဒါဖြင့် အကျိုးထဲကနေ ဘာတွေပြန်စပ်တာလဲ?

"အကြောင်းတွေ ပြန်စပ်တာပါဘုရား"

အတိတ်ကအကြောင်းထဲကနေ ဘာနဲ့စပ်ခဲ့တာလဲ?

အကုသိုလ်ကံနဲ့ စပ်ခဲ့တာလား၊ ကုသိုလ်ကံနဲ့စပ်ခဲ့တာလား?

"ကုသိုလ်ကံနဲ့ စပ်ခဲ့တာပါဘုရား"

## ကောင်းအစပ်နဲ့ အနေကန်အစပ်

ဒီဘဝအကျိုးထဲကနေ အကြောင်းတွေ ပြန်စပ်တာက ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာများတုံး?

"အကုသိုလ်က များပါတယ်ဘုရား"

ဒါဖြင့် အကုသိုလ်ဆိုတော့ ကမ္မဘဝပစ္စယာ။ စပ်လိုက်ရမလား?

"မစပ်ပါနဲ့ ဘုရား"

မေးဦးလေ၊ တပည့်တော်သေရင် ဘာဖြစ်မှာလဲဘုရားလို့ မေးဦးလေ။

"သိနေပါတယ် ဘုရား။

အဲဒါပဲ၊ အဲဒါပဲ တရားဆိုတာက အများကြီးနာရီပေါင်းများစွာ ဟောစရာမလိုဘူး။ တစ်နာရီတည်း အကွက်စေ့အောင်ဟော။ အဓိက

ခန္ဓာပေါ်ဘာရောက်သွားဖို့လဲ?

"ဉာဏ်ရောက်ဖို့ပါ ဘုရား"

ဖြစ်စဉ်ကိုက် နားလည်ဖို့ အရေးကြီးတာ။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒီဘဝမှာကိုယ်စပ်ထားတဲ့ ကုသိုလ်ကံတွေလည်း မရှိဘူးလား?

"ရှိပါတယ် ဘုရား"

အကုသိုလ်ကံတွေလည်း?

"ရှိပါတယ် ဘုရား"

သမထကံတွေလည်း?

"ရှိပါတယ် ဘုရား"

ကုသိုလ်ကံနဲ့စပ်ရင် သုဂတိခန္ဓာ၊ အကုသိုလ်နဲ့စပ်ရင် ဒုဂ္ဂတိခန္ဓာ။ သမထနဲ့စပ်ရင် ဗြဟ္မာခန္ဓာ။

ကို့ဒကာ ဒကာမတွေမေးရမယ်။ ဘယ်ခန္ဓာနဲ့စပ်တာကြိုက်လဲ?

"ဘယ်ခန္ဓာမှ မကြိုက်ပါဘူးဘုရား"

ရိုးရိုးပြော၊ သုဂတိခန္ဓာနဲ့စပ်တာကြိုက်သလား၊ ဒုဂ္ဂတိခန္ဓာနဲ့စပ်တာကြိုက်သလား။ ဗြဟ္မာခန္ဓာနဲ့စပ်တာ ကြိုက်သလား။ ဘယ်ခန္ဓာနဲ့စပ်တာ ကြိုက်လဲပြော?

"ဘယ်ခန္ဓာနဲ့မှ မကြိုက်ပါဘူးဘုရား"

ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် အရှင်ဘုရား"

ဘယ်ခန္ဓာနဲ့မှတော့ စပ်တာတော့ မကြိုက်တော့ဘူးနော်။

"မကြိုက်ပါဘူး ဘုရား"

ဒီအတိုင်းတော့မရဘူး။ မျက်နှာတည်လေးနဲ့ မလုပ်နဲ့၊ မရဘူးနော်။ ဟောဒီဘုန်းကြီးက ကယ်တင်ရှင်မဟုတ်ဘူး။ မစပ်စေသတည်းလို့ လုပ်ပေးလို့မရဘူး။ ဘုရားလည်းလုပ်ပေးလို့ မရဘူး။ စပ်တာက

ကိုယ်ကိုယ်တိုင် စပ်ခဲ့ပြီးသား၊ အကျိုးပေးရုံ ကျန်တော့တာပဲ။

ဒီမှာ အကျိုးပေးရုံကျန်တော့တာ၊ ဒီမှာ ဒီမှာစပ်တော့မှာ။ သူ့အလုပ် သူလုပ်တော့မှာ။

ဘာဖြစ်လို့ မစပ်သေးတာလဲ?

"မသေသေးလို့ပါ ဘုရား"

သေရင်စပ်တော့မယ်၊ သေချာပြီနော်?

"သေချာပါတယ် ဘုရား"

ဒါဖြင့် ယောဂီတို့ရေ၊ ကုသိုလ်ကံလည်းရှိတယ်။ အကုသိုလ်ကံလည်းရှိတယ်။ သမထကံလည်းရှိတယ်။ လုပ်ထားပြီးသားတွေနော်။ အတိတ်က မဖြတ်ခဲ့လို့ ဒီမှာစပ်ခဲ့ပြီးပြီ။ အခု ဒီမှာလုပ်ထားပြီးပြီ။ မသေသေးလို့ အကျိုးမပေးသေးဘူး။ သေလိုက်ရင် ဘာလုပ်တော့မှာလဲ?

"စပ်တော့မှာပါ ဘုရား"

အသေမဦးခင် ဘာဦးရမှာလဲ?

"ဉာဏ်ဦးရမှာပါဘုရား"

ဒီတရားတွေ ဘာနာစရာလိုသေးသလဲဆိုတဲ့ ပုဂ္ဂိုလ်၊ ဒါမျိုးသိမသိ?

"မသိနိုင်ပါဘူး ဘုရား"

မသိရင် သူဘာလုပ်မလဲ၊ စပ်စပ်ပဲသွားပဲ။ ဒါဖြင့် သူ့အတွက် သံသရာဟာ သုဂတိများမလား၊ ဒုဂ္ဂတိများမလား?

"ဒုဂ္ဂတိများမှာပါ ဘုရား"

ဒါကြောင့်မို့လို့ ကျောက်ခဲရေကျတဲ့၊ ယောဂီတို့ရေ၊ သမုဒ္ဒရာထဲမှာ ကျောက်ခဲကလေးကျသွားရင် ပြန်ပေါ်ဖို့လွယ်ရဲ့လား?

"မလွယ်ပါ ဘုရား"

ကျောက်ခဲကမှ သောင်ထွန်းရင်ပေါ်ဦးမယ်။ ယောဂီတို့ ဘုန်းကြီးဘို့ ဘဝခန္ဓာ ငရဲဘဝတိရစ္ဆာန်ဘဝသာဖြစ်ကြည့်။ နိုင်ရာစား၊ ကြီးနိုင်ငယ်ညှဉ်းဆဲ၊ အမြဲတမ်းဒုက္ခရောက်နေရတယ်။ အိပ်စားကာမ

သုံးမျိုးကိုသာလျှင် အလိုရှိနေတယ်။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

လူ့ဘဝ ပြန်ရောက်ဖို့ လွယ်မလား?

"မလွယ်ပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ကိုယ့်မှာ ဒီဘဝလုပ်ထားတဲ့ ကုသိုလ်၊ အကုသိုလ် သမထကံသုံးမျိုးရှိတော့ စပ်ရင်လည်းပဲ၊ သုံးမျိုးစပ်မှာမို့လို့ တို့သေခါနီးဘာနဲ့စပ်မယ်ဆိုတာကို ဘယ်ကံနဲ့စပ်ပြီး သေမယ်ဆိုတာကို၊ ဘယ်သူသေချာပေါက် ပြောနိုင်သလဲ?

"မပြောနိုင်ပါဘူး ဘုရား"

သေချာပေါက်မပြောနိုင်သေးလို့ ကမ္မဘဝနဲ့ဇာတိအစပ်ကို အနေကန် အစပ်တဲ့ဗျ။

ဘာစပ်တဲ့လဲ?

"အနေကန် အစပ်ပါဘုရား"

မသေချာသေးလို့၊ ဘာတဲ့လဲ?

"မသေချာသေးလို့ပါ ဘုရား"

ဒီတိုင်းနေရင်ကတော့ သားရေး သမီးရေး၊ စီးပွားရေး၊ ရောင်းရေးဝယ်တာ၊ ပျော်ရေး ပါးရေး၊ မော်ရေး ကြွားရေးတွေနဲ့ အချိန်ကုန်နေရင်တော့ သူကတော့ စပ်တော့မှာပဲ ။ ဟုတ်ပြီနော်။ ကုသိုလ်နဲ့စပ်မလား၊ အကုသိုလ်နဲ့စပ်မလား၊ သမထနဲ့စပ်မလားဆိုတာတော့ မပြောနိုင်ဘူး။ ဒီအတိုင်းနေရင်တော့ စပ်မှာပဲ၊ သေချာတာကတော့ အကုသိုလ်နဲ့စပ်မှာများတယ်။

စပ်ချင်သလား?

"မစပ်ချင်ပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ဟောဒီအစပ်က မသေချာသေးလို့ အနေကန်

အစပ်။ သင်္ခါရနဲ့ဝိညာဏ်က စပ်ပြီးသွားသေချာလို့ ကေန်အစပ်။ ကမ္မဘဝနဲ့ ဇာတိက၊ မသေချာသေးလို့ အနေကန်အစပ်။

## ကံနှင့်မဖြတ် ဉာဏ်နှင့်ဖြတ်

အဲဒီတော့ မသေချာတာကို အခုကတည်းက ဘာနဲ့ဖြတ်ရမယ်။ ဉာဏ်နဲ့ဖြတ်၊ ဉာဏ်နဲ့ဖြတ်တော့

ခန္ဓာဖြစ်ပျက်က ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

ဒုက္ခသစ္စာ။ ဟောဒီခန္ဓာကြီးက အိုလည်းအို နာလည်းနာ သေလည်း?

"သေမှာပါ ဘုရား"

ဖြစ်လည်းဖြစ် ပျက်လည်းပျက်၊ ခန္ဓာဖြစ်ပျက်အိုနာသေမို့ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

အဲဒါကို ယောဂီတို့က ဉာဏ်ကလေးနဲ့ "ခန္ဓာကဖြစ်ပျက်" ရှုတဲ့ဉာဏ်ကမဂ်။ ခန္ဓာကဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်။ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ် ကိုက်တဲ့အလုပ်ဟာ ကိုယ်တစ်နေကုန်လုပ်ထားတဲ့ သားရေး သမီးရေး၊ စီးပွားရေး၊ အကုသိုလ်အကြွေး အနန္တကို ဟောဒီမဂ်နဲ့ ဖြတ်နေတာလို့ မှတ်ပါ။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါကြောင့် ဝိပဿနာရှု၊ ဝိပဿနာရှုတဲ့အလုပ်ဟာ ဘာအလုပ် ပါလဲလို့မေးရင် ကံဖြတ်တဲ့အလုပ်။

ဟော... ဝိပဿနာ အလုပ်ဟာဘာအလုပ်ပါလိမ့်?

"ကံဖြတ်တဲ့ အလုပ်ပါဘုရား"

ဒါဖြင့် အနာပေါက်ပြီးရင် ဒီအနာကိုပျောက်အောင် ကုရမှာထုံး

စံမရှိဘူးလား?

"ရှိပါတယ် ဘုရား"

အခု ယောဂီတို့ ကံမြောက်အောင် လုပ်ထားတာမရှိဘူးလား?

"ရှိပါတယ် ဘုရား"

အဲဒီကံတွေ အကျိုးမပေးချင်ရင် ဘာနဲ့ဖြတ်ရမလဲ? ဉာဏ်နဲ့ဖြတ်။

ဉာဏ်နဲ့ဖြတ်ဆိုတာ ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမယ်?

"ဉာဏ်ရောက်အောင် လုပ်ရမှာပါဘုရား"

ဒါကြောင့် ခန္ဓာဉာဏ်ရောက်အလုပ်သည် ကံဖြတ်တဲ့အလုပ်။ ဟောဒီဉာဏ်သည် ပဋ္ဌာနန္တရီယကံကြီးမှလွဲ၍ ကျန်တဲ့သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ရောင်းရေးဝယ်တာနဲ့ ပြုလုပ်ထားတဲ့ ကံကြွေးတွေကို ဟောဒီမဂ်ကဖြတ်မှာပါဗျာ။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

သူမဖြတ်နိုင်တာကတော့ အမိသတ်တဲ့ကံ၊ အဖသတ်တဲ့ကံ၊ ဘုရားကို သွေးစိမ်းတည်အောင် လုပ်တဲ့ကံ၊ ရဟန္တာကိုသတ်တဲ့ကံ၊ သံဃာသင်းခွဲတဲ့ကံ။ ကံကြီးဘယ်နှပါးလဲ?

"ငါးပါးပါ ဘုရား"

ကံကြီးငါးပါး သေချာမှတ်နော်။ အဲဒီကံကြီးငါးပါး ကျူးလွန်ထားတဲ့ ပုဂ္ဂိုလ်ဒီတရားပွဲထဲ ဘယ်နှယောက်?

"မပါပါဘူး ဘုရား"

ကံကြီး ငါးပါးက မလွတ်ဘူးလား?

"လွတ်ပါ ဘုရား"

အားမငယ်ပါနဲ့။ ကြိုးစားပါ၊ တစ်နေကုန်သားရေးသမီးရေး၊ စီးပွားရေးလုပ်ပါ။ မလုပ်ပါနဲ့လို့ မပြောဘူး။ ညရောက်တဲ့အချိန်ကျမှ တစ်ခါတည်းပဲနှာသီးဖျား ရုပ်နာမ်ထိသိ၊ ရုပ်နာမ်ဖြစ်ပျက် အာနာပါနစသည်အားဖြင့် ခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်ကလေးကို ဉာဏ်ကလေးနဲ့ ရှု

လိုက်မယ်ဆိုရင် တစ်နေကုန်လုပ်ထားတဲ့ သားရေးသမီးရေး၊ စီးပွားရေး၊ အကုသိုလ်အကြွေးတွေ ကျေတယ်တဲ့ဗျာ။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒီဉာဏ်က အကုန်ဖြတ်ချတာ၊ အကယ်၍ဒီဉာဏ်နဲ့သာ မဖြတ်ရင် တို့လုပ်ထားတဲ့၊ အကုသိုလ်တွေဟာ မတွေးရဲစရာကြီး။ အမေကို ပြန်ပြောထားတဲ့ ကံတွေလေ။ မသိလို့ ပြန်ပြောထားတဲ့ကံတွေ၊ အဖေ့ကို ပြန်ပြောထားတဲ့ကံတွေ၊ ကိုယ့်ထက်အသက်သိက္ခာ၊ ဂုဏ်ဝါကြီးမားတဲ့ ပုဂ္ဂိုလ်တွေကို မတော်မတရားပြောထားတဲ့ကံတွေ နည်းသလား?

"မနည်းပါ ဘုရား"

အဲဒီအကုသိုလ်ကြွေး အနန္တကို ဝိပဿနာဉာဏ်လေးတစ်စက်နဲ့ ဖြတ်ရမှာများ ပျင်းနေရင်သွားတော့၊ ဘယ်လဲ?

"ငရဲပါ ဘုရား"

သွားချင်သလား?

"မသွားချင်ပါဘူး ဘုရား"

မသွားချင်ရင် ဘာနဲ့ဖြတ်ရမှာလဲ?

"ဉာဏ်နဲ့ဖြတ်ရမှာပါ ဘုရား"

## ယုံကြည်တာသဒ္ဓါ ဖြစ်ပျက်မြင်တာပညာ

ဘုန်းကြီးက ခြောက်ဟောတာလား၊ ကိုယ်လုပ်ထားပြီးသားလား?

"ကိုယ်လုပ်ထားပြီးသားပါ ဘုရား"

နေ့တိုင်း ကိုယ်လုပ်ထားတာဗျာ။ ဒါတွေက ဘယ်သူမှရိုက်ခိုင်းထားတာလည်း မဟုတ်ဘူး။ အမယ်လေးပြောလိုက်လို့ရှိရင်၊ အရှင်ဘုရားတို့က ပြောအားရှိတာပေါ့။ ဒီကလေးတွေက ဘူးသီး၊ ခရမ်းသီးမဟုတ်ဘူးတဲ့။ အံမယ်သူ့များ ဘယ်သူက ဘူးသီး၊ ခရမ်းသီးလို့

ပြောလို့လည်း မသိဘူး။ ဘူးသီး ခရမ်းသီးပြောမိရင် ရိုက်တောင် လွှတ်မလား မသိဘူး။

ကိုယ်တော်တို့လို မဟုတ်ဘူးတဲ့။ ကိုယ်တော်တို့က အထီးကျန် တစ်ကောင်ကြွက်တဲ့။ တရားဟောမိတဲ့ ဘုန်းကြီးက ကြွက်ဖြစ်သွားရော။ တပည့်တော်တို့က အသိုက်နဲ့အအုံနဲ့တဲ့။ အသိုက်နဲ့အအုံနဲ့ နေတာက ငှက်၊ တရားဟောတဲ့ ဘုန်းကြီးက?

"ကြွက်ပါ ဘုရား"

ဟာ တရားတစ်ပွဲလုံး ဘာတွေဖြစ်ကုန်လဲ?

"တိရိစ္ဆာန်တွေ ဖြစ်ကုန်တာပါဘုရား"

ကြွက်တွေ ငှက်တွေဆိုတော့ တိရစ္ဆာန်ရုံကြီးဖြစ်သွားရော။ စဉ်းစားဗျ ကိုယ်ပြောတဲ့စကား ဘယ်ရောက်မှန်းမသိဘူး။ ကိုယ့်အတွက် ပြောပေးနေတာကို အမျိုးမျိုးလှည့်ပတ်ပြောနေတာတွေ မရှိဘူးလား ရှိသလား?

"ရှိပါတယ် ဘုရား"

အေး... ဒါကြောင့်မို့လို့ ယောဂီတို့ နေ့တိုင်းစပ်နေရတာ၊ သေရင်တော့ သံသရာမလည်ဘူးလား၊ လည်သလား?

"လည်ပါတယ် ဘုရား"

ဖြတ်တဲ့ ပုဂ္ဂိုလ်ဆိုရင်လည်းစရာ အကြောင်းရှိဦးမလား?

"မရှိပါ ဘုရား"

ဒါဖြင့် ဖြတ်လို့ရှိရင် ခန္ဓာဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က?

"မဂ်ပါ ဘုရား"

ဖြစ်ပျက်က ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

သိတဲ့ ဉာဏ်က?

"မဂ္ဂသစ္စာပါ ဘုရား"

ဒါဖြင့် ဖြစ်ပျက်ကိုမြင်တယ်ဆိုတာ ပုဂ္ဂိုလ်က မြင်တာလား၊

ပညာက မြင်တာလား?

"ပညာက မြင်တာပါဘုရား"

ပညာစိကဖုဒ္ဓဘာသာ။ ဟော ဘာဖုဒ္ဓဘာသာလဲ?

"ပညာစိက ဖုဒ္ဓဘာသာပါဘုရား"

ဘုရားကလည်း မင်းတို့ခန္ဓာထဲမှာဖြစ်တာနဲ့ ပျက်တာပဲ၊ ရှိတယ် ဟော့လို့ မဟောဘူးလား?

"ဟောပါတယ် ဘုရား"

ကိုယ်တိုင်ကလည်း မြင်လိုက်တော့ မယုံကြည်ဘူလား?

"ယုံကြည်ပါတယ် ဘုရား"

ယုံကြည်တာက သဒ္ဓါ၊ ဖြစ်ပျက်မြင်တာက ပညာ။

ယုံကြည်တာက?

"သဒ္ဓါပါ ဘုရား"

ဖြစ်ပျက်မြင်တာက?

"ပညာပါ ဘုရား"

ဒါကြောင့် ဘာနဲ့ဘာသွားတွဲပြီလဲ?

"သဒ္ဓါနဲ့ ပညာပါဘုရား"

**သဒ္ဓါ ဒုတိယာပုရိသဿဟောတိ**။ သဒ္ဓါနဲ့ ပညာတွဲလျက်ပါ ဟုတ်ရဲ့လား?

**သဒ္ဓါယ တရတိဩဃံ**။

**သဒ္ဓါယ**–သဒ္ဓါတရားဖြင့်၊ **ဩဃံ**–အဲဒီ ဒိဋ္ဌောဃလို့ဆိုတဲ့ အပါယ်လေးပါးမှ **တရတိ**–ကူးမြောက်နိုင်၏။

မင်းတို့ သဒ္ဓါတရား မှန်မှန်ကန်ကန်နဲ့သာကြိုးစားမယ်ဆိုရင်၊ အပါယ်သံသရာက ကူးမြောက်နိုင်တယ်။

တို့မှာ အပါယ်မျိုးစေ့တွေ၊ အပါယ်ကျကြောင်းကံတွေ လုပ်ထား တာမရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

ဘယ်သူမှ ဝင်တားလို့မရဘူးနော်?

"မရပါဘူး ဘုရား"

ဒါဖြင့် သူ့ကိုတားချင်ရင်၊ သူ့ကိုအကျိုးမပေးစေချင်ရင် ဘာနဲ့ဖြတ်ရမလဲ? ဉာဏ်နဲ့ဖြတ်။

ဉာဏ်နဲ့ဖြတ်လိုက်လို့ ဖြစ်ပျက်မင်ဆိုက်နေတဲ့ ပုဂ္ဂိုလ်မှာ သဒ္ဓါလည်း မပါဘူးလား?

"ပါပါတယ် ဘုရား"

ပညာလည်း မပါဘူးလား?

"ပါပါတယ် ဘုရား"

အဲဒါ သဒ္ဓါဓိက ဗုဒ္ဓဘာသာနဲ့ ပညာဓိကဗုဒ္ဓဘာသာမဖြစ်ဘူးလား၊ ဖြစ်သလား?

"ဖြစ်ပါတယ် ဘုရား"

## သံသရာပြတ်မှု ပစ္စုပ္ပန်ရှု

အဲဒီတော့ ဖြစ်ပျက်မင်ကိုက်လို့ ဖြစ်ပျက်တာက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ကံကြွေးတွေက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ငြိမ်းရာသိမ်းရာက နိရောဓသစ္စာ။

ဟော သစ္စာဘယ်နှချက်လဲ?

"လေးချက်ပါ ဘုရား"

ကဲ ပြန်ပြောမယ်။ ဖြစ်ပျက်က ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

ဖြစ်ပျက်က တခြားမှာရှိတာလား၊ ခန္ဓာမှာ ရှိတာလား?

"ခန္ဓာမှာ ရှိတာပါဘုရား"

ခန္ဓာက ပဋိစ္စသမုပ္ပါဒ်အလိုအရ ဘယ်အကွက်လဲ?

"နှစ်အကွက်ပါ ဘုရား"

ဖြစ်ပျက်က ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

သိတဲ့ ဉာဏ်က?

"မဂ္ဂသစ္စာပါ ဘုရား"

ဒီဉာဏ်က စပ်တာလား၊ ဖြတ်တာလား?

"ဖြတ်တာပါ ဘုရား"

ဘယ်အကွက်နဲ့ ဘယ်အကွက်ကိုဖြတ်ပေးတာလဲ?

"နှစ်အကွက်နဲ့ သုံးအကွက်ကို ဖြတ်တာပါဘုရား"

ဘာနဲ့ဘာ ဖြတ်တာလဲဆိုတော့ အကျိုးနဲ့အကြောင်း။ အကြောင်းသည် ပဋိစ္စ၊ အကျိုးသည်သမုပ္ပါဒ်၊ ပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ်၊ ဝိပဿနာရှုတယ်ဆိုတာ ဘာလုပ်တာလဲဆိုတော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်နေတာ။

ဖြတ်နေတဲ့ ပုဂ္ဂိုလ်အတွက် စပ်တယ်ဆိုတာရှိသေးလား?

"မရှိတော့ပါဘူး ဘုရား"

တဏှာဥပါဒါန်ကံသေတာ ဘာသစ္စာသေတာလဲ?

"သမုဒယသစ္စာ သေတာပါဘုရား"

သမုဒယသစ္စာ သေသွားတော့ နောက်ထပ်အပါယ်ကျစရာလို ဦးမလား?

"မလိုတော့ပါဘူး ဘုရား"

အပါယ်လေးပါး အပါယ်ဒုက္ခတို့ရဲ့ ချုပ်ရာငြိမ်းရာ၊ သိမ်းတာက ဘာသစ္စာလဲ?

"နိရောဓသစ္စာပါ ဘုရား"

သစ္စာ ဘယ်နှချက်လဲ?

"လေးချက်ပါ ဘုရား"

ဗုဒ္ဓဘာသာ ဘယ်နှမျိုးလဲ?

"ငါးမျိုးပါ ဘုရား"

အဲဒီအထဲမှာ ကိုယ်က သဒ္ဓါပညာပါသွားတော့ ကုလ လာဘ ဘယ ယောင်ချာချာအလုပ်တွေ လုပ်ပါဦးမလား?

"မလုပ်ပါဘူး ဘုရား"

ဘာသစ္စာကို ရှောင်လိုက်တာလဲ?

"သမုဒယသစ္စာကို ရှောင်လိုက်တာပါ ဘုရား"

နောက် ဒုက္ခရစရာ လိုဦးမလား?

"မလိုတော့ပါဘူး ဘုရား"

ဒါဖြင့် ဒီလိုဖြတ်တာ ပုဂ္ဂိုလ်ကဖြတ်တာလား၊ ဉာဏ်ကဖြတ်တာ လား?

"ဉာဏ်ကဖြတ်တာပါ ဘုရား"

ဘယ်အကွက်နဲ့ ဘယ်အကွက်ကြားဖြတ်ရမှာလဲ?

"နှစ်အကွက်နဲ့၊ သုံးအကွက်ကြားပါ ဘုရား"

နှစ်အကွက်နဲ့၊ သုံးအကွက်သည် အတိတ်လား၊ ပစ္စုပ္ပန်လား၊ အနာဂတ်လား?

"ပစ္စုပ္ပန်ပါ ဘုရား"

ဒါကြောင့် **"ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ တတ္ထတတ္ထဝိပဿတိ။"** ဝိပဿနာရှုတဲ့ ယောဂီတွေ ပစ္စုပ္ပန်တည့်တည့်ရှုတဲ့ဗျ။ သဘောကျရဲ့ လား?

"ကျပါတယ် ဘုရား"

အတိတ်ကိုလည်း မလှန်နဲ့၊ အနာဂတ်ကိုလည်း မကြံနဲ့။ ပစ္စုပ္ပန် တည့်တည့်ရှုတဲ့။ ရှင်းပြီနော်?

"ရှင်းပါပြီ ဘုရား"

အဲဒီလို ဖြတ်လိုက်တဲ့ပုဂ္ဂိုလ်အတွက် သံသရာလည်စရာလိုသေး လား?

"မလိုတော့ပါဘူး ဘုရား"

## ဖြစ်ပျက်မြင်မှသာ ဗုဒ္ဓဘာသာအစစ်ပါ

ဒါဖြင့် ခန္ဓာကဖြစ်ပျက်၊ ရှုတဲ့ဉာဏ်ကမင်္ဂ၊ ပြတ်တယ်ဆိုတာက နိရောဓ။ ဒါကြောင့်မို့လို့ ဒီမှာအဖျားလေးဆွတ်ရေးလိုက်တာက၊ ဝေဒနာနိရောဓာ တဏှာနိရောဓော ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းတဲ့။

ခန္ဓာရဲ့ဖြစ်ပျက်ကိုမြင်ရင် ဒီတဏှာလာခွင့်ရသေးလား?

"မရတော့ပါဘူး ဘုရား"

ဥပါဒါန်ကံ လာခွင့်ရသေးလား?

"မရတော့ပါဘူး ဘုရား"

တဏှာဥပါဒါန်ကံ ချုပ်တယ်လို့ပြောတာကို "တဏှာနိရောဓော"လို့ ပြောတာဗျ။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါဖြင့် ဒီတရားမျိုးက တစ်ကြိမ်တည်းနာရမှာလား၊ အကြိမ်ကြိမ် နာရမှာလား?

"အကြိမ်ကြိမ် နာရမှာပါဘုရား"

ဘုန်းကြီးဟောခဲ့တဲ့ သက်တန်းမှာ ဟောဒီနန်းရှေ့မှာဟောတာ၊ အလွန်အခြေခံကျတယ်လို့ မှတ်နော်။ ဗုဒ္ဓဘာသာငါးမျိုးကို တချို့နေရာတွေ ဘုန်းကြီးနှစ်ညပဲ ဟောပေးတယ်။ အခုကြည့်စမ်း ခြောက်ညတောင် ဘုန်းကြီးဟောပေးတယ်။ အဓိက ဟောဒီပဋိစ္စသမုပ္ပါဒ် နားမလည်ရင် ဗုဒ္ဓဘာသာငါးမျိုးတရားကို နာကို မနာနိုင်ဘူးလို့ဆုံးဖြတ်။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါကြောင့် **ဝေဒနာနိရောဓာ တဏှာနိရောဓော**လို့ ပဋိစ္စသမုပ္ပါဒ်က လည်မှာလား၊ ထွက်မှာလား?

"ထွက်မှာပါ ဘုရား"

ဟော... အကယ်၍ မရှုတဲ့ပုဂ္ဂိုလ်ကျတော့ စပ်ပြီးရင် ထွက်မှာလား၊ လည်မှာလား?

"လည်မှာပါ ဘုရား"

ဒါကြောင့် **"ဝေဒနာပစ္စယာ တဏှာ"**ပဋိစ္စသမုပ္ပါဒ်လည်လမ်း။ ဘာလမ်းလဲ?

"လည်လမ်းပါ ဘုရား"

ဖြတ်ရင်?

"ထွက်မှာပါ ဘုရား"

စပ်ရင်?

"လည်မှာပါ ဘုရား"

ဒါကြောင့်မို့လို့ အခုဘဝမှာ ယောဂီတို့စပ်ချင်လို့လည်း မရဘူးလား?

"ရပါတယ် ဘုရား"

ဖြတ်ချင်လို့လည်း မရဘူးလား?

"ရပါတယ် ဘုရား"

ဒါကြောင့် ဟောဒီအစပ်က ထွက်ရာပတ်လည်အစပ်တဲ့ဗျ။ ဘာတဲ့လဲ?

"ထွက်ရာပတ်လည် အစပ်ပါဘုရား"

ခန္ဓာနဲ့ဉာဏ်နဲ့တည့်တဲ့ ပုဂ္ဂိုလ်ကျတော့ ထွက်ရာ။ ခန္ဓာနဲ့ဉာဏ်နဲ့ မတည့်တဲ့ပုဂ္ဂိုလ်ကျတော့ ပတ်လည်။

သဘာကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါကြောင့် ဒီအစပ်က ဘာအစပ်လဲ?

"ထွက်ရာ ပတ်လည်အစပ်ပါဘုရား"

ယောဂီတို့က ထွက်ရာလား၊ ပတ်လည်လား?

"ပတ်လည်ပါ ဘုရား"

မေးရဦးမယ်။ ပတ်လည်ကြိုက်လား၊ ထွက်ကြိုက်လား။ တဲ့ကြိုက်လား၊ အပ်ပင်ကြိုက်လား၊ ဘာကြိုက်လဲပြောရော မေးလိုက်တာနော်။ ခင်ဗျားတို့ကလည်း ဒါဌတွေအကုန်လုံးလိုက်ရှုပ်နေတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

အဲဒါတွေ ကြိုက်နေသေးရင်တော့ လည်ဦးမှာပဲ ။ သဘောကျရဲ့လား။ ဒါဖြင့် ဖြတ်ရင် ဘယ်လိုဖြတ်ရမလဲ။ တဲ့သာဖြတ်။ အဲဒါကြောင့် ခန္ဓာဖြစ်ပျက်၊ ရှုတဲ့ဉာဏ်ကမဂ်၊ မဂ်ကို တဲ့လို့မအော်လိုက်နဲ့ဦး။

ဒါကြောင့် ဖြစ်ပျက်မဂ်ဆိုတာက သူများပြောတာလား၊ ကိုယ်တိုင်မြင်နေတာလား?

"ကိုယ်တိုင် မြင်နေတာပါဘုရား"

တဲ့ဆိုတာ အဲဒါဗျ။ သဘောကျရဲ့လား။ တဲ့မဖြတ်ရင် ပတ်လည်သွားမယ်။

တဲ့မဖြတ်ရင်?

"ပတ်လည်သွားမှာပါ ဘုရား"

ပတ်လည်နဲ့တဲ့ ဘယ်ဟာကြိုက်လဲ ?

"တဲ့ ကြိုက်ပါတယ်ဘုရား"

တဲ့ဆိုတာ ခန္ဓာပေါ်က ဘာရအောင်ဖြတ်တာလဲ?

"ဉာဏ်သစ္စာပါ ဘုရား"

ဒါကြောင့် ခန္ဓာဖြစ်ပျက်က ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

သိတဲ့ဉာဏ်က

"မဂ္ဂသစ္စာပါ ဘုရား"

ဟောဖြစ်ပျက်မဂ်ကိုက်နေရင် အဲဒါသဒ္ဓါဓိက ဗုဒ္ဓဘာသာနဲ့၊ ပညာဓိကဗုဒ္ဓဘာသာ ရှင်းပြီနော်။

အဲဒီတော့ တဏှာဥပါဒါန်ကံချုပ်တာ ဘာသစ္စာသေတာလဲ?

"သမုဒယသစ္စာပါ ဘုရား"

သမုဒယရဲ့ချုပ်ရာငြိမ်းရာ သိမ်းရာက ဘာသစ္စာလဲ ?

"နိရောဓသစ္စာပါ ဘုရား"

ဟော နိရောဓသစ္စာဆိုတာ တခြားလား၊ နိဗ္ဗာန်လား?

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်ဆိုတာ အသေရှိရာလား၊ အသေလွတ်ရာလား?

"အသေလွတ်ရာပါ ဘုရား"

အဲဒီကျမှ မြတ်စွာဘုရား လောကအလည်ပွင့်ရကျိုးနပ်တယ်ဗျာ။ တို့ကလည်း အဲဒီကျမှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ပျက်မြင်တဲ့ အချိန်ကျမှ ဖြစ်တယ်လို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ပါ။ ရှင်းပြီနော်။

ရှင်းလည်းရှင်းတယ်။ ဗုဒ္ဓဘာသာလည်း ငါးမျိုးပြည့်ပြီ။ သစ္စာလေးချက်လည်း ဆိုက်ပြီ။ နာရီလည်းစေ့ပြီ။ တော်ကြဦးစို့ဗျူ။

(သာဓု သာဓု သာဓု)

# သမ္မာဒါန် ဓမ္မဒါန် ဓိနာတိ

## ဓမ္မရံသီ မိုးကုတ်စာစဉ်များ ပြန့်ပွားရေးအတွက် မတည်လှူဒါန်းကြသော အလှူရှင်များစာရင်း

၁။ ကိုဘသိန်း– မနန်းခမ်းလင်းအေး ရန်ကုန်မြို့ ကွန်ပျူတာ ပရင်တာ အပါအဝင် စာရေးကရိယာအစုံ တန်ဖိုး ကျပ် (၁၃)သိန်း။

၂။ ဒေါ်အမာ၊ သမီး မသီတာ မြမာလာအထည်ဆိုင် ဈေးချိုမန္တလေးမှ ကျပ် (၁) သိန်း။

၃။ ကိုသန်းနိုင်–မသီတာ (မြမာလာအထည်ဆိုင်) ဆိုင်အမှတ်၂၃၀(က)ရုံ မြေညီထပ်၊ ရတနာပုံဈေး၊ မန္တလေး၊ ၁ သိန်း။

၄။ ဦးကျော်ဝင်း–ဒေါ်စန်းစန်းပျို မင်းတံတားရပ် မိုးကုတ်မြို့ (၁) သိန်း။

၅။ မိုးကုတ်မြို့၊ ကုန်းမြင့်သာယာရပ် ဓမ္မရံသီ မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး သာသနာ့နုဂ္ဂဟပင်မ ဝေယျာဝစ္စအဖွဲ့မှ လိုအပ်သည်များကို ဆိုက်ထုတ်၍ လှူဒါန်းပါသည်။

# ဓမ္မရံသီ ဓမ္မစာပေ ဖြန့်ချိရေးဌာန

၁။ ဓမ္မရံသီ ဝိပဿနာ ပြန့်ပွားရေး မိုးကုတ်မြို့
ဦးအောင်ကျော် (ဘဏ္ဍာရေးမှူး) ဖုန်း–၆၉–၅၀၄၃၈။
ဦးစိုင်းစံ (အတွင်းရေးမှူး) ဖုန်း ၆၉–၅၀၁၅၉။

၂။ ဓမ္မရံသီ ဝိပဿနာ ပြန့်ပွားရေး မန္တလေးမြို့
ဦးမြဝင်း (ဥက္ကဋ္ဌ) ဖုန်း ၀၂–၃၁၄၃၀။
ဦးဆန်းထွန်းဦး (အတွင်းရေးမှူး) ဖုန်း–၀၉–၂၀၀၀၅၈၅။

၃။ ဓမ္မရံသီ ဝိပဿနာ ပြန့်ပွားရေး မုံရွာမြို့
ဦးတင့်ဆွေ ဖုန်း–၀၇၁–၂၁၅၉၈။
ဦးဝင်းမင်းထွန်း ဖုန်း–၀၇၁–၂၂၄၁၂။

၄။ ဓမ္မရံသီ သာစ္စာဓမ္မသဘင် ကျောင်းပရာဌာနများ

၅။ မန္တလေးဈေးချို မြတ်ပါရမီ တရားတိတ်ခွေအခမဲ့ ငှားရာဌာန

၆။ ဓမ္မပါရမီ တရားတိတ်ခွေ အခမဲ့ ငှားရာဌာန မန္တလေးဈေးချို။

ဤဝိပဿနာဌာနများ၌ အထက်ပါ ဓမ္မစာအုပ်များကို ရနိုင်ပါသည်။ ဤဝိပဿနာပြန့်ပွားရေးအတွက် ဓမ္မရံသီစာအုပ်များ ဆက်လက်ထုတ်ဝေနိုင်ရန် အမြတ်ဆုံးဓမ္မဒါနကို လှူဒါန်းလိုပါက အထက်ပါဌာနများတွင် ဆက်သွယ်လှူဒါန်းနိုင်ရန် အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

မိဘမျိုးရိုးစဉ်လာ
ပစ္စည်း ဥစ္စာပေါများလိုမှု
ဘေးအန္တရာယ် ကြောက်ရွံ့မှုတို့ဖြင့်
“ရတနာသုံးပါးကို”
ရိုးရာနတ်၊ ဘိုးတော်၊ ဗေဒင်၊
ယတြာ၊ ဂါထာ၊ မန္တန် လောကီကိစ္စများ
ရောထွေး ကိုးကွယ်နေကြသော
အောက်တန်းစား ဗုဒ္ဓဘာသာအဖြစ်မှ ကင်းလွတ်၍
ဖြစ်ပျက်သိမြင် အထက်တန်းစား
ဗုဒ္ဓဘာသာဝင်ဖြစ်လိုပါသလား• • • ?။

